www.burmeseclassic.com

လင်းစီစဉ်သည်

လုံးချင်းဝတ္ထုသစ်

# လွန်းတာရီ

# နှင်းဆီဖြူဖြူ မင်းဝဲလှ




www.burmeseclassic.com

www.burmeseclassic.com

# နှင်းဆီဖြူဖြူမင်းပဲယူ


## လွန်းတာရီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com





## အခန်း ( ၁ )

"အန်တီမြို့ရေ ... "

"အန်တီမြို့ရှိလား ... "

"ဝုန်း ... "

"ဒုန်း ... "

"အမလေး ... အမလေး ... ကြည့်စမ်း ... ငါ့အိမ်ပေါ်ကို ခုန်ပေါက်ပြေးတက်လာတာ ... ဘယ်သူလဲဟဲ့"

"သား ... သားပါ ... အန်တီမြို့ ... "

သား ... တဲ့ ... ။

ဘယ်ကသားလဲ ... အော်နေတာ ကလေးသံလေး။

"ဟဲ့ ... နောက်ဖေးကို ဝင်ခဲ့လေ ... "

ကိုယ့်မှာက ... ကြော်လက်စ ချဉ်ပေါင်ကြော်အိုးတန်းလန်းနဲ့မို့ ... အိမ်ရှေ့ကိုလည်း ... ပြေးထွက်မသွားနိုင်။

---

လင်းလက်အိမ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပဲ … ဝင်လာတဲ့ကောင်လေးကို ဒေါ်မြို့မေတ္တာ လှမ်းကြည့်လိုက်တော့ … ။

“ဟယ် … ကြည့်စမ်း … ငါက … ဘယ်သူလဲလို့ မင်း … မင်း … လမ်းထိပ်အခွေဆိုင်က အားကွေ့မဟုတ်လား … ပြောစမ်း၊ အန်တီမြို့တို့အိမ်ပေါ်ကို မင်းဘာဖြစ်လို့ ခုန်ပေါက်ပြေးတက်လာတာလဲ … ”

“အန် … အန်တီမြို့သမီး … နှစ်သစ်ကူးလေ”

“ဟင် … နှစ်ကူး … ဟုတ်လား … နှစ်ကူး ဘာဖြစ်လို့လဲ”

နာမည်ရင်းက နှစ်သစ်ကူးပါ … အကျင့်ပါပြီး ခေါ်နေတာက … နှစ်ကူး … ။

“အဟင့် … သားဆီက … ပိုက်ဆံကို မကြီးနှစ်ကူး ညာယူသွားလို့ … ”

“ဘုရားရေ … သားဆီက ပိုက်ဆံကို … နှစ်ကူး ညာယူသွားတယ် … ဟုတ်လား … ”

ဒေါ်မြို့မေတ္တာ အသက်ကိုတောင် … မရှူနိုင်။

“နှစ်ကူး … နှစ်ကူးက ဘယ်လိုညာယူသွားတာလဲ … အန်တီမြို့ကိုပြောစမ်း … ”

ချဉ်ပေါင်ကြော်ကိုမွှေနေတဲ့ … ယောင်းမကြီးကိုကိုင်ပြီး ဒေါ်မြို့မေတ္တာ မေးမိသည်။ လာတိုင်နေတဲ့ … အားကွေ့ဆိုတဲ့ကောင်လေးငိုနေတာကပဲ … တရှုံ့ရှုံ့လေးနဲ့ငိုနေတာ။

ကြည့်ပါဦး … ။

အိမ်က မိမနိုင်ဖမနိုင် … ဖလန်း ဖလန်းထ,နေတဲ့ နှစ်ကူးမက … ကလေးဆီက ပိုက်ဆံကို ညာယူသွားလို့တဲ့။





“အဟင့် … သားကို … နှစ်ရာတန် ဝေဖာမုန့်အိမ်ကလေး ဆောက်ပေးမယ်ဆိုလို့ … သားက နှစ်ရာပေးလိုက်တာ … အဲဒါ မကြီးနှစ်ကူးက ငါးဆယ်တန် ဝေဖာမုန့်လေးတစ်ထုတ်ပဲဝယ်ပြီး ဆောက်ပေးတာ … တစ်ရာ့ငါးဆယ်တောင် အမြတ်ကြီးစားသွားလို့ အန်တီမြို့ရဲ့ … အဲဒါ … အဲဒါ … အန်တီမြို့ကို … သားလာတိုင်တာ အဟင့် … ဟင့် … ”

ကြည့်စမ်း … ။

ကလေးဆီက ပိုက်ဆံကို … ဒင်း … ဒီလိုလုပ်စရာလား။

“အခု … အခု … နှစ်ကူး ဘယ်မှာလဲဟင် အားကွေ့ … အန်တီမြို့ကိုပြောစမ်း … ”

“လမ်းထိပ်က … ဆံပင်ညှပ်ဆိုင်ရှေ့မှာ … ဟမ်ဘာဂါတို့နဲ့ ဒိုးဆက်ဆော့နေတယ် … အန်တီမြို့ရဲ့ … အဲဒါလေ … အိုအေစစ်ဆိုတဲ့ကောင်လေးဆီကနေ ရေခဲမုန့်တွေလည်း … မကြီးနှစ်ကူးက ညာစားသွားလို့ … အိုအေစစ်က … အခု … လမ်းထိပ်မှာ ငိုနေတာ သားက အလျော်တောင်းတော့ … သားငယ်ထိပ်ကိုလည်း ခေါက်တယ်၊ နင်တို့မကျေနပ်ရင် … တိုင်ချင်ရာသွားတိုင်ဆိုလို့ … အန်တီမြို့ကို … သားလာတိုင်တာ … အဟင့် … ”

တွေ့လား … ကလေးဆီက ရေခဲမုန့်ကိုပါ … ငတ်ကြီးကျပြီး … ညာစားသွားတဲ့မိန်းမ … ရေခဲမုန့်ကို ဘယ်နေရာတွေ့တွေ့၊ မစားရမနေနိုင်အောင် ငမ်းငမ်းတက်ဖြစ်နေတဲ့ … ဒင်း … ။

“မငိုနဲ့နော် … အားကွေ့ … တိတ် … တိတ်၊ သားပိုက်ဆံကိုလည်း အန်တီမြို့ ပြန်ပေးမယ် … ဒင်းကိုလည်း အန်တီမြို့ ရိုက်မယ် … ”



www.burmeseclassic.com

www.burmeseclassic.com



ကလေးကျေနပ်အောင် ... နှစ်ရာတန်တစ်ရွက်ပြန်ပေးလိုက်ရပေမယ့် ဒေါသတွေက ပြေပျောက်မသွား။

ကိုယ့်မှာတော့ ... မနက်မိုးလင်းလို့ မျက်စိနှစ်လုံးပွင့်ကတည်းက ... သောက်တော်ရေလဲ ... ဘုရားဆွမ်းကပ်၊ ပုတီးစိတ်နဲ့ဟော ... ဈေးကိုလည်းပြေးရ ... ချက်ရ ပြုတ်ရ ... ဘုန်းကြီးဆွမ်းလောင်းရနဲ့ ... တစ်ယောက်တည်း ဂျင်ဂျင်ကိုလည်နေတာ ... ။

ဒင်းကျတော့ ...

မနက်ကိုးနာရီ ... နေဖင်ထိုးမှ အိပ်ရာထ ... ။

မျက်နှာသစ်၊ သွားတိုက်၊ ရေအိမ်တက်နေတာက တစ်နာရီလောက် ... ။

ပြီးတော့တစ်ခါ ... လမ်းထိပ် အသုတ်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အကြော်ဆိုင်တွေ မှာစားချင်တာစား၊ တဝါးဝါး တဟားဟားစကားတွေထိုင်ပြော ... ပြီးရင် ... ဟိုလူနဲ့ ပြဿနာတက်၊ ဒီလူနဲ့ပြဿနာတက်၊ ဟိုကလာတိုင် ... ဒီကလာတိုင် ... ။

ဘယ်လိုလုပ်မလဲ ... ။

ကိုယ်မွေးထားတာလည်း ... ဒီတစ်ယောက်တည်း။

ကိုယ်က ... ရပ်ကွက်ထဲ ... ဈေးထဲမှာ ငွေတိုးပေးစားတာညနေစောင်းတာနဲ့ ... နေ့တိုး၊ ရက်တိုး၊ လတိုးတွေနောက်ကို သားအမိနှစ်ယောက် ... စာအုပ်တစ်အုပ်ဆီနဲ့ ခွဲလိုက်တောင်းနေရတာလွယ်တယ်ထင်လို့လား ... ။

ရပ်ကွက်ထဲက ... ဟာတွေနောက်ကို ကိုယ်ကလိုက်။

ဈေးထဲကဟာတွေဆီကိုတော့ ... နှစ်ကူးမကိုလွှတ်နဲ့။





ရတဲ့အခါလည်းရ ... မရတဲ့အခါလည်း ... စိတ်လျှော့ ပြန်လာရနဲ့ ... ဒီလိုပဲ ... သံသရာလည်နေအောင် လုပ်စားလာခဲ့ရတာဘယ်လောက်ကြာနေပြီလဲ ... ။

ဒေါ်မြို့မေဗ္ဗာ စိတ်ပူတာက ... နှစ်ကူးရဲ့ နောင်ရေးအတွက်ပါ ... ။

အခုဆို ... စာပေးစာယူ ပထနှစ်သင်တန်းကို ... နှစ်ကူးတက်နေတာ ...

အပျိုအရွယ်လေးမို့ ... ဟိုကိုလွှတ်လည်းစိတ်မချ ဒီကိုလွှတ်လည်း စိတ်မချနဲ့ ကိုယ်လုံးလေးကတင်းတင်း ... ကော့စင်းနေတဲ့မျက်တောင်ကြီးတွေကရှည်ရှည်၊ ပါးပြင်လေးတွေ ... နှုတ်ခမ်းလေးတွေ ... မျက်ဝန်းလေးတွေက ဝင်းနှစ်စိုရဲပြီး ... သိပ်ကိုချစ်ဖို့ကောင်းတဲ့ နှစ်ကူးကို တစ်ရပ်ကွက်လုံးက ... ကောင်လေးတွေစိတ်ဝင်စားကြတာ ဒေါ်မြို့မေဗ္ဗာ မသိဘဲနေပါ့မလား ... ။

ဒါကိုတောင် ... အခုကြည့်စမ်း ... ။

ကလေးတွေကြားထဲမှာ ... ဒင်းသွားရှုတ်နေတာ။

ချဉ်ပေါင်အိုးလေးကျတော့မှ ... ဘူးသီးဟင်းခါးအိုးလေးကိုထပ်တင် ... ငါးလေးအိုးကပ်ဟင်းကို ... ပြန်နွှေး အားလုံးစားဖို့အဆင်သင့် ဖြစ်ပြီဆိုတော့မှ ... မီးဖိုကျိုင်ခလုတ်ကိုပိတ် ... ဟင်းတွေ၊ ထမင်းတွေကိုကြောင်အိမ်လေးထဲ စီထည့်နဲ့ ... အိမ်တံခါးပိတ်ပြီး ... ဒင်းနောက်ကို ... လိုက်ခဲ့တော့ ... မနက်ဆယ်နာရီခွဲ။

ဟမ်ဘာကာတို့ ကလေးတသိုက်နဲ့ဒင်းက ... ဒိုးဆက် ဝင်ဆော့နေသတဲ့ ... ။

ဒေါသထွက်တော့ လက်ကတုန် ... ဒင်းအကြောင်းစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တိုင်းလည်း ... အရူတွေလည်းယား၊ အသည်းတွေလည်းယား။
ရပ်ကွက်ထဲမှာ ... အပျိုချွယ်လေးတစ်ယောက်က။
ဒီလိုလပ်လျှားလပ်လျှား လျှောက်သွားနေစရာလား။
ကလေးတွေကြားထဲမှာ ... ဝင်ဆော့နေစရာလား။





အခန်း နှစ်

"ဝမ်းကာဒ်နော် ... ဟမ်ဘာကာ ... "
"ဟာ ... မကြီးနှစ်ကူး ... မလိမ်နဲ့နော် ... "
"ငါဘယ်မှာလိမ်လို့လဲ ... "
"မကြီးနှစ်ကူး တစ်ကာဒ်ဖွက်ထားတာ ... သားသိတယ်"
"အမ် ... ငါဘယ်မှာ ဖွက်လို့လဲ ... "
"ဖွက်တယ် ... ဖွက်တယ် ... မကြီးနှစ်ကူး ... သားကို လိမ်ဆော့နေတာ ... သားသိတယ် ... "
"ကောင်စုတ်လေးနော် ... နင်ငါ့ကို မတရားမပြောနဲ့ ဟား ဟား ... ဒီမှာဂိမ်းကာဒ်ရောက်ပြီကွ ... ဂိမ်းကာဒ်၊ ဟား ... ပေး ... ပေး ... ငါးဆယ်ပေး ... "
"မပေးဘူး ... မကြီးနှစ်ကူးလိမ်တယ် ... "
"ဟမ်ဘာကာနော် ... ငါထိပ်ကိုခေါက်ထည့်လိုက်လို့ နင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ... ငါးဆယ်၊ ငါ့ကို ... အခုချက်ခြင်းပေး၊ ကလေးက ကလေး လိုနေ ... ”

“မကြီးဘာလို့ ... တကာဒ်ဖွက်ထားလဲဗျ ... ဆွဲမဲ့ကာဒ်တွေ ကိုလည်း ... လှန်လှန်ကြည့်ပြီးတော့မှ ... တည့်မှ ... မကြီးက ဆက်တာ ... ”

“အောင်မယ် ... ငါမကြိုက်လို့ ပြန်ပြန်ချလိုက်တာကိုများ ဟမ်ဘာဂါနော် ... နင်ငါ့ကို ... စိတ်တိုအောင် မလုပ်နဲ့နော် ... ငါနင့်ငယ်ထိပ်ကို ... ဒေါက်ခနဲနေအောင် ခေါက်ထည့်လိုက်မှာ နော်”

“အေး ... ခေါက်ချင်းခေါက် ... ငါက နင့်ကို အရင်ခေါက် မှာပဲ ... ”

“ဒေါက် ... ”

“အမလေး ... နာလိုက်တာနော် ... သေပါပြီ”

ဒေါ်မြို့မေတ္တာ စိတ်တိုတိုနဲ့ ခေါက်ထည့်လိုက်တာ။

လက်ထဲကိုင်ထားတဲ့ထီးတောင် ... ပြုတ်ကျရတဲ့အဖြစ်။

“ညည်း ... ညည်းအခု ထစမ်း ... နှစ်ကူး ... ”

“ဟင် ... အမေ ... ”

“ငါ့မှာတော့ ... တစ်မနက်လုံးချက်လိုက်ရတာ၊ ကောင်း ကောင်းကို အလုပ်မလုပ်ရဘူး ... ဟိုကလာတိုင်၊ ဒီကလာတိုင်နဲ့”

“ဟာ ... ဘယ်သူက လာတိုင်တာလဲ ... အမေရဲ့”

“ဟဲ့ ... ဘယ်သူလာတိုင်ရမှာလဲ ... အားကွေ့လေ၊ မင်းစိုး ဝင်းသားလေး အားကွေ့လေ ... ဝေဖာမုန့်အိမ်ဆောက်ခိုင်းတာ ညည်းက တစ်ရာ့ငါးဆယ် အမြတ်ကြီးစားသွားလို့တဲ့ ... ”





“ကြည့်စမ်း ... ”

“အိုအေစစ်လေးရဲ့ ရေခဲမုန့်ကိုလည်း၊ ညည်း ... ညာစား သွားတယ်ဆို ... ”

တွေ့လား ... တွေ့လား ... ။

နှစ်ကူးကိုဆိုရင် ... အဲလို မတရားပြောချင်နေတဲ့ ကောင် စုတ်လေးတွေ ... ။

သူတို့ပဲ ... ဝေဖာမုန့်အိမ်လေး ဆောက်ပေးပါဆိုလို့ နှစ်ကူး ဆောက်ပေးလိုက်တာ ... အမြတ်စားတာက နှစ်ကူးလက်ခလေ ကော်တွေ ... ကတ်ကြေးတွေသုံးပြီး တကူးတက ဆောက်ပေးရ တာ ... အမြတ်မစားလို့ရမလား။

အိုအေစစ် ... ရေခဲမုန့်ကလည်း ဘာထူးလဲ။

သူမစားချင်တဲ့ ရေခဲမုန့် သုံးရာတန်ကို တစ်ရာပေးပြီး နှစ်ကူးဝယ်စားတာ ... အဲဒါ ... နှစ်ကူး အပြစ်လား။

ဟွန်း ... တွေ့မှ၊ နှစ်ယောက်လုံး မှတ်သွားအောင် ထိပ်ကို ခေါက်ရဦးမယ် ... ။

“အခုလည်း ... ကြည့်စမ်း ... ကလေးတွေကြားထဲမှာ ... ညည်းက ... ”

“ဟာ ... အမေကလည်း ... သမီးကပြင်းလို့ ဒီမှာဆော့နေ တဲ့ဟာကို ... ”

“ဟင် ... ညည်းအရွယ်ကြီးနဲ့ ... ကလေးတွေကြားထဲမှာ ဒီလိုဆော့နေစရာလား ... ”

“အဟင့် ... ”



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကူး ... အမေ့ကို စိတ်ညစ်တာ ... အဲဒါပဲ။

ပြေးကြည့်လို့မှ သမီးလေးက ဒီတစ်ယောက်တည်းရှိတဲ့ ဥစ္စာ ... ။

နေရာတကာ ဟိုဟာမလုပ်နဲ့ ... ဒီဟာမလုပ်နဲ့၊ ကန့်သတ်ချုပ်ချယ်နေတာလား။ နှစ်ကူး စိတ်ညစ်တာပေါ့။ ပြီးရင်လည်း ... ဆိုင်ပေါက်စေ့ တက်လိုက်ပြီး ... အတိုးတွေ အရင်းတွေ ... နှစ်ကူးကပဲ လိုက်တောင်းရဦးမယ် ... ။

နှစ်ကူးတောင်းလို့ရမလာရင် ... အမေက နှစ်ကူး ငယ်ထိပ်ကို ခေါက်ခနဲ ... ခေါက်ခနဲနေအောင် ခေါက်ပြီး လူကြားသူကြားထဲမှာ ဆူဦး ... အော်ဦးမှာ ... ။

"ညည်း ... ညည်းကိုလေ ... ငါမပြောချင်လို့ကြည့်နေတာကြာပြီ ... သိလား၊ နှစ်ကူး ... ပိုက်ဆံမက်တဲ့နေရာမှာ ... နှစ်ယောက်မရှိအောင် ... ညည်းလောက်မက်တာလည်း ... ညည်းကလေးတွေဆီက ပိုက်ဆံကိုတောင် ညည်း ... မချန်တော့ဘူး ... ဟိုက ... လာတိုင်၊ ဒီက လာတိုင်နဲ့ ညည်းလုပ်တာ ... ငါရှက်တယ်"

"ဟာ ... အမေကလည်း ... အဲဒါ ... နှစ်ကူးက စုဗူးကြီးပြည့်အောင်စုနေတဲ့ဟာကို ... ဒီစုဗူးကြီးပြည့်တာနဲ့ နှစ်ကူး ... ကိုယ့်စီးပွားရေးကိုယ်လုပ်မှာ ... "

"အောင်မယ် ... ညည်းက ... "

"အမေနော် ... နှစ်ကူးကို မျက်စောင်းမထိုးနဲ့၊ နှစ်ကူး ... ဆင်းရဲမှာကြောက်တယ် ... ချမ်းသာမယ့်အလုပ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ ... နှစ်ကူးလုပ်ချင်တယ်၊ နှစ်ကူးကို ... ငွေမက်တယ်ပြော





ပြော၊ ဘာပြောပြော နှစ်ကူး ဂရုမစိုက်ဘူး ... အခု ... အမေက ကိုယ့်မှာရှိတဲ့ပိုက်ဆံလေးနဲ့ အတိုးအရင်းကလေးပွားနေရတာ ... ဟော ... ယူတုံးကယူပြီး ပြန်မဆပ်တဲ့သူတွေနဲ့တွေ့ရင် ... အမေ ဘယ်လိုလုပ်မလဲ ... "

နှစ်ကူးကိုလည်း ဒေါ်မြို့မေတ္တာမနိုင် ... ။

ငွေကိုနှစ်ယောက်မရှိအောင်မက်သလို ... ညဆိုလည်း စုဗူးကြီးကို ရင်ခွင်မှာထည့်ထားပြီးမှ ... နှစ်ကူးက ဖက်အိပ်တာ ... ။

နှစ်ကူးမခံချင်တာ ... မျက်နှာချင်းဆိုင်အိမ်က သဘော်သားသမီးတွေ။ သူတို့က ... ကော့နေအောင်ဝတ် ... ကော့နေအောင်သုံးပြီး ... လမ်းထဲမှာ ဇွာကျယ်ဇွာကျယ်လုပ်နေကြတာ။

ထစ်ခနဲဆို ... သူတို့နှစ်ကူးကို လာကြွားပြီ။

"နှစ်ကူးရေ ... ဒါဘာလေးလဲ ... နင်သိလား"

"ဟင် ... နင့်လက်က ... ဘာကြီးလဲ ... "

နှစ်ကူးကလည်း ... အထင်မကြီးသလို ...

"ဒါ ... တို့ဖေဖေ ... ဖောရိမ်းက ယူလာတာ"

"အမလေး ... အီးပုတ်မရယ် ... ဒီလိုသော့ချိတ်များ အဆန်းလုပ်လို့ ... ဈေးထဲက အပျိုကြီးသူသူတို့ဆိုင်မှာ အများကြီး ... "

"ကဲ ... ဒါဆိုရင် ... ဒါလေးကော ... ရှိလား"

နှစ်ကူးကို ... မနိုင်မချင်း တစ်ခုပြီးတစ်ခု ထုတ်ကြွားနေတဲ့ အီးပုတ်မ ... ။ နာမည်နဲ့လိုက်အောင် လူကဝသလို ဝတ်လိုက်ရင်လည်း လူနဲ့အဝတ်အစားက တစ်ခြားစီ ဖြစ်နေတာမို့ အီးပုတ်မတို့ ငယ်ငယ်လေးကတည်းက ... နှစ်ကူး ကြည့်မရ ... ။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒီလို ဖန်စီလက်ကောက်တွေများ ... ပဲလှော်နဲ့ လဲတဲ့ အလဲသည် ကုလားကြီးဆီမှာတောင် ရှိသေးတယ်"

နှစ်ကူးက ပိတ်ပိတ်ပြောလေ ...

အီးပုတ်မက ... မခံချင်လေ ...

သိတယ်မလား ... ကိုယ်ကလမ်းထဲမှာ သူတို့မိသားစု လောက် မချမ်းသာတော့ ... သူတို့ဘာလုပ်လုပ် ... ဘာဝတ်ဝတ် ကိုယ့်ကို အထင်တကြီးနဲ့ငေးကြည့်စေချင်တာ သူတို့ဆန္ဒ ... ။

ဟော ... ပြီးခဲ့တဲ့အခေါက်မှာ ...

သူတို့အဖေ ... ဒေါ်လာလေးရှင်နေအောင် ပါလာတော့ Sunny Pickup ကားလေးဝယ်စီးကြတာ ... တစ်အိမ်လုံး ခေါင်းတွေ က မော့လို့ ... ။

"နှစ်ကူးရေ ... တို့အိမ်တစ်အိမ်လုံး ဘုရားသွားမလို့"

"တာ့တာ ... တာ့တာ ... "

နေရတာလည်း ... မျက်နှာချင်းဆိုင်မို့ တစ်နေ့၊ တစ်နေ့ မမြင်ချင်လို့လည်းမရ ... ဟော ... ခဏနေ သယ်လာပြန်ပြီ ... ရေခဲသေတ္တာ၊ ခဏနေ တပ်လိုက်ပြန်ပြီ အဲယားကွန်း ... တီဗွီတွေ ဝယ်တာဆိုလည်း ... အပေါ်ထပ်တစ်လုံး၊ အောက်ထပ်တစ်လုံး၊ အိပ်ခန်းတွေထဲမှာဆိုလည်း အခန်းတိုင်း ... အခန်းတိုင်း ... ကိုယ့်တီဗွီနဲ့ကိုယ်၊ ကိုယ့်အောက်စက်နဲ့ကိုယ် ... ။

"ငါတို့က ... အခွေကြည့်ရင် ကိုယ့်အခန်းထဲမှာပဲ ကိုယ် ကြည့်တယ် ... "

"ဩော် ... ဩော် ... "





နှစ်ကူးမှာတော့ ... မျက်တောင်လေး ပုတ်ခတ်၊ ပုတ်ခတ် လုပ်ကာ ... အောင့်သက်သက်လေးနဲ့ပဲ၊ သူတို့ တစ်အိမ်လုံးကြွား သမျှ တစ်သက်လုံးနားထောင်လာရတာ။

အဓိက နှစ်ကူးမကျေနပ်တာ ... သူတို့လောက် နှစ်ကူး မသုံးနိုင်ခဲ့တာပဲဖြစ်သည် ... နေရာတကာ သားအမိနှစ်ယောက် တည်း ... အမေငွေတိုးပေးစားတာကလည်း သူများတွေလို ... ဆယ်သိန်း၊ ဆယ့်ငါးသိန်း၊ အင့်ခနဲ ... အင့်ခနဲ ... နင့်ခနဲ ပေးစား တာမျိုးလည်းမဟုတ်။

ဈေးထဲက ပြောင်ဖူးပြုတ်သည်ကို ငါးထောင်လောက်ပေး၊ ကုန်စိမ်းသည်ကို တစ်သောင်းလောက်ချေး၊ ဘဲဥသည်ကို နှစ် သောင်းလောက်လေးချေးနဲ့ ... တစ်ဈေးလုံး ပွထနေအောင် လျှောက် ချေးထားတာကို ပေါင်းလိုက်တာတောင် အမေ့အရင်းက ငါးသိန်း မပြည့်။

ဒါလေးနဲ့ အမေလုပ်စားရင်း တစ်ခါတစ်လေ အမေ့ လက်ထဲ မှာ ... ပိုက်ဆံပြတ်သွားတာနှင့်တောင် ကြုံရသည်။

"နှစ်ကူးရေ ... ဒီနေ့ အမေဘာမှ ချက်မထားဘူးနော်"

"ဟင် ... အမေကလည်း ... "

"ဒီနေ့တောင်းတာ အတိုးလည်းမရ၊ အရင်းလည်းမရနဲ့ ... သွား ... သွား၊ ဈေးထဲကို ညည်းပဲသွားပြီး၊ ဘဲဥသည် မထားဆီမှာ သုံးရက်စာအတိုးကို တစ်ခါတည်းရ အောင်သွားတောင်းခဲ့ ... အတိုးမရရင် ဘဲဥနဲ့နှိမ်ပြီးယူခဲ့၊ ငါ ... ဘဲဥပဲ စားတော့မယ် ... "

ဘဝချင်းက အဲလိုမတူညီအောင် ကွာခြားနေတဲ့ဘဝ။

ဒါကြောင့်မို့ ... နှစ်ကူးငွေကို မက်လာတာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာပိုက်ဆံမရှိရင် ... ဘယ်လောက်မျက်နှာငယ်ရလဲ။

လောကကြီးမှာ ... အရေးကြီးတာငွေပဲ ... ။

နှစ်ကူးကတော့ ... ရေအိမ်တက်လည်းငွေ၊ ထမင်း စားရင်လည်းငွေ ... ဘာအလုပ်မှ လုပ်စရာမရှိတော့လို့ တစ်ယောက်တည်း အိမ်ရှေ့မှာ ထိုင်စဉ်းစားတော့လည်းငွေ။

လုပ်မနေနဲ့ ... ။

တစ်နေ့နေ့မှာ ... နှစ်ကူး အရမ်းချမ်းသာအောင် လုပ်ပြမယ် ကြည့် ... ။

ငွေမရှိတဲ့ ... ဆင်းရဲသားတွေကိုလည်း နှစ်ကူး မပေါင်းဘူး။

အခုတော့ ... အမေပြန်လိုက်ခေါ်လို့ နှစ်ကူးပြန်လာခဲ့ရပေမယ့် ... အိမ်ရောက်တာနဲ့ နှစ်ကူး ရှာလို့ရလာတဲ့ ပိုက်ဆံခြောက်ရာကို စုဗူးထဲ တန်းထည့်သည်။

"ဟား ... ဟား ... ဒီမှာ ... နှစ်ကူး စုဗူးကြီးအရမ်းလေးနေပြီ ... အမေရ ..."

"ဟွန်း ..."

အမေ့မျက်စောင်း ဝဲလာတာကိုလည်း နှစ်ကူးက ဂရုမစိုက်။

ကိုယ့်သမီးအကြောင်းကိုလည်း ... ဒေါ်မြို့မေတ္တာ မသိဘဲနေပါ့မလား ... ။

ငွေနဲ့ပတ်သက်လို့ကတော့ ... မွေးထားတဲ့အမေကို တောင်အာပလာလေးတစ်ခြောက်လုပ်ပြီး ... ရိုက်စားပွင်ဖန်သွားမယ့်ကောင်မလေး ... ။

အင်းလေ ... ဘာပဲပြောပြော ... ။

ငွေရှာဖို့တစ်ခုတည်း ... ဒင်းစိတ်ထဲမှာရှိနေတော့ တခြား





ဟာတွေဘက်ကို လမ်းမှားမရောက်နိုင်တော့ဘူးပေါ့။

ဘယ်သူက ... ဆင်းရဲချင်ပါ့မလဲ ... ။

ဒေါ်မြို့မေတ္တာ ... စောင့်ကြည့်နေတာက ...

နှစ်ကူး ချမ်းသာအောင် ဘာတွေလုပ်လာမလဲ။

သူပြောတော့ ... စုဗူးကြီးပြည့်တာနဲ့ လမ်းမတန်းက ကျူရှင်ကျောင်းကြီးရှေ့မှာ ... နေ့စဉ်ပုံမှန် ဝင်ငွေလေးရအောင် လက်ဖက်သုတ်၊ ဂျင်းသုတ်ဆိုင်လေး ... ဖွင့်တော့မယ်ဆိုလား ... ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း သုံး

> နှစ်ကူး ... လက်ဖက်သုတ်၊ ဂျင်းသုတ်
> ရှယ် ... ရှယ် ... ရှယ် ...

"ဟယ် ... ကြည့်စမ်း နှစ်ကူး ... နင် ... နင် လက်ဖက်သုတ်၊ ဂျင်းသုတ်ဆိုင်လေး ဖွင့်လိုက်ပြီ ဟုတ်လား၊ အမလေး ... အမလေး ခင်းထားတဲ့ ထိုင်ခုံလေးတွေကလည်း လှလှလေးတွေပါလားဟယ်"

ဆိုင်ရှေ့က ဖြတ်သွားသူတွေအားလုံး နှစ်ကူးကိုကြည့်တာ တအံ့တသြ ... ။ နှစ်ကူးလုပ်တာကို စပ်စုချင်တော့၊ ဝင်ထိုင် ... ဝင်ထိုင်တော့ ... စားချင်ချင်မစားချင်ချင်၊ လက်ဖက်တစ်ပွဲလောက်တော့မှာ ... မှာတော့ ... နှစ်ကူးပိုက် ဆံတွေရ ... ။

ဟား ... ဟား ... စပ်စုကြလေ ... စပ်စုကြ။

နှစ်ကူးဖွင့်တာ ... ရပ်ကွက်ထဲက ... ကျုရှင် ကျောင်းရှေ့မှာကိုဖွင့်တာ ... ။

ဘယ်ရမလဲ ... နှစ်ကူးတို့က ... ရှစ်စပ်က ... ဂျင်





ဂျင်လည်ပြီးသား ... ။

တနေ့ တနေ့ ... နှစ်ကူးဆိုင်မှာ ... စုံတွဲလေးတွေ လာထိုင်တာပဲနည်းလား ... ။

"ဟဲ့ ... အေးစန်းကျော် ... နင့်ကို ... မာလာမြင့် လာမေးသွားတယ်နော် ... ညနေ ဒီဆိုင်ကပဲစောင့်ပါတဲ့"

"ဟုတ်လား ... မကြီးနှစ်ကူး ... "

ချိန်းပေးနေတာ ... ချိန်းပေးနေတာ ... ။

ဒါမှ ... အေးစန်းကျော်က ... နှစ်ကူးဆိုင်မှာလာစောင့်နေဟာ ... ကော့လန်ကော့လန်လေးနဲ့ မာလာမြင့်ရောက်လာတော့၊ စုံတွဲလေးဖြစ်သွား ... ။

ဟော ... မာလာမြင့်ဆိုတဲ့ ဆယ်တန်းကျောင်းသူလေးကလည်း ... ပုဇွန်ခြောက်သုတ်လေးကိုမှ ... စားတာဆိုတော့ ... နှစ်ကူးမှာ ... အမြတ်တွေရပြီးရင်းရရင်း ပုဇွန်ခြောက်ကို ... ပါရုံလေးထည့် ... ကြက်သွန်တွေအများကြီးထည့် ... ဟော ... ပန်းကန်လေးကိုလည်း ရွှေဖောင်းအနားလေးကွပ်ထားတဲ့ ပန်းကန်လေးနဲ့ သန့်သန့်ရှရှလေး ချပေးလိုက်တော့ ... ။

လာထားလေ ... ငွေခြောက်ရာ ... ။

နှစ်ကူးတို့ ... ပိုက်ဆံရှာရတာ ... အဲဒီလိုသန့်သန့်လေးရှာတာ ... ။

ဟင်း ... ဟင်း ... ။

နေ့လည် ... နှစ်နာရီထိုးတာနဲ့၊ ဆိုင်လေးကို နှစ်ကူးဖွင့်ပြီး ... ။

ဒီနေ့နဲ့ဆို ... ဆိုင်ဖွင့်တာ ... သုံးရက် ... ။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ကူးရေ ..."

"ဟယ် ... ကောင်းမြတ် ... နင်ဘယ်လဲ ..."

တရပ်ကွက်လုံး နှစ်ကူး မသိတဲ့သူတစ်ယောက်မှမရှိ။

"ထူးကိုတို့အဖွဲ့ကို ... တွေ့မိသေးလား ..."

"မတွေ့မိဘူး ကောင်းမြတ်ရဲ့ ..."

နှစ်ကူးမှာတော့ ... အကောင်တွေတွေ့ရင် ... မျက်နှာချို သွေးရတာလည်းအမော ... သဘောကောင်းချင်ယောင်ဆောင် ထားတော့ ... နှစ်ကူးကို ဟိုလူကခင် ဒီကခင် ဟိုလူကဝင်အားပေး လိုက် ဒီလူကဝင်အားပေးလိုက် ... ။

အမေကတော့ ... သိတယ်မဟုတ်လား ... ။

ယောကျ်ားလေးတွေနဲ့ တရန်းရန်းဖြစ်နေတာကို မျက်စိ နောက်ပြီး နှစ်ကူးကို လာပြောနေသည်။

"နှစ်ကူးနော် ..."

"ဟင် ... ဘာလဲအမေရဲ့ ..."

"ပိုက်ဆံရှာတယ် ... ရှာတယ်ဆိုပြီး ... ရှုတ်ရှုတ် ယှက် ယှက်တွေတော့ ညည်းမလုပ်နဲ့နော် ... ခုခေတ် ကောင်လေးတွေ က ... လွယ်တာမဟုတ်ဘူး ... နေရာတကာ ပြီတီတီလုပ်ပြီး ညည်း အရောမဝင်နဲ့၊ မျက်နှာကို တည်တည်ထား ... အလကားနေ အလကား တွေ့သမျှလူကို ညည်းပြုံးပြမနေနဲ့ ... ဈေးပေါတယ် မိန်းကလေးသိက္ခာကျတယ် ..."

နှစ်ကူးကိုမနိုင်လို့သာ ... ဒီလိုဆိုင်မျိုး ဖွင့်ခွင့်ပေးထားတာ။

ကိုယ်မှာတော့ ... အိမ်မှာပုတီးစိပ်ရတာတောင် မဖြောင့်။

ညဆို ... မှောင်ရိပ်ကလေးနည်းနည်း သမ်းတာနဲ့ စက်ဘီး





တွေ စက်ဘီးတွေဆိုတာလေ ... တဖွဲဖွဲနဲ့ ... နှစ်ကူးဆိုင်ကို ရောက်လာကြပြီ။ ဒီကြားထဲအိမ်က ကက်ဆက်ကြီး မသယ်ပြီး ဒီဂျေဆိုလား ဗီကေဆိုလား သီချင်းတွေ ဖွင့်ထားတော့၊ လူငယ်တွေ ကလည်း အကြိုက်တွေ့ပြီး ... နှစ်ကူးဆိုင်မှာ တစ်ချိန်လုံးထိုင်နေ ကြသည်။

ပိုဆိုးတာက ... ခဏခဏ နှစ်ကူးရည်းစားစာ အပေးခံရတာ ပင် ... ။

"ဟဲ့ ... နှစ်ကူး ... ညည်းပိုက်ဆံဗူးထဲက စာရွက်တွေက ဘာတွေလဲ ..."

"ဟဲ ... ဟဲ ... ရည်းစားစာတွေလေအမေရဲ့ ..."

"အမလေးဟယ် ... ကြည့်စမ်း ..."

နှစ်ကူးကတော့ ... ဘာမှမဖြစ်သလိုမျက်နှာနဲ့ ... ။

"ဒါ ... ဒါဘယ်သူ့ကိုပေးတာလဲဟင် နှစ်ကူး ညည်းကိုပေး တာလား ..."

"ဟာ ... အမေကလဲ ... ဒီဆိုင်မှာ နှစ်ကူးပဲရှိတဲ့ဥစ္စာကို နှစ်ကူးကိုပဲပေးတာပေါ့ ... တစ်နေ့ကိုနှစ်စောင် ... သုံးစောင် လောက်တော့အေးဆေးပဲ ..."

"ဘာ ... ပြော ... တယ် ..."

အမေမျက်လုံးပြူးကာ လူကပါ ... ရှုးရှုးရှားရှား ။

"အမေရယ် ... ရည်းစားစာပေးတာလောက်များ နှစ်ကူး အသားထဲက ပဲ့ပါသွားတာမှမဟုတ်တာ ... ရပ်ကွက်ထဲက ကောင်လေးတွေလောက်ကို ... နှစ်ကူးက မသုံးဘူးအမေ ... အမေ မယုံရင်ကြည့်လိုက် ... သမီးယောကျ်ားယူရင် အရမ်းချမ်းသာတဲ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပဲယူမှာ ... ”

“ညည်း ... က ... ”

ဒါကိုလည်း ... ဒေါ်မြို့မေတ္တာ နှစ်ကူးအတွက် ရင်မော သည်။

နှစ်ကူးဘာစီမံကိန်းတွေချပြီး ... လှုပ်ရှားနေတာလဲ။

နှစ်ကူးကိုမယုံတော့ ... တောက်တိုမယ်ရခိုင်းဖို့ အိမ်မှာ ခေါ်ထားသည့် ... ဝိုဆိုသော ... ကောင်မလေးကို မေးရသည်။

“ဝို ... နင်ငါ့ကို ... အမှန်တိုင်းပြောစမ်း ... ဆိုင်မှာ ညည်း မကြီး နှစ်ကူးဘယ်လောက်တောင် ကောင်လေးတွေနဲ့ပလဲပလဲ လုပ်နေလဲ”

“အကုန်လုံးပဲ ... ကြီးကြီးမြို့ ... ”

“ဘာရယ် ... ”

ဒေါ်မြို့မေတ္တာ ... မျက်လုံးမပြူးပဲ နေနိုင်ပါတော့မလား။

ဝိုက ... ကလေး ... မဟုတ်တာမမှန်တာလည်း ဝိုကပြောရဲ မှာမဟုတ်။

“ဝိုကိုလည်း မကြီးကမှာထားတယ် ရည်းစားစာ ပေးခိုင်းရင် ယူထားတဲ့ ... ဒါမှဖောက်သည် မပျက်မှာတဲ့ ... ”

“ကြည့်စမ်းကြည့်စမ်း ... ဒင်း ... ဒင်းဒါမျိုးတွေလုပ်ပြီး ပိုက်ဆံရှာနေတာ ကောင်းလား ... ”

“ဒါပဲနော် ... မကြီးနှစ်ကူးက ... လက်ဖက်သုတ် ရောင်းရင် အောက်ဆိုက်လည်းရှာတာနော် ... သူတို့ကြိုက်နေတဲ့ ကောင် မလေးတွေကို ရည်းစားစာမပေးရဲရင် မကြီးနှစ်ကူးကို ပေးခိုင်းတာ





အဲဒါ တစ်စောင်ပေးရင် အချောင်ငါးရာက ရသေးတယ် ... ပြန်စာ ရရင် ... တစ်ထောင်ပဲ ... ”

“အမလေး ... ”

“ဟော ... သူတို့တွေကြိုက်သွားလို့ ညတိုင်း လက်ဖက် သုတ်၊ ဂျင်းသုတ်လာစားရင် ... မကြီးကလေ အချောင်ထောရော ဒါကြောင့်မို့ ... မကြီးနှစ်ကူး ရောင်းကောင်းနေတာ ... မကြီးကို လာငမ်းတဲ့ ကောင်လေးတွေလည်းအများကြီး အဲဒါ ... ဆင်းရဲရင် မကြီးကအဖက်မလုပ်ဘူး ချမ်းသာရင် ... မကြီး မျက်နှာလေးက ပြုံးနေတာ ... ”

ပိုက်ဆံမက်တဲ့ ဒင်း ... ။

ဉာဏ်နီဉာဏ်နက်တွေ သုံးပြီးပိုက်ဆံရှာနေတာ။

ချမ်းသာရင် ... ဒင်းမျက်နှာလေးက ... ပြုံးသတဲ့။

ဒါ ... ဒါ ... ဒင်းအဖေဘက်ကပါတဲ့သွေး။

ကိုယ့်ကိုယူတုန်းကလည်း ... ကိုယ်မိဘတွေက ချမ်းသာလို့ ကိုစိမ်းမောင်က ... ကိုယ့်ကို ... အတင်းခိုးပြေးခဲ့တာ ... ဟော မိဘတွေက အမွေလည်းဖြတ်ရော ... လုပ်ကျွေးခဲ့တာ ... ဆောင့် ကြီးအောင့်ကြီး။

ကိုစိမ်းမောင်က ... ဂုဏ်တွေငွေတွေ ပကာသနတွေ မက်သ လို ... နှစ်ကူးကလည်း ... သူ့အဖေနဲ့တစ်ထပ်တည်း တစ်ဂိုဏ်း တည်း ... ။

“ခုလည်း ... မကြီးနှစ်ကူးကို ... ကြိုက်နေတဲ့ ကောင်လေး တွေအများကြီး ... အဲဒါ ... သူတို့ပေးသမျှ စာတွေအားလုံးကို မကြီးက အကုန်ယူတယ် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

ကောင်းကြသေးရဲ့လား ... ။

လက်ဖက်သုတ် ဂျင်းသုတ်ရောင်းချင်တာနဲ့ ... ဒါတွေ အကုန်လုံးကို ဒင်းက ... လုပ်နေတယ်ဆိုတော့ ... ဒင်းဆိုင်ကို လိုက်သွားတိုင်း ပူထူနေရတဲ့မျက်နှာကြီးကို ဒေါ်မြို့မေတ္တာ ဘယ်မှာ သွားထားရမှာလဲ ... ။

အမြင်ကတ်လို့ ဒင်းဗိုက်ခေါက်ကိုလိမ်ဆွဲတော့လည်း ကိုယ့် လက်နာတာပဲ အဖတ်တင်သည်။ ပြောရင်လည်း သူ့မှာ ဘာအပြစ် မှ မရှိတဲ့အတိုင်း ... ဆံပင်ရှည်ကြီးတွေ တယမ်းယမ်းတခါခါနဲ့ ... မအေကိုတောင် ... ဒင်းက ဆရာပြန်လုပ်နေတာ ... ။

"ဒီခေတ်က ... အော်တာခေတ်အမေရဲ့ ... အဲဒါ အမေ သိရဲ့လား ... ဒီဂျေတွေဖွင့်မှုခုခေတ်လူငယ်တွေက လန်းတာ ... အမေအေးဆေးထိုင်နေ ... နှစ်ကူးအတွက် ဘာမှစိတ်မပူနဲ့ ... နှစ်ကူးရည်းစားလည်းမထားဘူး ... ဒီရပ်ကွက်ထဲက ကောင်တွေကို လည်း တစ်သက်လုံးမသုံးဘူး။

"အမလေးနော် ... ညည်းမသုံးပေလို့ပဲ ... "

ညဆိုရင်လည်း ... ဆိုင်ပိတ်ပြီးပြန်လာတိုင်း ... ။

ရောင်းရသမျှ ပိုက်ဆံတွေကို . . . နှစ်ကူးရေရတာအမော။

"ဟာ ... အမေ ... ဒီတစ်ထောင်တန်အုပ်လေးထဲမှာ တစ် ရွက်လျော့နေပြန်ပြီ ဒုက္ခပါပဲ ... စောစောကမှ တစ်ခေါက် သေသေ ချာချာ ရေထားတဲ့ဟာကို ... "

"ညည်း ... ညည်းနော် ... ဒီအိမ်ထဲမှာ ညည်းနဲ့ငါ နှစ် ယောက်ထဲနေတာ ... စွတ်စွတ်စွဲစွဲတော့ ညည်းငါကို လာမလုပ်နဲ့"





"ဟာ ... ဒါဆို ... ဒီတစ်ရွက်က ... ဘယ်ရောက်သွားလဲ"

ပိုက်ဆံနဲ့ပတ်သတ်လာရင် ... မွေးထားတဲ့ အမေတောင် ဒင်းကမယုံ ... ။

ဖြူးဖြူးပျာပျာနဲ့ ... ကိုယ့်ကိုတောင် မသကာသလို ဒင်းက ပြန်ကြည့်သေးတာ ... ။

"ဟား ... ဟား ... တော်သေးတယ် ... နောက်တစ်ခေါက် ပြန်ရေလိုက်မှ ... ကပ်နေတဲ့တစ်ရွက်က ပြန်ထွက်လာတာ ... ၊ ဟဲဟဲ ... sorry နော်အမေ"

အဲလိုလည်း ... မဟုတ်တရုတ်လုပ်တဲ့ နှစ်ကူး ... ။

တခါတခါ ... အဟောင်းနဲ့အသစ် လဲပေးနေရတာလည်း၊ ညတိုင်းလိုလို ... ။

"အမေရေ ... ဒီငါးရာတန်အစုတ်လေး သုံးရွက်လောက် အမေလဲပေးပါဦး ... အမေဆီက ပိုက်ဆံချေးတဲ့လူတွေက အစုတ် တွေပေးလဲ ချေးနေကြတာ ... "

"ဩော် ... "

စုဗူးထဲထည့်ရင်လည်း ဒင်းကအသစ်ကလေးမှ။

ကိုယ့်ကိုပေးတာကျတော့ ... အဟောင်း၊ အနွမ်း မှိုတက် နေတဲ့ ဟာတွေ ... ။

"နှစ်ကူးမ ... "

"ဟမ် ... ဘာလဲအမေရဲ့ ... "

"ညည်း ... ညည်းဒီလောက်ပိုက်ဆံမက်နေရင် ဘဏ်ကိုခါးပြ ဝင်တိုက်ပါလား ... သူဌေးဖြစ်ဖြစ် ခွေးဖြစ်ဖြစ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အမလေး အမေရယ် ... တိုက်ချင်လိုက်တာမှ တစ်ပိုင်းကို သေနေတာ ... နိုင်ငံခြားဓာတ်ကားတွေထဲမှာ သေနတ်ကြီးတွေနဲ့ တဒိုင်းဒိုင်းပစ်ပြီး အထဲကိုဝင်စီးတာ ဒါတောင် ... ဒါတောင် ဘဏ်ထဲမှရှိသမျှ ... လူဆိုးတွေက အကုန်သယ်နိုင်တာမဟုတ်ဘူး ... နှစ်ကူးဆို ဘဏ်ထဲမှာ ပြန့်ကြဲကျန်ခဲ့တဲ့ ပိုက်ဆံတွေ တစ်ရွက်မကျန် ပြန်လိုက်ကောက်ပြီးတော့မှ ... ထွက်ပြေးမှာ ... "

တွေ့လား ... ပြောပုံကိုက ... ။

"ညည်း ... ပြေးလို့ရမလား ... ညည်းကိုရဲတွေက ဝိုင်းဖမ်းမှာ"

"ဟာ ... အမေကလည်း နှစ်ကူးကို ... ဒီလို လွယ်လွယ်လေးနဲ့ ... ရဲတွေကဖမ်းလို့ရမလား ... နှစ်ကူးက ... စကားပြောစက်နဲ့ ... ဟပ်စကီးကိုလှမ်းခေါ်ပြီး ဘဏ်တိုက်ခေါင်မိုးကနေ ဟပ်စကီးအပေါ်ကို ကြိုးတန်းလန်းလေးနဲ့ တက်လိုက်သွားမှာ ... ဟား ... ဟား ... ငွေထုတ်ကြီးကိုလည်း ... လက်တစ်ဖက်က ဆွဲထား ... လက်တစ်ဖက်ကလည်း ဟပ်စကီးကြိုးကိုကိုင် ... "

"အဲဒီကျတော့မှ ... အောက်မှာကျန်ခဲ့တဲ့ ရဲတွေက မောင်းပြန် သေနတ်ကြီးတွေနဲ့ ညည်းကိုလှမ်းပစ် ... ငွေထုတ်ရော လူပါ အိမ်သာတွင်းထဲကိုပြုတ်ကျ ... "

အမေက ... ပြောလိုက်ရင်လည်း ... အဲလို မညှာမတာ။

"အဟင့် ... အမေနော် ... နှစ်ကူးက ဇာတ်လိုက်မင်းသမီးပါဆိုမှ ... အိမ်သာတွင်းထဲပြုတ်ကျပါ့မလား၊ မသကာသေနတ်မှန်ရင်လည်း ခြေသလုံးကိုရှပ်မှန် ... ဟပ်စကီးနဲ့ မီယာမီကမ်းခြေကိုသွား





တွေ့သမျှဆိုင်တွေက ... မုန့်တွေ ပလုပ်ပလောင်းထိုင်စား ... ဗိုက်ဝသွားရင် ... ကိုကာကိုလာလေးသောက်ပြီး ... ဒရင်းဘက်ပေါ်မှာ ဖိမ်ကလေးနဲ့နှပ် ... "

"အေး ... အဲဒီအချိန်မှာအသားမည်း ကပ္ပလီကြီးက ညည်းအနားကိုရောက်လာ ... "

"ဟာ ... အမေနော် ... "

"ညည်း ... လက်ကိုအတင်းဆွဲ ... "

"အမလေး ... သေပါပြီ ... "

"ငါ ... ငါ ... မပြောလိုက်ချင်ဘူး ... ငွေမက်တဲ့မိန်းမ ... အဲဒီလိုဖြစ်သွားမှအေးမှာ ... ဘယ်နှယ်တော် တစ်ပွဲငါးရာဆိုတဲ့ လက်ဖက်သုတ်ဆိုင်က ... ဆီမပါ ပြားမပါ ခြောက်ကပ်ကပ် ... လက်ဖက်သုတ်မှာတာ ... ပဲလှော်၊ ပဲခြမ်း၊ ပဲသုတ်မှာတာ ကျနေတာပဲ ... လက်ဖက်အသားကိုထည့်တာတို့ ဂဏန်း၊ ဆိတ်ဂဏန်း ဂျင်းသုတ်ဆိုလည်း ဘာထူးလဲ ... "

အမေ ... မဲ့ကာရွဲ့ကာ ... နှစ်ကူးရောင်းတဲ့လက်ဖက်သုတ်၊ ဂျင်းသုတ်တွေကို ကဲ့ရဲ့နေသည်။ အမေပြောမယ်ဆိုလည်း ပြောချင်စရာ ... ။ ကုန်ဈေးနှုန်းတွေက ဒီလောက်ကြီးနေတာ အကုန်စွတ်ထည့်ပေးနေလို့ ... ကိုယ့်အမြတ်က ဘယ်လောက်ကျန်မှာလဲ။

ဆီကျတော့လည်း ပါရုံလေးအနံ့လေးလောက်ထည့်။

လက်ဖက်ဆိုလည်း ... လက်သည်းခွံအသာလေးလောက်။

အဲဒါကို ... ကြက်သွန်ကြော် များများလိုးထည့်ပြီး ဂေါ်ဖီရွက်အပုံလိုက်ထည့်လိုက်တော့ ... တစ်ပွဲကို ကိုယ့်အတွက်မကျန်ဘူးဆို အနည်းဆုံးသုံးရာ ... သုံးရာ့ငါးဆယ် ... ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရင်လာစား ... မကြိုက်ရင် လာမစားနဲ့ ... ။

ဒါကိုတောင် ... နှစ်ကူးတို့နဲ့ ကျောင်းနေဖက်သူငယ်ချင်း မိုးကိုတို့အုပ်စုက၊ ဆိုင်မှာလာလာပြီး ... မှာစားကြသေးတာနော်။

"နှစ်ကူးရေ ... ဂေါ်ဖီရွက်သုတ် ... ချဉ်ချဉ်ငံငံ စပ်စပ်လေး တစ်ပွဲလောက်သုတ်ပေးနော် ... ဆီရယ်၊ အချိုမှုန့်ရယ်၊ ပုဇွန်ခြောက်ရယ် ... လုံးဝမထည့်နဲ့ ..."

"မိုးကိုနော် ... ကောင်စုတ် ... နင်ဆိုင်မှာပြဿနာ လာမရှာနဲ့ ..."

ပြောမနာ ဆိုမနာသူငယ်ချင်းမို့နှစ်ကူးမှာ မျက်စောင်းထိုးရတာအမော ... ။

တခြားလူတွေ ကြားသွားရင် ကောင်းမလား ... ။

"နေပါဦးနှစ်ကူး ... နင်ကဘာစိတ်ကူးတွေပေါက်ပြီး ... ဒီကျုံရှင်ရှေ့မှာ ... လက်ဖက်သုတ်ဆိုင်ဖွင့်တာလဲ ..."

"ဟဲ့ ... အဲဒါ ... ငါစီးပွားရှာတာလေ ..."

"နင် ... ဘဲမရသေးဘူးလား ..."

"ရစရာလား ..."

မိုးကိုက ... စကားပြောရင်ကောင်းကောင်းမပြော။

ပုဇွန်ခြောက်ဗူးကို ဖွင့်နှိုက်စားနေလို့ သူ့လက်ကိုရိုက်ရတာလည်းအမော ... ။

"ရပ်ကွက်ထဲမှာ ... နင့်ကိုအကုန်လုံးက ... ပြောကုန်ကြပြီသိလား ... နှစ်ကူး ..."

"ဟင် ... ဘာတွေပြောကုန်ကြတာလဲ ..."

"လောဘက အရမ်းကြီးပြီး ... ကပ်စေးနည်းကအရမ်း နည်းတာတဲ့ ..."





"အောင်မယ် ... ပြောစရာလား ..."

"လက်ဖက်ဝယ်စားတော့လည်း ... လက်ဖက်ကမပါ ဂေါ်ဖီတွေကများ ..."

"ကြည့်စမ်း ..."

ဟုတ်တာပြောတော့လည်း နှစ်ကူးလည်ချောင်းထဲ နင်သွားသည်။

"ဒါကိုတောင် ... နင်က ... လောဘထပ်တက်ပြီး ဖွင့်မရတဲ့ကိုရီးယားကား စီဒီချပ်တွေ ... ဆိုင်မှာတင်ရောင်းသေးတယ်ဆို"

"ဟယ် ... ဘယ်သူကပြောတာလဲဖွင့်လို့မရတာ"

"ဟိုဘက်လမ်းထဲက ... အပျိုကြီးမိုးမိုးပြောတာ"

"သေလိုက်ပါလား ... သူ့စီဒီစက်ကြီးကဖြင့် စုတ်နေတဲ့ဥစ္စာ အခွေကမဖတ်လို့ လာလာလဲတာ ဘယ်နှစ်ခေါက်ရှိနေပြီလဲ ... ဟွန်း ... အလကားအပျိုကြီး အခွေကိုကြည့်ပြီးမှ ... မဖတ်ဘူး၊ မဖတ်ဘူးဆိုပြီး လာလာပြန်လဲနေတာ ... ငါမသိဘူးများ အောက်မေ့နေလား အဲဒါတွေ ငါကဖြစ်သွားတာ ..."

နှစ်ကူးမှာတော့ ... ဂေါ်ဖီတွေလှီးရင်း ... ဒေါသ ဖြစ်ရသည်။

အခွေရောင်းတာက ... အလကားနေအလကား အမြတ်ကလေး ထပ်ရအောင်ရောင်းတာ ... ဒီခေတ်က ကိုရီးယားခေတ် ကိုရီးယားဇာတ်ကားတွေကို ... အပိုင်ဝယ်ကြည့်နေတဲ့ခေတ် ... ဒါကြောင့်မို့ ... ကိုရီးယားကားစီဒီချပ်လေးတွေကို ... လေးထောင့်ခြင်းပြားလေးထဲထည့်ပြီး ဆိုင်မှာတင်ထားတာ ... ။



www.burmeseclassic.com

www.burmeseclassic.com



တခွေရောင်းရလို့ တစ်ရာမြတ်ရင်နည်းလား ... ။

ကိုယ်လည်းကြိုက်တာကြည့် ... ဟော ... ကိုယ်ကြည့်ပြီးတော့လည်း ... သူများကိုပြန်ရောင်း ကောင်းတဲ့ကားတွေဆို သုံးရာလောက်အထက်ကို နှစ်ကူးအမြတ်တွေတင်ပစ်တာ ... ။

အဲဒါဘာဖြစ်လဲ ... ။

ဒီခေတ်စီးပွားရေးက ကိုယ်ရကိုယ်ယူ ဦးမြတ်သူပဲ။

လာလုပ်မနေနဲ့ ... ။

အခွေလည်းတင် ... ။

လက်ဖက်လည်းရောင်း ... ။

"နေပါဦး ... နေပါဦး ... နင့်ကို ငါတစ်ခုလောက်တော့မေးပါရစေဦး ... "

"ဘာမေးမှာလဲ ... နှစ်ကူး ... "

"ငါ့ဟာငါရိုးရိုးသားသား စီးပွားရှာနေတာကို ဘယ်သူတွေက ... မနာလိုဖြစ်နေတာလဲ၊ ငါ့လို ... အမြတ်လိုချင်ရင် သတ္တိရှိရှိအလုပ်လုပ်ကြပါလား ... ရပ်ကွက်ထဲမှာ ဟိုနေရာ အတင်းပြောဒီနေရာ အတင်းပြောနဲ့ ... "

နှစ်ကူးနဲ့ဘေးချင်းကပ်မှာ ရခိုင်မုန့်တီသုတ်ဆိုင်လေး လာဖွင့်ထားသည့် မမအေးသီတာက ... သူ့ကိုစောင်းပြောနေတယ်ထင်ပြီး နှစ်ကူးကို ချာခနဲ လှည့်ကြည့်သည်။ ဒါကို နှစ်ကူး ဂရုမစိုက်ပါ။

ပြောလက်စနဲ့ ... မကြားကြားအောင်ကိုပဲ ... တမင်ဆက်ပြောပေးလိုက်သည်။

မမအေးသီတာကရော ဘာထူးသေးလို့လဲ ... ။





နှစ်ကူးဆိုင်မှာ လူကျတာနဲ့ ... မမအေးသီတာ မျက်စောင်းက ... နှစ်ကူးဆီကိုပဲ ရောက်ရောက်နေတာ။ ခက်နေတာက မမအေးသီတာက ကလေးတစ်ယောက်မအေ နှစ်ကူးဆိုင်လောက်တော့ ... ကောင်လေးတွေနဲ့ ဘယ်မှာအုံခဲနေပါ့မလဲ ... ။

ပြီးတော့ ... သူရခိုင်မုန့်တီသုတ်က ... ချဉ်စုတ် ပြလန်နေတာ ... ။

နှစ်ကူး အားနာလို့တခါမှာ စားကြည့်ပါတယ် ... ။

ပဲဒဲကောတွေ ... တအားထည့်ထားလို့ တရှူးရှူးနဲ့ စပ်လို့မဆုံး ... ။

မုန့်ဖတ်က ... ချဉ်နေတော့ ... ပိုဆိုးသည်။

"ဒီမှာ ... မိုးကို ... ငါ့ကိုမကျေနပ်ရင် ငါ့ကို တည့်တည့်လာပြော ... ငါတို့ကသူများလို ကွယ်ရာမှာ အတင်းမချတတ်ဘူး ... တက္ကသိုလ်စာပေးစာယူ တက်နေတဲ့နှစ်ကူးက ... မနက်ဆိုဈေးထဲမှာ ... အတိုးလိုက် တောင်းတယ် ... ညနေမှာ လက်ဖက်သုတ်၊ ဂျင်းသုတ်ဆိုင် ဖွင့်ထားတယ် ... အဲဒါဘာဖြစ်လဲ ... ကိုယ့်လိုမြတ်ချင်ရင် ... ကိုယ့်လိုသန့်သန့်လေးရောင်း ... "

"အမလေးနှစ်ကူးရယ် ... နင်ရောင်းတာ ... သန့်သန့်လေးရောင်းတာ ... ဟုတ်လား၊ ခေါက်ချိုးလောက် အမြတ်တင်ထားတာ သန့်သန့်လေးရောင်းတာလား ... "

"ဟဲ့ ... အဲဒါ ... သန့်သန့်လေးရောင်းတာပေါ့ဟဲ့ ... "

မိုးကို ... ခေါင်းပေါ် ဒေါက်ခနဲနေအောင် နှစ်ကူး လှမ်းခေါက်လိုက်သေး၏။

မိုးကိုက ... စပ်ဖြဲဖြဲရယ်လျက် ... ။



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သန့်သန့်လေးမလုပ်နဲ့ ... နင့်ကိုဂန့်ဂန့်လေး ဖြစ်အောင်လုပ်မယ့် ... စည်ပင်က ... အကိုကြီးတွေ လာနေပြီ ... "

"ဟယ် ... သွားပါပြီ ... "

ပြောပြီးတာနဲ့ မိုးကိုတချိုးတည်း လစ်ပြီ ... ။

"ဘယ်လိုလဲဟေ့ ... ဒီဆိုင်တွေက ... ဘယ်သူ့ ခွင့်ပြုချက်နဲ့ ပလက်ဖောင်းပေါ်ရောက်အောင် တက်ရောင်းနေတာလဲ ... "

"ရှင် ... ကိုကြီး ... "

"စည်ပင်မြေနဲ့မလွတ်ဘူးဆိုတာ ... မသိဘူးလား"

နှစ်ကူးထွက်ပြေးလို့မရ ... ။

ခိုးထုတ်ခိုးထည်နဲ့မိသလိုကြီး မိနေတာဆိုတော့ အပြုံးကလေးကိုဖန်ဆင်းပြီး စည်ပင်အကိုကြီးကို ညှုရတော့မည်။

"အဟင်း ... ကိုကြီးပြောတာကို ... နှစ်ကူး သိပါတယ် ကိုကြီးရဲ့ ... ဒါပေမဲ့ ... နှစ်ကူးတို့မှာလေ မောင်နှစ်မတွေကများ တနေ့စာတနေ့ကို ... အနိုင်ႏိုင်လေးရှာစားနေရတော့ ... အဟင့်"

"ဘာ ... ဒီရုပ်က ... တစ်နေ့စာလေးကို အနိုင် နိုင်ရှာစားနေတဲ့ရုပ် ... ကြည့်ပါဦး ... ဝတ်ထားတာက အလန်းဒိုင်း ... မရဘူး ... ချလန်ဖြတ်မယ် ... "

"အဟင်း ... မလုပ်ပါနဲ့ကိုကြီးရယ် ... စည်ပင်မြေကို ကျော်တာကလည်း ... ကိုကြီးတို့ကို ... မရိုသေလို့မဟုတ်ပါဘူး ... ခုံကလေးတစ်လုံး နှစ်လုံးစာလေးလောက် ချလိုက်မိလို့ ... ကျော်သလိုဖြစ်သွားတာပါ နှစ်ကူး ... နှစ်ကူး တောင်းပန်ပါတယ်နော်၊ ကိုကြီး ... လာ ... လာ ... ကိုကြီးကို ... လက်ဖက်သုတ်တစ်ပွဲ အလကားကျွေးမယ် ... "





"နှစ်ကူး ... ဟုတ်လား ... မင်းနာမည်က နှစ်ကူးတဲ့လား"

"ဟုတ်ပါတယ် ... ကိုကြီးရဲ့၊ နှစ်ကူးကို ... မြန်မာနှစ်ဆန်း တစ်ရက်နေ့မှာမွေးလို့ အဖေက ... နှစ်ကူးလို့ပဲ နာမည်ပေးထားတာ ... နှစ်ကူးကိုသနားပါနော် ကိုကြီး ... ဟဲ ... ဟဲ ... ကိုကြီး ကလေ ... ရုပ်ချောနဲ့အရမ်းတူတာပဲ ... "

အဲဒီလိုလည်း ... ဖောရှောလုပ်တတ်သေးတဲ့ နှစ်ကူး။

"ရတယ် ... ရတယ် ... ဒီထက်ရှေ့ကို မတိုးရင် ပြီးရော"

"ကို ... ကြီး ... "

တွေ့လား ... ညုနေတဲ့အသံကိုက ... ။

"ဘာလဲကွ ... "

"နောက်နေ့ကျလည်း ... နှစ်ကူးကို လာမဖမ်းနဲ့နော်"

"ဟာ ... မရဘူး ... စည်ပင်မြေကျော်ရင် ဖမ်းမှာပဲ ... "

"အဟင့် ... "

"ဟမ်း ... ဟမ်းငါ့တူရေ ... မအေက ... ခြေ မွေးမီးမလောင် လက်မွေးမီးမလောင်ထားတာကို ... ဖလမ်း ဖလမ်းထပြီး ဒီမှာဆိုင် လာဖွင့်နေတာ ... ပြောလို့လည်း မရဘူး ... ဒင်းကို ... ရုံးခေါ်ပြီး ဒဏ်ငွေရိုက်လိုက်မှ ဒင်း ... မှတ်သွားမှာ ... "

"ဟာ ... အမေနော် ... "

"ဟာ ... စောစောက ... သူပြောတော့ မောင်နှမတွေ အများကြီးနဲ့ ဒုက္ခရောက်နေတာဆို ... "

"အမလေး ... မောင်စည်ပင်ရယ် ... မင်းကအဲဒါ ကိုယုံနေတာလား ... ဒင်းကငွေမက်လို့ဖွင့်တာ ... စုဗူးကြီးတွေတစ်ဗူးပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖူး ဝယ်ဝယ်ပြီးတော့ကို ပိုက်ဆံတွေ ကြိတ်စုနေတာ ... ”

“ကြည့်စမ်း ... ”

စည်ပင်ကိုကြီး မျက်လုံးက ... နှစ်ကူးဘက်လှည့်လာပြီ။

“ဟဲ ... ဟဲ ... အမေပြောတာ ... မယုံနဲ့နော် ကိုကြီး”

အဲဒီလိုလည်း ဒဏ်ငွေအရိုက်မခံရအောင် ပြိတီတီတွေ အိစီကရီတွေ လုပ်တတ်သေးတဲ့နှစ်ကူး ... ။

တစ်နေ့မှာတော့ ... ။





## အခန်း လေး

ဗွီလက်ကိုဆွဲပြီး ...

မြို့ထဲထွက်လာတဲ့ နှစ်ကူး ...

ဆံပင်ရှည်ကြီးတွေ တယမ်းယမ်းနဲ့ ... လမ်းမကျယ်ကြီးကို ဖြတ်ကူးဖို့ ပြင်လိုက်စဉ်မှာတော့ ...

“ဝေါ ... ”

“ဗွမ်း ... ”

“ဟယ် ... သွားပါပြီ ... ”

အကောင်းစားကားကြီးတစ်စီးက ... အရှိန်နဲ့ဝေါခနဲဖြတ်မောင်းသွားချိန်မှာ ... ချိုင့်ခွက်ထဲကရေတွေ၊ ဗွမ်းခနဲ ကြဲပက်လိုက်သလို၊ ထိစင်သွားရတာမို့ ... နောက်ကို ... လှည့်အရှောင်လိုက်မှာ နှစ်ကူးစီးထားတဲ့ ... ဒေါက်ဖိနပ်ကြိုးကလေးက ... ရုတ်တရက် ပြတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ပါဦးဗျို့ရယ် … ဒီ … ဒီမှာ … ငါ့ဖိနပ်လေးပြတ်သွားပြီ၊ အဟင့် … ဒုက္ခပါပဲ … ရွှံ့ရေတွေလည်း … ငါ့အင်္ကျီလေးမှာစင်သွားပြီ … "

ငိုမဲ့မဲ့မျက်နှာလေးနဲ့ … ရေစက်ကလေးတွေကိုခါရင်း ပြောလိုက်တဲ့ နှစ်ကူး … ကားကြီးကတော့ ဘရိတ်အုပ်ပြီး … နောက်ကိုပြန်ဆုတ်လာပြီ … မကြီးနှစ်ကူးရဲ့ … ဟိုမှာ … ဟိုမှာ … ကားပေါ်ကလူကြီးတစ်ယောက်တောင် … ဒီဘက်ကို ဆင်းလျှောက်လာနေပြီ"

"ဟင် … "

နှစ်ကူးကြည့်လိုက်တော့ … တကယ်လည်း … နှစ်ကူးတို့ဘက်ကို ဆင်းလျှောက်လာနေတဲ့ … ကိုကြီးတစ်ယောက်၊ တည်တင်းတဲ့မျက်နှာထားကလေးနဲ့ … အသားအရည်ကလေးကပါ ဝင်းနှစ်ရှင်းသန့်လို့ … ။

"Sorry နော် … ချာတိတ် … ကိုကြီးကားကြောင့် ရေတွေစင်သွားတာ တောင်းပန်ပါတယ် … "

"ရှင် … "

နှစ်ကူး … သူ့မျက်နှာလေးကို ငေးကြည့်မိသွားသည်။

ဝတ်ပုံစားပုံလေးက … တကယ့်ကို ခေတ်မှီပြီး စတိုင်လ်ကျသလောက် … မျက်ခုံးတန်း စိမ်းညို့ညို့ကြီးနှစ်ခုကအလယ်မှာထိဆက်လုမတတ်။ အုပ်ခဲညိုမှောင်နေတာကလည်း … နှစ်ကူးရင်ခုန်သံတွေကို … မြန်သွားစေခဲ့သည်။ တကယ်ချောတဲ့ကိုကြီးတောင့်ဖြောင့်တဲ့ ကိုယ်ဟန်ကလေးနဲ့ … အရပ်မြင့်မြင့်လေးကိုပါပိုင်ထားတဲ့ကိုကြီး … တောင်းပန်နေတာလည်း … တကယ့်ကို





ချိုသာပွင့်လင်းတဲ့ အပြုံးကလေးနဲ့ပါ … ။

နှစ်ကူးကတော့ … သိတယ်မို့လား … ။

မကျေနပ်တာရှိရင် … နှုတ်ခမ်းလေးက အမြဲညွတ်ကွေးသွားတတ်သူမို့ …

"ဟွန်း … ခုမှ … လာတောင်းပန်နေတော့ … ဘာလုပ်လို့ရတော့မှာလဲ … ဒီမှာ … ရေတွေလည်းစင်သွားပြီ၊ ဒေါက်ကလေးလည်းပြတ်သွားပြီ … "

"ဟင် … "

"မရှိမဲ့ရှိမဲ့ ပိုက်ဆံကလေးနဲ့ ဝယ်ထားရတဲ့ … ဖိနပ်ကလေးရှင့်သိရဲ့လား …

ဖိနပ်ကလေးကို ငုံ့ကြည့်ပြီးပြောလိုက်တော့ … ဆံပင်ရှည်ကြီးတွေက နှစ်ကူး … မျက်နှာလေးပေါ်ကို … တခြမ်းလေးစောင်းပြီးတော့ … ပြိုကျလာ … ဒါကို နှစ်ကူးက၊ ဆတ်ခနဲပြန်ဖယ်လိုက်တော့ … ဆံပင်ရှည် အုပ်အုပ်ခဲခဲကြီးတွေက … လေထဲကို ဖွားခနဲလွင့်သွားတာ … ငေးကြည့်နေမိတဲ့သူပင်လျှင် အသက်ရှူမှားသွားခဲ့ရပြီ … မဟုတ်လား … ။

"ဟို … ဟိုလေ … ဒီလိုလုပ်ပါလားဟင် … ချာတိတ်၊ ဒီပြတ်သွားတဲ့ ဖိနပ်လေးကို … ကိုကြီးပြန်လိုက်ဝယ်ပေးမယ်ကွာ၊ သိလား … ဒါ … ဒါ … ကိုကြီးကြောင့် ဖြစ်သွားရတာပါ"

"ရပါတယ် … နှစ်ကူး … ဒီအတိုင်းပဲ ပြန်တော့မယ်"

"ဟာ … မလုပ်ပါနဲ့ … လာပါ … ကိုကြီးကားပေါ်ကိုတက်လိုက်ပါ … "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ … မကြီးနှစ်ကူးရဲ့ … ဖိနပ်ပြန်မဝယ်ဘဲနဲ့ မကြီးဘယ်လိုဆက်လျှောက်မလဲ … ပြီးတော့ … မကြီးခြေထောက်လေးတွေက … နုနုဖတ်ဖတ်ကလေး … "

"အဟင့် … ငါ့မှာမှ … ပိုက်ဆံမရှိတာပွဲရဲ့ … ပါတဲ့ပိုက်ဆံက ကျူရှင်သင်တန်းဖိုး … ဒီနေ့ နောက်ဆုံးပေးရမှာလေ … "

"ဟာ … အဲဒါ ပြဿနာမရှိဘူးလေ … ချာတိတ်၊ အဲဒီဖိနပ်ဖိုး ကိုကြီးပေးမယ် … "

"တကယ်နော် … "

"ဟာ … ကိုကြီးတကယ်ပြောတာ … "

ဒီလိုနဲ့ပဲ … အဲဒီကိုကြီးကားပေါ် တက်လိုက်ခဲ့တဲ့နှစ်ကူး။

ဖိနပ်လှလှလေးတွေ မျိုးစုံရောင်းတဲ့ … Mini Market ကြီးတစ်ခုထဲကို … ကိုကြီးနဲ့အတူ နှစ်ကူးရောက်သွားသည်။

"ကဲ … ဒီကောင်တာလေးက … နောက်ဆုံးပေါ်ခေတ်မီဒေါက်လှလှလေးတွေ … ရောင်းတဲ့ကောင်တာပဲ … ချာတိတ်ကြိုက်တဲ့ … ဒေါက်ကလေးကိုယူ … "

"တကယ်ယူမှာနော် … နောက်မှ ဈေးကြီးတယ်မပြောနဲ့"

"ဟာ … မပြောပါဘူး … "

ချာတိတ်လေးရဲ့ စွဲမက်ဖို့ကောင်းတဲ့ မျက်နှာလေးကိုကြည့်ရင်း … လက်ကလေးပိုက်လို့ပြုံးလိုက်မိတာ … စည်းကာရံပါပဲ၊ ဘယ်ကလာမှန်းလည်းမသိ၊ ဘယ်ကိုပြန်မှာမှန်းလည်းမသိရတဲ့ ချာတိတ်မလေး … ရောင်စုံကလေးပြေးနေတယ်ထင်ရတဲ့ … ဆံပင်ရှည်ကြီးတွေက တင်ပါးလေးဖုံးအောင်ဖြာကျနေတာ … ချွန်ကော့





နေတဲ့နှာတံလေးနဲ့လိုက်အောင် … အောက်နှုတ်ခမ်းလေးက ထူထူအိအိစိုစိုရဲရဲကလေး တွဲကျနေတာ … မျက်တောင်ရှည်ကြီးတွေက ခပ်စိပ်စိပ်လေး ကော့ညွတ်ပြီးတော့ … မျက်ဝန်းလှလှလေးတွေကို ကာရံယှက်မိုးပေးထားတာ … လက်မောင်းသွယ်သွယ်လျှလျှလေးက … ညွတ်ကွေးသေးကျင်တဲ့ ခါးကလေးနဲ့လိုက်ဖက်နေတာ၊ တင်ပါးအိအိလေးက … နောက်ဘက်လေးကို ချွန်ပစ်ပြီးတော့ ကော့ကော့လေးနဲ့မို့တင်းနေတာ … အသားအရည်လေးက ဝင်းထင်းပြီးတော့ … မနိမ့်မမြင့်အရပ်ကလေးနဲ့ … သိပ်ကိုကြည့်လို့ကောင်းနေတာမို့ … စည်းချက်မညီတော့တဲ့ ရင်ခုန်သံတွေအောက်မှာ၊ သူ့စိတ်တွေကို ထိန်းချုပ်ယူရတဲ့အထိ … စည်းကာရံ လှုပ်ရှားသွားခဲ့ရတာဟာ … ဘဝမှာ၊ ဒါဟာ … ပထမဆုံးအကြိမ်ပါပဲ … "

"ဝိုရယ် … ငါ … ငါ … ဘယ်ဖိနပ်ကလေးကိုယူရင် ကောင်းမလဲဟင် … "

"ဟာ … အဲဒါ … မကြီးနှစ်ကူး ကြိုက်တာယူလေ … "

"ဒီလိုလုပ်ကွာ … ချာတိတ် … မင်းခြေထောက်လေးနဲ့ အလိုက်ဖက်ဆုံးဖြစ်မယ့် ဒေါက်ကလေးကို ကိုကြီးရွေးပေးမယ်၊ ဟိုဒေါင့်က … ရွှေရောင်လေး အိစက်နေတဲ့ဒေါက်ကလေးဆိုရင် မကောင်းဘူးလား … "

"အဟင့် … အဲဒါက … ဈေးကြီးမှာပေါ့ … "

"ရတယ် … မင်းနဲ့တော်မတော် စီးကြည့်လိုက် … "

စီးကြည့်လိုက်တော့ … အတော်ပဲဖြစ်သွားသည်။

"ဟယ် … မကြီးရေ … မကြီးမှတ်မိပြီလား၊ ဟိုတစ်ခေါက်လာတုန်းက ဒီဆိုင်ပဲလေ … မကြီးရဲ့ ဒီဒေါက်ရွှေရောင်ကလေးလ



www.burmeseclassic.com

www.burmeseclassic.com



မကြီးသေသေချာချာကိုင်ကြည့်ပြီးတော့မှ ... မဝယ်နိုင်လို့ ပြန်ချထားခဲ့ရတဲ့ ... ဒေါက်ကလေး ... ”

“ဟင် ... ”

ဝို့လုပ်တာနဲ့ ... နှစ်ကူးအရှက်ကွဲပြီ ... ။

စည်းကာရံ ... စိတ်မကောင်းဖြစ်သွားသလို သူမလေးကို သနားသွားခဲ့တာလည်း ရင်နဲ့မဆန့်အောင်ပါဘဲ။ ဒီလောက်ဆိုရင် သူမလေးရဲ့ ... ဘဝအဆင့်အတန်းကို စည်းကာရံ မှန်းဆနိုင်ပါပြီ။ သာမန်အဆင့်အတန်းကလေးထဲကနေ ... မြို့ထဲမှာ ကျောင်းလာတက်နေရတဲ့ မိန်းကလေးပေါ့။

“ဒါ ... ဘယ်လောက်လဲဟင် ... ”

“လေးသောင်း ... ”

“ဟယ် ... ”

ဒီကိုကြီး ... အိတ်ထဲက ဆွဲထုတ်လိုက်တာ ... ငါးထောင်တန် ... အသစ်ကြပ်ချွတ်အုပ်လိုက်ကြီး ... နှစ်ကူး မျက်လုံးပြူးသွားသည်။

“ရတယ် ... ချာတိတ် ... မင်းလိုချင်တဲ့ဒေါက်ကလေးကို ပြန်ဝယ်ပေးခွင့်ရလိုက်လို့ ... ကိုကြီးပျော်တယ် ... မင်းခြေထောက်ကလေးနဲ့လည်း ... အရမ်းလိုက်တယ် ... ကိုကြီးကိုလည်း မင်းမှတ်ထားပေါ့ ... ကိုကြီးနာမည်က ... စည်းကာရံတဲ့ ... ရော့ ... ဒီမှာ ကိုကြီးရဲ့ Visiting Card ကလေး ... ”

ဖိနပ်ကောင်တာ ... စားပွဲလေးပေါ် ကဒ်ကလေးကို တင်ပေးတော့ ... သူမလေးက ကဒ်ကလေးကိုမယူဘဲ ... လှည့်ထွက်သွားတာ တည်တင်းတဲ့ ... မျက်နှာထားလေးနဲ့ရယ်လေ ... ။





“ဟာ ... ရပါတယ် ... နောက်တစ်ခါပြန်တွေ့ဖို့လည်း အကြောင်းမှ မရှိတော့တဲ့ဥစ္စာကို ... ကျေးဇူးပါပဲ ... ဖိနပ်ကလေးရလို့ ကျေနပ်တယ် ... ”

“ဟင် ... ချာတိတ် ... သွားတော့မလို့လား၊ မင်းနာမည်လေးတော့ ကိုကြီးကို ... ပြောခဲ့ပါဦး ... ”

“နှစ်သစ်ကူး ... ”

ဒါပဲပြောပြီး ... နှစ်ကူး ... ချာခနဲ လှည့်ထွက်လာခဲ့ပြီ။

ဟုတ်တယ်လေ ... နှစ်ကူးကဖြင့် ဒီကိုကြီးကို စ,တွေ့လိုက်ရကတည်းက ... ရင်တွေတုန်ပြီး ချွေးပါပျံနေတာ ... ဒီကိုကြီးခေါ်သွားတဲ့နောက်ကို လျှောက်လိုက်နေတဲ့အချိန်လုံး ... တစ်ကိုယ်လုံးအေးစက်ပြီး ... တစ်သက်နဲ့တစ်ကိုယ် မခံစားဘူးတဲ့ ... အရသာလေးကို ခံစားနေခဲ့ရတော့တာလေ ... ။

နှစ်ကူးတို့ဘဝနဲ့ဆိုရင် ... မိုးနဲ့မြေလို တအားကွာခြားနေတဲ့ ကိုကြီး။

စီးလာတဲကားကလည်း ... နောက်ဆုံးပေါ် အိစက်နေတဲ့ မော်ဒယ်အမြင့်ဆုံးကား ...

“ဟာ ... မကြီး ... ဝို့ကို စောင့်ဦးလေ ... ”

ဝို့ ... အော်ပြီး ... နောက်က ပြေးလိုက်လာသည်။

“ငါ ... ငါ ... အရမ်းရှက်ပြီး တစ်ကိုယ်လုံးအေးစက်နေလို့ တစ်ခါတည်းလှည့်ထွက်လာတာ ... အဲဒီကိုကြီးက အရမ်းမိုက်တယ်နော်ဝို့ ... သူ့ ... သူ့ပုံစံလေးက ငါအရမ်းကြိုက်တဲ့ပုံစံလေး ... ”

“ဟုတ်တယ်နော် ... မကြီး ... သူက ... မကြီးမျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ တစ်ချိန်လုံးငေးကြည့်နေတာ ... ဆိုင်ထဲကို မကြီးတို့နှစ်ယောက် တွဲဝင်သွားတော့ ... တအံ့တသြလေးနဲ့ကို မကြီးတို့နှစ်ယောက်ကို ... လူတွေက ဝိုင်းကြည့်နေကြတာ ... "

"ငါ ... ငါ ... သူ့ကိုပြန်လှည့်ကြည့်လိုက်ရင် ... ကောင်းမလားဟင်ဝို ... နင် ... ငါ့ကို အကြံပေးပါဦးဟဲ့ ... "

"ဟာ ... မကြည့်နဲ့၊ မကြည့်နဲ့ ... ကြည့်ရင် မကြီးသိက္ခာကျသွားမှာပေါ့ ... "

"ငါ ... ငါ ... သူ့ကိုချစ်သွားမိပြီထင်တယ် ... ခုထိ ငါ့ရင်တွေတုန်နေတုန်းပဲ ... သိလားဝို ... သူ့မျက်နှာလေးကို နောက်ဆုံးတစ်ခေါက်လေးတော့ ... ငါကြည့်လိုက်ချင်သေးတယ်၊ အဆင့်အတန်းမတူတာကို သိပေမယ့် ... ငါလေ ... "

"ဟာ ... မကြီး ... ဟိုမှာ ... ဟိုမှာ ... အဲဒီကိုကြီးရဲ့ကားကြီးမောင်းထွက်သွားပြီ ... "

"ဟင် ... "

မောင်းထွက်သွားတဲ့ ... အိစက်တောက်ပြောင်နေတဲ့ ကားသစ်ကြီးကိုကြည့်ပြီး ဆွေးဆွေးမြေ့မြေ့လေး နှစ်ကူးကျန်ခဲ့ရပြီ။

"ဝိုရယ် ... သူ ... သူတော်တော်ချမ်းသာတာပဲနော်"

"ဟုတ်တယ်နော် ... မကြီး ... "

အိမ်ပြန်ရောက်တော့လည်း ... အဲဒီကိုကြီးဝယ်ပေးလိုက်တဲ့ ရွှေရောင်ဒေါက်ကလေးကို ဖုန်သုတ်ရတာလည်းအမော ... ။

"ဝိုရေ ... ငါ့ကို ဖိနပ်တိုက်တဲ့ အဝတ်စုတ်နုနုလေးရှာပေးစမ်း ... "





"ဟင် ... အဲဒီဖိနပ်ကို မနက်ကလည်း ... တစ်ခါတိုက်ပြီးပြီလေ ... "

"ဟဲ့ ... ကပ်နေတဲ့ ဖုန်ကလေးတွေ မပြောင်သေးဘူးထင်လို့ ... ထပ်တိုက်တာပေါ့ဟဲ့ ... ဟွန်း ... မပြောလိုက်ချင်ဘူး၊ ဒီဖိနပ်တိုက်တာကိုပဲ ... နင် ... ငါ့ကိုအပြစ်ပြောနေ ... သိလားဝို၊ ငါ့မှာဖြင့် ... အမေမမြင်အောင် ... ခိုးတိုက်နေရတာ ... ဒီဖိနပ်လေး ဘယ်ကရတာလဲလို့ ... အမေမေးရင် ... နင်မပြောနဲ့နော်"

"ဟင် ... ဘာဖြစ်လို့လဲ ... "

"ဒီကိစ္စကို ... အမေသိရင် ... အိမ်ပေါ်ကနေ ငါ့ကိုမောင်းချမှာလေ ... အဟင့် ... သတိရလိုက်တာ ... ကိုကြီးရယ်၊ ကိုကြီးတို့လိုချမ်းသာတဲ့အဆင့်နဲ့ ... နှစ်ကူး မတန်တာကိုသိလို့ ... ကိုကြီးရှေ့ကနေ ... ထွက်ပြေးလာခဲ့ရတာပါ ... နှစ်ကူး ရိုင်းသလိုဖြစ်သွားရင် ခွင့်လွှတ်ပါနော် ... ကိုကြီး ... "

"အဟင့် ... ဟင့် ... ဟင့် ... "

"အမလေး ... ဖိနပ်ကြီးကိုပိုက်ပြီး ... ဘာဖြစ်နေတာလဲဟင် နှစ်ကူးမ ... "

"ဟယ် ... အမေပြန်လာပြီ ... "

ဖိနပ်ကြီးပိုက်ပြီး ... တဟင့်ဟင့်လုပ်နေတဲ့ သမီးနှစ်ကူးမကိုကြည့်ကာ ... အိမ်ပေါ်တက်လာတဲ့ ဒေါ်မြို့မေတ္တာ မျက်လုံးပြူးသွားသည်။

ကြည့်စမ်း ... ပိုက်ထားတဲ့ဖိနပ်ကလေးက ... ရွှေရောင်ဒေါက်မြင့် ... အသစ်ကြပ်ချွတ်ကလေး ... တန်ဖိုးကြီးပုံရတဲ့ဖိနပ်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ညည်းကို ငါမေးနေတယ်လေ ..."

"ဟဲ့ ... ဟိုလေ ... အမေ ... ဟို ... ဟို ... ဒီ ... ဒီ ဒေါက်ကလေးကိုချစ်လို့ ... ဟဲ ... ဟဲ ..."

"ညည်း ... ညည်း ... ငါ့ကိုအမှန်အတိုင်းပြောစမ်း နှစ်ကူးမ ဒီလိုဈေးကြီးတဲ့ နိုင်ငံခြားဖြစ် ဒေါက်ကလေးကို ညည်းပိုက်ဆံနဲ့ ညည်းဝယ်တာ ဘယ်လိုမှမဖြစ်နိုင်ဘူး ... ဝို ... ပြောစမ်း၊ ဒီဖိနပ်လေးကို ဒင်း ... ဘယ်ကရလာတာလဲ ..."

အမေ ... ဝိုကို မျက်လုံးပြူးကြီးနဲ့ကြည့်ရင်းမေးပြီ။

"အစ်ကိုကြီး ... ဟာ ... ဟုတ်ပေါင် ... ယောင်လို့ ဟဲ ... ဟဲ ... အဲဒါ ... ဝိုလည်း မသိဘူးလေ၊ ကြီးကြီးမို့ ... ဖိနပ်၊ ဖိနပ်ကလေးက ... အရမ်းလှလို့ ... ဝိုလည်းကြည့်နေတာ ..."

"နှစ်ကူးမနော် ... ညည်း ... ယောကျ်ားလေးတွေပေးတဲ့ လက်ဆောင်ကို ယူလာလို့ကတော့ ... ညည်းနဲ့ငါနဲ့တစ်ခါတည်း အိုးစားကွဲသွားမယ် ..."

"ဟာ ... အမေကလည်း ... ဒါ ... နှစ်ကူးဟာနှစ်ကူး ... ကိုယ့်ပိုက်ဆံနဲ့ကိုယ်ဝယ်လာတာနော် ... ဝို ... အမေမယုံရင် ဝိုကို သေသေချာချာထပ်မေးကြည့် ..."

"ညည်းလား ... ဒီလိုဈေးကြီးတဲ့ ဖိနပ်ကို ... ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်မှာ ... ညည်း ... ကြပ်ကြပ်သတိထား ..."

ပြောပြီး ... အမေလှည့်ထွက်သွားတော့မှ ... နှစ်ကူး အသက်ရှူချောင်သွားသည်။

အမေကတော့ ... အဲလို ... မာနကြီးတဲ့အမေပါပဲ ... ။

သူများပေးတာကမ်းတာကို ဘယ်တော့မှ ... မမက်မော





တတ်တဲ့အမေ ... ဒီလိုလက်ဆောင်ပစ္စည်းလေးတွေပေးပြီး ... ယောကျ်ားလေးတွေက ... ကိုယ့်သမီး နုနုရွရွလေးကို အချောင်နိုက်သွားမှာ ... အမေကအကြောက်ဆုံး ... နှစ်ကူးလှုပ်ရှားသမျှကို မျက်လုံးပြူးကြီးတွေနဲ့ မသင်္ကာသလို ... အမြဲစောင့်ကြည့်နေတတ်တာလည်း ... အမေ့ရဲ့အကျင့် ... ။

နှစ်ကူးကတော့ ...

ဖိနပ်ကလေးကို အဝတ်ကလေးနဲ့ ရွရွလေးတိုက်ရင်း တွေးနေတော့တာလေ ... ။

ကိုကြီးရယ် ... နှစ်ကူးတို့က ဆင်းရဲပါတယ် ... ။

ကိုကြီးကိုတော့ ... နှစ်ကူးဘယ်တော့မှ မေ့နိုင်မယ်မထင်တော့ပါဘူး ... ။

ကံမကုန်ရင်တော့ ... ပြန်ဆုံချင်ပါသေးတယ် ... ကိုကြီးရယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ငါး

"ဟယ် ... ကြည့်စမ်း ... ငါ့ဆိုင် ဆိုင်းဘုတ်မှာ နှင်းဆီဖြူလေး ... ဘယ်သူလာချိတ်သွားတာလဲ ... "

"ဘယ်သူချိတ်ရမှာလဲ ... မကြီးကို ကြိတ်ကြိုက်နေတဲ့ ကောင်တွေ ... လာလာချိတ်ထားတာပဲ နေမှာပေ့ါ ... "

"ဟွန်း ... ချိတ်စရာလား ... "

နှစ်ကူး ... ဒေါပွပြီး နှင်းဆီလေးကို လမ်းပေါ်ရောက်အောင် ပစ်ပေါက်သည်။

"ပွဲရေ ... "

"ရှင် ... မကြီး ... "

"ခုံတွေကို ညီညီညာညာကလေး စီတန်းပြီးချနော်"

ဆိုင်စ,ထွက်တော့ တောင်းတွေချ ... အထုတ်အပိုးတွေချနဲ့။ ကြက်သွန်တွေလိုး ... ဂေါ်ဖီတွေလိုး ... ကြက်သွန်လေး





တွေနွှာနဲ့ ... ထိုင်စ,ဖွင့်ကတည်းက ... ကျူရှင် ကျောင်းသား ကျောင်းသူလေးတွေလည်း တဖွဲဖွဲရောက်လာလို့ ... ခုထိ ... နှစ်ကူး မနားရသေး ... ။

"မကြီးရေ ... ဒီဖက်ဝိုင်းက ဂျင်းတစ်ပွဲ၊ လက်ဖက်တစ်ပွဲ ထုံးစံအတိုင်း ... ရှယ်၊ ချဉ်စပ်ကလေးနော် ... "

"လာပြီ ... လာပြီ ... "

နှစ်ပွဲဆိုတော့ တစ်ထောင်တန်လေးတစ်ရွက် ... ကိုယ့်အိတ်ထဲကို ခုန်ဝင်လာတာပေ့ါ ... ဘယ်ရမလဲ ... ဆီလည်းလျှော့ထည့် ... လက်ဖက်လည်းလျှော့ထည့် ... ပုဇွန်ခြောက်အမှုန်အမွှားခြောက်သလောင်းနေတဲ့ဟာလေးကို လက်ဖက်သားလေးနဲ့နယ်။

"နှစ်ကူးရေ ... ငါ့ဝိုင်းကူပေးမယ်နော် ... "

အရေးထဲမှာ နှစ်ကူးကိုကြိုက်နေတဲ့ ... မုန့်လိုက်ပို့တဲ့ အကောင် ... ။

သူကြိုက်နေတာကိုသိပေမယ့် ... တစ်နေ့ ငါးရာဖိုးလာလာစားလို့ ... နှစ်ကူးကလည်း မသိချင်ဟန်ဆောင်ပြီး ရောနေရတာ။

"ရတယ် ... ရတယ် ... မလိုဘူး ... ထွန်းမြတ်စိုး ... "

"ဟာ ... ဟိုဘက်ဝိုင်းတွေမှာ ရေနွေးကုန်နေပြီတဲ့"

မခိုင်းလည်း အတင်းဝင်လုပ်သည်။

သူကပဲ ဆိုင်ရှင်နဲ့ အရင်းနှီးဆုံးဖြစ်နေသလိုလို။

"ဟဲ့ ... မလုပ်နဲ့လို့ ပြောနေတယ်လေ ... "

ပြောလည်းမရ ... ။

ရုပ်ကလေးကသန့်ပေမယ့် ... ဆင်းရဲတဲ့ မုန့်ပို့အလုပ်သမားဖြစ်နေတာလည်း ... နှစ်ကူးက အရောမဝင်ချင်။ ဟော ... အခုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့် ... ရေနွေးလည်းချပေး ... စားပြီးသား ပန်းကန်တွေကို လည်းသိမ်းပေး ... ပြီးတော့လည်း ရေနွေးအိုးတည်ထားတဲ့ မီးဖို လေးဆီကို ပြန်ပြေးလာပြီ။ မီးသွေးတွေပစ်ထည့် ... ယပ်တောင် တွေ့ခတ်နဲ့ ... ။

"ထွန်း ... မြတ် ... စိုး ... "

နှစ်ကူး ... စိတ်တိုလာတော့ နာမည်ကို တစ်လုံးချင်းအော် ပြီး ... ခါးထောက်ရန်တွေ့သည်။

"နင် ... ကိုယ့်နေရာမှာကိုယ်ထိုင်နေ ... "

အဆင့်အတန်းကိုလည်း ... နှစ်ကူးက အဲလိုခွဲသည်။

"နှစ်ကူးရယ် ... နင်တစ်ယောက်တည်း ပင်ပန်းနေလို့ ... ငါက ဝိုင်းလုပ်ပေးတာပါ ... "

"ဟွဲ ... နင့်ကိုလုပ်ပေးစရာမလိုဘူးလို့ ငါပြောထားတယ် လေ ... "

အဲဒါနော် ... ။

တစ်နေ့ ငါးရာ ... ငါးရာလာလာပေးနေလို့၊ နှစ်ကူး ဒီလောက်ထိ သည်းခံနေတာ။

တော်တန်ရုံကောင်လောက်ကတော့ ... မျက်စောင်းကြီး ကိုပါ ဝင့်ခနဲနေအောင် နှစ်ကူးထိုးမိတော့မှာ ... ထွန်းမြတ်စိုးက လည်း ... နှစ်ကူးကို ကြောက်သည်။ နှစ်ကူးကိုကြောက်တော့ ဟိုး ခပ်လှမ်းလှမ်းအစွန်က သူထိုင်နေကြ ခုံကလေးမှာသွားထိုင်နေ၏။ သို့သော် ... ထွန်းမြတ်စိုးရဲ့ မျက်လုံးအကြည့်လေးတွေက ... နှစ်ကူး ကိုယ်လေးပေါ်မှာပဲ ဝေ့ကာ ... ဝဲကာ ... ။

"မကြီးနှစ်ကူး ... "





"ဟင် ... ဘာလဲ ဝိ ... "

"ကိုထွန်းမြတ်စိုးကို ... မကြီးမွေးနေ့ မဖိတ်တော့ဘူးလား"

"အမလေးဝိရယ် ... သူ့ကိုဖိတ်တော့ ... ဈေးကြီးတဲ့ လက်ဆောင်တွေ ... ငါကဘာရမှာမို့လို့လဲ ... သွား ... သွား ... ဟိုဖက်အစွန်ဝိုင်းက ကောင်မလေးကို သွားဖိတ်လိုက် ... သူတို့က ပိုက်ဆံရှိတယ် ... "

မွေးနေ့ဖိတ်စာပေးတာတောင် ... နှစ်ကူးတို့က အဲလို။

နောက်သုံးရက်ဆိုရင် ... နှစ်ကူးရဲ့၊ ဆယ့်ကိုးနှစ်မြောက် မွေးနေ့လေ ... ။ နှစ်ကူးဖိတ်စာ အစောင်တစ်ရာရိုက်ပြီး ... လက် ရွေးစင် ရှယ်သန့်သန့်လေးတွေကို တမင်ရွေးဖိတ်နေတာ ...။

"ဟယ် ... မကြီးနှစ်ကူးမွေးနေ့လုပ်မယ် ... ဟုတ်လား ... လာမယ် ... လာမယ် ... တနင်္ဂနွေဆိုတော့ ကျောင်းပိတ်တာနဲ့ အတော်ပဲ ... မွေးနေ့မှာ ... ဘာကျွေးမှာလဲ မကြီးနှစ်ကူးရဲ့ ... "

"အို ... ရှယ်ကျွေးမှာ ... ရှယ်ကျွေးမှာ ... ဆက်ဆက် လာနော် ... ညီမလေး ... မကြီးက ကိုယ်နဲ့အရမ်းခင်တဲ့သူကိုပဲ ရွေးဖိတ်တာ ... သိလား ... "

ချမ်းသာတဲ့သူတွေကို ဆက်ဆံတာများ နှစ်ကူးမျက်နှာ လေးက ပြုံးလို့ ... ။

ထွန်းမြတ်စိုးကျတော့ ... မွေးနေ့ပွဲအကြောင်းလည်းမပြော၊ အဖက်လည်းမလုပ် ... ။

ဝိက ... ကလေးပေမယ့် ကိုယ့်မကြီးအကြောင်းတော့ ကိုယ်ပဲသိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... နေဘုန်းခ ... နင်ဘယ်လဲ ..."

"ဟိုဘက် ..."

တွေ့လား ... ကိုယ့်ဆိုင်ထဲမဝင်တဲ့သူကိုလည်း အတင်းခေါ်လို့ခေါ် ... ။

"နေဘုန်းခရယ် ... နင့်ကို မွေ့နေ့ဖိတ်စာလေးပေးချင်လို့ ဆိုင်ဖွင့်ကတည်းက ငါကြည့်နေတာ ... ဘာလဲ နင့်ဖားသားကြီး စက်ဘီးပုက ပြန်ရောက်လာလို့ နင်တို့ တစ်အိမ်လုံး လန်းနေကြတယ် မဟုတ်လား ..."

"ဖားသားကြီးက ... အေးဆေးပါ၊ တစ်ခေါက်ပြန်လာရင် အားလုံးအငြိမ်ဓယားပဲ ..."

"နင် ... နင် ... ငါ့မွေးနေ့ကို ဆက်ဆက်လာနော် နေဘုန်းခ နင်မလာမချင်း ငါမျှော်နေမှာနော် ... ငါ့မွေးနေ့မှာလေ ... ကုသိုလ်ကောင်းမှုလေးလုပ်ပြီး ... နင်တို့ကို အဝကျွေးချင်လို့သိလား နင်မလာရင် ငါစိတ်ဆိုးမှာနော် ..."

မွေးနေ့ပွဲကို နေဘုန်းခ မလာရင်ဘဲ ... ချုံးပွဲချငိုတော့မယ့်အတိုင်း နှစ်ကူးဖိတ်နေတာ ... ပို့နှုတ်ခမ်းလေးကို မဲ့မိ၏။

ဟော ... ဆင်းရဲတဲ့သူတွေကျတော့ ... ။

"နှစ်ကူးရေ ... မွေးနေ့လုပ်မလို့ဆို ..."

"ဟင် ... မမြတ်နိုးကို ဘယ်သူပြောလဲ ..."

တွေ့လား ... လုပ်မယ်လည်းမပြော၊ မလုပ်ဘူးလည်း မပြော ... ။

"သူများတွေပြောလို့ သိတာပေါ့ ... နှစ်ကူးရဲ့ ..."





"ဟာ ... အဖြစ်လေးလောက်လုပ်တာပါ ... မမြတ်နိုးရယ် အဲဒါလေ ... မမြတ်နိုးတို့ကို ဖိတ်ရမှာလည်း နှစ်ကူးက ... အားနာလို့ ... သိလား ..."

ဟွန်း ... အဲဒါ ... မကြီးနှစ်ကူး အလကားညာနေတာ။

လက်ဆောင်မပေးနိုင်လို့မဖိတ်တာ ... ပို့စိတ်ထဲကနေ နှုတ်ခမ်းလေးမဲ့ကာ ပြောနေမိ၏။ ဟွန်း ... လုပ်မနေနဲ့ ... လက်ဆောင်တွေ အများကြီးလိုချင်လို့ ... ဒီမွေးနေ့ကိုလုပ်တာ ပို့မသိဘဲ နေပါ့မလား ... ။

တစ်ကယ်ဆို ... မွေးနေ့အမှန်က အများကြီးလိုသေးတာ။

သူများဆီကဟာကို မတရားလိုချင်တဲ့ ... မကြီးနှစ်ကူး။

ဘယ်နေ့ကျမှ ဝဋ်လည်သွားမလဲဆိုတာ ပို့ကတော့ ... စောင့်ကြည့်ရဦးမယ် ... ။

"ဒိုင်း ..."

"ဟာ ... ဘာသံကြီးလဲ ..."

"ကားဘီးပေါက်တာဟဲ့ ... ဟိုမှာ ... ဟိုမှာ ... လမ်းဘေးမှာ ထိုးရပ်သွားတဲ့ကား ..."

"ဟယ် ... ကားပေါ်ကဆင်းလာတဲ့ကောင်လေးက အရမ်းချောတယ်ဟဲ့ ..."

ကားဘီးပေါက်သံနဲ့ တစ်ယောက်တစ်ပေါက် အော်သံတွေကြားလို့ နှစ်ကူးကလည်း ဘာရယ်မဟုတ်ဘဲ ကြည့်လိုက်တာ။

"ဟမ် ..."

ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းတောင်မသိ ... ။

ပင့်တက်သွားတဲ့ ... မျက်တောင်ကော့ကော့လေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း ... ပြန်ချလိုက်ဖို့ ရုတ်တရက် နှစ်ကူး သတိမရ ... အနက်ရောင်စတိုင်လ်ပန် ဘောင်းဘီရှည်လေး တွဲဝတ်ထားပြီး ... အဖြူရောင် ဝေါကင်းရှူးလေးကို စီးထားတဲ့ကောင်လေး ... ။

သူမောင်းလာတဲ့ ကားဘီးပေါက်သွားလို့ အောက်ကို စိတ်ပျက်လက်ပျက် ဆင်းလာတာလေ ... ။

"ဟယ် ..."

ကြည့်စမ်း ... သူ ... သူ ... နှစ်ကူးတို့ဆိုင်ဘက်ကို လျှောက်လာနေပြီ ... ။

"ဘုရားရေ ..."

နှစ်ကူးရပ်နေတဲ့ နေရာလေးတည့်တည့်ဆီကိုမှ ... သူက လျှောက်လာနေတာလား ... ။

"ဟိုလေ ... ဒီနားမှာ ... ကားဘီးပေါက်တာ ပြင်တဲ့ဆိုင် မရှိဘူးလားဟင် ..."

နှစ်ကူးကလည်း ဂေါ်ဖီလှီးနေတဲ့ ဓါးကြီးကိုကိုင်လို့။

"ကူညီပါဗျာ ... ဒီမှာ ... ကျွန်တော့်ကားဘီးပေါက်သွားလို့ပါ ..."

"ဟာ ... ရှိတယ် ... ရှိတယ် ... ကျွန်တော် စက်ဘီးနဲ့ သွားပြီး ... ခေါ်ပေးမယ်"

ကြားထဲကနေ လှမ်းအော်လိုက်တာ ထွန်းမြတ်စိုး။

ထွန်းမြတ်စိုးက ... စက်ဘီးကလေးနဲ့ ထွက်သွားတော့ ...

"ဒါ ... ဒါ ဘာရောင်းတဲ့ဆိုင်လဲဟင် ..."

"လက်ဖက်သုတ် ... ဂျင်းသုတ်ဆိုင်ပါ ..."

နှစ်ကူး ... ထိုကောင်လေးကိုကြည့်ပြီး ... သဘောတွေ





ကျနေတာ။ ဂေါ်ဖီကိုတောင် ဆက်လှီးလို့မရ ... ။

ဖြေပြီးတာနဲ့ ... မျက်လွှာလေးသိမ်းကာ ခေါင်းကလေးကို ကပျာကယာလေး ငုံ့ချလိုက်ရ၏။

"ဒါဆိုလည်း ... လက်ဖက်သုတ်တစ်ပွဲပေးဗျာ"

အမလေး ... လက်ဖက်သုတ်တဲ့ ... ။

"ဟို ... ဟို ... ထိုင်ပါနော် ..."

ကြည့်ပါဦး ... ဝတ်ထားတာလေးက အကောင်းစား Brand တွေ ... ။ စပို့ရှပ်လေးကလည်း ... FRANCE ကလာတဲ့ ရှပ်။ WALKING SHOE လေးကလည်း NIKE တံဆိပ် SHOE လေး ... ခါးမှာလည်း ... Hand Phone လေးကို ချိတ်လို့။

ကြိုက်တယ် ... ကြိုက်တယ် ... အဲဒီလိုမျိုးလေးကိုမှ နှစ်ကူးတို့က သဘောကျတာ ... ။

"ဟယ် ... ငွိရယ် ... ဖင်ထိုင်ခုံလေးမှာ ရေတွေနဲ့ ... နေနေ ... နှစ်ကူးသုတ်ပေးမယ် ... ခဏလေးနော် ခဏလေး ..."

လက်ထဲက ဓါးကိုပစ်ချပြီး ... နှစ်ကူးပျာယာခတ်သွားတာ ဣန္ဒြေတောင် မဆယ်နိုင်။

"ဒုန်း ..."

"အမလေးဟယ် ... သေပါပြီ ..."

တွေ့လား ... ကိုယ့်ဆိုင်းဘုတ်ကို ကိုယ့်နဖူးနဲ့ ... မကြီး နှစ်ကူး တိုက်မိသွားတာ ... ။

"ခစ် ... ခစ် ..."

ငွိ တခစ်ခစ်နဲ့ ... မကြီးကို ကြည့်ကာ ရယ်လို့မဆုံး။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် ... အစ်ကိုကြီးက ပိုက်ဆံချမ်းသာတာနဲ့ မကြီးနှစ်ကူး ဖြစ်နေတာ ...

ဗိွကိုလည်းအော် ... ကိုယ့်နဖူးလေးကိုလည်း ကိုယ်ပြန်ပွတ်နဲ့ ... ။

"အဟင်း ... ရပြီနော် ... ထိုင်ပါ ... ထိုင်ပါ"

ခါးကလေးကို မတ်မတ်လေးဖြစ်အောင် ပြန်ဆန့်လိုက်ရင်း ဆံပင်ရှည်ကြီးတွေကိုပါ နောက်ကိုရောက်အောင် ခေါင်းကလေးကို ဆတ်ခါလိုက်တော့ ... ။

"ဟို ... ဟို ... မင်းနာမည်လေးက နှစ်ကူးတဲ့လားဟင်"

"ဟုတ် ... ဟုတ်ပါတယ် ... ဘာဖြစ်လို့လဲဟင်"

"စောစောက စကားပြောရင်း ... နာမည်လေးထည့်ပြောလိုက်တာ ... ကိုယ်ကြားလိုက်ရလို့ ... "

ဟယ် ... ကြည့်စမ်း ... ။

သူပြုံးလိုက်တာလေးကအစ ... တကယ်ကြည့်လို့ကောင်းတဲ့ Chassis Smile လေး ... ဒီ ... ဒီလိုအပြုံးလေးကို နှစ်ကူး ဘယ်မှာတွေ့ခဲ့ဖူးတာလဲဟင် ... ကိုရီးယားကားထဲက မင်းသား Kinbun အပြုံးလေးနဲ့ တူနေတာလား ... ။

"ဟယ် ... မကြီးကို မှာထားတာ လက်ဖက်သုတ်လေ ... ဘာဖြစ်လို့ ပုဇွန်ခြောက်တွေ အများကြီးစွတ်ထည့်နေတာလဲ"

"ဗိွ ... နင်မသိဘဲနဲ့ ... လျှာကြောအာကြော လာရှည်မနေနဲ့ ငါ ... ငါ ... သူစားလို့ကောင်းအောင် ပုဇွန်ခြောက်လေးကို ထည့်ပေးနေတာ ... "





တွေ့လား ... ။

ဒါမျိုးကျတော့ ... ပုဇွန်ခြောက်လေး ပိုထည့်ပေးသတဲ့။

ဟောကြည့် ... ဆီကလေးကိုလည်း ရွှဲနစ်နေအောင် ဆမ်းပေးနေပြန်ပြီ ... ဒါကြောင့်မို့ ... ကြီးကြီးမြို့မေတ္တာက မကြီးကို ထူပူနေအောင် ခဏခဏ ထိပ်ခေါက်နေတာ ... ဗိုက်ခေါက်ကို ဆွဲလိမ်လည်း ... မကြီးနှစ်ကူးတို့က ဘယ်တော့မှမမှတ် ... ။

"အဟင်း ... ရပြီနော် ... ဒီမှာ ... ရှယ်ချဉ်ငံစပ်လေး"

အမယ် ... ။

မကြီးတို့က ဗိွကိုတောင် မချိုင်းတော့ဘဲ သူကိုယ်တိုင်သွားချပေးတာနော် ... အဲလိုလည်း ... အရမ်းသွက်သေးတဲ့ မကြီးနှစ်ကူး တစ်ခြားဝိုင်းတွေမှာ စားနေတဲ့လူတွေကိုတောင် မကြီးနှစ်ကူး သတိရသေးရဲ့လား ... ။

"ကိုယ့်ကိုလည်း မှတ်ထားနော် ... နှစ်ကူး ... ကိုယ့်နာမည်က ယွန်းလက်ျာတဲ့ ... "

"ယွန်းလက်ျာ ... "

အို ... ကြည့်စမ်း ... ။

နာမည်လေးကလည်း အဆန်းလေးပါလား ... ။

"ဒါပေမယ့် ... အားလုံးကတော့ ကိုယ့်ကို ယွန်းလို့ပဲ ခေါ်ကြတယ် ... "

အမှန်အတိုင်းဝန်ခံရရင် ယွန်းကလည်း ... နှစ်ကူးဆိုတဲ့ ကောင်မလေးကို စ,တွေ့လိုက်ရကတည်းက ရင်ခုန်သွားတာ ... အံ့ဩဖို့တောင် ကောင်းနေသည်။ ယွန်းတစ်သက်နဲ့တစ်ကိုယ် ... မိန်းကလေးတော်တော်များများနဲ့ သိကျွမ်းရင်းနှီးခဲ့ပေမယ့် ... ဒီလို



www.burmeseclassic.com

www.burmeseclassic.com



တွေ့တွေ့ချင်း လှိုက်ဖြာအေးစက်သွားအောင် ... ရင်ခုန်သွားရတာ မျိုး ... မရှိခဲ့ပါ ... ။

ဝင်းနှစ်ပြေပြစ်တဲ့ ... နဖူးလေးအောက်က ...
ထိဆက်နေတဲ့ ... မျက်ခုံးလေးနှစ်ဖက်ရယ် ... ။
ကော့ချွန်နေတဲ့ နှာတံစင်းစင်းလေးရယ် ...
ကော့ညွှတ်ရှည်လျားတဲ့ ... မျက်တောင်ကြီးတွေရယ်
မျက်ဝန်းလေးတွေ ... နှုတ်ခမ်းလေးတွေကအစ။

ယွန်းကို ... ရင်ခုန်သံတွေ မြန်ဆန်သွားအောင် ညို့ယူသွားခဲ့တာ ... အမှန်ပဲဖြစ်သည်။ ပိုဆိုးတာက ... ဖြောင့်စင်းနက်မှောင်ရှည်လျားသည့် ဆံပင်ရှည်ကြီးတွေက ကော့ချွန်မို့ဖောင်းနေသော တင်ပါးလေးကို ဖုံးကျနေအောင် ... သူ့မျက်ဝန်းတွေကို ဆွဲဆောင်နေခဲ့တာပင် ... ။

အရပ်ကလေးကလည်း မြင့်မြင့်လေး ... ။
ကိုယ်လုံးလေးကလည်း တင်းတင်းဖူးဖူးလေး ... ။

လက်မောင်းကလေးကဆို ရွှေရောင်လေးပင် ပြေးချင်နေ၏။ ဘာပဲပြောပြော ... ဒီလို ကောင်မလေးတစ်ယောက်ဟာ ... လက်ဖက်သုတ်ဆိုင်ကလေးဖွင့်ပြီး စီးပွားရှာနေရသတဲ့လား ... ။

"အဟွန်း ... နှစ်ကူးကိုလည်း မှတ်ထားနော် ... ယွန်း"

"နှစ်ကူး ... ကျောင်းပြီးသွားပြီလား ... "

"ဒီနှစ် ပထမနှစ်လေ ... စာပေးစာယူတက်နေတာ"

"ဖေဖေနဲ့မေမေကရော ... "

"အဖေဆုံးသွားလို့ ... အမေနဲ့နှစ်ကူး နှစ်ယောက်ထဲနေတာ"





"အို ... နှစ်ကူးမှာ မောင်နှမတွေ မရှိဘူးလား"

"မရှိပါဘူး ... ယွန်းရယ် ... နှစ်ကူးက တစ်ဦးတည်းသော သမီးပါ ... "

မကြီးနှစ်ကူး ... ဖြေနေတဲ့အသံလေးကအစ ... ညသံလေးနဲ့ဖြေနေတာ ... ငါမသိဘဲ နေပါ့မလား ... စောစောက ကိုကြီးထွန်းမြတ်စိုးကို ပြောနေတဲ့အသံနဲ့တခြားစီ။

"စားနော် ... ယွန်း ... ပုဇွန်ခြောက်လိုရင်ပြောလေ"

"ဟာ ... ရတယ်နှစ်ကူး ... ကျေးဇူးနော် ... "

"ယွန်း ... ယွန်းက ဘယ်မှာနေတာလဲ ... "

"ရွှေတောင်ကြားမှာ နေတာလေ ... "

"ဟယ် ... ရွှေတောင်ကြားဆိုတော့ ... ယွန်းက သူဌေးပေါ့"

ရွှေတောင်ကြားဆိုတာနဲ့ပဲ ... မကြီးနှစ်ကူး မျက်လုံးပြူးနေပြီ ... ။

"မကြီးရေ ... ဒီဘက်ဝိုင်းက ရှူးရှဲတစ်ပွဲ ... ဂျင်းတစ်ပွဲ"

"အေးပါဟယ် ... အေးပါ ... ဒီမှာ ယွန်းနဲ့စကား ကောင်းနေလို့ပါ ... "

ထွန်းမြတ်စိုးခေါ်လာတဲ့ ကားပြင်ကောင်လေးကလည်း ကားဘီးကို ဖြုတ်တပ်လုပ်နေပြီ။ ပြီးတာနဲ့ ယွန်းက သွားတော့မည် ... အရေးထဲမှာ လူက ... ကျလာ၏။ နှစ်ကူး သုတ်နေရတာ တစ်ပွဲပြီးတစ်ပွဲ ... ။

"ဒုက္ခပါပဲ ငါရယ် ... ယွန်း ... ယွန်းဘယ်ရောက်သွားပြီလဲ ဟင် ... ငါ ... "



www.burmeseclassic.com

www.burmeseclassic.com



"ကားထဲရောက်သွားပြီ ... "

"ဟယ် ... သူသွားတော့မယ်နဲ့တူတယ် ... "

"လက်ဖက်သုတ်မိုးလည်း ပေးမသွားဘူးမကြီးရဲ့ ဝို့ပြေးပြီး သွားတောင်းလိုက်မယ်လေ ... မကောင်းဘူးလား"

"ဟယ် ... မလုပ်ပါနဲ့ဝို့ရယ် ... အားနာစရာကြီး"

ပွန်း ... ဒါမျိုးကျတော့ ... မကြီးတို့အားနာနေလိုက်တာ။

ဟိုနေ့က လက်ဖက်ဖိုးမပေးဘဲ ထွက်သွားတဲ့ကောင်လေး ကျတော့ ... ထိပ်ခေါက်ပြီးတော့ကို နောက်ကနေ အတင်းလိုက် အော်တောင်းတာ ... ။

ဝို့တို့က ... အတွင်းသိ ... အဆင်းသိ ... ဟင်း ဟင်း ... ။

ပောာ ... ပြောရင်းဆိုရင်း ... ကိုယွန်း ပြန်ဆင်းလာပြီ။

"ကျေးဇူးပဲ ... ကိုထွန်းမြတ်စိုးရာ ... ကိုထွန်းမြတ်စိုး ကူညီ လို့ ... ခုလိုအဆင်ပြေသွားတာ၊ ဒီမှာ ... ကျွန်တော့်ရဲ့ ဖုန်းနံပါတ် လေးနဲ့ လိပ်စာကဒ်ကလေး ကိုထွန်းမြတ်စိုးမှာ လိုတဲ့အကူအညီရှိရင် လည်း ကျွန်တော့်ကိုပြောပေါ့ ... "

"ရပါတယ် ... ကိုယွန်းလက်ျာ ... "

ထွန်းမြတ်စိုးကတော့ ဘာရယ်မဟုတ်ဘဲ ကူညီပေးလိုက် တာပါ ... ။

"ကားကောင်းသွားပြီလားဟင် ... ယွန်း ... "

တွေ့လား ... နှစ်ကူးလေသံက ခုမှတွေ့တဲ့ ယွန်းလက်ျာ ကို ... တရင်းတနှီး ... ။

"ကောင်းသွားပြီလေ ... နှစ်ကူး၊ ကဲ ... ကိုယ်သွားတော့





မယ်နော် ... ဒီမှာ ပုဇွန်ခြောက်တွေအများကြီး ထည့်သုတ်ပေးတဲ့ လက်ဖက်ဖိုး ... ပြန်မအမ်းနဲ့နော် ... နှစ်ကူး ယူထားလိုက်တော့"

"ဟယ် ... ငါးထောင်တန်ကြီး ... "

ဝို့နှုတ်က လွှတ်ခနဲ ထွက်သွားသလို နှစ်ကူးကလည်း မျက် တောင်လေးတွေ ဖျတ်ခနဲ ... ပင့်ကော့သွားသည်။

တော်တော်ချမ်းသာတဲ့ ယွန်းလက်ျာပါလား ... ။

ကိုင်တာတောင် ငါးထောင်တန် အထပ်လိုက်ကြီး။

ပေးပြီးတာနဲ့ ချာခနဲ လှည့်ထွက်သွားတဲ့ ယွန်းရဲ့စတိုင်လ် လေးက ... ကျက်သရေရှိလိုက်တာ ... မပြောပါနဲ့တော့။

"ဟယ် ... ဝို့ ... ငါမေ့သွားတယ် ကြည့်စမ်း ... ယွန်း ယွန်းကို ... ငွေမွေးနေ့ဖိတ်ရမှာဟဲ့ ... "

"ဟာ ... မကြီးနှစ်ကူးကလဲ ... အခုမှ သိတဲ့ဟာကို ဖိတ်ရ မှာ အားနာစရာကြီး ... "

"ဟဲ့ ... အားနာစရာလား ... "

"နင် ... လျှာမရှည်နဲ့ ... "

"ဒေါက် ... "

"အား ... "

စိတ်တွေ ပျာယာခတ်ပြီး ... ဝို့ငယ်ထိပ်ကို ခေါက်ထည့် လိုက်တာ ... ဒေါက်ခနဲ ... ဖိတ်စာလေးတစ်စောင်ကို ဆွဲပြီးတော့ လည်း ... ယွန်းနောက်ကို နှစ်ကူးပြေးလိုက်သည်။

"ယွန်း ... ယွန်း ... ခဏလေးနေပါဦး ... "

"ဟင် ... ဘာဖြစ်လို့လဲ ... နှစ်ကူး ... "

ယွန်း ... ချာခနဲလှည့်ကြည့်ကာ ... နေရာလေးမှာ တွေ



www.burmeseclassic.com

www.burmeseclassic.com



တောင့်လေးရပ်နေ၏။

"ဟို ... ဟိုလေ ... သန်ဘက်ခါကျရင် နှစ်ကူးရဲ့ မွေးနေ့လေ အဲဒါ ... ယွန်းကိုဖိတ်ချင်လို့ ... "

"ဟာ ... ပျော်စရာကြီး ... ကိုယ်လာခဲ့မယ်နော် နှစ်ကူး"

ဖိတ်စာလေးကို ကမ်းပေးလိုက်စဉ်မှာ နှစ်ကူးမျက်နှာလေးက ... ပြုံးသွားသည်။

ထွန်းမြတ်စိုးကတော့ နှုတ်ခမ်းလေးမဲ့လို့ပေါ့ ... ။

ကိုယွန်းလက်ျာကားလေး မောင်းထွက်သွားတော့မှ နှစ်ကူးကို ပြောမိသည်။

"နှစ်ကူးရာ ... နင်က ငါ့ကိုကျတော့ မဖိတ်ဘူး"

"အောင်မယ် ... ဖိတ်စရာလား ... "

မျက်စောင်းကြီးကပါ ... ဆတ်ခနဲ ဝဲလာလိုက်သေး၏။

"နှစ်ကူးရေ ... "

"ဟင် ... အမေ ... အမေ ဘယ်ကပြန်လာတာလဲ"

အမေ့ကိုမြင်တော့ ... နှစ်ကူး ဝမ်းသာသွား၏။

"ဒီ ... ဒီမှာအမေ ... အမေ့ကို နှစ်ကူးပြမလို့"

"ဟင် ... ဘာပြမလို့လဲ ... "

"ဒီမှလေ ... အမေရဲ့ ... ငါးထောင်တန်ကြီး"

"ဟယ် ... ကြည့်စမ်း ... "

ငွေမြင်ရင် အဲလိုငမ်းငမ်းတက်ဖြစ်နေတဲ့ နှစ်ကူး။ ပျော်နေတာ ... ခုန်ပေါက်လို့ပေါ့ ... ။





## အခန်း ခြောက်

''ဟဲ့ ... နှစ်ကူးမ ... ဒါဘာတွေလဲ ... "

"ဟာ ... အမေ မသိပါဘူး ... "

"ဝို ... ပြောစမ်း ... နင်တို့နှစ်ယောက်ဈေးကို အစောကြီးထပြီး ဘာတွေသွားဝယ်လာတာလဲ ... "

အမေက ... နှစ်ကူးကိုမေးလို့မရတော့ ... ဝိုဘက်ကို လှည့်မေးသည်။

"ဟို ... ဟိုလေ ... ကြီးကြီးမြို့ ... ။

"ဝို ... နင်မပြောနဲ့နော် ... နင့်အပေါက်ကိုပိတ်ထား"

"ဟာ ... မပြောလို့ရမလား ... မကြီးနှစ်ကူးရဲ့ ဟိုမှာ ... ကြီးကြီးမြို့က ... မေးနေတဲ့ဟာကို ... "

"ကဲ ... ကဲ ... အမေဒီလောက်တောင် သိချင်တာ သာကူတွေ အမေရေ သာကူတွေ ... ဒါက ... အုန်းသီး၊ ဒါက ... ကစွန်းဥ



www.burmeseclassic.com

www.burmeseclassic.com



တွေ ... ကဲရှင်းပြီးလား ... ”

“ဟင် ... ဒါ ... ဒါဆို ... ညည်းက ... ညည်းက အုန်းနို့သာကူပါ ... ရောင်းတော့မလို့လား ... ညည်း၊ ညည်းတော်တော်လွန်နေပြီ ... နှစ်ကူးမ ... ညည်းလုပ်နေတာတွေ ... ငါသည်းမခံနိုင်တော့ဘူး ... ”

“ဟာ ... အမေရယ် ... အမေက ... မသိဘဲစွတ်စားနေပြန်ပြီ ... မနက်ဖြန် နှစ်ကူးမွေးနေ့လုပ်မလို့ ... သူငယ်ချင်းတွေကို ... ဖိတ်ထားတယ်လေအမေရဲ့ ... အဲဒါ ကန်စွန်းဥလေးနဲ့ရောပြီး ... အုန်းနို့သာကူတိုက်မလို့ ... ”

“ဘုရားရေ ... ဒီလောက်ဖိတ်စာတွေနဲ့ ဖိတ်ထားတာတောင်ညည်းက အုန်းနို့သာကူပဲတိုက်မယ် ... ဟုတ်လား ဘုရားဘုရား ... ”

နှစ်ကူး ... ဒီလောက်ပြောရင် ... ဒေါ်မြို့မေတ္တာကလည်းသိလိုက်ပြီ ... ။

ကိုယ့်အိတ်ထဲက ... အကုန်အကျနည်းနည်းလေးပဲခံပြီးဟိုက ... ရတဲ့ ... မွေးနေ့လက်ဆောင်ပစ္စည်းတွေကို မက်လို့မွေးနေ့ပွဲကို ... ဒင်းလုပ်တာ ... ။

ဒေါ်မြို့မေတ္တာ အံ့ဩမိသလို ... ရင်ဘတ်ကိုလည်းဖိမိသည်။

သမီးလေးတစ်ယောက် မွေးထားမိပါတယ် ... ကိုယ့်မွေးနေ့ရက်လဲမဟုတ်ဘဲနဲ့ မွေးနေ့ပွဲတွေလုပ်လိုလုပ် ... ကျွေးတော့လည်း တစ်ပဲခြောက်ပြားတန် အုန်းနို့သာကူတဲ့ ... ဒါကိုတောင်အဖိုးမတန်တဲ့ ကန်စွန်းဥပြုတ်ကိုရောချင်သေးတဲ့ ဒင်း ... ။





အခုကတည်းက ... လာမယ့်ဧည့်သည်တွေကို မျက်နှာဥနေမိတာ ... ဒေါ်မြို့မေတ္တာပါပဲ ... ဒင်းက ... ကိုယ့်ဝင်ငွေလေးနဲ့ကိုယ်ဖြစ်လာပြီဆိုတော့ ... မအေကိုတောင် မခန့်လေးစား ... ဒင်းသဘောနဲ့ဒင်း ... လုပ်ချင်တာတွေ ... လျှောက်လုပ်နေတော့တာ ... ။

“ကဲ ... မကြီးနှစ်ကူးကို ... ငွိမပြောဘူးလား၊ အခု ကြီးကြီးမြို့က ... မကြီးနှစ်ကူးကို ... ဆူနေပြီ ... အုန်းနို့သာကူပဲ ကျွေးလို့တဲ့”

“ငွိရယ် ... နင်ကလည်းအရေးထဲမှာ တစ်မှောင့် သိလား”

နှစ်ကူးမျက်စောင်းလေးက ... ငွိဆီကိုပဲ ဝဲသွားသည်။

“ဒီမွေးနေ့ပွဲကို ... ငါလုပ်တာ ... အိမ်ရှေ့အိမ်ကပဟာတွေကိုခံချင်လို့လုပ်တာပါလို့ ... နင့်ကို ဘယ်နှစ်ခါပြောရမလဲ ... နှစ်တိုင်း သူတို့ချည်းပဲလုပ်နေတာ ... လုပ်ပြီးရင်လည်း သူတို့ရတဲ့လက်ဆောင်တွေ ငါ့ကိုလာလာပြသေးတယ်လေ ... ကဲ နင်စဉ်းစားကြည့်စမ်း ... အဲဒီအထဲမှာ အီးပုတ်မဆိုတဲ့ ... ငါနဲ့ရွယ်တူ ဝက်ပုဘ်မလေးက အဆိုးဆုံး ... ”

နှစ်ကူးပြောနေတာ ... နှုတ်ခမ်းမဲ့မဲ့လေးနဲ့ ... ။

“အဲဒါ ... လက်ဆောင်တွေရရင် ... သူတို့ကို ပြန်ကြွားချင်လို့”

“ဟင် ... မကြီးကလည်း ... လက်ဆောင်လိုချင်တာ အုန်းနို့သာကူလေးနဲ့ ... ”

“ဟဲ့ ... လက်ဆောင်ဆိုတာ ... လူတိုင်းကပေးတာ မဟုတ်ဘူးဟဲ့ ... တချို့ဆို ... ခပ်တည်တည်နဲ့လာပြီး ကျွေးသမျှကို ... တဖြုန်းဖြုန်းနဲ့စားသွားတာ ... နင်မသိရင် အသာနေစမ်း ငွိ ... ဒီပွဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အရေးအကြီးဆုံး ညှော်သည်က ယွန်းပဲ ... ဟဲ ... ဟဲ၊ သိတယ်မို့လား သူ့အတွက်က ရှယ် ... ရှယ် ... ”

တကယ်လည်း ... သူ့အတွက် ... အကောင်းစားလေးတွေပဲ နှစ်ကူး ဝယ်လာခဲ့တာပါ။

နန်းကြီးသုတ်ကလေးကို ... ကြက်အသည်းအမြစ်လေးနဲ့။

ဟင်း ... ဟင်း ... ။

နန်းကြီးသုတ်လေးနဲ့ တွဲသောက်ရမယ့် ဟင်းချိုလေးကလည်း ... မှိုချောက်၊ ပန်းချောက်လေးနဲ့ ရှယ်ဟင်းချိုလေး ... ။

ညကလည်း ... နှစ်ကူးဘာတွေ ဖြစ်မှန်းမသိဘူး ။

ယွန်းကိုပဲ ... စိတ်ထဲက ... ချစ်မိသွားသလိုလို ဘာလိုလိုကြီးဖြစ်ပြီး အိပ်လို့လဲမပျော် ... ဟိုဖက်စောင်းအိပ်လို့လဲမရ ... ဒီဖက်စောင်းအိပ်လို့မရ ... ယောင်ပြီးအိမ်မက်ထဲမှာ အမေ့ကိုဖက်လိုက်မိတော့ ... အမေက ... နှစ်ကူးကိုယ်လုံးကြီးကိုဆောင့်ကန် ... ။ တကယ်တွေးကြည့်လိုက်တော့လည်း နှစ်ကူးသတိရနေတာ ... စည်းကာရံဆိုတဲ့ ... ဟိုအစ်ကိုကြီး။ ယွန်းကိုတော့ ခင်တယ်ဆိုရုံလေးပဲ ... စိတ်ထဲက ခင်မိသွားခဲ့တာပါ။

“နှစ်ကူးမနော် ... တဟင်းဟင်းနဲ့အိမ်မက်တွေမက်ပြီး ညည်းကဘာတွေ ဖြစ်နေတာလဲ ... တိုးတိုး၊ ဟိုဖက်ကိုတိုး”

“ဟာ ... အမေကလည်း ... ဒီမှာအိပ်မပျော်လို့ သက်ပြင်းတွေ ချနေပါတယ်ဆိုမှ ... ”

“အောင်မယ် ... အိပ်မပျော်ရအောင် ... ညည်းက ဘာတွေစဉ်းစားနေလို့လဲ ... ”

“ဒီလိုပေါ့ အမေရာ ... ”





“ညည်းနော် ... မဟုတ်တရုတ်တွေဘာမှ စဉ်းစားမနေနဲ့ ညည်းအကြောင်းကို ငါမသိဘူးများ အောက်မေ့နေလို့လား ... ရပ်ကွက်ထဲမှာလည်း ... ညည်းနာမည်က အရမ်းပျက်နေပြီ ... ငါ တစ်သက်လုံး ကိုးကျပ်တိုး တစ်ဆယ်တိုးနဲ့ဈေးလာတာ ... အခု ညည်းဆီက ... ငွေလေးငါးထောင်လောက်ဈေးတာ ... ညည်းက သုံးဆယ်တိုးတောင် ယူတယ်ဆို ... ”

“ဟာ ... အဲဒါ ... သူတို့သဘောတူလို့ နှစ်ကူးက ဈေးလိုက်တာလေအမေရဲ့ အဟင့် ... ပြန်မဆပ်ရင် ... နှစ်ကူး ထိုင်ငိုနေရမှာ အမေသိလို့လား ... ”

ဒီမှာ ... ကိုကြီးကိုသတိရတာတစ်မျိုး ... အမေဆူနေလို့ ဖြေရှင်းနေရတာတစ်မျိုးနဲ့ ... မနက်သုံးနာရီထိုးမှ ... နှစ်ကူး မှေးခနဲ အိပ်ပျော်သွားသည်။

ခုလည်း ... ပွဲကိုခေါ်ပြီးမနက်အစောကြီး ဈေးသွားဝယ်ခဲ့ရလို့အိပ်ရေးက ကောင်းကောင်းမဝ ... ။

“ပွဲရေ ... သာကူထုတ်တွေ ... ကြောင်အိမ်ထဲသေသေချာချာထည့်နော် ... ပြီးရင် ... ကန့်ဇွန်းဥတွေ ... ရေဆေးပြီး သန့်နေအောင်လုပ်ထား ... ”

လက်ဖက်သုတ်ဆိုင်ကိုလည်း နှစ်ကူးမထွက်နိုင်တော့ပါ။

အရေးကြီးတဲ့ကျောင်းက သူငယ်ချင်းတွေကိုဖိတ်ဖို့ စက်ဘီးလေးနဲ့ထွက်လာတဲ့ နှစ်ကူးစက်ဘီးကလေးကို နင်းလိုက်တိုင်းမှာ ဆံပင်ရှည်ကြီးတွေက ... လေထဲမှာတဖျပ်ဖျပ်တခါခါ ... လွှားခနဲ လွှားခနဲ ... ဝဲလို ... ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားလေးက ... တင်းတင်း ... ။

အသားရေလေးက ... ဝင်းဝင်း ... ။

လမ်းဆုံကြီးတခုကိုရောက်တော့ ... ညာဘက်ကို စက်ဘီးလေး ကွေ့ချသည်။

ပြီးတော့တစ်ခါ ... လမ်းမကြီးပေါ်ကနေ ... လမ်းသွယ်ထဲကို ... ဝင်လိုက်တော့ ... ဆွေချစ်တို့နေတဲ့ နှစ်ထပ်တိုက်လေးရှေ့ကို ... တည့်တည့်ရောက်သွား၏။

"ဟယ် ... နှစ်ကူး ... နင်ဘယ်ကိုလာတာလဲ"

နှစ်ကူးကိုတွေ့တော့ ... ဆွေချစ် ဝမ်းသာသွား၏။

"နင့်ဆီကိုလာတာပေါ့ဟဲ့ ... ကြောင်စုတ်မရဲ့ ... "

နှစ်ကူးက ... ဆွေချစ်ကို ... ကြောင်စုတ်မလို့ပဲ ... လူရှေ့မရှောင်သူရှေ့မရှောင် ခေါ်နေပြောနေကြ ... ဆွေချစ်က ဆံပင်ကို အမြဲအပွပုံသဏ္ဍာန်ထားပြီး ... ဆေးရောင်စုံ ခပ်လန်းလန်းပဲ ဆိုးထားနေတာမို့ သူပုံစံနဲ့လိုက်တဲ့ ... ကြောင်စုတ်မဆိုတဲ့နာမည်ကို နှစ်ကူးကပဲ တမင်စခေါ်ခဲ့တာပဲဖြစ်သည်။

ကြောင်စုတ်မခေါ် ဆွေချစ်အဖေက ... ဆောက်လုပ်ရေး အင်ဂျင်နီယာလေ ... ရေအမြဲလှျံသည်။ ဆွေချစ်တို့ မိသားစု စီးတာကပဲ လေးဂငယ်ဖင်ကောက်ကားကလေး။

တက္ကသိုလ် ... စာပေးစာယူ ပထမနှစ်တက်စကတည်းက ဆွေချစ်တို့အဖွဲ့နဲ့ နှစ်ကူး တွဲမိသွားခဲ့တာပါ ... ။

"ကဲ ... ပြောစမ်း ... ကိစ္စက ... "

အိမ်ထဲဝင်ပါလို့မခေါ်ဘဲ ... အိမ်ရှေ့မှာပဲ ... ခါးထောက်ရပ်





ပြီး ကြောင်စုတ်မကမေး၏။ နှစ်ကူးမက ခေါင်းကို တစ်ချက်ထပ်ခါ၍ ... ။

"မေးမနေနဲ့ ... ကြောင်စုတ်မ ... စက်ဘီးကယ်ရီယာပေါ်နောက်ကနေ ခုန်တက်လိုက် ... "

"ဟင် ... ငါက ... ဘယ်ကိုလိုက်ရမှာလဲ ... နှစ်ကူးမရဲ့"

"သော့်ကို သွားခေါ်မလို့ ... "

"အောင်မယ် ... နင်က ... "

အကြောင်းသိနေတော့ ကြောင်စုတ်မကပြုံးသည်။

သော်ဆိုတာ ... နှစ်ကူးဆီက ... အချစ်ကို ဆယ်တန်းနှစ်မှာကတည်းက တောင်းနေတာ ... နှစ်ကူးက ... ခုထိ အဖြေမပေးလို့ သော်ဇင်ဝေ ငုတ်တုတ်မေ့နေခဲ့တာပါ။

"ငါ ... နင်တို့နှစ်ယောက်နဲ့ ... တိုင်ပင်စရာရှိလို့"

"ဟင် ... ဘာတွေလဲ ... "

"ကြောင်စုတ်မရယ် ... နင်ဟာလေ ... စကားပြော အရမ်းရှည်တယ် ... တက်မှာဖြစ်လဲတက် ... ကြာတယ် ... "

နှစ်ကူးပြောတော့မှ ... ကြောင်စုတ်မကလည်း ခုန်တက်သည် ... ။

သော်ဇင်ဝေကတော့ ... ပြောရရင် ... နည်းနည်းလေးချို့တဲ့ပါသည် ... မောင်နှမတွေကများရသည့်ကြားမှာ ... အဖေကဆုံးသွားတော ... အလုပ်တစ်ဖက်ကျောင်းတစ်ဖက်နဲ့၊ သူ့အမေကို သော်ကပဲ ဝိုင်းကူနေရ၏။

နေတာကလည်း ... သွပ်မိုးပျဉ်ကာ အိမ်ဟောင်းကလေးပါ ... ။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်စုတ်မတို့တိုက်နဲ့က ... တလမ်းပဲခြားတော့ ခဏလေးနဲ့သော်တို့ အိမ်ရှေ့ကိုရောက်သွား၏။

"ဒေါ်လေးရေ ... သော်ဇင်ဝေရှိလား ..."

"ဟဲ့ ... အိမ်ရှေ့က ... ဘယ်သူတွေလဲ ..."

"နှစ်ကူးနဲ့ဆွေချစ်ပါ ... ဒေါ်လေး ... သော်နဲ့တွေ့ချင်လို့လာတာ ..."

"ဟဲ့ ... နင်တို့သော်က ... အခုပဲ ... အောက်ဖက်ထိပ်ကကန်ဘောင်မှာ လက်ဖက်ရည်ဆိုင် ထိုင်မယ်ဆိုပြီးထွက်သွားတယ် မင်းတို့တွေ့ချင်ရင် ... အောက်ဖက်ကိုလိုက်သွား"

"ဟာ ... ကျေးဇူးပဲနော် ... ဒေါ်လေး ..."

ဟိုရောက်တော့ ... ကန်ဘောင်အစပ်မှာ မေးတင်ဖွင့်ထားတဲ့လက်ဘက်ရည်ဆိုင်မှာ ... တစ်ယောက်ထဲငေါင်နေတဲ့ သော်ကိုတွေ့လိုက်ရ၏ ...။

"ဟဲ့ ... သော် ..."

"ဟာ ... နှစ်ကူး ... ကြည့်စမ်း၊ ဆွေချစ်လည်းပါတယ် နေပါဦးနင်တို့ ဘယ်ကိုလာတာလဲ ..."

"နင့်ဆီကို ... တမင်လာတာပေါ့ဟဲ့ကောင်စုတ်ရဲ့"

သော်ပုခုံးကို ... ဖြောင်းကနဲလှမ်းရိုက်ရင်း နှစ်ကူးက ခုံတစ်လုံးကိုဆွဲကာ ဝင်ထိုင်သည်။ သည်တော့မှ သုံးယောက်ဝိုင်းကလေးက စိုပြေသွား၏ ...။

"ကဲ ... အခုငါလာတာ ... ပထမဆုံးအချက်က ငါ့မွေးနေ့အတွက် နင်တို့နှစ်ယောက်ကို ဖိတ်ချင်လို့လာတာ"

"ဟယ် ... ဘာကျွေးမှာလဲ ..."





ဆွေချစ်အငတ်မက ... ကျွေးမှာကိုအရင်ဆုံးစမေး၏။

"ကြောင်စုတ်မရယ် ... နင်ဟာလေ ... အစားအသောက်နဲ့ပတ်သတ်လာရင် တော်တော်တေ်ကြီးကျတယ် သိလား ..."

ပြောရင်းနှစ်ကူးမျက်စောင်းလေးက ... ဆွေချစ် ကိုယ်ပေါ်ဝဲသွားသည် ...။

"ဟဲ့ ... မငတ်လို့ရမလား ... တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမွေးနေ့မလုပ်တဲ့နင်က ... မွေးနေ့တွေထလုပ်နေလို့ ငါ အံ့ဩနေတာဟွန်း ... သူများမွေးနေ့တွေတုန်းက ဘာလက်ဆောင်မှမပေးဘဲနင်တဖြုန်နှစ်ဖြုံလာစားသွားတာလေ ... သိမယ် ... ဒီတခါ ငါတို့အလှည့်ပဲ ... ဘာမှ လက်ဆောင်မပေးဘဲ ဗိုက်ကားနေအောင်လာစားဦးမယ်"

"ဟယ် ... တွေ့လား ..."

ဒီပွဲမှာ ... နှစ်ကူးမှ ... ဝင့်မလည်ရင် ... ဘယ်သူ ဝင့်လည်တော့မှာလဲ ...။

"ဟုတ်တယ် ... ဆွေချစ် ... နင်လည်းလက်ဆောင်မပေးနဲ့ ငါလည်းမပေးဘူး ..."

သော်ကပါ ... ဆွေချစ်သဘောထားကို ဝင်ထောက်ခံသည်။

"အေး ... ကြောင်စုတ်မ ... နင်လည်းမပေးရင်နေ သော်လည်းလုံးဝမပေးနဲ့ ... အခု ... ငါလာပြောတာ၊ ငါ့မှာ ... ငါ့အရမ်းချစ်ရတဲ့သူတစ်ယောက်ရသွားပြီ ..."

"ဟယ် ... ကြည့်စမ်း ..."

"ဘာ ... ဘာပြောတယ် ... နှစ်ကူး ..."

ချစ်ဆွေရော ... သော်ဇင်ဝေကပါ ... မျက်လုံးအပြူးသား



www.burmeseclassic.com

www.burmeseclassic.com



လေး တစ်ပြိုင်တည်းလှည့်ကြည့်ကြသည်။

"နင့်မှာ ... နင့်မှာ ... အရမ်းချစ်တဲ့သူတစ်ယောက် ရသွားပြီ ဟုတ်လား ..."

သော်မေးနေတာ ... တုန်လှုပ်ဝမ်းနည်းသံကြီးနဲ့ ။

"ဟုတ်တယ် ... ဆွေချစ်နဲ့သော် ... သူ ... သူ့နာမည်လေးကလည်း အရမ်းမိုက်တယ်သိလား"

"ဘယ်သူလဲ ..."

"စည်းကာရံတဲ့ ..."

"စည်းကာရံ ..."

"ဟယ် ... နှစ်ကူးရယ် ... နင်တော့မသိဘူး ငါတောင် ... နာမည်လေးကို ... ကြားရတာနဲ့တောင် ရင်ခုန်တယ်သိလား ... စည်းကာရံ ... စည်းကာရံ၊ ခစ် ခစ် ... ဒီနာမည်အတိုင်းဆိုရင် အလန်းစတိုင်လေးပဲ ဖြစ်မှာပဲ ..."

သော် ... မျက်နှာမကောင်းပါ ... ။

သူ့ဘာတတ်နိုင်မှာလဲ ... နှစ်ကူးကို ... သော် ဘယ်လောက်ပဲချစ်ချစ် ... နှစ်ကူးက ... သူ့ကိုမှစိတ်မဝင်စားတာ ... သူငယ်ချင်းတစ်ယောက်ထက်တောင် ပိုပြီးတော့လည်း သော်ကို မခင် ... ။

တခုတော့ ... သော် ... နှစ်ကူးကို မေးမိသည်။

"နင် ... နင် ... စည်းကာရံနဲ့ ဘယ်လိုလုပ်တွေ့သွားတာလဲ ဟင် ... နှစ်ကူး ..."

"ဟာ ... ဘယ်လိုတွေ့ရမှာလဲ ... ကိုယ့်ရဲ့ဖူးစာရှင်ဆိုတာ ဒီလိုဒီလိုပဲ ... တွေ့သွားတတ်တာလေ ..."





မြို့ထဲမှာတွေ့ခဲ့ရတဲ့အကြောင်းတွေ နှစ်ကူးပြောတော့ ...

"ဟယ် ... စည်းကာရံက ... ချောတယ် ... ဟုတ်လား"

"အမလေး ... ချောတာမှ ... မှုန်ညက်ဝင်းထင်နေအောင်ကိုချောတာ ..."

"နင် ... နင်နဲ့ကြိုက်သွားပြီလား ..."

"ဟဲ ... ဟဲ ... ခုလောလောဆယ်တော့ ... နောက်တစ်ခေါက်မှ ပြန်မတွေ့သေးတာ ..."

"ဟယ် ... နှစ်ကူးရယ် ... နင့်ဟာကြီးက ... မမိုက်သေးပါဘူး ... ဟိုက ... မကြိမ်းသေတာတောင် နင့်ဖက်က ကြိမ်းသေနေတဲ့ သဘောမျိုးကြီးဖြစ်နေတာ ... ဘာလဲဟင် စည်းကာရံဆိုတဲ့ အစ်ကိုကြီးက ... အရမ်းချမ်းသာလို့လား ..."

"ချမ်းသာသလားတော့ မမေးနဲ့ ... လာတာတောင်နောက်ဆုံးပေါ် ဖိတ်ဖိတ်လတ်နေတဲ့ ကားနဲ့ကိုလာတာ ..."

ဆွေချစ် မျက်လုံးလေးက ... ပြူးပြီးရင်းပြူးရင်း ။

"ဒါဆို ... နင်က ... ငါ့ကို ... မစဉ်းစားတော့ဘူးပေါ့"

သော် ... နှစ်ကူးကို ... ပြောင်ပဲမေးနေပြီ ... ။

"ဟာ ... သော်ရယ် ... နင့်ကိုတော့ ... သူငယ်ချင်းဘဝလေးနဲ့ပဲ ... ငါတစ်သက်လုံးခင်သွားမှာပါ ... နင်၊ နင်ငါ့ကို စိတ်မဆိုးပါနဲ့နော် ... သော် ..."

အပြန်လမ်းမှာ ... ဆွေချစ်ကလည်း စိတ်မကောင်း။

"နှစ်ကူးမရယ် ... နင်လုပ်တာ ... သော်သနားပါတယ် သူ့ခမျာနင့်ကို ... ဆယ်တန်း နှစ်စကတည်းက"

"ဟဲ့ ... ကြောင်စုတ်မ ... ငါ ... နင့်ကို၊ ဟိုတုန်းကတည်း



www.burmeseclassic.com

www.burmeseclassic.com



က ... ပြောခဲ့တာလေ ... နင်မေ့သွားပြီလား ”

“ဘာလဲ ... ”

“ငါ့ရင်ထဲက ... တကယ်ချစ်တဲ့သူကိုပဲ ... ငါ့ဘဝရဲ့ချစ်သူအဖြစ် ရွေးချယ်မယ်ဆိုတာလေ ... အခု ... ကိုကြီးစည်းကာရံက စတွေ့လိုက်ရကတည်းက ... ငါတကယ်ချစ်သွားတဲ့လူ ... သူ့ကို ချမ်းသာလို့ ချစ်သွားမိသလားဆိုတာလည်း ငါ့ကိုယ်ငါ အကြိမ်ကြိမ် ပြန်မေးမိတယ် ... အဲဒါလည်း မဟုတ်ဘူး ... သူ့မျက်နှာလေးကို စတွေ့လိုက်ရရချင်း အံ့သြပြီး ... ငါ့တကိုယ်လုံးအေးစက်သွားတာ”

“နင် ... ပြောတာတကယ်နော် ... နှစ်ကူးမ ... ”

“ကြောင်စုတ်မရယ် ... ငါနင့်ကိုလိမ်မလား ... ”

“ငါကတော့ ... နင့်ကို ... မယုံဘူးသိလားနှစ်ကူးမ နင် အရမ်းချမ်းသာချင်လို့ ကိုကြီးစည်းကာရံကို ... ချစ်တာ”

“ဟာ ... မဟုတ်ဘူး ... ငါ ကိုကြီးကိုချစ်တာ အဲဒီလို သဘောမျိုးနဲ့ချစ်တာ မဟုတ်ဘူး ... ”

နှစ်ကူး ဘယ်လိုပဲငြင်းငြင်း ... ။

တဟားဟားအော်ရယ်နေတဲ့ ... ဆွေချစ်အသံလေးက နှစ်ကူးကိုပဲ လှောင်နေသလိုလို ... ။

တကယ်လို့သာ ... ကိုကြီးနဲ့နှစ်ကူး နောက်တစ်ခေါက် ပြန်တွေ့ပြီး ချစ်သူတွေ ဖြစ်သွားခဲ့ရင်တောင် ... တစ်သက်လုံး ဒီလိုပဲ နှစ်ကူး အပြောခံနေရတော့မှာလား ... ။





## အခန်း ခုနစ်

ဟေ့ xx ဟေ့ xx

ရပ်ကွက်ထဲကကောင်မလေး xx ဟေ့ xx ဟေ့ xx တို့အိမ်နားကကောင်မလေး xx ဖူးသီးကို xx နှပ်ချေးနဲ့ကြော် xx အို့ အို့ xx ညှော်တယ် xx ညှော်တယ် xx ဆီမပါ xx ရေနဲ့ထည့်ကြော် အို့ xx အို့ xx ညှော်တယ် xx ညှော်တယ်၊ ကပ်စေးနည်းတာ xx အားလုံးသိ xx နှပ်ချေးကျတာ xx အားလုံးသိ xx အပဲ xx အပဲ xxxxx

“တွေ့လား ... တွေ့လား ... သူများက ... မွေးနေ့ပွဲ လုပ်နေပါတယ်ဆိုမှ ... အိမ်ရှေ့အိမ်က ... အီးပုတ်မ စပီကာကြီး အိမ်ရှေ့ချပြီး ... နှစ်ကူးကိုစောင်းဖွင့်နေတာ ”

“ဟဲ့ ... သူဟာသူ ဘာဖွင့်ဖွင့်ဂရုစိုက်နေစရာလား”

“ဟာ ... အမေကလည်း ... အီးပုတ်မဖွင့်နေတဲ့ သီချင်းကိုပဲ အမေနားထောင်ကြည့်ပါဦး ... အဲဒါ ... အဲဒါအခုခေတ်စားပြီး



www.burmeseclassic.com

www.burmeseclassic.com



တအားပေါက်နေတဲ့ ကပ်စေးနဲ့သီချင်းလေ ... အမေရဲ့ ... ”

ဒါကိုပဲ ... ထပ်တလဲလဲ ... အီးပုတ်မပြန်ပြန်ဖွင့်နေတာ နှစ်ကူးကိုစောင်းမဖွင့်လို့ ဘယ်သူ့ကို စောင်းဖွင့်ရမှာလဲ။

ပိုဆိုးတာက ... သူတို့တိုက်ရှေ့က ... ခုံတန်းမှာ ထိုင်ပြီး ခြေလှုပ်လိုက် ခေါင်းလှုပ်လိုက်နဲ့ ... စည်းချက်ညီအောင် ... လိုက်ကနေသလိုမျိုး အီးပုတ်မလုပ်နေတာ ဒါကို ... နှစ်ကူးက ဒီအတိုင်း လက်ပိုက်ကြည့်နေရမှာလား။

ညှို့သည်တွေရှေ့မှာမို့ ... နှစ်ကူးအောင့်သက်သက်နဲ့ ငြိမ်ခံနေရတာ ... ။

ဟေ့ xx ဟေ့ xx

ရပ်ကွက်ထဲကကောင်မလေး xx ဟေ့ xx ဟေ့ xx တို့အိမ်နားကကောင်မလေး xx ဗူးသီးကို xx နှပ်ချေးနဲ့ကြော် xx အို့ အို့ xx ညှော်တယ် xx ညှော်တယ် xx ဆီမပါ xx ရေနဲ့ထည့်ကြော် အို့ xx အို့ xx ညှော်တယ် xx ညှော်တယ်၊ ကပ်စေးနည်းတာ xx အားလုံးသိ xx နှပ်ချေးကျတာ xx အားလုံးသိ xx အဟိ xx အဟိ xxxxx

“တောက် ... ”

အိမ်ရှေ့လှေခါးရင်းအထိ ... ထွက်ပြီး ... တောက်ခေါက် မျက်စောင်းထိုးကြည့်တော့လည်း အီးပုတ်မက ... သူနဲ့မဆိုင်သလိုလို ... ။

“လာပါ ... မကြီးနှစ်ကူးရာ ... ပြောမနေနဲ့ ... ”

ဝို့ဆွဲခေါ်လို့သာ ... အိမ်ပေါ်ကိုလိုက်ခဲ့ရပေမဲ့ ... နှစ်ကူးရင်ထဲမှာ ... တနုံ့နုံ့ ... ။

တွေ့မယ် ... ညှို့သည်တွေအကုန်ပြန်သွားမှ ... နှစ်ကူး





ဘယ်လောက်စွာတယ်ဆိုတာ အကုန်လုံးသိစေရမယ် ... ဟွန်း ဘယ်သူ့မှ ... မသုံးတဲ့ ဆင်ခန္ဓာဝက်ကိုယ်လုံးနဲ့ဟာမ။

“နှစ်ကူးရေ ... HAPPY BIRTH DAY နော် ... ”

“HAPPY BIRTH DAY ”

“HAPPY BIRTH DAY ”

“ဟင်း ... ဟင်း ... ”

ညှို့သည်တွေကိုလည်း ပြုံးပြရနှုတ်ဆက်ရ ... ။

သတိရတိုင်းလည်း အိမ်ရှေ့ကို ... လှမ်းမျက်စောင်း ထိုးရနဲ့။

အမေကတော့ ... အုန်းနို့သာကူတိုက်တာ မျက်နှာပူတယ်ဆိုပြီး ... နောက်ဖေးခန်းထဲကနေ ... အိမ်ရှေ့ခန်းကိုတောင် မထွက်။

“ဝို့ရေ ... ဒီဘက်ဝိုင်းမှာ ... လိုက်ပွဲလေးထည့်ပါဦးဟဲ့”

“စားနော် ... နေဘုန်းစ ... နင်လာတာ ... ငါအရမ်းဝမ်းသာတယ်သိလား ... ”

“နှစ်ကူးရယ် ... နင်ကျွေးတာ အုန်းနို့သာကူကြီး”

နေဘုန်းခ ... မျက်နှာသိပ်မလန်း ... ။

ကြည့်ပါအုံး ... စင်ပေါ်တင်ထားတဲ့ မွေးနေ့လက်ဆောင် အမှတ်တရပစ္စည်းတွေက ... ပြည့်သိပ်နေတာ ... ။

ကျွေးတော့ဖြင့် အုန်းနို့သာကူကြီး ... ။

“နေဘုန်းခရယ် ... ခုခေတ်ကုန်ဈေးနှုန်းတွေက ... နင်သိတယ်မှတ်လား ... ဒီအုန်းနို့သာကူလေးတွေတောင် သူများတွေချက်တာနဲ့မတူဘဲ ... ငါ့မှရှိသမျှ ... အကုန်ထည့်ချက်ထားတဲ့အပြင် ငါ့ရဲ့မေတ္တာတွေ ငါရဲ့စေတနာတွေပါ ရောမွှေထည့်ပြီးတော့ကို ...



www.burmeseclassic.com

www.burmeseclassic.com



ရှယ်ချက်ထားတာသိလား”

“ဟွန်း ... ငါတွေ့တာကတော့ ... ကန်ဇွန်းဥဖတ်တွေ ချည်းပဲ ... ရော ... ဒီမှာ ... နင့်အတွက်မွေးနေ့လက်ဆောင်”

“ဟယ် ... ကြည့်စမ်း ... Mp4 ကလေး ... ”

“ကျွေးတာနဲ့ပေးရတာ ... မတန်ဘူးသွားမယ် ... ”

“ဟယ် ... နေဘုန်းခရယ် ... ဒါလေးတော့ကုန်အောင် သောက်သွားဦးလေ ... ”

မပြောရဲတဲ့သူက ... ဘာမှမပြောဘဲ ... ကြိတ်သောက် သွားသလို ... ပြောရဲတဲ့သူက ... အဲလို ... ပြောသွားတာကိုလည်း နှစ်ကူး ... မျက်နှာပူပူနဲ့တိုက်ခံလိုက်ရ၏။

ဘာပဲပြောပြော ... ဒီနေ့ပွဲမှာ ... ။

နှစ်ကူးမျှော်နေမိတာ ... ယွန်းလက်ျာ ... ။

“တီ ... တီ ... ”

“မကြီးရေ ... အိမ်ရှေ့မှာ ... ကိုကြီးယွန်းလက်ျာ လာနေ ပြီ”

“ဟယ် ... ယွန်း ... ယွန်းတကယ်လာတယ် ... ”

“ဒိုး ... ”

“အား ... သေပါပြီ ... ”

ဝမ်းသာအားရပြန်အထမှာ ... အိမ်ရှေ့က ... ဘုရားစင် သစ်သားတန်းနဲ့ ... ဆောင့်မိတာ ... ဘုသီးထမသွားရုံတစ်မယ်၊ ဒါကို ... လိုက်ကာကြားက ... ချောင်းကြည့်ပြီး အမေမျက်စောင်း ထိုးလိုက်တာကိုလည်း နှစ်ကူးမမြင်လိုက်။

ယွန်းထက်အရင် ... ရှေ့ကရောက်နေတဲ့ သော်နဲ့ဆွေချစ်





က။

“ဟဲ့ ... နှစ်ကူး ... ဖြည်းဖြည်းသွားနော် ... ”

“အိမ်ရှေ့မှာ ... ခလုတ်တိုက်ပြီး မှောက်လဲနေဦးမယ်”

သူငယ်ချင်းတွေ ... လှမ်းနောက်နေတာကိုလည်း နှစ်ကူး ဂရုမစိုက်နိုင်ပါ ... ။

ခေါင်းကလေးကိုပွတ်ရင်း ... ခြံတခါးဝလေးအထိ ယွန်းကို ပြေးကြိုနေမိတဲ့ ... နှစ်ကူး ... ။

“ယွန်း ... ယွန်းတကယ်လာတယ်နော် ... ”

ကြည့်ပါဦး ... ။

ယွန်းဝတ်ထားတဲ့ စတိုင်လ်လေးက ... မိုက်လိုက်တာ ။

နိုင်ငံခြားဖြစ် ရှယ်အကောင်းစား နီညိုရောင်လက်ရှည်လေး ကို စတိုင်ပန်အနက်ကလေးနဲ့ တွဲဝတ်ထားတာလေ ... မောင်းလာ တဲ့ ကားကလည်းဟိုနေ့ကထက်တောင် ... ပိုပြီးတော့ ဖိတ်ဖိတ် လတ်နေတဲ့ LAND CRUSHER အနက်ရောင် ကားသစ်ကြီး ။

“ကိုယ်က ... ဖိတ်စာမေ့ကျန်ခဲ့လို့ ... နှစ်ကူးတို့အိမ်ကို မသိဘူးဖြစ်နေတာ ... အဲဒါရပ်ကွက်ထဲက ကလေးတွေကိုမေး ကြည့်တော့ကလေးတိုင်းက ... နှစ်ကူးကိုသိနေတယ်လေ အဲဒါနဲ့ ဟိုကောင်လေးက ... လိုက်ပို့တာ ... ”

အောင်မလေးဟယ် ... ကြည့်စမ်းပါဦး ... ။

ကားခေါင်းခန်းထဲမှာ ... ငြိမ့်နေတဲ့အားကွေ့ ... ။

“ကျေးဇူးရှင် ... နင်က ... ယွန်းကိုလိုက်ပို့တာပေါ့လေ”

”ဟဲ ... ဟဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အဲဒါအရေးမကြီးဘူး ... နှစ်ကူးအတွက် မွေးနေ့လက်ဆောင် ဝယ်လာတယ်သိလား ... လာ ... ကိုယ်နဲ့အတူ ကားပေါ်ကနေ ... ချလိုက်ရအောင် ..."

"ဟင် ... ယွန်းဘာဝယ်လာတာလဲ ..."

"ဒီမှာလေ ... နှစ်ဆယ့်ရှစ်လက်မ ... တီဗွီကြီးနဲ့ အကောင်းစား ဒီဗွီဒီစက်တစ်လုံး ..."

"ဟယ် ..."

"ဒါ ... ဒါကြီးကို ... ယွန်းဝယ်လာတယ် ..."

ပျော်လိုက်တာ ... ပျော်လိုက်တာ ...

ဟား ... ဟား ... ယွန်းကို ... ဖိတ်ရကျိုးနပ်သွားပြီကွ။

နှစ်ဆယ့်ရှစ်လက်မ ... တီဗီကြီးတဲ့ ... ။

"ဟာ ... ယွန်းမ,မနဲ့လေ ... နေ ... နေ ... ဟဲ့ အောင်မျိုး လာစမ်း ... နင်နဲ့ ... အေးကိုဒီ ... တီဗွီကြီးကို အိမ်ပေါ်တင်ပေးစမ်း"

လမ်းထဲက ... ကောင်တွေ ... ။

တွေ့တဲ့လူကို ... နှစ်ကူး ... မညှာမတာ ခေါ်ခိုင်းသည်။

"အမလေးနော် ... တီဗွီကြီးက ... ကြီးလိုက်တာ"

"ဟင်း ... ဟင်း ..."

ယောကျ်ားလေးနှစ်ယောက်ပင် မနည်းမလိုက်ရ၏။

"ဟဲ့ ... ဟဲ့ ... ကလေးတွေ ... ရှေ့ကဖယ်ကြစမ်း"

အရေးထဲ ... ကားနားကိုကပ်လာပြီး ... ဝိုင်းအုံကြည့်နေတဲ့ကလေးတွေကရှိသေး ... ။

"ဗွိ ... အဲဒါဘယ်သူလဲ ..."





လိုက်ကာကြားထဲက ချောင်းကြည့်ရင်း ... ဗွိကို ဒေါ်မြို့မေတ္တာ လှမ်းမေးသည်။

"အဲဒါ ... ဟိုနေ့ကမှ ... မကြီးနဲ့သိသွားတဲ့ ... အစ်ကိုကြီး"

"ဟင် ... ဟိုနေ့ကမှ ... သိသွားတဲ့ ကောင်လေးက ဒီလို လက်ဆောင်ပေးတယ် ... ဟုတ်လား ..."

"ဟာ ... ကြီးကြီးမြို့ကလည်း ... အဲလို လက်ဆောင်ပေးမယ့်သူတွေကိုပဲ ... မကြီးနှစ်ကူးက တမင်ရွေးဖိတ်ထားတဲ့ဥစ္စာကို ... ဟိုမှာ ... ကြီးကြီးမြို့ ကြည့်ပါလား၊ စားပွဲပေါ်မှာ လက်ဆောင်တွေ တစ်ပုံကြီးဖြစ်နေပြီ ..."

"ဟင်း ... ဒင်းတော့လား ..."

မျက်နှာတွေ ထူပူနေမိတာ ... ဒေါ်မြို့မေတ္တာပါ။

ရှက်တာနဲ့ အိမ်ရှေ့ကိုတောင် မထွက်ရဲ ... ။

ဒင်းကတော့ ... နည်းနည်းလေးမှ အရှက်မရှိ။

"ယွန်း ... လာလေ ... ဒီမှာထိုင် ..."

နောက်ဆုံးပေါ်ကားကြီးနဲ့လာတာဆိုတော့ ... နှစ်ကူးပျော်ယာတွေခပ်ကာ ... တခြားဧည့်သည်တွေကို အားနာဖို့ လည်း သတိမရတော့ ... ။

"အမေ ... အမေ ... ယွန်းအတွက် သီးသန့်ပြင်ထားတဲ့ နန်းကြီးသုပ်လေး ... ပေး ... ပေး ... နှစ်ကူးကိုပေး ..."

"ငါ ... ငါ ... တခြားဧည့်သည်တွေကို အားနာတယ် ... နှစ်ကူးမရဲ့ ..."

"ဟာ ... ဘာအားနာစရာလိုလဲ ..."

"ဆွေချစ်နဲ့သော်က ... ညည်းရဲ့ သူငယ်ချင်းအရင်းကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



လေ ... ”

“ခေါက်ထား ... ခေါက်ထား ... ယွန်းက ... နှစ်ကူးကို နှစ်ဆယ့်ရှစ်လက်မတီဗွီကြီးတောင် မွေးနေ့လက်ဆောင်ပေးတာ အမေရဲ့ ... အမေ ဘာသိလို့လဲ ... ဒီတီဗွီကြီးက အနည်းဆုံး လေးငါးပုံးလောက်တန်တာ ... ”

နှစ်ကူး ... အမေ့ကိုလည်းပြော ...

ယွန်းအတွက် နန်းကြီးသုတ်ပန်းကန်ကိုလည်း ကိုယ်တိုင်ချပေးနဲ့ ...

“စားနော် ... ယွန်း ... ဒါ ယွန်းတစ်ယောက်တည်းအတွက် သီးသန့်စပါယ်ရှယ် စီစဉ်ထားတာ၊ အားမနာနဲ့ ... စား၊ စား ... ”

နှစ်ကူးဖြစ်နေတာ ယွန်းကို ... ကိုယ်တိုင်ခွံ့မကျွေးရုံတမယ်။

ဆွေချစ် မျက်စောင်းလှမ်းထိုးနေတာလည်း နှစ်ကူး မမြင်သော် ... ခေါင်းငိုက်စိုက်ကျနေတာလည်း နှစ်ကူးမသိ။

ယွန်းကတော့ ... တည်တည်လေးရယ်ပါ။

နှစ်ကူးက ... စားလက်စ, ယွန်းပန်းကန်လေးထဲကို ကြက်အသည်းအမြစ်ဖတ်ကလေးတွေ ဆယ်ဆယ်ပြီး ခပ်ထည့်ပေးတော့ ယွန်းက နှစ်ကူးမျက်နှာလေးကို တစိမ့်စိမ့်လေးစိုက်ကြည့်ကာ။

“ကိုယ်လာလို့ ... နှစ်ကူးအရမ်းပျော်နေလားဟင်”

“ဟာ ... ပျော်တာပေါ့ ... ”

“ကိုယ်လက်ဆောင်ပေးတာရော နှစ်ကူးကြိုက်ရဲ့လား”

“ကြိုက် ... တယ် ... ”

“ဟယ် ... ကြည့်စမ်း၊ ဒီညှော်သည်ကိုကျတော့ နန်းကြီးသုတ်





ကျွေးတယ် ... ”

ဆွေချစ် ... ပြဿနာလာရှာပြီ။

“ဟဲ ... ဟဲ ... ယွန်းက အထူးညှော်သည်မို့လို့၊ နန်းကြီးသုတ်ကလေးကျွေးရတာလေ ... ကြောင်စုတ်မရဲ့၊ မှတ်ထားနော် ... ဒါတို့ရဲ့ ယွန်း ... ”

အမလေး ... တို့ရဲ့ယွန်းဆိုပါလား ... ။

ဟင်း ... ဟင်း ... တို့ရဲ့ယွန်းမှာပေါ့လေ။ ယွန်းလက်ျာကလည်း အရမ်းချမ်းသာတာကိုး။ ဒါတွေကို နှစ်ကူးသဘောကျနေတာ အသိသာကြီး။

“ယွန်း ... မှတ်ထားနော်၊ ဒါ ... နှစ်ကူးတို့နဲ့ စာပေးစာယူအတူတူတက်နေတဲ့သူငယ်ချင်း၊ သူ့နာမည်က ဆွေချစ်တဲ့ ... ဟိုဘက်တစ်ယောက်က ... သော်ဇင်ဝေ ... ”

“ဟုတ်ကဲ့ ... ကျွန်တော် ယွန်းလက်ျာပါ ဆွေချစ်၊ လမ်းမှာတွေ့ရင်ခေါ်ပါနော် ... ”

“ဟာ ... ခေါ်မှာပေါ့ ... ”

စားကြသောက်ကြ ရယ်ကြမောကြနဲ့ ဆွေချစ်နဲ့သော် ပြန်သွားတဲ့အချိန်ထိ ... ယွန်းက မပြန်သေးပါ။

ဒေါ်မြို့မေတ္တာကတော့ ... နောက်ဖေးမှာ ပန်းကန်တွေဝိုင်းဆေးရင်း ... ။

“ဗွီ ... ”

“ဟင် ... ကြီးကြီးမြို့ ... ပြောလေ ... ”

“ငါ့အိမ်ရှေ့မှာ ... အကောင်းစားကားကြီးရပ်ထားတာ၊ ရပ်ကွက်ထဲကပဟာတွေ ... ဘာတွေများ ပြောနေလိုက်ကြမလဲ”

“ဟာ ... ကြီးကြီးမြို့ကလည်း လူတွေက အတင်းတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းတုတ်နေမှာပေါ့”

“အတင်းတွေ ဟုတ်လား ... ဘယ်လိုအတင်းတွေလဲ”

“မကြီးနှစ်ကူးက ငွေအရမ်းမက်တဲ့အကြောင်း၊ လက်ဖက်ဆိုင်မှာလည်း ... ယောကျ်ားလေးတွေနဲ့ တရှန်းရှန်းလုပ်နေတဲ့အကြောင်း၊ ယွန်းလက်ျာဆိုတဲ့ အစ်ကိုကြီးကိုလည်း ပိုက်ဆံအရမ်းချမ်းသာလို့ အီစီကလီရိုက်နေတဲ့အကြောင်း ... ခုလည်း ကိုကြီးယွန်းလက်ျာပေးတဲ့ လက်ဆောင်တီဗွီကြီးကို အိမ်ပေါ် ဝိုင်းမ,တင်နေတာ ... တစ်လမ်းလုံးမြင်တာပဲဥစ္စာ၊ အဲဒါကြောင့်မို့ ... အိမ်ရှေ့အိမ်က မကြီးအီးပုတ်မတို့က ကပ်စေးနဲ့သီချင်းကို ... မကြား့ ကြားအောင် ခေါက်တုန့်ခေါက်ပြန် ဖွင့်ပြီး ... မကြီးနှစ်ကူးမခံချင်အောင်တမင်လုပ်နေတာ”

“ဟင် ... ဒီလိုလား ... ”

“ဟော ... အခုလည်းကြည့် ... ဒီသီချင်းကိုပဲ ထပ်ဖွင့်နေပြန်ပြီ ... ”

“ကြည့်စမ်း ... ”

ဒေါ်မြို့မေတ္တာ မျက်တောင်ကိုပင် မခတ်နိုင်။

ဟေ့ xx ဟေ့ xx

ရပ်ကွက်ထဲကကောင်မလေး xx ဟေ့ xx ဟေ့ xx တို့အိမ်နားကကောင်မလေး xx ဗူးသီးကို xx နပ်ချေးနဲ့ကြော် xx အို့ အို့ xx ညှော်တယ် xx ညှော်တယ် xx ဆီမပါ xx ရေနဲ့ထည့်ကြော် အို့ xx အို့ xx ညှော်တယ် xx ညှော်တယ်၊ ကပ်စေးနည်းတာ xx အားလုံးသိ xx နပ်ချေးကျတာ xx အားလုံးသိ xx အပဲ xx အပဲ xxxxx





## အခန်း ၅

“ဟား ... ဟား ... မြတ်တယ် ... မြတ်တယ် ... ဒီတစ်ခါမွေးနေ့ပွဲလေးလုပ်လိုက်တာ ... ငါအရမ်းမြတ်သွားပြီသိလား ... ငှဲရဲ့ ... ”

လက်ဆောင်ရထားတဲ့ပစ္စည်းတွေ တစ်ခုပြီးတစ်ခု ဖောက်ကြည့်ရင်း ... ပီတိတွေဖြစ်နေတာ ... နှစ်ကူး ... ။ အိမ်ရှေ့ကြမ်းပြင်ပေါ်မှာ ... လက်ဆောင်တွေချ ... ဖောက်ပြီးသားတွေကိုဘေးမှာစီထပ် ... ။

“ဟား ... ဟား ... ဒီမှာကြည့်စမ်း ... MP4 လေး ... ဒါဒါ ... နေဘုန်းခ ... ဆောင့်ဆောင့်အောင့်အောင့်နဲ့ ငါ့ကိုပေးသွားတာ၊ ဟုတ်လားငှဲ ... ပါကင်ဘူးမှာ ရေးထားတဲ့နာမည်ကိုကြည့်စမ်းနေဘုန်းခ ... ဟုတ်လားလို့ ... ”

“ဟုတ်တယ် ... ဟုတ်တယ် ... နေဘုန်းခတဲ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် … ကောင်စုတ်ရယ် … ဒီလိုမှန်းသိရင် … နန်းကြီးသုတ်လေးကျွေးပါတယ် … ငါ … ငါ … အုန်းနို့သာကူလေးနဲ့ ဒီလိုလက်ဆောင်တွေယူတာ … ငါလွန်သွားပြီလားဟင်ပွို … နင်ငါ့ကို မညှာမတာဝေဖန်စမ်း … "

"လွန်တာပေါ့ … "

"ဘာ … "

"လာစားတဲ့လူတွေမကြားတကြားပြောသွားတာ … မကြီးနှစ်ကူး မသိဘူးလား … "

"ဟင် … ဘာတွေပြောသွားလဲ … "

"ဒီလိုမှန်းသိရင် … မလာဘူးတဲ့ … အုန်းနို့သာကူကသကြားကနည်းပြီး … ကန်စွန်းဥဖတ်တွေက များနေလို့တဲ့"

ဟယ် …

"အဲဒါ … အိုးထဲကို ကန်စွန်းဥဖတ်တွေ … နင်အကုန်စွတ်ထည့်တာလေ … ပွို … "

"ဟာ … မထည့်လို့ရမလား … မကြီးဟာက သာကူလည်းနည်း … သကြားလည်းမပါ … အဲဒါနဲ့ အချိုမှုန့်တွေထည့်ပြီး … ပြုတ်လိုက်တာ … "

"အမလေး … ပွိုရယ် … တစ်ရပ်ကွက်လုံး ရင်တွေကြပ်ကုန်ရင် … ငါတော့ဒုက္ခရောက်ပါပြီ … "

"အဟွတ် … အဟွတ် … "

"ဟင် … အမေ … အမေ ဘာဖြစ်လို့လဲ … နေမကောင်းလို့လား … "

မနေနိုင်တော့မှ တဟွတ်ဟွတ်နဲ့ချောင်းသံပေးပြီး … အိပ်





ယာထဲက ထလာတာ … ဒေါ်မြို့မေတ္တာ။

"သူများတွေ ကြပ်မကြပ်တော့မသိဘူး … ငါကတော့အသက်ရှူလို့တောင် မဝတော့ဘူး … ဟား … "

"တွေ့လားပွို … နင်လုပ်တာ အမေရင်ကြပ်နေပြီ … "

"အဟွတ် … အဟွတ် … "

"ရင်ကြပ်ရင် … ကိုရီးယားကားလေး အမေကြည့်မလား၊ F4 မင်းသားတွေရိုက်ထားတဲ့ကားလေ … အမေ … ကြည့်လိုက်ကြည့်လိုက် … ဒီတီဗွီအသစ်ကြီးနဲ့ကြည့်လိုက် … အဲဒါမှ အမေလန်းသွားမယ် … "

"တော်စမ်း … "

အမေ့ဒေါသမျက်ဝံစောင်းက … နှစ်ကူးရဲ့မျက်ဝန်းလေးတည့်တည့်မှာ … ။

"ညည်း … ညည်း … အခုလုပ်နေတာတွေအားလုံး ကောင်းတယ်လို့ညည်းထင်နေလားဟင် … နှစ်ကူးမရဲ့ … နင့်ကိုမွေးထားရတာ … ငါရှက်တယ် … ယွန်းဆိုတဲ့ကောင်လေးကိုလည်း … အတင်းခင် … အတင်းရော … အတင်းဖိတ် … "

"ပွို … နင် … အမေ့ကို ဘာတွေသွားထောင်ထားလဲ"

"ဟာ … ပွို မထောင်ပါဘူး … "

"နင် … ထောင်ထားတာ … ငါသိတယ် ပွိုရဲ့ … "

"ကြီးကြီးမြို့နော် … အဲဒါ … ပွိုထောင်တာ မဟုတ်ဘူးနော်"

"ညည်း … မပြောနဲ့နှစ်ကူးမ … ညည်းကို ငါမွေးထားတာညည်းအကြောင်းကို … ငါအသိဆုံး … "



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... "

အမေ့မျက်စောင်းကြီးက နှစ်ကူးကိုယ်လေးပေါ်မှာ ဝဲပြီးရင် ဝဲရင်း ... ။

တဟွတ်ဟွတ်နဲ့ အမေချောင်းတွေဆိုးနေတာလည်း မသက်သာ။

"အဟွတ် ... အဟွတ် ... "

"ဟဲ့ ... ဖွိ ... အမေ့ကို ထွေးခံယူပေးစမ်း ... "

အမေ့ကို ... ဘယ်လိုပဲ ... ဖားဖား အမေ့မျက်နှာထားက ပြောင်းမသွား ... ။

အမေ မာနကြီးတာ ... နှစ်ကူးအသိဆုံးပါ။

ငွေတိုးပေးစားတယ်ဆိုပေမယ့် ... သူများဟာကို အမေ ဘယ်တော့မှ မတရားမယူတတ် ... အတိုးကိုလည်း လျှော့လျှော့ ပေးတတ်တာ ... အမေ့ရဲ့အကျင့် ... ဒုက္ခရောက်နေလျှင် ... အရင်း ပြန်ရရမရရ ... အမေက ငွေထုတ်ချေးတတ်သည်။ ဒီလိုချေးတတ်လို့ ဆုံးပေါင်းလည်းမနည်း ... ။

ဒါပေမယ့် ... အမေက ... ဒါကို တရားနဲ့ဖြေသည်။

ဒီဘဝမှာ မဆပ်လျှင် ... နောင်ဘဝကျမှ ... သူ့အလိုလို အတိုးရောအရင်းပါ ... သူတို့လာပြန်ဆပ်ကြရလိမ့်မယ်တဲ့ ... ။

"ညည်း ... ညည်းကို ငါမပြောချင်လို့ကြည့်နေတာ ... ငွေတွေ ပစ္စည်းတွေကို ... ညည်း ... ဒီလောက်မက်နေရင် မကောင်းတော့ဘူး ... သူများဆီက တစ်ခုယူရင် ညည်းဘက်က နှစ်ခုပြန်ပေးရမှာ ... အခုပဲ ... ကြည့် ... ယွန်းဆိုတဲ့ကောင်းလေးကို ဘယ်





လောက်မျက်နှာပူဖို့ကောင်းလဲ ... ဟိုက ... ညည်းကို ရိုးရိုးသားသားကလေးခင်သွားလို့ ... ညည်းမွေးနေ့ပွဲကို ... ရပ်ကွက်လေးထဲအထိ ရောက်အောင်လာပြီး ... အားပေးတာ ... ဒါကို ညည်းက အကြံနဲ့ ... "

"ဟင် ... နှစ်ကူးက ဘာကြံနေလို့လဲအမေရဲ့ ... "

"သူဌေးဖြစ် ကြံနေတာလေ ... "

"ဟာ ... မဟုတ်ဘူးနော်အမေ ... အဲဒါ အမေမှားနေပြီ"

"ဒီမှာ ... ညည်း ဘယ်လောက်ချမ်းသာချင်နေသလဲဆိုတာ ငါအသိဆုံး ... "

"ဟာ ... ကွိုင်ပဲအမေရာ ... အမေ့ကို ဘယ်လိုရှင်းပြရမှန်းတောင် ... မသိတော့ဘူး ... အမေလုပ်တာ တကယ်စားတယ်၊ နှစ်ကူး ... နှစ်ကူး ... ဒီမွေးနေ့ပွဲကို လုပ်တာ ... အိမ်ရှေ့အိမ်ကဟာတွေကို မခံချင်လို့လုပ်တာ ... သူတို့လက်ဆောင်တွေရသလို၊ နှစ်ကူးလည်းရတယ်ဆိုတာ ... ပြချင်လို့ ... "

တကယ်လည်း ... နှစ်ကူး မကျေနပ်လို့ လုပ်ခဲ့တာပါ။

ဒါကို အမေက တစ်မျိုးထင်နေတော့ ... နှစ်ကူးရှင်းပြရတာ ခက်နေသည်။

"ညည်း ... ညည်း ... ငါ့ကို အပိုတွေဘာမှပြောမနေနဲ့ နှစ်ကူး ... ဒီလိုရလာတဲ့ တီဗီတွေ ... အောက်စက်တွေလည်း ငါမလိုချင်ဘူး ... ယွန်းလို ... သူဌေးသားတစ်ယောက်နဲ့ ထပ်ပတ်သက်ဖို့လည်း ... ညည်းမကြိုးစားနဲ့ ... သူ့ဆီကဟာကိုယူရင် ... ညည်းဆီကဟာကို ... ပြန်ပေးရမယ်ဆိုတာ ... ညည်းစဉ်းစား ... "

"သမီး ... သမီးဆီက ... ဘယ်ဟာကို ပြန်ပေးရမှာလဲ အမေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ... သမီးမှာက ဘာမှမရှိတာ ... ”

“ဟဲ့ ... မရှိရင် ရှိတဲ့ဟာကြီးကို ... ညည်းပြန်ပေးရမှာလေ”

အမေပြောနေတာ နှစ်ကူး ... နားမလည်။

ဘယ်ဟာကြီးကို နှစ်ကူးပြန်ပေးမှာလဲ ... ။

ဝိုကလည်း ... မျက်လုံးလေး ကလယ်ကလယ်နဲ့ အမေပြောတာကိုပဲ ... စဉ်းစားရင်း နားထောင်နေသည်။ ဘယ်ဟာကြီးလည်းဆိုတာ သူလည်းသိပုံမရ ... ။

အမေနဲ့နှစ်ကူး ... အမြဲကွိုင်ရတာ ... အဲဒါတွေ ... ။

အမေ ... စိတ်တိုတိုနဲ့ အခန်းထဲပြန်ဝင်သွားတော့ ... ဝိုက မျက်တောင်လေးပုတ်ကာ ...

“ကြီးကြီးမြို့ပြောတဲ့ဟာကြီးကို ... ဝိုသိတယ် ... ”

“ဟင် ... နင် ဘာသိတာလဲ ... ”

“ဟိုဟာ ... ဟိုဟာကြီးလေ ... ”

“ဘယ်ဟာကြီးလဲဟဲ့ ... ”

“စုဗူးကြီးလေ ... ဘယ်သူမှ မဖောက်ရသေးတဲ့ စုဗူးကြီး”

“ဟယ် ... ”

ကြည့်စမ်း ... ဝိုဘယ်ဆိုးလို့လဲ ...

“ဝိုရယ် ... အဲဒါကြီးကိုတောင်းလို့ကတော့ ... ငါကလည်း ပေးပစ်လိုက်မယ်ဟဲ့ ... သိရဲ့လား ... ယွန်းတို့လို သူဌေးကို ရအောင်ယူမှ ငါ သူဌေးမ ဖြစ်တော့မှာ ... အေး ... ငါသူဌေးမဖြစ်ရင် ... နင်က ငါ့ရဲ့ ... PA လုပ် ... ”

“ဟင် ... PA ဆိုတာ ဘာလဲ ... ”

“ဟဲ့ ... PA ဆိုတာ ... နင်က ငါ့ရဲ့ကိုယ်ရေးအရာရှိလေ၊





ငါက ... အကောင်းစားလက်ပွေ့အိတ်ကြီးကိုင်ပြီး ... နောက်ဆုံးပေါ် ကားကြီးနဲ့ ... ငါက လျှောက်သွားရင် ... နင်က ငါ့နောက်ကို တကောက်ကောက်လျှောက်လိုက် ... ”

“ဟယ် ... ကြည့်စမ်း ... မိုက်တယ် ... ”

“ငါက ... အကောင်းစား အပျံစားဟိုတယ်ကြီးတွေမှာ လိုက်စားရင် ... နင်ကလည်း ငါနဲ့အတူလိုက်စား ... ”

“တကယ်နော် ... မကြီးနှစ်ကူး ... ”

“ငါက ... ရွှေနန်းတော် ... မြနန်းတော် ... စိန်ရွှေရတနာ ကျောက်မျက် ... အရောင်းဆိုင်ကြီးရှေ့မှာ နောက်ဆုံးပေါ်ကားကြီး ကို ထိုးရပ်ပြီး ... မျက်နှာထားတင်းတင်းလေးနဲ့ ကားပေါ်ကဆင်း လိုက်တာနဲ့ ... နင်က ... ငါ့ကို ခါးကလေးညွတ်ပြီး အလေးပြု”

“ဟာ ... ဝိုကိုပါ ... ဝယ်ပေးရင် ပြုမှာပေါ့ ... မကြီးနှစ်ကူး ရဲ့ ... ”

“ဟဲ့ ... ငါက ... ဒီလောက်ချမ်းသာနေတာ ... နင့်ကိုဝယ် မပေးဘဲနေပါ့မလား ... တုံးမရဲ့ ... နင်ဟာလေ ... ဘယ်လောက် ပြောပြော အမှတ်ကိုမရှိဘူး ... ဟင်း ... ငါက ရွှေတွေ၊ စိန်တွေ၊ တစ်ကိုယ်လုံးမှာ ... ညွတ်သီးနေအောင်ဝတ်ထားရင် ... နင်က လည်း ငါ့လိုလိုက်ဝတ် ... ”

“အမလေး ... ဝယ်ပေးမှာသာပေးပါ ... မဝတ်မှာတော့မပူ နဲ့ ... ”

နှစ်ယောက်သား အမေ့ကွယ်ရာမှာ အတိုင်အဖောက်တွေ ညီပြီး စိတ်ကူးတွေယဉ်နေကြတာလေ ... ဘယ်လောက်မိုက်လဲ၊ ယွန်းကလည်း ... ရွှေရောင်လိပ်စာကဒ်လေးပေးပြီး ... သူ့အိမ်ကို



www.burmeseclassic.com

www.burmeseclassic.com



လာလည်ဖို့ နှစ်ကူးကို ဖိတ်သွားသည်။

ဟွန်း … တစ်ယောက်တည်းတော့ … နှစ်ကူးမသွားပါဘူး။

ဝို့ကိုပါအဖော်ခေါ်ပြီး … အမေမသိအောင်သွားလည်မယ်။

ယွန်းတို့က သူဌေးတွေဆိုတော့ … အကောင်းစားရှယ် အစားအသောက်တွေနဲ့ ယွန်းက ဧည့်ခံမှာသေချာတယ်။

"မကြီးနှစ်ကူး …"

"ဟင် … ဘာလဲဝို့ …"

"မကြီးကို … ကိုကြီးယွန်းက တော်တော်ခင်တယ်နော်"

"အမလေး … ခင်ရုံတင်မကဘူး၊ ငါ့လက်မောင်းလေးပေါ်ကို ကြွက်သားဖတ်လေး ပြုတ်ကျသွားတာကို … ယွန်းက တစ်သျှူးလေးနဲ့ သူကိုယ်တိုင်သုတ်ပေးတာ …"

"ဟင် … ဟုတ်လား …"

"ငါကတော့ … သူချမ်းသာလို့ ခင်ရုံပဲခင်တာပါ … သိလား"

နှစ်ကူးကတော့ … စကားပြောရင် ပေါ်ပေါ်ပဲ။

"ရပ်ကွက်ထဲကကောင်တွေနဲ့ ဘာမှမဆိုင်လို့ … ယွန်းကို ခင်တာ …"

နှစ်ကူး … ယွန်းကို ဘယ်သူတွေဘာထင်မလဲ …။

ကြိုက်သလိုထင် … နှစ်ကူးကတော့ ဂရုမစိုက်ပါဘူး။

ယွန်းကို … ပိုက်ဆံချမ်းသာလို့ခင်တာ … ဘာဖြစ်လဲ။

"တီဗွီကြီးကို အိမ်ပေါ်ရောက်အောင် ဝိုင်းမတော့လေ … မကြီးအီးပုတ်မက အိမ်ရှေ့ကနေ … မျက်လုံးကြီးပြူးပြီး လှမ်းကြည့်နေတာ … ကိုကြီးယွန်းကိုလည်း … တစ်အိမ်လုံးစပ်စုပြီး ဝိုင်းထွက်ကြည့်နေကြတယ် … ပြီးရင် … မကြီးနှစ်ကူးအတင်းတွေ၊ တစ်ရပ်





ကွက်လုံးနှံ့အောင် လိုက်ပြောတော့မယ်နဲ့တူတယ်"

"အမလေးဝို့ရယ် … ဒီလိုပြောတိုင်း မကြီးနှစ်ကူးက ဂရုစိုက်နေမယ်ထင်လို့လား … အရေးကြီးတာ တစ်နေ့ကျရင် … သူတို့ထက်ပိုပြီး မကြီးနှစ်ကူးချမ်းသာရမယ် … မကြီးယူမယ့်ယောက်ျားကလည်း … ယွန်းထက်ပိုချောပြီး … ယွန်းထက် အဆပေါင်းတစ်သိန်း … ချမ်းသာရမယ်"

"ရှူး … တိုးတိုးပြောနော်မကြီး … ကြီးကြီးမြို့ ကြားသွားဦးမယ် …"

"ကဲ … ကဲ … လက်ဆောင်ပစ္စည်းတွေသိမ်း …"

"ဒီ … ဒီအင်္ကျီစလေး … ဝို့ကိုပေးနော် …"

"ယူဟာ … ကြာတယ် … နင်နော် … ကတိတစ်ခုတော့ ငါ့ကိုပေး … ငါတို့ဆိုင်နားတဲ့နေ့ကျရင် … ယွန်းတို့အိမ်ကို သွားလည်မယ် … အမေမသိစေနဲ့ … အဲဒီကျ နင်ပါလိုက်ခဲ့ …"

"ဟာ … လိုက်မှာပေါ့ …"

ညရောက်တော့လည်း … နှစ်ကူး အိပ်မပျော်ပါ။

ယွန်းကိုပဲ သတိရနေတာလား။ မွေးနေ့မဖိတ်လိုက်ရတဲ့ ကိုကြီး စည်းကာရံကိုပဲ တမ်းတ,နေတာလား …။

ကိုကြီးရယ် …

နောက်တစ်ခေါက်လောက်တော့ ပြန်ဆုံတွေ့ချင်ပါသေးတယ်။

ယွန်းကို … တကယ်ချစ်တာ မဟုတ်ပေမယ့် …

ကိုကြီးကိုတော့ နှစ်ကူး တကယ်ချစ်တယ် …။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ကိုး

"ဒီမှာ ... တွေ့လား ... "

"ဟင် ... "

"ဒီနှစ်ဆယ့်ရှစ်လက်မ ... တီဗီကြီးကို ... ဒီဗွီဒီစက်ကလေးနဲ့ ပါတွဲပြီး ... ယွန်းက ငါ့ကို ... မွေးနေ့လက်ဆောင်ပေးသွားတာ"

"ဟယ် ... မိုက်တယ်နော် ... "

တီဗွီကြီးကိုကြည့်ပြီး ... အီးပုတ်မ မျက်နှာပျက်လေ ... နှစ်ကူးက သဘောကျလေ ... ။

"ဒီ ... MP4 လေးက ... နေဘုန်းခ လက်ဆောင်ပေးတာ"

"ဟာ ... သိတယ်လေ ... နေဘုန်းခဆိုတာ ... Internet ဆိုင်ဖွင့်ထားတဲ့ နှာတံချွန်ချွန်လေးနဲ့ ချောချောကောင်လေးကိုပြောတာမို့လား ... "

"ဟုတ် ... ဟုတ် ... သိပ်ဟုတ် ... "





အီးပုတ်မကို အိမ်ပေါ်တမင်ခေါ်တင်ပြီး ... လက်ဆောင်ပစ္စည်းတွေကို နှစ်ကူးကြွားနေတာဖြစ်သည်။ ဘယ်ရမလဲ ... တစ်သက်လုံးက အီးပုတ်မကပဲ နှစ်ကူးကို သူ့မွေးနေ့လုပ်တိုင်း ကြွားလာတာ ... "

နှစ်ကူးလို ... တီဗီအပေါ်စက် အောက်စက်တွေ လက်ဆောင်ရဖူးလို့လား ... ။

"နှစ်ကူးရယ် ... ဟိုလေ ... နောက်ဆုံးပေါ်ကားကြီးနဲ့လာတဲ့ယွန်းက ... ပုံစံလေးကအစ အရမ်းမိုက်တယ်နော်နှစ်ကူး ... အဲဒါ ... အဲဒါ ... နင်နဲ့ဘယ်လိုလုပ်သိသွားတာလဲဟင် နှစ်ကူး"

"ဟာ ... အဲဒါ ... သူက ... ငါ့ဆီက လက်ထပ်ခွင့်တောင်းထားတာလေ ... "

"ဘုရားရေ ... သူက ... နှစ်ကူးဆီကနေ လက်ထပ်ခွင့်တောင်းတယ် ... ဟုတ်လား ... "

ဟုတ်ဟုတ်မဟုတ်ဟုတ် ... တမင်မခံချင်လို့ကို နှစ်ကူးပြောပစ်လိုက်တာ ... ။

"နှစ်ကူးရယ် ... ဒီလိုချမ်းသာပြီးအရမ်းချောတဲ့ ကောင်လေးတစ်ယောက်က နှစ်ကူးဆီက လက်ထပ်ခွင့်တောင်းတာ ငါအရမ်းအံ့သြတယ် ... "

"ဟယ် ... အီးပုတ်မ ... ဒါ နင်မအံ့မသြနဲ့လေ ... ငါမြို့ထဲမှာကျူရှင်သွားတက်တိုင်း ... ကားကြီးကားငယ်အသွယ်သွယ်နဲ့ ငါ့နောက်ကိုပဲ ... ဝိုင်းလိုက်နေကြတာ ... ငါ့မှာ ကြောက်လွန်းလို့ထွက်ပြေးလိုက်ရတာ ... အမေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ငါ့နောက်ကိုလိုက်တဲ့ ... ဦးစည်းကာရံဆိုတဲ့ ကိုကြီးတစ်ယောက်ဆိုရင် ... ယွန်းထက်တောင် ပိုချောသေးတယ် ... "

"နှင်တကယ်ပြောတာ ... "

"တကယ် ... တကယ် ... နှင့်ကိုတကယ်ပြောနေတာ"

ဆံပင်ရှည်ကြီးတွေကိုလည်း ... နှစ်ကူး တဖျတ်ဖျတ်ခါသည်။

ခါပြီးတိုင်းလည်း ... မျက်နှာလေးကို မော့မော့ထား၏။

"အဲဒီအထဲမှာ ... ယွန်းက ... ငါ့နောက်ကိုအလိုက်ဆုံး"

"ဒါ ... ဒါဆို ... နှင်နဲ့ယွန်းက ... ဖြစ်နေပြီပေါ့ ... "

"ဖြစ်နေတာမဟုတ်ဘူး ... ဖြစ်လုနီးပါး ... ဖြစ်လုနီးပါး"

"ဟင် ... နှင်သူ့ကို ... အဖြေမပေးရသေးဘူးပေါ့ ... "

"မပေးရသေးဘူး ... ငါ ... ငါ ... စဉ်းစားနေလို့ ... "

နှစ်ကူးက ... အတည်ပေါက်မျက်နှာလေးနဲ့ပြောနေတော့ အီးပုတ်မ ယုံနေ၏။

"ဟင် ... ဒီလောက်ချမ်းသာတဲ့ယွန်းကိုတောင် ... နှင်က စဉ်းစားတယ် ... ဟုတ်လား ... "

"ဟဲ့ ... မစဉ်းစားလို့ရမလား ... "

နှစ်ကူး ... အီးပုဘ်မ ယုံအောင်ထပ်ပြောလိုက်၏။

"ယွန်းဘယ်လောက်ပဲချမ်းသာ ... ချမ်းသာ ... နှစ်ကူးတို့က အဲဒါတွေ ... မမက်လို့ ... စဉ်းစားနေတာ ... "

"ဘာ ... "

အီးပုတ်မက ... ဒါကို မယုံသလို လှည့်ကြည့်၏။





"နှင်က ... နှင်က ... ဒါတွေမမက်ဘူး ... ဟုတ်လား"

"အို ... မက်စရာလား ... ဒါတွေမမက်လို့ ... ယွန်းကို ခုထိ ... အဖြေမပေးရသေးတာ ... ဒါပေမယ့်ဟယ် ... ယွန်းက တကယ်သနားဖို့ကောင်းတယ်သိလား ... ငါမြို့ထဲကိုကျူရှင်သွားတက်ရင်လေ ... ငါတက်တဲ့ကျူရှင်လှေကားရင်းကလေးမှာ ငုတ်တုတ်ကလေးထိုင်ပြီးတော့ကို ... ငါ့ကိုစောင့်နေတာ ... "

"ဟယ် ... ကြည့်စမ်း ... "

"ဟွန်း ... သူဘယ်လောက်ပဲစောင့်စောင့် ... ငါက အရေးမလုပ်ပါဘူး ... မျက်နှာထားတည်တည်လေးနဲ့ကို မသိချင်ဟန်ဆောင်ပြီးတော့ ... ဆက်လျှောက်သွားတော့ ... သူက ... မျက်နှာငယ်ငယ်လေးနဲ့ငါ့နောက်ကို လိုက်လာတယ်လေ ... အဲဒါနဲ့ပဲ သူ့ကိုသနားပြီး မွေးနေ့ပွဲကို ဖိတ်လိုက်တာ ... "

"ဩော် ... ဩော် ... "

"အခု ... နှင်တွေ့တယ်မို့လား ... တီဗွီအပေါ်စက်ရော၊ အောက်စက်ပါ ... ဘတ်ဒေးလက်ဆောင်ပေးသွားတာ၊ အရမ်းချမ်းသာတယ် ... နေတာလည်း ရွှေတောင်ကြားမှာနေတာ ... "

"ဟုတ် ... ဟုတ်တယ်နော်နှစ်ကူး ... ဒါကိုတောင် ... နှင်က ခုချိန်ထိ ... ယွန်းကို ပြန်မချစ်သေးဘူးလား ... "

"မချစ်ပါဘူး ... "

"နှင် ... နှင်မချစ်ရင် ... ငါနဲ့အောင်သွယ်ပေး ... "

"ဘာ ... ပြော ... တယ် ... "

"ဟဲ ... ဟဲ၊ ငါက ... အလကား စတာပါနှစ်ကူးရယ် ... ကဲ ... ဒီလောက်သိရရင် ... ငါကျေနပ်ပါပြီ ... ငါအခုလာတာလည်း



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုရပ်ကွက်ထဲကလူတွေ ... နင့်နောက်ကွယ်မှာ အတင်းတွေ တုတ်နေလို့ငါလာပြောတာ ... ယွန်းဆိုတဲ့ကောင်လေးက နင့်ရဲ့ Sponser တဲ့၊ ကဲ ... နင်ဘာဖြစ်သွားပြီလဲဆိုတာ စဉ်းစားကြည့်"

"ဘယ် ... ဘယ်လို ... ယွန်းက ... ငါ့ရဲ့ Sponser ဟုတ်လား"

ပြောပြီးတာနဲ့ အိမ်ပေါ်ကနေ ... အီးပုတ်မ ဆင်းပြေးလေပြီ။

ဇွေ့ဇွေ့ခုန်ကျန်ခဲ့တာ ... နှစ်ကူး ... ။

ဒါ ... တမင်သက်သက် နှစ်ကူးကို ... မကောင်းတဲ့မိန်းမဖြစ်အောင် အီးပုတ်မ ပြောသွားတာ ... နှစ်ကူး ခံနိုင်ပါတော့မလား။

လက်ဖက်သုပ်ဆိုင်လေး ပြန်ဖွင့်တော့လည်း ဟိုကလာမေး ဒီကလာမေး ...

"တီဗွီအပေါ်စက် အောက်စက်တွေ လက်ဆောင်ရတယ်ဆို"

"ရတယ် ... ရတယ် ... "

"နှစ်ကူးရယ် ... နင်ကတော့ရှယ်ပဲ ... "

"အောင်မယ် ... ကိုယ့်ကုသိုလ်နဲ့ကိုယ်ရတာ ... နင်တို့ မနာလိုဖြစ်နေစရာလား ... "

နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပြန်ဖြေနေရတာ ... နှစ်ကူးမှာ အလုပ်တစ်လုပ် ... ။

ဒီလိုနဲ့ ... တစ်နေ့မှာတော့ ...

ငွိကိုခေါ်ပြီး ... ယွန်းပေးထားတဲ့ လိပ်စာလေးအတိုင်း လိုက်သွားသည်။

"ဟယ် ... ဘုရားရေ ... ယွန်းနေတာ ... ဒီခြံကြီး ... "





"ဟုတ်တယ် ... မကြီးရေ ... ဒီခြံ ... ဒီခြံ ... ခြံဝမှာလည်း ဒီလိပ်စာကဒ်ထဲက နံပါတ်လေးကိုရေးထားတယ် ... "

"ဟုတ် ... ဟုတ်ရဲ့လားငွိရယ် ... နင် ... နင် ... သေသေချာချာ ကြည့်ပါဦး ... "

"ဟာ ... ဟုတ်ပါတယ်ဆိုမှ ... မကြီးနှစ်ကူးကလည်း ... ဒီမှာ ... ကြည့်ပါလား ... ကုမ္ပဏီကြီးနာမည်ရော ... ခြံနံပါတ်ရော သမ်းနာမည်ပါ ... အတိအကျရေးထားတဲ့ဥစ္စာ ... လာ ... လာ ဒီခြံတံခါးကြီးကနေ ... အထဲကို ချောင်းကြည့်မယ် ... "

ငွိက တက်ကြွနေပေမယ့် ... နှစ်ကူးကဖြင့် ... ခြေတွေလက်တွေရော ... တစ်ကိုယ်လုံးပါ အေးစက်နေရပြီ။

"ဟယ် ... မကြီးရေ ... "

ခြံကျယ်ကြီးထဲကိုချောင်းကြည့်ပြီး ... ငွိက အလန့်တကြားဆ,အော်နေ၏။

ငွိအော်တော့ နှစ်ကူးကပါ ငွိအနားကို အထိတ်တလန့်လေး ရောက်သွားသည်။

"ဘာ ... ဘာလဲဟင် ... ငွိ ... ဘာတွေ့လို့လဲ ... "

"မိုက်တယ် ... ကြည့်စမ်း ... ခြံထဲမှာ အရမ်းလှတဲ့ ရေကူးကန်ကြီး ... "

"ဟယ် ... "

နှစ်ကူးပါ ... မျက်လုံးပြူးသွား၏။

တကယ်လည်း ငွိပြောသလို ခြံထဲမှာ အရမ်းလှတဲ့ရေကူးကန်ကြီး ... ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းပုံ ... အမိုးရောင်စုံလေးတွေကို ကန်ဘောင်လေးမှာ စီတန်းချထားလို့ ... ။

ယွန်းတကယ်ချမ်းသာတာပါလား ...

ခြံထဲမှာ ... ပန်းရောင်စုံလေးတွေကလည်း ... စီတန်းယှက်ဖြာပြီးတော့ကို ... သူ့ထက်ငါ အပြိုင်အဆိုင်ပွင့်နေကြသည်။

နှစ်ကူးတို့နှစ်ယောက် ... အပြိုင်ချောင်းကြည့်နေကြပေမယ့် ခြံထဲမှာတော့ လူရိပ်လူယောင် မတွေ့ရပါ။

"မကြီးနှစ်ကူး ... "

"ဟင် ... "

"ကိုကြီးယွန်းက ... တော်တော်ချမ်းသာတာပဲ ... "

နှစ်ကူး ... အားငယ်သလိုတောင် ဖြစ်သွားရ၏။

ယွန်းကိုတွေ့ချင်စိတ်ကလေးကလည်း ကြောက်စိတ်ကလေးနဲ့ရောကာ ... ရင်ထဲကနေ ပျောက်ကွယ်သွားလုနီးပါးဖြစ်သွားသည်။

"ဟုတ် ... ဟုတ်တယ်နော်ဝို ... ဆောက်ထားတဲ့တိုက်ကြီးကလည်း အရမ်းခမ်းနားတယ် ... ကားတွေရပ်ထားတာလည်း အများကြီးပဲ ... ယွန်း ... ယွန်းတို့နေတာ ထိုင်တာ အရမ်း စမတ်ကျတယ်ထင်တယ် ... ငါ ... ငါယွန်းကို မတွေ့ရဲတော့ဘူး ... ငါ ပြန်တော့မယ် ... "

နှစ်ကူးပြန်တော့မယ်ဆိုတော့လည်း ဝိုကလက်မခံ။

"ဟာ ... မကြီးနှစ်ကူးကလဲ ... ဒီအထိတောင်ရောက်အောင်လာပြီးတော့မှ ... ဘာလို့ပြန်ရမှာလဲ ... ဟော ... ဟော





ဟိုမှာ သော့တွဲကြီးကိုင်ပြီး ... လူကြီးတစ်ယောက် ဒီဘက်ကို ပြေးလာနေတယ် မကြီးနှစ်ကူးရဲ့ ... ဝိုတို့ချောင်းကြည့်နေတာ တွေ့သွားလို့လားမသိဘူး ... ဟော ... ဟော ... "

"ဟယ် ... "

နှစ်ကူးကြောက်သွားတာ ခြံတံခါးကြီးဘက်ကိုတောင် မျက်နှာ လှည့်မကြည့်ရဲတော့ပါ။ ထွက်ပြေးရမလား ... ကြောက်ကြောက်နဲ့ ထိုင်ပဲချလိုက်ရတော့မလား ... ဘာလုပ်လို့လုပ်ရမှန်းလည်း နှစ်ကူးမသိတော့ ... ။

အထဲက အော်လိုက်သံကိုလည်း နှစ်ကူးကြားလိုက်ရပြီ။

"ဟေ့ ... ဟေ့ ... ပလိစ် ... ပလိစ် ... "

"ဟင် ... မကြီး ... ဒီလူကြီးက ... ဝိုနာမည်ကို သိနေတယ် ကြည့်စမ်း ... ဝို ... ဝိုနဲ့အော်ပြီး ပြေးလာတာ ... "

"သေပါတော့ဝိုရယ် ... အဲဒါ နင့်နာမည်ကို အော်တာမဟုတ်ဘူးဟဲ့ ... ကျေးဇူးပြုပြီး ခဏနေပါဦးလို့ ... ငါတို့ကို အင်္ဂလိပ်လို လှမ်းအော်နေတာ ... "

"ဟင် ... ဟုတ်လား ... "

ဝိုက သတ္တိတော့ ကောင်းသည်။

ခြံတံခါးသံတိုင်ကြီးတွေကို ဆုပ်ကိုင်လျက်သားလေး ထိုလူကြီးကို ဝိုပြန်မော့ကြည့်နေ၏။

"What is your name ... "

"ဟင် ... "

ထိုလူကြီးမေးလိုက်တာကို ဝိုက နားမလည်ပါ ... ထိုလူကြီးမျက်မှောင်ကြုတ်၍ ကြောင်တောင်တောင်လေး မော့ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မကြီး ... သူဘာပြောနေတာလဲ ... "

"ဟို ... ဟို ... "

နှစ်ကူး ကြောက်ကြောက်နဲ့ပဲ ... ထိုလူကြီးဘက်ကို မျက်နှာလေးလှည့်လိုက်ကာ ... နဖူးပေါ်က ဆံပင်တွေကို သပ်တင်ရင်း

"ဟိုလေ ... My name is နှစ်ကူး ... "

"အိုး ... နှစ်ကူး ... "

"Yes ... Yes ... "

သူက ဗိုလ်လိုပြောမှတော့ ... နှစ်ကူးကလည်း တတ်သလောက် မှတ်သလောက် ဗိုလ်လိုနှိပ်ရပြီပေါ့ ... လူကြည့်တော့ မြန်မာရုပ်ကြီးနဲ့ ... ပုဆိုးအကွက်ကြီးကိုတောင်ဝတ်လို့ ... ။

ဒါလည်း ... သူက နှစ်ကူးကို မျက်တောင်ကြီးတွေ ကော့နေအောင် မော့ကြည့်ကာ အင်္ဂလိပ်လို ဆက်မေးသည်။

"Who Do you want to meet ... "

"ရှင် ... "

ဒုက္ခပါပဲ ...

သူမေးနေတာ ဘယ်သူနဲ့တွေ့ချင်လို့လဲဆိုပြီး မေးနေတာလား မသိဘူး ... နှစ်ကူး စိတ်တွေရှုတ်ပြီး ခေါင်းကလေးကိုပါ ကုတ်လိုက်မိ၏။

ယွန်းလက်ဖျာ ... ယွန်းလက်ဖျာလို့ပဲ ... နှစ်ကူး အကျယ်ကြီး အော်ပစ်လိုက်ရင်ကောင်းမလား ... ဒီမှာဖြင့် ကြောက်လို့တောင် အသားတွေတုန်နေပါတယ်ဆိုမှ ... ဖွိုကိုကြည့်လိုက်တော့လည်း ဖွိုက မျက်နှာလေးမော့လျှက်သား ... ။

ပါးစပ်အဟောင်းသားကလေးနဲ့ ခြံထဲက လူကြီးကိုပဲ ငေး





ကြည့်လို့ ...

"ဟေ့ ... မင်းကိုမေးနေတယ်လေ ... you no ဘဲ ... "

ဟောကြည့် ... မြန်မာလိုပြောတတ်ရဲ့သားနဲ့ ...

ဘာဖြစ်လို့ အင်္ဂလိပ်လိုကြီးကို ထည့်ပြောနေရတာလဲ။

ဒီမှာ ... အခြောက်တိုက်ခေါင်းတွေစားပြီး သေတော့မယ်။

"ဟို ... ဟိုလေ ... ဦးလေးကြီးက မြန်မာလား ... "

"ဟုတ်တယ်လေ ... "

"အမလေး ... ဦးလေးကြီးရယ် ... မြန်မာဆိုလည်း မြန်မာလို ပြောပါတော့လား ... "

နှစ်ကူး ... နှုတ်ခမ်းလေးဆူကာ ရှုတင်းတင်းလေးကြည့်ရင်း ခြံစောင့်ဦးလေးကြီးကို ပြန်ပြောမိသည်။ သည်တော့မှ ဦးလေးကြီးက ပါးစပ်ကြီးပြဲသွားအောင်ပြုံးကာ ...

"ဟဲ ... ဟဲ ... မင်းက ဘာသိလို့လဲ ... ဒီတစ်ခြံလုံးက နေတာထိုင်တာ ပြောတာဆိုတာကအစ ... အထက်တန်းကျကျ နေကြပြောကြတာ ... ကဲ ... ပြော မင်းတို့က ဘယ်သူနဲ့တွေ့ချင်လို့ ဒီခြံတံခါးပေါက်ကနေ အထဲကိုချောင်းကြည့်နေတာလဲ ... "

ဦးဝိန်ရှည်ကလည်း အရပ်မြင့်မြင့်၊ ကိုယ်လုံးတင်းတင်းလေးနဲ့ ကောင်မလေးကို စူးစမ်းသလိုလေး ... စိုက်ကြည့်ကာ မေးမိ၏။ ဒီခြံကိုလာသမျှဧည့်သည်တိုင်း ကိုယ်ပိုင်ကားတွေနဲ့ပဲ လာနေကြတဲ့ ဥစ္စာ ... ။

ဒီကလေးမ,လေးနှစ်ယောက်ကျမှ ကားမပါ ဘာမပါနဲ့။

ဒီလို ... လူချမ်းသာတွေနေတဲ့ရပ်ကွက်ထဲကို လမ်းလျှောက်ပြီးတော့ ဝင်လာခဲ့ကြတာလား ... ကောင်မလေးတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



ရိုးရိုးယဉ်ယဉ်ကလေးတွေပါ ... ဝတ်ထားတာလေးတွေကလည်း သာမာန်လူတန်းစားတွေ ဝတ်တတ်သလိုမျိုးလေး ...

ဦးပိန်ရှည် မြန်မာလိုပဲ မေးမိသည်။

"အဟင်း ... နှစ်ကူးတို့တွေ့ချင်တာ ယွန်းလက်ျာနဲ့တွေ့ချင်တာပါ ... ဦးလေးကြီး ... "

"ဟေ ... ယွန်းလက်ျာ ... ဟုတ်လား ... "

"ဟုတ်တယ်လေ ... ဦးလေးကြီး၊ ယွန်းလက်ျာဆိုတာ မျက်ခုံးမွှေးလေးတွေကစိမ်းပြီးတော့ ... အလည်မှာတောင် ထိဆက်နေတာလေ၊ အဲဒီကောင်လေး ... နှာတံလေးချွန်ကော့နေတဲ့ကောင်လေး ... ဟဲ ... ဟဲ ... သူ့ကိုပြောတာ ... "

"ရှိတယ် ... ရှိတယ် ... စောစောကပဲ ... ယွန်းလက်ျာပြန်ရောက်လာတာ ... လာ ... လာ ... ခြံထဲကိုဝင်လိုက်၊ ဦးလေးကြီးဖွင့်ပေးမယ် ... "

"ဟယ် ... ရှိတယ်တဲ့ ... "

ငွိက ကလေးပီပီ ဝမ်းသာသွား၏။

နှစ်ကူးမျက်နှာလေးပေါ်မှာလည်း အရောင်ကလေး ဖျတ်ခနဲ လက်သွားသည်။

ဦးလေးကြီးခေါ်တဲ့နောက်ကို ... ဝင်လိုက်သွားခဲ့ရပေမယ့် နှစ်ကူးမှာတော့ ရင်ကလေးက တခုန်ခုန်နဲ့ပါ ... ။

ခြံထဲအဝင် ခင်းထားတဲ့လမ်းကလေးကလည်း အိစက်ညက်ညောသည်။ လမ်းဘေးဝဲယာနှစ်ဖက်မှာလည်း အဖိုးတန်အကောင်းစား စဥ္စရည်သုတ်ပန်းအိုးအစိမ်းရောင်လေးတွေထဲမှာ ရောင်စုံပန်းလှလှလေးတွေက သူ့ထက်ငါအပြိုင် ဖူးပွင့်နေကြ၏။





မြက်ခင်းစိမ်းလေးရဲ့အစပ်မှာတော့ ... အဖြူရောင် ဒါန်းပုခက်လေးက စီးချင်စရာလေး အိစက်နေသည်။

"ရှယ်ပဲနော် ... မကြီးနှစ်ကူး ... "

"ဟဲ့ ... ငွိ လက်မဆော့နဲ့လေ ... "

ငွိက ... ပန်းတွေကိုလှမ်းခူးဖို့ လက်ရွယ်နေတာမို့ နှစ်ကူးအသည်းအသန်လေး လှမ်းတားရ၏။ သူတို့က ကြွရွနေအောင် အလှစိုက်ထားတဲ့ဟာကို ခူးလိုက်ရင် ကြိုက်မှန်းမသိ မကြိုက်မှန်းမသိ။

ဦးလေးကြီးက တိုက်ဘေးလမ်းကလေးကနေ ... ရေကူးကန်ဘက်ထွက်သော အပေါက်ကလေးရှိရာဘက်ကို ခေါ်သွားသည်။

"အို ... "

နှစ်ကူးကြည့်လိုက်တော့ ... တိုက်ကြီးနဲ့တွဲလျက်နေရာလေးမှာ နားနေဆောင်ကွက်လပ်ကလေး ... ထိုကွက်လပ်ကလေးမှာ ခေတ်မှီသားနားသော ထိုင်ခုံလေးတွေကို စီကာတန်းကာလေးညီနေအောင်ချထားသည်။

"ပလိစ် ... ဆစ်ဒေါင်း ... "

"အိုး ... ရက်စ် ... ရက်စ် ... "

အင်္ဂလိပ်လိုမပြောပါနဲ့ဆိုတာလည်း ဦးလေးကြီးက ပြောလို့မရ၊ သူကမှတ်တော့ ... နှစ်ကူးကလည်းယောင်ပြီး သူ့ကိုပြန်မှတ်မိသည်။

ဘယ်လို မိသားစုတွေလဲ ...

တစ်အိမ်လုံး ... တစ်ခြံလုံး ... ဒီလိုပဲ ... အင်္ဂလိပ်လိုတွေမှတ်နေကြတာလား။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ ... နှစ်ကူးတို့နှစ်ယောက်ကို ထိုင်ခုံလေးတွေမှာ ထိုင်နိုင်းပြီး ... ခါးကြားထဲက Hand Phone လေးကို ဆွဲထုတ်လိုက်၏။

ပြီးတော့ ... ယွန်းကို လှမ်းခေါ်နေသံ ကြားလိုက်ရသည်။

"မကြီး ... နှစ်ကူး ... "

"ဟမ် ... ဘာလဲဗျ ... "

"ဒီခုံကြီးတွေက ထိုင်လို့ကောင်းတယ်နော် ... "

"ဟုတ်တယ် ... "

ဗွီမေးလို့သာ ဖြေလိုက်ရပေမယ့် နှစ်ကူးမျက်နှာလေးပေါ်မှာ သွေးမရှိတော့ပါ။ နှစ်ကူး တစ်သက်နဲ့တစ်ကိုယ် ဒီလိုခမ်းနားကြီးကျယ်တဲ့ခြံကြီးထဲကို လာလည်ဖူးတာ ... ဒါ ... ပထမဆုံး။ ယွန်းကရော ... နှစ်ကူးတို့နှစ်ယောက်လာလည်တာကိုသိရင် ဝမ်းသာနေမှာလား။

"ဟေ့ ... You ... "

"အို ... ဘုရားရေ ... ကြည့်စမ်း ... "

အခန်းထဲက ထွက်လာတာ ယွန်းမဟုတ်ဘဲ ခပ်ဝဝ အန်တီကြီးနှစ်ယောက်ဖြစ်နေတာမို့ ... နှစ်ကူး မျက်တောင်လေးတွေကော့တက်သွားကာ ... ဘုရားတ,လိုက်မိရတာဖြစ်သည်။ ကြည့်ပါဦး ... ထွက်လာတာ တကယ့်ကို Heave Fighter ကြီးတွေ။

ပြောင်လက်နေသော ပါတိတ်ဝမ်းဆက် ဆင်တူကြီးတွေဝတ်ပြီး ... နှစ်ကူးတို့နှစ်ယောက်ဆီကို ဟန်ချက်ညီညီ ... ခြေလှမ်းညီညီနဲ့ အိပွဲ ... အိပွဲ ထွက်လာနေကြတာ။ နှစ်ကူး ကြည့်လိုက်တော့ သူတို့မျက်နှာတွေပေါ်မှာ ... မျက်ရစ်လည်းမရှိ မိတ်ကပ်တွေ





ဖွေးနေအောင်လိမ်းထားတာ ... ဆင်တူကော့ပါတ်ရှပ်ကြီးနှစ်ရှပ် တလိမ့်လိမ့် တအိအိနဲ့လာနေသလို။

ဘာလဲဟင် ... ။

အဲဒီ ... အန်တီကြီးနှစ်ယောက်က ဘယ်သူတွေလဲ ... ။

ယွန်းရဲ့အုပ်ထိန်းသူတွေလား ... ယွန်းရဲ့ဘော်ဒီဂတ်တွေလား။

"WHo Are you ... "

"ရှင် ... "

သေစမ်း ...

အင်္ဂလိပ်လို မှတ်ကြပြန်ပြီ။

နှစ်ကူး စိတ်ဓာတ်လည်းကျသွားသလို ... ယောင်အမ်းအမ်းလေးနဲ့ ... တစ်ကိုယ်လုံးလည်းအေးစက်သွားသည်။ ယွန်းရယ် နှစ်ကူးတွေ့ချင်တာ မြန်မာပြည်မှာနေပြီး ... မြန်မာပြည်မှာမွေးတဲ့ ယွန်းကိုတွေ့ချင်လို့လာခဲ့တာပါ ...

ဒါ ... ဒါ ... အင်္ဂလိပ်မကြီးတွေလား ...

ကိုယ့်မြန်မာအချင်းချင်းကိုတောင် ဒီလိုအင်္ဂလိပ်လိုတွေချည်းပဲ မေးနေပြောနေကြတော့မှာလား ... ယွန်းရယ်။

ယွန်းတို့အထက်တန်းကျပြီး ... အရမ်းချမ်းသာတာ နှစ်ကူး ကြောက်တောင်လာပြီ ... အဟင့် ... ယွန်းကိုမတွေ့ရလည်း နေပါစေတော့ ... နှစ်ကူး ပြန်တော့မယ် ... ကိုယ့်ဟာကို လက်ဖက်သုပ်ဆိုင်လေးဖွင့်ပြီး ... ရတဲ့အမြတ်ကလေးကိုပဲ နှစ်ကူးစားတော့မယ်။

"ဟိုလေ ... ဟို ... ဟို ... ယွန်းလက်ျာလေ ... ယွန်းလက်ျာ ... သူ ... သူနဲ့တွေ့ချင်လို့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ယွန်းလက်ျာ ... "

မျက်ခုံးတန်းလေးတွေ ပြိုင်တူပင့်တက်သွားတာလေးက အစ တိုင်ပင်ထားသလို တညီတစ်ညာတည်းဖြစ်နေတာက ... အံ့ဩဖို့ကောင်းကောင်းနေသည်။ ပြီးတော့ ... လွတ်နေတဲ့ခုံတွေပေါ်မှာလည်း ဒီအန်တီကြီးနှစ်ယောက်က ဝင်မထိုင်ပါ။ နှစ်ကူးကိုပဲ စိတ်ဝင်စားကာ ... ခြေဆုံးခေါင်းဆုံး ငေးကြည့်နေသည်။

ပြောရရင် ... သူတို့နှစ်ယောက်လည်း ... မြန်မာတွေပါပဲ။

နှစ်ကူးက ... မြန်မာလိုခပ်ရှင်းရှင်းပဲ ပြောလိုက်တော့မှ သူတို့ကလည်း နှစ်ကူးကို ... မြန်မာလိုပဲ ပြန်မေးသည်။

"နေပါဦးကွ ... ယွန်းလက်ျာနဲ့တွေ့ချင်ရအောင် ... မင်းတို့က ဘယ်သူတွေလဲ ... ဘယ်မှာနေတာလဲ ... ဘာကိစ္စနဲ့ ယွန်းလက်ျာကို တွေ့ဖို့လာတာလဲ ... "

"ရှင် ... "

မေးတာတွေများတော့ ... နှစ်ကူး ရုတ်တရက် ဘယ်လိုပြန်ဖြေရမှန်းမသိ။

သေချာတာတစ်ခုကတော့ ... ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ ... အသိုင်းအဝိုင်းတစ်ခုထဲကို နှစ်ကူးလာခဲ့မိတာ ... ခုတော့ အမှားကြီးမှားခဲ့ပါပြီ။

ဝိုလည်း ... မျက်နှာငယ်နေသည်။

နှစ်ကူးမှာလည်း ... အသားတွေ တဆတ်ဆတ်တုန်အောင် ကြောက်နေရသည်။

"ဟို ... ဟိုလေ ... ယွန်း ... ယွန်းလက်ျာက နှစ်ကူးရဲ့ သူငယ်ချင်းပါ ... သူနဲ့နှစ်ကူး ခင်သွားတာလည်း မကြာသေးပါဘူး၊





ဟိုလေ ... အခုလည်း ... ယွန်းကိုခင်လို့ နှစ်ကူးတို့က လာလည်တာ ... "

"ဟို ... ဟိုမှာ ... ကိုကြီးယွန်းလာနေပြီ ... "

"ဟင် ... "

ဝိုပြတဲ့ဘက်ကို ကြည့်လိုက်တော့ ... တစ်ယောက်တည်း လျှောက်လာနေတဲ့ ယွန်းလက်ျာ ...

နှစ်ကူးတို့နှစ်ယောက်ကိုတွေ့တော့ ... ယွန်းအံ့အားသင့်နေ၏။

"ကြည့်စမ်း ... ဘယ်သူတွေလဲလို့ ... "

ယွန်းရောက်လာတော့မှ ဟိုဝဝအန်တီကြီးနှစ်ယောက် ချာခနဲ ပြန်လှည့်သွားသည်။

"လာလည်တာလားဟင် ... နှစ်ကူး ... "

"အို ... လာလည်တာပေါ့ ... "

နှစ်ကူး ... အခုမှ မျက်နှာလေးလန်းကာ တက်ကြွသွား၏။

ယွန်းက မပြောမဆို နှစ်ကူးဘေးမှာ ဖွေ့ခနဲဝင်ထိုင်သည်။ နှစ်ယောက်ထိုင်ခုံမို့ ... နှစ်ကူး ပုခုံးလေးနဲ့ယွန်းပုခုံးလေးက ထိလုမတတ်ပင်။

နှစ်ကူး မသိမသာ ကိုယ်ကလေးကို ရှုံ့ရှုံ့လေးဖြစ်အောင် ပြန်ပြင်ထိုင်ရ၏။

"ဟို ... ဟိုလေ ... ယွန်း ... စောစောက အန်တီကြီးနှစ်ယောက်က ... "

"အဲဒါ ... ကိုယ့်အန်တီတွေလေ ... နှစ်ကူးရဲ့ ... တီတီပျို့တဲ့ တီတီညို့တဲ့ ... ကိုယ့်ကိုမျက်စိအောက်က အပျောက်မခံတဲ့ အမျိုး



www.burmeseclassic.com

www.burmeseclassic.com



ချစ်ကြတာ ... ”

“အို ... ဟုတ်လား ... သူတို့နှစ်ယောက်က နှစ်ကူးတို့ကို ဘယ်သူတွေလဲ ... ဘယ်ကလဲနဲ့ နှစ်ကူးတို့ကြောက်လိုက်တာ၊ အဲဒါ ယွန်းထွက်လာတာမြန်သွားလို့သိလား ... ဒီမှာဖြင့် ကြောက်လွန်းလို့ လိပ်ပြာတောင်လွင့်ချင်နေပြီ ... ”

“နှစ်ကူးရယ် ... ကိုယ့်ဆီကိုမင်းလာလည်တာ ကိုယ်အရမ်းပျော်တယ်ကွာ ... ”

“ယွန်း ... ယွန်းတို့က ... အရမ်းချမ်းသာတယ်နော်”

“ဟုတ်တယ်လေ ... နှစ်ကူးရဲ့ ... ဒီအမွေတွေအားလုံးကို ကိုယ်တစ်ယောက်တည်းရမှာ ... ”

“ဟယ် ... ပျော်လိုက်တာ ... ”

“ဖြောင်း ... ဖြောင်း ... ”

နှစ်ကူး လက်ခုပ်လေးနှစ်ချက်တီးပြီး ... ရယ်လိုက်တော့ ယွန်းက ... ဘာမှနားမလည်ဟန်လေးနဲ့ ... နှစ်ကူးကို ချာခနဲလှည့်ကြည့်သည်။

အခုနေ ... ယွန်းကသာ ရည်းစားစကားပြောလို့ကတော့ ချစ်ချစ် မချစ်ချစ် ... နှစ်ကူး ... တစ်ခါတည်းအဖြေပေးလိုက်မှာ သေချာနေပါပြီ။

ဒီအမွေတွေအကုန်လုံး ယွန်းတစ်ယောက်တည်းရမှာတဲ့။

ဘယ်လောက်မိုက်လဲ ...

နှစ်ကူးပြန်တော့ ... ခြံတံခါးဝအထိ ယွန်းက လိုက်ပို့သည်။

နှစ်ကူးမှာတော့ ... ပြန်လာတဲ့လမ်းတစ်လျှောက်လုံး ရင်တွေခုန်ပြီး ပျော်နေတာ ဘယ်လိုမှတောင် ဣန္ဒြေဆယ်လို့မရ။





လမ်းမကျယ်ကြီးကို ဖြတ်ကူးဖို့ ခြေလှမ်းကလေးပြင်တော့

“ဝေါ ... ”

“ဗွမ်း ... ”

“ဟယ် ... သွားပါပြီ ... ကြည့်စမ်း ... ”

ခပ်ကြမ်းကြမ်း ဖြတ်မောင်းလာတဲ့ကားတစ်စီးက ... ရေအိုင်ချိုင့်ခွက်ထဲကို ဝေါခနဲ ဖြတ်မောင်းချလိုက်စဉ်မှာ ... ရွှံ့ရေတွေ ဗွမ်းခနဲ စင်သွားပြီး ... ခုန်ပေါက်ရှောင်ဖို့ ကြိုးစားလိုက်ပေမယ့်၊ နှစ်ကူးနောက်ကျသွားသည်။

“သွားပြီ ... မကြီးနှစ်ကူးရေ ... ရွှံ့စက်တွေ တစ်ကိုယ်လုံးစင်ကုန်ပြီ ... ဟိုတစ်ခါဖြစ်သလို ဖြစ်ပြန်ပြီ ... ”

“တောက် ... ဇော်တော်ဆိုးတဲ့ကား ... ”

“ကျွီ ... ကျွီ ... ”

“ဟာ ... ကြည့်စမ်း ... ငါတို့ကို ရွှံ့ရေတွေစင်အောင် လုပ်သွားတဲ့ကား ... ဟိုမှာ ... ထိုးရပ်သွားပြီ ... ”

“ဟင် ... ”

တိုက်ဆိုင်လှချည်လား ...

ကိုကြီးစည်းကာရုံနဲ့တွေ့တုန်းကလည်း ... ဒီလိုမျိုးပဲဖြစ်ပြီး ခပ်လှမ်းလှမ်းမှာ ... ကားကြီး ထိုးရပ်သွားတာလေ ... ။

နှစ်ယောက်သား မျက်တောင်လေးတွေ ကော့သွားအောင် ကြည့်မိတာက ... ကားတံခါးဖွင့်ဆင်းကာ နှစ်ကူးတို့ဆီကို ပြန်လျှောက်လာနေတဲ့ လူကြီးတစ်ယောက် ... ။

စင်းကော့နေအောင် ပင့်တက်သွားတဲ့နှစ်ကူး မျက်တောင်တွေ အောက်ကိုတော်တော်နဲ့ပြန်မကျတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးနေပေမယ့် ... တည်ခန့်တဲ့မျက်နှာနဲ့လူကြီးတစ်ယောက် ... ။

မျက်ခုံးတန်းကြီးနှစ်ခုက ထူပိတ်ပြီးတော့ ... မပြုံးမရယ် မျက်နှာထားတင်းတင်းနဲ့ကို ... နှစ်ကူးတို့နှစ်ယောက်ဆီကို လျှောက်လာနေတော့တာပါ ...

"Sorry နော် ... ချာတိတ် ... ဦး ... မင်းတို့နှစ်ယောက်စလုံးကို တောင်းပန်တယ် ... "

"ရှင် ... "

"ဦးကြောင့် ... ရွှံ့ရေတွေ မင်းတို့ကိုစင်သွားရတာ"

"ဟာ ... ရပါတယ် ... "

"အဲဒီအတွက် မင်းတို့နှစ်ယောက်ကို လိုချင်တဲ့အဝတ်အစားတွေ ဦးပြန်လိုက်ဝယ်ပေးမယ် ... လာ ... လာ ... ဦးကားပေါ်ကို တက်လိုက် ... "

"ဟင် ... "

ဦးစည်းကာရံနဲ့တုန်းကလည်း ... ဒီလိုပဲ ... ။

ဘယ်ကမှန်းလည်းမသိ၊ ဘယ်သူမှန်းလည်းမသိတဲ့၊ ဒီဦးက နှစ်ကူးတို့နှစ်ယောက်ကို အဝတ်အစားတွေ လိုက်ဝယ်ပေးမလို့တဲ့၊ ရွှံ့ရေက စင်သွားတယ်ဆိုတာလည်း ... ရင်ဘတ်လေးမှာ တစ်စက်နှစ်စက်လောက်လေးနဲ့၊ ထမိန်လေးမှာ နည်းနည်းပါးပါးလေးလောက် စင်သွားတာ ... ။

ငွိက ... ဘယ်လိုလဲဆိုတဲ့သဘောနဲ့ နှစ်ကူးမျက်နှာကို မော့ကြည့်၏။ ဒီတစ်ခါတော့ ... နှစ်ကူး မရတော့ပါ ... ။

"ဦး ... ဦးက ... တကယ်ဝယ်ပေးမှာလား ... "





ရတယ်လေ ... ဘာဖြစ်လဲ ...

သူ့သဘောကောင်းလို့ လိုက်ဝယ်ပေးတာ ...

ပြီးတော့ ... နှစ်ကူးဘေးမှာ ငွိလည်းအဖော်ပါနေတာပဲဥစ္စာ။

"ဟာ ... တကယ်ဝယ်ပေးချင်လို့.မင်းတို့ကိုခေါ်နေကာပေါ့ကွ ... "

"လာ ... ငွိ ... "

"ဟင် ... "

မကြီးနှစ်ကူးက အားမနာဘဲ တကယ်လိုက်သွားဖို့ ခြေလှမ်းပြင်လိုက်တော့ ... ငွိက မျက်လုံးပြူးနေပြီ။ ထိုလူကြီးက နှစ်ကူးတို့ကို မစောင့်တော့ဘဲ ရှေ့ကထွက်သွားသည်။ အဲလိုလည်း သူများပေးတာကို အားမနာလျာမကျိုး လိုချင်သေးတဲ့မကြီးနှစ်ကူး။

"မကြီးနှစ်ကူးနော် ... သူများဝယ်ပေးတာကို လိုက်ယူရမှာ ရှက်စရာကြီး ... "

"နင် ... နင်ပါးစပ်ပိတ်ထားစမ်းငွိ ... "

ငွိကို မျက်လုံးပြူးပြတော့လည်းမရ။ ကလေးဆိုတော့ ကိုယ်မသိတဲ့လူကြီးတစ်ယောက်နောက်ကို ကားကြီးနဲ့လိုက်သွားရမှာ ငွိဘ ... ကြောက်နေသည်။ နှစ်ကူးကတော့ မရပါ ... ။

ရန်ကုန်မြို့လည်ကောင်ကြီးမှာ နှစ်ကူးဘယ်သူ့ကို ကြောက်နေရမှာလဲ။

သူက ... အလှော်သဘောမျိုးနဲ့ လိုက်ဝယ်ပေးတာ။

အဲလိုမျိုး လှော်ပေးချင်လို့ကတော့ နှစ်ကူးတို့က ... လာထားပဲ။



www.burmeseclassic.com

www.burmeseclassic.com



"တက် ... တက်ချာတိတ် ... ကားပေါ်ကို တစ်ခါတည်း တက်လိုက် ..."

"ဟဲ့ ... ဝို ... တက်လေ ..."

တွေ့လား ...

သူကျတော့အရင်မတက်ဘဲ ဝိုကိုကျတော့ အတင်းအရင် တက်ခိုင်းနေသည်။

"မကြောက်နဲ့နော် ... ချာတိတ် ..."

"ဟွန်း ... တကယ်ဝယ်ပေးမယ်ဆိုလို့ လိုက်တာနော်"

"ဟာ ... တကယ်ဝယ်ပေးမှာပါ ..."

"ဝို ... ဟိုဘက်တိုး ..."

နှစ်ကူးက ... အဲလိုသတ္တိရှိတာ ...

ထိုလူကြီးမျက်နှာကိုလည်း နှစ်ကူးက မကြည့်။

SUPER MARKET ကြီးတစ်ခုထဲကို ရောက်သွားတော့ နှစ်ကူး ... အရမ်းပျော်နေသည်။ လူကြီးကတော့ လည်သာပိုက်ဆံအိတ်အနက်ကြီးတစ်လုံးကို ပွေ့ကိုင်ကာ Ready Made အထည်တန်းတွေဘက်ကို နောက်ကနေ တကောက်ကောက်လျှောက်လိုက်လာ၏။

"ကြိုက်တာယူနော် ... ချာတိတ်၊ ကြိုက်သလောက်ဝယ်၊ ပြီးရင် ... ကျသလောက် ဦးရှင်းပေးမယ် ..."

"စိတ်ချ ... မပူနဲ့ ..."

နှစ်ကူး အရွဲ့တိုက်ပြီး ဝယ်နေတာမဟုတ်။

သူများပေးလို့ အလကားရတာမျိုးကို ငမ်းငမ်းတက်လိုချင်နေတဲ့ နှစ်ကူး ... ဝိုက အားနာပြီး တစ်ထည်ပဲယူသည်။





"ဝို ... နင်လိုချင်တာကြည့်လေ ..."

"ဟာ ... တော်ပြီ ..."

"ဒေါက် ..."

"နင်ဟာလေ ... ခုထိ သဘောမပေါက်ဘူး၊ ဟိုက ချမ်းသာလို့ ... သဘောကောင်းကောင်းနဲ့လိုက်ဝယ်ပေးနေတာ ... တွေ့တာလည်း ဒီတစ်ခါပဲတွေ့ရမှာ ပူမနေနဲ့ ... နောက်ဘယ်တော့မှလည်း ပြန်တွေ့မှာ မဟုတ်တော့ဘူး ..."

ကြိတ်ပြောတော့လည်း ဝိုကလက်မခံ ... ။

"အခု ... ရတာ ... ငါတို့ကံကောင်းလို့ရတာ၊ ရပ်ကွက်ထဲမှာ ဘယ်သူက ငါတို့ကို ... အဲလို လိုက်ဝယ်ပေးမှာလဲ ..."

နှစ်ကူးကတော့ တစ်ထည်ပြီးတစ်ထည် ... ခြင်းထဲကို ကောက်ထည့်နေသည်။

လူကြီးကတော့ နှစ်ကူးထည့်နေသမျှကိုကြည့်ကာ အပြုံးမပျက် ... အသက်ကကြီးနေပေမယ့် ချောတာကလည်း အရမ်းချောတဲ့လူကြီးပါ ... အသက်ကလည်းအများဆုံးရှိမှ ... လေးဆယ် ကျော်ငါးဆယ်ပေါ့။ စပို့ရှပ်ပြောင် အဝါနုလေးကို အနက်ရောင် ... စတိုင်ဘောင်းဘီရှည်လေး တွဲဝတ်ထားသလို စီးထားတဲ့ရှူးအနက်ရောင်လေးကလည်း တောက်ပရှင်းသန့်နေသည်။

"အဟင်း ... ဟင် ... အားနာလိုက်တာ ဦးရာ ..."

"ဟာ ... အားမနာနဲ့လေ ... ချာတိတ် ... ဦးက မင်းတို့နှစ်ယောက်လုံးကို စေတနာနဲ့ဝယ်ပေးနေတာ ... တကယ်အားနာမှာ ဦးက ... မင်းတို့နှစ်ယောက်ကို အားနာရမှာ ... ဝယ်နော်



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေဝယ်လို့အားမရသေးရင် တခြားလိုချင်တဲ့အသုံးအဆောင်ပစ္စည်းတွေပါ ... ဝယ်လို့ရသေးတယ် ... ”

“ဟို ... ဟိုလေ ... ဒါဆို ... ရှူးဒေါက်မြင့်လေး ... ”

“ဝယ် ... ဝယ် ... ”

“မိတ်ကပ်ဘောက်လေးရော ... ”

“ရတယ် ... ဦးကို ... အားမနာနဲ့ ... ”

နှစ်ကူး အကုန်ထည့်သည်။

ကိုယ့်ပိုက်ဆံနဲ့မဝယ်နိုင်တာတွေ ... အကုန်လျှောက်ဝယ်သည်။

တကယ် ... သဘောကောင်းတဲ့ ... ဦး ... ။

နှစ်ကူး ဝယ်လိုက်တာကပဲ ... ဂျွတ်ဂျွတ်အိတ်ဆွဲအိတ်ကြီးနဲ့နှစ်လုံး ... ။

ဝယ်လို့အပြီးမှာ ... စားသောက်ဆိုင်ထိုင်တော့ ...

“ဦးနာမည်က ... ဦးမြတ်သီရိလို့ခေါ်ပါတယ် ... ”

“ဟုတ်ပါပြီဦးရယ် ... ဦးကို ... နှစ်ကူးကျေးဇူးတင်ပါတယ်”

“စားပြီးရင် ... ဦးနဲ့လိုက်ခဲ့နော် ... ”

“ဟင် ... နှစ်ကူးက ဘယ်ကိုလိုက်ရမှာလဲ ... ”

“နှစ်ယောက်တည်း အေးအေးဆေးဆေး ဆွေးနွေးလို့ရတဲ့နေရာပေါ့ ... ”

“ရှင် ... ”

သေပြီ ... ။

နှစ်ကူး မျက်လုံးပြူးသွားသည်။





“ဦး ... ဦးကလေ ... အိမ်ထောင်နဲ့ကွဲပြီး ... အချစ်တွေ၊ အကြင်နာတွေ အရမ်းလိုအပ်နေတာ ... အဲဒါကြောင့်မို့ ချာတိတ်နဲ့နှစ်ယောက်တည်း ဆွေးနွေးချင်တာ ... ”

“အဟင့် ... ပြဿနာပဲ ... ”

ဒီလူကြီး ရိုးရိုးသားသားနဲ့သဘောကောင်းတယ်ထင်ပြီး လောဘတကြီးနဲ့သူပေးသမျှတွေကို နှစ်ကူး ယူလိုက်မိတာ။

ခုတော့ ... ကြည့်စမ်း ...

ငွေနဲ့ပေါက်ပြီး ... မိန်းကလေးတစ်ယောက်ကို ဖျက်စီးဖို့ကြိုးစားချင်နေတဲ့လူကြီး ... ဒုက္ခပဲ ... နှစ်ကူး ဘာလုပ်ရပါတော့မလဲ။

ဗွိကို ... လှမ်းကြည့်လိုက်တော့လည်း ဗွိပြန်ကြည့်နေတဲ့မျက်လုံးထဲက စကားအဓိပ္ပယ်တွေက ...

“ကောင်းတယ် ... ကောင်းတယ် ... သူများပစ္စည်းကိုမတရားလိုချင်လို့ခံရတာ ... ”

“ဟား ... ဟား ... ”

ထိုလူကြီးကိုတောင်းပန်ပြီး မနည်းအိမ်ရောက်အောင် ပြန်ပြေးခဲ့ရတဲ့ဗွိတို့နှစ်ယောက် ... အိမ်ပြန်ရောက်တော့မှပဲ အလုံးကြီးကျသွားခဲ့ရတဲ့အဖြစ်။

“ဟဲ့ ... ဟိုနှစ်ယောက် ... ကြည့်စမ်း ... အထုတ်တွေအပိုးတွေဆွဲပြီး ... အိမ်ပေါ်ကို ကုတ်ချောင်းကုတ်ချောင်းနဲ့ တက်လာလိုက်ကြတာ ... ”

“အမလေး ... အမေ ... ”

သေပါပြီ ... အိမ်ပေါ်အတက်မှာ အမေနဲ့တည့်တည့်တိုးပြီ



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နှစ်ကူးမ ... ညည်းလက်ထဲက ဘာတွေလဲ ... ။

"ဟို ... ဟိုဒင်းအမေ ... ဟို ... ဉစ္စာ ... "

ဒီပစ္စည်းတွေပါလာတာ ... အမေသိလို့မဖြစ်ပါ။

နှစ်ကူး အခန်းထဲပြေးဝင်ဖို့ ခြေလှမ်းပြင်လိုက်တာလည်း နောက်ကျသွားသည်။

"ပြစမ်း ... "

"ဟာ ... မလုပ်နဲ့အမေ ... "

"ဒေါက် ... "

အမေက ... အိတ်ကိုလှမ်းအဆွဲ ...

နှစ်ကူးက ... ကြောက်ကြောက်နဲ့ပြန်အရုန်း ... အိတ်ထဲက ဒေါက်မြင့်ရှူးလေးတစ်ဖက်က ကြမ်းပြင်ပေါ်ကို ဒေါက်ခနဲနေအောင် ပြုတ်ကျလာခဲ့ပြီ ... ။

"ဟယ် ... ကြည့်စမ်း ... "

"ဟို ... ဟိုလေ ... အမေ ... အဲဒါ ... ဟို ... ဟို ... "

"ပို ... ပြောစမ်း ... ဒီအိတ်ကြီးနဲ့နှစ်လုံးပါလာတဲ့ပစ္စည်းတွေက ဘယ်သူဝယ်ပေးလိုက်တာလဲ ... ဒင်း ... ဒင်းကောင်လေးတစ်ယောက်ဆီက ... အကြံအဖန်လုပ်လာပြန်ပြီလား ... ဟဲ့ ... ငါမေးနေတာ ဖြေကြလေ ... "

"ကောင် ... ကောင်လေးမဟုတ်ဘူး ကြီးကြီးမို့ ... ဒါပေးလိုက်တာ ... ဦးလေးကြီး ... "

"ဘာပြောတယ် ... "

အမေ လက်နှစ်ဖက်ကို တင်းခနဲနေအောင် ခါးမှာထောက်လိုက်ပြီး ...





"ဦးလေးကြီး ... ဟုတ်လား ... "

ပို့ကိုကြည့်ပြီးမေးနေရာမှ ... ချာခနဲလှည့်လာတဲ့အမေ့မျက်ဝန်းတွေထဲမှာ မခံချင်စိတ်တွေ၊ ရှက်စိတ်တွေ၊ မာနတွေနဲ့ တောက်လောင်လာတဲ့ မီးတောက်ကြီးတစ်ခုက ... တဟုန်းဟုန်းနဲ့ ... ။

"နှစ်ကူးမ ... "

အမေ့အော်လိုက်သံက အိမ်ခေါင်မိုးကြီးပွင့်ထွက်သွားအောင်ကိုပဲ ... ပြာနှမ်းတက်သွားသည်။

"နင့်အကြောင်းကို ငါသိတယ်ဟဲ့ ... နှစ်ကူးမရဲ့ ... "

"ဟာ ... ပို့နော်၊ နင်ပြောတာ ... အမေ ငါ့ကိုအထင်လွဲသွားပြီ ... မဟုတ်ဘူးအမေ ... အမေ့ကိုနှစ်ကူး ... ရှင်းပြ ... "

"ဘာမဟုတ်ဘူးလဲ ... ဘာမဟုတ်ဘူးလဲ ... "

"ဖြန်း ... "

"ဖြန်း ... "

"ဟာ ... "

မြန်လိုက်တဲ့ အမေ့လက် ...

နှစ်ကူးပါးနှစ်ဖက်စလုံးကို ဘယ်နဲ့ရော ... ညာနဲ့ပါ အမေ ရိုက်ချလိုက်တာ ... နှစ်ကူးတစ်ကိုယ်လုံး ချာချာလည်ထွက်သွားသည်။

နောက်ဆုံးလက်ထဲက အထုတ်တွေပါ ကြမ်းပြင်ပေါ်ပြုတ်ကျသည်။

"ညည်း ... ညည်းမှာ ... မိန်းကလေးတစ်ယောက် စောင့်ထိန်းရမယ့် ... အရှက်နဲ့ဂုဏ်သိက္ခာဆိုတာ ... တစ်စက်ကလေးတောင်မရှိတော့ဘူးလားဟင် ... နှစ်ကူးမ ... ညည်းအရှက်မရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



လား ... ဒီလိုအဖိုးတန် အကောင်းစားပစ္စည်းတွေကို ညည်းသိပ်မက်နေသလား ... ဒီပစ္စည်းတွေနဲ့ ... ညည်းတန်ဖိုးကို ညည်းဖြတ်တော့မလို့လား ... ”

အမေ ... ဆတ်ဆတ်ခါနာပြီး အော်ပြောနေတာ မျက်ရည်တွေပါ ... တစ်ပေါက်ပြီးတစ်ပေါက် ကျလာ၏။ အမေ မာနကြီးတာ နှစ်ကူးက အသိဆုံး။

“ပြောစမ်း ... နှစ်ကူးမ ... ညည်းကို ငါမေးနေတယ်လေ”

“အဟင့် ... ဟင့် ... ”

“ညည်း ... မငိုနဲ့ ... ”

နာကျည်းစွာ ထပ်အော်ချပစ်လိုက်တဲ့ ... အမေ့အသံက နှစ်ကူးနှလုံးသားတွေကိုပါ ခပ်ပြင်းပြင်းလေး နင်းချေဖြတ်သန်းသွားခဲ့သလို နှစ်ကူးခံစားလိုက်ရသည်။

“ဒီပစ္စည်းတွေ ... ငါမလိုချင်ဘူး ... ”

“ဟာ ... အမေ ... မလုပ်ပါနဲ့ ... ”

“ကဲဟယ် ... ကဲဟယ် ... ”

အထုပ်တွေကို အိမ်ပေါ်ကနေ ... မြေနင်းခုံပေါ်ရောက်အောင် ... အမေ ... ဒေါသတကြီးလွှင့်ပစ်သည်။ ပြီးတော့မှ အမေ မျက်ရည်သုတ်ပြီး ... အိပ်ခန်းလေးထဲကို ပြေးဝင်သွားခဲ့ပြီ။

“အဟင့် ... အဲဒါ ... နင်ပြောလိုက်လို့ ... အမေ ငါ့ကို အထင်လွဲသွားတာ ... သွား ... သွား ... အထုပ်ကို နင်ကိုယ်တိုင်သွားပြန်ကောက် ... ”

အမေ မာနကြီးပေမယ့် ... နှစ်ကူး မာနမကြီးပါ။

ကိုယ်နဲ့ထိုက်လို့ ရလာတဲ့ပစ္စည်းမို့ ... နှစ်ကူးမက်မောသည်။





ဘာဖြစ်လဲ ... ဟိုလူကြီးက အိတ်ထဲက တစ်ပြားမှမပေးရဘဲ အခြောက်တိုက်ပေးသွားတာ ... နှစ်ကူးအသားကို ထိလို့ရမလား။

◊ ◊ ◊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း တစ်ဆယ်

"ဟာ ... သေစမ်းကွာ ... "

"ကျွီ ... ကျွီ ... "

"ဟာ ... ဆရာ ... ကားကိုဘာဖြစ်လို့ ... ဘရိတ်ဆောင့်အုပ်ပြီး ရပ်ပစ်လိုက်ရတာလဲ ... ကိုယ့်ဆရာ ဘာဖြစ်သွားလို့လဲ ... "

ရုတ်တရက် ... ဦးစည်းကာရံက ကားဘရိတ်ကိုဆောင့်အုပ်ပြီး ရပ်ချလိုက်တာမို့ ... နံဘေးမှာအတူထိုင်လိုက်ပါလာသည့် ... အောင်ချမ်းသာက အထိတ်တလန့် ဟန်ကလေးနဲ့ ဦးစည်းကာရံကို လှမ်းမေးသည်။

"ချာတိတ် ... ငါ့ရဲ့ချာတိတ်လေး ... "

"ဗျာ ... "

ချာတိတ်လေးတဲ့ ... ငါ့ရဲ့ချာတိတ်လေးတဲ့ ...

"မင်း ... မင်းမတွေ့လိုက်ဘူးလား၊ အောင်ချမ်းသာ၊ CAPITAL ရှေ့က ... ဘတ်စ်ကားဂိတ်မှာ၊ ချာတိတ်လေးတစ်ယောက်





တည်းရပ်နေတာလေ ... ဖက်ဖူးစိမ်းရောင် ဝမ်းဆက်ကလေးနဲ့"

"ကျွန်တော် ... ကျွန်တော် ဘာလုပ်ပေးရမလဲဆရာ၊ ဒီ ... ဒက်ဘုတ်အပေါ်က နှင်းဆီဖြူလေးကို ... ဆရာ့ကိုယ်စား ဖြောင်ပဲ ကျွန်တော်သွားပေးရမလား ... ပြောပါဆရာ ... ဆရာက သွားပေး ဆိုရင် ... ဖြောင်ပဲ ကျွန်တော်သွားပေးလိုက်မယ် ... "

"မလုပ်နဲ့ ... အောင်ချမ်းသာ၊ အတော်ပဲ ... သူဘာလုပ်မလဲ ဆိုတာ ... ကားဘေ့မှန်ကတစ်ဆင့် ငါကြည့်မယ် ... "

"ဟာ ... ဟုတ်တယ်ဆရာရေ ... ဟုတ်တယ်၊ ဟုတ်တယ် နှစ်ကူး ... နှစ်ကူး ... ဖက်ဖူးစိမ်း ဝမ်းဆက်လေးနဲ့တစ်ယောက် တည်းရပ်နေတာ ... နှစ်ကူး ... "

နှစ်ကူးတစ်ယောက်တည်းရပ်နေတာကိုမြင်တော့ အောင်ချမ်းသာမျက်လုံး ပြူးသွားသည်။ ကိုယ့်ဆရာဘယ်ဆိုးလို့လဲ၊ လမ်းဘေးကားမှတ်တိုင်လေးမှာ နှစ်ကူးတစ်ယောက်တည်း ရပ်နေတာကို ... မြင်သားပဲ ... ။

"သူ ... သူ ... ကျွန်တော်တို့နှစ်ယောက်ကို မမြင်ဘူးဆရာ၊ ဟော ... ဟော ... လက်ကနာရီလေးကို သူမြှောက်ကြည့်နေပြီ၊ ဒါ ... ဒါ ... တစ်ယောက်ယောက်နဲ့ချိန်းထားတာ၊ မလာသေးလို့ နာရီလေးကို ... မြှောက်ကြည့်နေတာပဲဖြစ်မယ်၊ ဆရာ ... ဆရာ တွေ့တယ်နော် ... "

"ဟွန်း ... တွေ့ပါတယ် ... အောင်ချမ်းသာရယ် ... "

စည်းကာရံ နှုတ်ခမ်းလေးမဲ့သွားတာ၊ ရင်နင့်စွာလေးနဲ့ရယ်ပဲ ပေါ့။

ကိုယ့်ဆရာခံစားနေရတာလေးကိုသိတော့ ... အောင်ချမ်း



www.burmeseclassic.com

www.burmeseclassic.com



သာ စိတ်မကောင်း။ နှစ်ကူးဆိုတာက … အောင်ချမ်းသာနဲ့ တစ်ရပ်ကွက်တည်းမှာနေတာလေ … လူခြင်းက မခင်ပေမယ့်၊ လက်ဖက်သုတ်ဆိုင်လေးဖွင့်ထားတဲ့ နှစ်ကူးအကြောင်းတွေကိုတော့ နားနဲ့မဆန့်အောင် … အောင်ချမ်းသာက ကြားနေရတာ မဟုတ်လား။ အလုပ်,လုပ်ရတာလည်း ကိုယ့်ဆရာ … ဦးစည်းကာရံရဲ့ ကုမ္ပဏီမှာ လုပ်နေရတာဆိုတော့ … ဦးစည်းကာရံသိလိုသမျှ … နှစ်ကူးအကြောင်းတွေကို အောင်ချမ်းသာကပဲ … ပြောနေရတာပါ။

"မဟုတ်မှလွဲရော … အဲဒါ … နှစ်ကူးနဲ့ငြိချင်သလိုလိုဖြစ်နေတဲ့ … ယွန်းလက်ျာဆိုတဲ့ကောင်လေးနဲ့ နှစ်ကူးချိန်းထားတာပဲ ဖြစ်ရမယ် … "

"ဟွန်း … "

ဘယ်သူနဲ့ချိန်ထား … ချိန်းထား … ဒါကိုလည်း စည်းကာရံက ဂရုမစိုက်ပါ။

"ယွန်းလက်ျာ … ဟုတ်လား … "

"ဟုတ်တယ်ဆရာ … ညကလည်း နှစ်ကူးလက်ဖက်ဆိုင်ရှေ့မှာ … ဒီကောင့်ကား အကြာကြီးရပ်ထားတာ၊ ဒီကောင် … ဒီကောင်က နှစ်ကူးမွေးနေ့မှာတောင်လာပြီးတော့ … တီဗွီအပေါ်စက် အောက်စက် လက်ဆောင်ပေးသွားတာဆရာ … ဆရာပြောတာနဲ့ … ညက … ကျွန်တော် သေသေချာချာ စုံစမ်းကြည့်တော့ ဆရာ အရမ်းစိတ်ဝင်စားနေတဲ့ နှစ်ကူးဆိုတဲ့ကောင်မလေးက ရပ်ကွက်ထဲမှာ … နာမည်အရမ်းပျက်နေတယ် … ကောင်လေးတွေ ဝယ်ပေးတဲ့လက်ဆောင်မှန်သမျှ အကုန်ယူသလို … ရည်းစားစာ





ပေးရင်လည်း … ဘယ်တော့မှ မငြင်းဘူးတဲ့၊ ကျွန်တော့်သူငယ်ချင်းစည်သူဆိုတဲ့ သင်္ဘောသားဆိုရင် … လက်ဆောင်မပေးတာနဲ့ ရည်းစားအဖြစ်က ရပ်စဲတာခံလိုက်ရတာ … ဟိုကောင်လည်း အရမ်းစိတ်နာသွားသလို … ကျွန်တော်တို့လည်း သူငယ်ချင်းဘက်က အရမ်းနာသွားတယ် … ကျွန်တော်ပြောတာတွေ ဆရာမယုံရင် အခုကြည့်လိုက် … ယွန်းလက်ျာနဲ့ချိန်းထားတာပဲဖြစ်ရမယ် … ဟောဟော … ဟိုမှာ ပြောရင်းဆိုရင်း ကားရပ်ပြီး … ယွန်းလက်ျာဆင်းလာနေပြီ … "

"ဟင် … "

စည်းကာရံ မျက်တောင်ခတ်လိုက်ဖို့ကိုပင် သတိမရနိုင်။

ခေတ်မှီစတိုင်ပန်းပွပွ … အနက်ရောင်လေးကို တီရှပ်အဖြူရောင်လေးနဲ့တွဲဝတ်ထားတဲ့ကောင်လေး … ချာတိတ်လေးရဲ့လက်ကလေးကိုဆွဲကာ … CAPITAL အဆောက်အဦကြီးဘက်ကို လမ်းလျှောက်ရင်း တွဲဝင်သွားခဲ့ပြီ။

"တွေ့တယ် … အောင်ချမ်းသာ၊ သေချာအောင် CAPITAL ကားပါကင်ထဲကိုမောင်းဝင်ပြီး … သူတို့လမ်းလျှောက်ဝင်လာတာကို စောင့်ကြည့်ရအောင် … "

"ကျို … ကျို … "

ကားကိုလည်း … ဂငယ်ကွေ့ ကွေ့ကာ … စည်းကာရံ ချက်ချင်းမောင်းဝင်ပြီး … ကားပါကင်တစ်နေရာမှာ ခပ်ပြင်းပြင်းထိုးရပ်ချလိုက်သည်။

နှစ်ကူးက … ဒါကိုမသိပါ။

"ဟာ … ယွန်း … နှစ်ကူးလက်ကို ဆွဲမထားနဲ့လေ … "



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကူး မသိမသာ ရှန်းကြည့်ပေမယ့် ... ရှန်းလို့မရ။

"နှစ်ကူးကလည်းကွာ ... ဒီခေတ်မှာ အရမ်းခင်တဲ့သူငယ်ချင်းတွေလည်း ... ဒီလိုပဲ ... လက်တွဲ ပခုံးဖက်ပြီး သွားနေကြတာပဲဥစ္စာ ... ကိုယ် ... နှစ်ကူးကို ... လက်ဆောင်တွေအများကြီးဝယ်ပေးချင်လို့ ... ဒီ CAPITAL ရှေ့မှာ ချိန်းလိုက်တာ ... သိလား"

"လက်ဆောင်တွေ ... "

နှစ်ကူး ... မျက်တောင်လေးတွေ ပင့်တက်သွားတာ အံ့သြသွားရလို့ပါ ...

"မလုပ်ပါနဲ့ယွန်းရယ် ... နှစ်ကူးက ... ယွန်းကိုခင်လို့ ချိန်းထားတဲ့နေရာလေးကို လာမိတာပါ ... "

"တောက် ... "

စည်းကာရံ ... တောက်ခေါက်လိုက်သံက နည်းနည်းလေးတော့ ကျယ်သွားသည်။ တစိမ်းယောကျ်ားလေးတစ်ယောက်နဲ့ ဒီလိုစုံတွဲလေးခုတ်လာတာကို မျက်ဝါးထင်ထင်လေး မြင်လိုက်ရတော့လည်း ... ရင်ထဲမှာ ဖြောင်းဆန်သွားရအောင်ကိုပဲ စည်းကာရံခံစားသွားရသည်။

"အဟင်း ... ကျွန်တော်ပြောတာယုံပြီလားဆရာ၊ ဒီကောင်မလေးက ... ကျွန်တော့်ရပ်ကွက်ထဲက ကောင်မလေးဆိုပေမယ့်၊ ဆရာနဲ့ မထိုက်တန်လို့ ကျွန်တော် ... ဆရာ့အမုန်းကိုခံပြီးတားနေတာပါ ... ပြန်ထွက်လာရင်လည်း ... လက်ဆောင်တွေ တပွေ့တစ်ပိုက်နဲ့ ဒီကောင်မလေး ... ပြန်ထွက်လာမှာ ... အခုနေ ဆရာကယွန်းလကျ်ာပေးတာထက် နှစ်ဆပိုပေးကြည့်ပါလား ... ဆရာ့နောက်ကို ကောက်ခနဲပါမလာရင် ... ကျွန်တော့်ကို ကြိုက်သလို





ပြော ... "

"ဒါပေမယ့် ... ဒါပေမယ့်ကွာ ... "

"ဗျာ ... ဆရာ ... "

"ဒီ ... ဒီချာတိတ်မလေးကို ... ငါအရမ်းချစ်နေတာ၊ ဘယ်လိုလုပ်ရမလဲ ... အောင်ချမ်းသာ၊ ငွေမှာချမ်းသာသမျှ စည်းစိမ်တွေနဲ့ ပုံလဲပြီး ... သူ့ကို သိမ်းပိုက်ပစ်လို့ရပေမယ့် ... အဲဒါကိုလုပ်ဖို့ ငါ့နှလုံးသားတွေက ခွင့်မပြုဘူး ... ငါတမ်းတနေတာ ဖြူစင်တဲ့နှလုံးသားထဲက ... စိမ့်ဆင်းကျလာမယ့် ချိုမြိန်လှပတဲ့ ဝိုင်တစ်ခွက်ကိုပဲ မက်မက်မောမောလေး ... ငါသောက်ချင်နေခဲ့တာပါ ... "

"ဆရာရယ် ... "

စိတ်ပျက်လက်ပျက်လေးနဲ့ ကိုယ့်ဆရာသမားကိုကြည့်ကာ အောင်ချမ်းသာ ... ခေါင်းကလေးကို ခါမိသည်။

"ငွေမက်တဲ့ ကောင်မလေးတစ်ယောက်ဆီမှာ ချိုမြိန်လှပတဲ့ ဝိုင်တစ်ခွက်ထက်စာရင် ... တစ်စက်လောက် သောက်လိုက်မိရင်တောင် ... ရင်တစ်ခုလုံး ဆူပွက်ဖြောင်းဆန်သွားမယ့် ... အဆိပ်ပြင်းပြင်းတွေပဲ ရှိနေမှာလေ ... ဆရာ ... "

စည်းကာရံ ... နှုတ်ခမ်းလေးမဲ့ကာ ... ရယ်လိုက်ရပေမယ့် သူ့ရဲ့ရယ်မောမှုတွေထဲမှာ ... နာကျင်မှုတွေ ယှက်ပါနေခဲ့တာကို ဖုံးကွယ်ထားနိုင်စွမ်းလည်း ... သူ့မှာမရှိတော့ပါ။

"အဟွန်း ... မင်းကို ငါပြောမယ် ... အောင်ချမ်းသာ"

အောင်ချမ်းသာ ... ဆရာ့မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ... နှစ်ကူးဆိုတဲ့ ချာတိတ်မလေးကို ငါသိပ်ချစ်တယ်"

"ဟာ ... အဲဒါ ... ကျွန်တော်သိတယ်လေဆရာ ... သိလို့လည်း ဆရာချိတ်ခိုင်းတဲ့ နှင်းဆီဖြူဖြူလေးတစ်ပွင့်ကို ... ညသန်းခေါင်ကျော်တာနဲ့ ... သူရဲ့ဆိုင်းဘုတ်ကလေးမှာ ကျွန်တော်အမြဲချိတ်ပေးနေတာလေ ... "

"သူ့ဘဝမှာ ... ဘာတွေပဲဖြစ်နေ ... ဖြစ်နေ ... သူ့အရိပ်တွေထဲမှာ အများလက်မခံနိုင်တဲ့အရာတွေ ... ဘယ်လောက်ပဲ စွန်းပေစွန်းပေ ... ငါပိုင်ဆိုင်သမျှ အချစ်တွေအားလုံးရဲ့ ... အဆုံးသတ်နေရာလေးတစ်ခုဟာ ... ဒီချာတိတ်မလေးရဲ့ ဆံပင်ဖျားလေးတွေပေါ်မှာပဲ ဖြစ်စေရမယ်လို့ ... ငါလုံးဝ ဆုံးဖြတ်ထားတယ် ... သူ့ကို စ,တွေ့တဲ့နေ့ကတည်းက ... ဘယ်လိုပဲ ခေါင်းခါငြင်းငြင်း ... ငါ့နှလုံးသားထဲကို ဝင်လာတဲ့အရိပ်ကလေးတစ်ခုအောက်မှာ ... ငါလုံးဝ ဒူးထောက်အညံ့ခံလိုက်ရတယ်ဆိုရင် ... မင်းယုံမလား အောင်ချမ်းသာ ... အိပ်မက်မဟုတ်တာကိုလည်း ငါသိတယ် ... အိပ်မက်ကိုဘယ်တော့မှ ထွေးပွေ့မထားချင်တာလည်းငါပဲ ... ငွေနဲ့နှင်းပြီးစစ်ခင်းယူရတဲ့အချစ်တစ်ခုကို ငါမလိုချင်ခဲ့လို့ ... ဒီအချိန်ထိ ရောက်နေတဲ့နေရာမှာ ... ငါရပ်နေခဲ့ရတာ၊ အခု ... ဒါကို ယွန်းလက်ျာက ကျော်ဖြတ်သွားပြီလား ... ဒီအဖြေကို ငါသိပ်သိချင်တယ် ... "

ဘာပဲပြောပြော ... နောက်ဆုတ်ဖို့ အစီအစဉ်မရှိတာကို၊ စည်းကာရံ အသိဆုံး။

ဒီချာတိတ်လေး နှစ်ကူးကိုတော့ ... ရွှေရောင်ဒေါက်ကလေး ဝယ်ပေးလိုက်ရတဲ့နေ့ကစပြီး ... တမ်းတ,ရာ အသက်ရှင်ခြင်းလေး





တစ်ခုအဖြစ်နဲ့ ... အားလပ်သွားသမျှ အချိန်တိုင်းမှာ သတိရနေခဲ့တာလေ။

ကုမ္ပဏီအတွင်းရေးမှူးမလေး ... မြမျက်ခြယ် ပြောခဲ့တာက

"ဆရာရယ် ... လမ်းမှာတွေ့ခဲ့တဲ့ ... ကောင်မလေးတစ်ယောက်ကို ဆရာဘာဖြစ်လို့ ... ဒီလောက်တောင် တမ်းတ,နေခဲ့ရတာလဲဟင် ... အောင်ချမ်းသာ ပြောတာကို ဆရာက မယုံလို့ မြမျက်ခြယ်ကိုယ်တိုင် ... အဲဒီလက်ဖက်သုတ်ဆိုင်လေးမှာ သွားထိုင်ပြီး ... စုံစမ်းလေ့လာကြည့်တော့လည်း ... ဆရာ့ချာတိတ်မလေးမှာ ... BLACK LIST တွေအများကြီးနဲ့ ... အမေကလည်း ရပ်ကွက်ထဲ၊ ဈေးထဲမှာ ငွေတိုးချေးစားတယ် ... နေတာလည်း ... ပေနှစ်ဆယ် သွပ်မိုးပျဉ်ကာ အိမ်ကလေးနဲ့ ... နှစ်ကူးဆိုတဲ့ကောင်မလေးက ... ယောက်ျားလေးတွေနဲ့ အရောတဝင်ပတ်သက်မှုတွေများသလို ... ပိုက်ဆံမက်တာက ... အရမ်းလွန်နေတယ် ... ညအိပ်ရင်တောင် ... စုဗူးကြီးကို ဖက်အိပ်တာဆိုပြီးတော့လည်း ... သတင်းက ကြီးသေးတယ်လေ ... ဒါကိုတောင် ဆရာက ... မြတ်နိုးနှစ်သက်ပါတယ်ဆိုတော့ ... ကျွန်မတို့ ဘယ်လိုပြောရတော့မလဲ"

မြမျက်ခြယ် အသံလေးကို ပြန်ကြားယောင်မိတော့လည်း စည်းကာရံက နှုတ်ခမ်းလေးတွန့်ကာ ... ထပ်ပြုံးမိပြန်သည်။

"ဟုတ်တယ်ဆရာ ... ဆရာ့ကို ... ယွန်းလက်ျာဖြတ်ကျော်သွားပြီဆိုတာ သေချာနေပါပြီ ... ဟိုမှာ ... ပြန်ထွက်လာတဲ့၊ ဆရာ့ချာတိတ်လေးကိုပဲ ... ဆရာကြည့်လိုက်ပါဦးဆရာ ... "

"ဟင် ... "

ကြည့်ပါဦး ...



www.burmeseclassic.com

www.burmeseclassic.com



ယွန်းလက်ျာ လက်ဆောင်ဝယ်ပေးတဲ့ပစ္စည်းတွေ တပွေ့တပိုက်နဲ့ ပြုံးပျော်နေတဲ့ ချာတိတ်မလေး။ သူတို့ CAPITAL အဆောက်အအုံကြီးထဲကနေ ... ပြန်ထွက်လာနေကြပြီ။

စည်းကာရံ ... ကောက်ကိုင်လိုက်မိတဲ့ ... နှင်းဆီဖြူလေးပင် ... ရုတ်တရက် လက်ထဲက ပြုတ်ကျသွားသည်။

ကိုယ်မခံစားနိုင်တော့ဘူး ... ချာတိတ်ရယ် ...
ဒီပွဲမှာ ကိုယ်အရှုံးပေးလိုက်ရတော့မယ် ... ထင်ပါရဲ့။





## အခန်း ဆယ့်တစ်

"တိုး ... တိုး ... ဟိုးဘက်အစွန်းထိရောက်အောင် ညည်းတိုးညည်းအသားနဲ့ငါ့အသားထိပြီး အိပ်တာ နေလို့မီးလိုပူတယ်သိလား နှစ်ကူးမရဲ့ ..."

ညဘက် အိပ်ရာထဲရောက်တဲ့အထိ အမေက ... မပြီးနိုင်။

ငှက်လေးကတော့ ... လက်ဖက်သုပ်ဆိုင်ကအပြန် မောမောနဲ့အိပ်ပျော်နေလေပြီ။

"ဟာ ... ဒီထက်တိုးရရင်လည်း ... နှစ်ကူး ခုတင်အောက်ကိုပြုတ်ကျတော့မယ် ... အမေ့ခြေထောက်ကြီးတစ်ဖက်က ဒီဘက်ကို အများကြီးရောက်နေတာ ... အမေပဲ ပြန်တိုး ..."

"ဟင် ... ဘယ်မှာရောက်လို့လဲ ..."

"ဒီမှာလေ ... ခြင်ထောင်အလည်ချုပ်သားအမိုးနေရာကို အမေကြည့်လိုက် ... အမေက တစ်ဝက် နှစ်ကူးကတစ်ဝက်၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်နက်နဲ့ကိုယ်အိပ်ရမှာ ... အခု ... အမေကြည့်ပါလား၊ ချုပ်ရိုး အလည်စည်းကို အမေ့ခြေထောက်ကြီးက ကျော်နေတာ ... အမေ ကျော်ရင် ... နှစ်ကူးလည်း ကျော်မှာပဲ ... ”

“ဟဲ့ ... ”

ခြင်ထောင်ထဲရောက်တဲ့အထိ အဲလိုမတည့်ကြတဲ့ အမေနဲ့ နှစ်ကူး ... ထမင်းစားတုန်းကလည်း အမေက နှစ်ကူးကို စကား မပြော။

ဟွန်း ... မပြောလည်းနေပေါ့ ...

နှစ်ကူးကတော့ ခပ်တည်တည်ပဲ ...

အခု ... အမေက အရင်စပြောလို့ နှစ်ကူး ပြောတာနော်။

“ညည်း ... ခြေထောက်ကြီး ... ငါ့ခြေသလုံးပေါ်တင်မထား နဲ့လေ ... ”

“တင်မယ် ... တင်မယ် ... အမေမှ ဟိုဘက်မတိုးတာ”

ခြေထောက်ကိုမဖယ်တဲ့အပြင် အမေ့ကိုပါ နှစ်ကူးဖက် လိုက်ပြီ။

“ညည်း ... ညည်း ငါ့ကို ... ပါးချွဲနားချွဲလာမလုပ်နဲ့နော် နှစ်ကူးမ ... ညည်းအကြောင်းကိုတွေးတိုင်း ... ညည်းကို နုတ်နုတ် နုတ်နုတ်စင်းပြီး ... ညည်းရောင်းတဲ့လက်ဖက်ထဲမှာ ရောသုတ်ပစ် လိုက်ချင်တာ ... ”

“ဘာလဲဟင်အမေ ... အမေက ဟိုတစ်နေ့က ယူလာတဲ့ လက်ဆောင်အထုတ်ကြီးနှစ်ထုတ်အကြောင်းကိုတွေးပြီး မကျေ မနပ်ဖြစ်နေတာလား ... ဟင်း ... အလကားပါအမေရာ ... နှစ်ကူး





ဘို့ကို အချောင်ရမလားဆိုပြီး ... ဓာတ်လမ်းလာရှာတဲ့လူကြီးတစ် ယောက်ကိုတွေ့လို့ အမြင်ကတ်ကတ်နဲ့ နှစ်ကူးယူလာတာ ... တော်တော်မုန်းဖို့ကောင်းတဲ့လူကြီး ... ”

“ဘာရယ် ... ”

“ပိုက်ဆံတွေအရမ်းချမ်းသာပုံရတဲ့ လူကြီးတစ်ယောက်ပေါ့ အမေရဲ့ ... အဲဒါ ... နှစ်ကူးတို့က ကားလမ်းကူးမလို့ရပ်နေတုန်း၊ သူ့ကားက ရေဗွက်အိုင်ထဲကို ဖြတ်မောင်းလိုက်တော့ ... ပွိုနဲ့နှစ်ကူး ကို ရွှံ့ရေတွေ စင်ကုန်ရော ... ”

“စင်ကုန်တော့ ... ”

“အဲဒါ ... အဝတ်အစားတွေ လျော်ပေးမယ်ဆိုပြီး ... Super Market တစ်ခုမှာ လိုက်ဝယ်ပေးတာလေ ... ”

“ဘုရား ... ဘုရား ... အဲလိုလိုက်ဝယ်ပေးတော့ ... အရှက် မရှိတဲ့မျက်နှာနဲ့ ... ညည်းက ယူတာပဲလား ... ”

“ဟာ ... အမေကလည်း ... ကိုယ်နဲ့ထိုက်လို့ ပြန်ဝယ်ပေး မယ့်သူပေါ်လာတဲ့ဥစ္စာကို ... နှစ်ကူးက မယူလို့ရမလား”

“ဟဲ့ ... ယူရင်လည်း ... တစ်ထည်နှစ်ထည်လောက်ပဲ ညည်း ... ယူလေ ... အခု ... ညည်းဟာက ဟိုကပေးသမျှ ယူလာ ရသလား ... ”

ဒေါ်မြို့မေတ္တာ မကျေနပ်တာလည်း အဲဒါပဲ။

ဟိုက ... ကိုယ့်ကို ဘယ်လိုထင်သွားမလဲ ...

“အဲဒါနဲ့ပဲ ... လက်ဆောင်တွေပေးပြီးတော့ ... ညည်းကို ချစ်စကား ... ကြိုက်စကားပြောပြီပေါ့ ... ဒီလိုလား ... ”

“ဟဲ ... ဟဲ ... ဒါပေ့ါအမေရာ ... သူဘယ်လိုပဲပြောပြော



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကူးက ရိုးနေပါပြီ ... ဆိုင်မှာဆို ... လာလာပြောနေကြတာ ဆန်းတော့တာမှ မဟုတ်တာ ...”

“ဒါပေမယ့် ... အေ ...”

အမေ့ဆီက ... သက်ပြင်းချသံ တစ်ရှည်တလျားကို နှစ်ကူး ကြားလိုက်ရသည်။ ဒီကိစ္စအတွက် အမေ အိပ်မပျော်တာကိုလည်း နှစ်ကူး နားလည်ပါသည်။ အမေက ... မာနကြီးသလို ဘယ်သူ့ အောက်ကျကိုမှ ... မခံချင်တာ၊ နှစ်ကူးအသိဆုံး ... သူများဆီက ပစ္စည်းဆိုလျှင် ... အပ်တိုလေးတစ်ချောင်းကအစ ... အမေက မတရားလိုချင်တာမဟုတ်။

“ညည်းကို ... ငါပြောချင်တာ ... လူဆိုတာ မာနလေးနဲ့ ကိုယ့်သိက္ခာလေးကို ကိုယ်ထိန်းပြီး နေတတ်ဦးမှပေါ့အေ ... ညည်း ခုလို ... သူများဆီကဟာကို ငမ်းငမ်းတက်လိုချင်နေတဲ့စိတ်ဓာတ် မျိုးကို ... အမေမကြိုက်ဘူး ... ညည်းတစ်နေ့ ဒုက္ခရောက်လိမ့်မယ်”

“နှစ် ... နှစ်ကူးက ချမ်းသာချင်တာ ... အမေ ...”

“ဟဲ့ ... ချမ်းသာချင်ရင် ကိုယ့်ဟာကိုယ် ရိုးရိုးသားသား ကြိုးစားလေ ...”

“ကြိုးစားနေတာပဲ ... အမေရဲ့ ...”

နေ့လည်က Super Market ကြီးထဲကို ရောက်နေတုန်းကဆို ရင် ... နှစ်ကူးဝယ်ချင်ဝတ်ချင်၊ ကိုယ်ချင်သုံးချင်တာတွေက အများ ကြီး ... အားနာလို့ ... နှစ်ကူး ဒီလောက်ပဲယူလိုက်တာ၊ ဒီလူကြီး နေရာမှာ ... ကိုကြီးသာဆို ဘယ်လောက်ကောင်းလိုက်မလဲ။

ကိုကြီးလက်ကလေးကို နှစ်ကူးက ... ဆွဲ ... ။

နှစ်ကူး လိုချင်တာလေးတွေ ကိုကြီးကိုပူဆာ ...





ကိုကြီးကလည်း ... နှစ်ကူးဝယ်သမျှတွေကို ငါးထောင်တန် အုပ်လိုက်ကိုင်ပြီး ... ပြုံးပြုံးလေး နောက်ကလိုက်ရှင်း။

ဟိုဟာမယူနဲ့ ... ဒီဟာမယူနဲ့လုပ်ရင် ... ကိုကြီးကို နှစ်ကူး က မျက်စောင်းလေးထိုး ... စိတ်တွေကောက်ပြ ... နှုတ်ခမ်းစူစူ လေးနဲ့ စကားမပြောဘဲနေ ...

အဲဒါဆို ... ဘယ်လောက်ပျော်ဖို့ကောင်းလိုက်မလဲ ... ။

နော် ... ကိုကြီးရယ် ... နော် ... နော် ...

“အဟင်း ... ဟင်း ... ဟင်း ...”

“ဟဲ့ ... ဟဲ့ ... နှစ်ကူးမနော် ... ညည်းဘာတွေစိတ်ကူးယဉ် ပြီး ... ငါ့ကိုအတင်းလာဖက်နေတာလဲ ... အို ... ဒုက္ခပါပဲ ...”

“ဖယ်စမ်း ...”

အမေ ... နှစ်ကူးလက်ကို အတင်းဖယ်ချတော့မှ နှစ်ကူး သတိပြန်ရသွားသည်။

“ဟာ ... Sorry အမေ ... Sorry ”

ကိုကြီးရယ် ... ရှင့်ကြောင့် နှစ်ကူးရူးရပြီထင်တယ်နော်။

ရှင့်ကို ... နှစ်ကူး တစ်ဖက်သတ်ချစ်နေမိတာလား ... ရိုး သားအေးချမ်းပြီး ... အပြစ်ကင်းနေတဲ့ ရှင့်ရဲ့အပြုံးလေးကို နှစ်ကူး ဘယ်လိုမေ့လိုက်ရမလဲဟင် ...

နောက်တစ်နေ့ မိုးလင်းအိပ်ယာထ,တော့မှ ဝို့လက်ကိုဆွဲ

လမ်းထိပ်က ဖုန်းအိမ်ကိုသွားပြီး ... ကိုကြီးအစား ယွန်းကိုပဲ ပထမဆုံးအကြိမ် ... အေးစက်နေတဲ့လက်ကလေးတွေနဲ့ ဟန်းဖုန်း လေးကို ခေါ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယွန်း … ယွန်းလားဟင် … "

နှစ်ကူး ရှက်နေပေမယ့် ဘာမှမတတ်နိုင် …

ဖုန်းဆိုင်က အစ်မကြီးသိမှာကြောက်လို့ … ကိုယ်ကလေးနဲ့ ကွယ်ကာ … ယွန်းကို ဖုန်းပြောရသည်။

"အခု … ပြောတာ ဘယ်သူလဲ … "

"ဟယ် … ယွန်းရယ် … တို့အသံကိုတောင် ယွန်းမမှတ်မိတော့ဘူးလားဟင် … ယွန်း … နှစ်ကူးလေ … ယွန်းကိုသတိရလို့ ဆက်လိုက်တာ … "

"နှစ်ကူး … "

ယွန်း … အံ့သြသွားသည်။ တစ်ဖက်က အသံကလေးကပါ ငြိမ်ကျသွား၏။

"ယွန်း … "

နှစ်ကူးအသံလေးတုန်နေတာ သိသာနေသည်။

"ပြောလေ … နှစ်ကူး … "

"ယွန်း … အခု … ဘာလုပ်နေလဲ … "

"ကိုယ် … မြို့ထဲက သင်တန်းတစ်ခုမှာရောက်နေတာ၊ နိုင်ငံခြားထွက်ဖို့ လိုအပ်တဲ့သင်တန်းတစ်ခုပေါ့ … ကိုယ် New Youk မှာ တက္ကသိုလ်သွားတက်ရမယ် … "

"ဟင် … "

သွားပါပြီ … ။

ယွန်းက … နိုင်ငံခြားကို သွားတော့မှာတဲ့ … ။

နှစ်ကူး ဘာလုပ်ရတော့မလဲ … ။





"နှစ် … နှစ်ကူးလေ … "

"ဟင် … နှစ်ကူး ဘာဖြစ်လဲ … "

"အခု … ယွန်းကို အရမ်းသတိရနေတာ … "

"ကိုယ်ကလည်း … နှစ်ကူးကို သတိရပါတယ် … နှစ်ကူးရယ် … "

"ဟိုလေ … ယွန်းက နှစ်ကူးကို သတိရရုံပဲရတာလား၊ ပြီးတော့ … ယွန်းစိတ်ထဲမှာ ဘာတွေဖြစ်နေသေးလဲ … ဘယ်လိုတွေ ခံစားနေရသေးလဲ … အဲဒါ … အဲဒါ … နှစ်ကူးကို ယွန်းပြောပြလို့ မရဘူးလားဟင် … ပြောပြလို့ရရင် ပြောပြလေ … နှစ်ကူး နားထောင်မယ် … "

"စောသေးတယ် … နှစ်ကူးရယ် … "

"ဟာ … မစောဘူး … မစောဘူး … "

ငို မျက်လုံးလေးပြူးပြီး ကြည့်၏။

မကြီးနှစ်ကူး … ရေလာမြောင်းပေးလုပ်နေတာ ငိုမသိဘူးထင်လို့လား … ။

အခုမှ … ခင်တာ လေးငါးရက်လောက်ပဲရှိသေးတဲ့ဟာကို

ချစ်စကား … ကြိုက်စကား … ဘယ်လိုလုပ်ပြောပါ့မလဲ။

ဒါကို … ဟိုက မပြောပြောအောင် မကြီးနှစ်ကူး လုပ်နေတာ။ ပြီးရင် … လက်ဆောင်တွေတောင်းတော့မယ်လေ၊ တကယ်ချစ်တာလဲ … မဟုတ်ဘဲနဲ့ … ။

"ဒေါက် … "

"အမလေးဟယ် … ကြည့်စမ်း … ကောင်းခန်းရောက်မှ ဖုန်းပြတ်သွားပြီ … "



www.burmeseclassic.com

www.burmeseclassic.com



တွေ့လား … ဖုန်းပြတ်သွားလို့ မကြီးနှစ်ကူး မျက်နှာလေး ပျက်ပြီး စိတ်ဓာတ်ကျသွားတာ …

"ဟာ … ဖုန်းပြတ်သွားရင် ပြန်ခေါ်လေ … မကြီးနှစ်ကူး"

"အေးပါ … အေးပါ … "

နံပါတ်တွေကို အစအဆုံးပြန်လှည့်ပြီး နှစ်ကူးခေါ်သည်။

"ဒေါက် … "

"တီ … တီ … "

"ဟယ် … ဝင်သွားပြီ … ဝင်သွားပြီ … "

"ဟဲလို … "

"အမလေး … ယွန်းရယ် … ဖုန်းပြတ်သွားလို့ မနည်းပြန်ခေါ်လိုက်ရတာ၊ နှစ်ကူး … နှစ်ကူး မစောင့်နိုင်တော့ဘူးသိလား၊ ယွန်းရင်ထဲမှာ ဖြစ်နေတာတွေကို တစ်ခါတည်းပြောလိုက်လည်း ပြီးနေတာပဲဥစ္စာ … "

"ဘယ်သူ … ဘယ်သူ မစောင့်နိုင်တာလဲဟင် … "

"ဟာ … နှစ်ကူး မစောင့်နိုင်တာလေ … "

"မစောင့်နိုင်ရင် ကျုပ်က … ဘာလုပ်ပေးရမှာလဲ တကာမကြီးရဲ့ … "

"ရှင် … "

"ဖုန်းမှားနေပြီ … ဒါ … ဘုန်းကြီးကျောင်း … "

"အမလေး … သေပါပြီ … "

ဘာလုပ်လုပ် … အဲလို ပျာယာခတ်တတ်သေးတဲ့ နှစ်ကူး။

"ကန်တော့နော် … ဆရာတော်ဘုရား … ကန်တော့ ကန်တော့ … ဟဲ … ဟဲ … နှစ်ကူး ဖုန်းနံပါတ်နှိပ်တာ မှားသွားလို့





ဘုရား … "

ဆရာတော့်ကို မနည်းတောင်းပန်လိုက်ရတဲ့အဖြစ် …

"အရေးထဲမှာဟယ် … "

စိတ်ဓာတ်ကျသွားတာနဲ့ နောက်တစ်ခါတောင် နှစ်ကူး ပြန်မဆက်ချင်တော့ပါ။ ငွိကတော့ နှစ်ကူးကိုကြည့်ကာ ရယ်ပါသည်။

"မကြီးရယ် … မကြီးကိုကြည့်ရတာ … ငွိစိတ်ညစ်လိုက်တာ၊ ကိုကြီးယွန်းက ချစ်တယ်ပြောလိုက်တာနဲ့ … မကြီးနှစ်ကူးက အဖြေပေးမလို့ ချောင်းနေတာ မဟုတ်လား … "

"ပေးစရာလားဟဲ့ … "

ငွိကိုလည်း နှစ်ကူး မျက်စောင်းထိုးမိသည်။

"ဒါဆို … ဟိုလိုလိုဒီလိုလိုတွေ … မကြီးနှစ်ကူး ဘာဖြစ်လို့ လျှောက်ပြောနေလဲ … "

"ငွိနော် … နင်မသိဘဲ ဝင်ရှုတ်မနေနဲ့ … ဒီခေတ်က အင်တာနက်ခေတ် နားလည်လား … ခလုတ်လေးတစ်ချက်နှိပ်လိုက်တာနဲ့ … မြောက်ဝင်ရိုးစွန်းကိုသွားမလား၊ ဝေရတ်တောင်ထိပ်ကို တက်မလား … တစ်ကမ္ဘာလုံး အမြန်နှုန်းနဲ့သွားနေတဲ့ ခေတ်ကြီးထဲမှာ နင် … နားမလည်တာတွေ အများကြီးရှိသေးတယ် … "

နှစ်ကူး စိတ်မရှည်ပါ …

ဆံပင်ရှည်ကြီးတွေကိုသိမ်းပြီး ဖုန်းဖိုးကျသင့်ငွေကို နှစ်ကူးက ရှင်းသည်။ ဖုန်းအိမ်က အစ်မကြီးက နှစ်ကူး မျက်နှာလေးကို ငေးကြည့်ကာ …

"ဘယ်လိုလဲနှစ်ကူး … မကြီးတို့ စားရတော့မလား"

"ဟာ … "



www.burmeseclassic.com

www.burmeseclassic.com



ရှက်သွားတဲ့မျက်နှာလေးကို နှစ်ကူး ဘယ်လိုမှ ဟန်ဆောင်ဖုံးမထားနိုင်။ နှစ်ကူးနဲ့ယွန်းရဲ့သတင်းက ရပ်ကွက်ထဲမှာ တော်တော်ပြန့်နှံ့နေပြီလား။

"မရှက်ပါနဲ့နှစ်ကူးရဲ့ ... ယွန်းလက်ျာဆိုတဲ့ကောင်လေး ... နောက်ဆုံးပေါ်ကားကြီးနဲ့ ရပ်ကွက်ထဲကိုလာတာ ... တီဗွီအပေါ်စက် အောက်စက်ကြီးတွေ မွေးနေ့လက်ဆောင် နှစ်ကူးကိုပေးသွားတာ ... အီးပုတ်မ ပြောလို့ တစ်ရပ်ကွက်လုံးသိကုန်တာ ..."

"ဟာ ... မကြီးစန်းစန်းနော် ... နှစ်ကူးရှက်တယ်"

တွေ့လား ... တွေ့လား ...

သူနဲ့ပဲ ... ယွန်းကဖြစ်နေသလိုလို မကြီးနှစ်ကူး ဟန်ဆောင်ရှက်ပြနေတာ။ ပြီးတော့လည်း ... ဆံပင်ရှည်ကြီးတွေကို လေထဲဝဲသွားအောင် နှစ်ကူးက ခါပြလိုက်သေး။ ဝို့ကတော့ ဖုန်းအိမ်က အစ်မကြီးကို စိတ်ထဲကနေပြောလိုက်မိသည်။

"အလကားမကြီး ... ယွန်းလက်ျာဆိုတဲ့ ဟိုအစ်ကိုကြီးက ကားဘိန်းပေါက်တုန်းကမှ မကြီးနှစ်ကူးနဲ့စ,သိတာ၊ အဲဒါ ... ဟိုက ဟန်းဖုန်းနဲ့ကားနဲ့ အပျံစားဆိုတော့ ... မကြီးနှစ်ကူးက သူ့မွေးနေ့ကို အတင်းဖိတ်တယ်လေ ... ယွန်းလက်ျာဆိုတဲ့အစ်ကိုကြီးကလည်း အရမ်းချမ်းသာတော့ ... တီဗွီအပေါ်စက်အောက်စက်၊ လက်ဆောင်ပေးသွားတာ ... ဒါကို မကြီးနှစ်ကူးက ... တကယ်မကြိုက်ဘဲနဲ့ လက်ဆောင်မက်ပြီး ... ဖြစ်နေတာ၊ ယွန်းလက်ျာနေတဲ့ ... ရွှေတောင်ကြားက အိမ်ကိုလည်း အတင်းလိုက်သွားတယ် ... ဖုန်းလည်းမကြီးနှစ်ကူးက စ,ဆက်တာ ... ဟွန်း ... ဝို့က ဖော်ကောင်





မလုပ်ချင်လို့ ..."

"ဟင်း ... ဟင်း ..."

ဖုန်းအိမ်က ပြန်ထွက်လာတော့ မကြီးနှစ်ကူးမျက်နှာလေးက ပြုံးလို့ ...

ရပ်ကွက်ထဲက အစ်ကိုကြီးတွေကိုလည်း မကြီးနှစ်ကူး ဟိုတုန်းကလို အရောမဝင်တော့ပါ။ ခေါ်တဲ့သူတွေက အတင်းလိုက်ခေါ်ပေမယ့် မသိချင်ဟန်ဆောင်ပြီး ... ပဲများများနဲ့ မကြီးနှစ်ကူးဆက်လျှောက်သည်။

"ဝို့ ... လှည့်မကြည့်နဲ့ ... အဲဒီကောင်တွေက ငါတို့နဲ့အဆင့်အတန်းချင်းတူတာ မဟုတ်ဘူး ..."

"ဟာ ... မကြီးကလည်း ... သူတို့က ကိုယ့်လက်ဖက်ဆိုင်မှာ ... အမြဲလာစားနေတာလေ ... တော်ကြာ ... မကြီးကို ဘဝင်မြင့်သွားတယ်ဆိုပြီး ... လာမစားဘဲနေရင် ဘယ်လိုလုပ်မလဲ"

"ဟဲ့ ... လာမစားလည်းနေလေ ... ငါက နောက်ဆိုရင် ဒီလိုဆိုင်မျိုးကို ဖွင့်ချင်မှ ဖွင့်တော့မှာ ..."

"ဟင် ... ဒီလိုဆိုင်မျိုးမဖွင့်ရင် ... မကြီးက ဘယ်လိုဆိုင်မျိုးဖွင့်ချင်လို့လဲ ..."

"ဟဲ့ ... ငါယောက်ျားရလို့ချမ်းသာသွားရင် ... Capital လို Hipher Market ကြီးဖွင့်မှာ. နားလည်လား ... တော်တန်ရုံလူလောက်ကို နှစ်ကူးတို့က အရေးအရာလုပ်ပြီး စကားမပြောဘူး ... ဟိုတုန်းက ကိုယ်နဲ့ဘယ်လောက်ပဲခင်ခဲ့ခင်ခဲ့ ... အဲဒီအချိန်ကျရင် သွားလေး မပေါ်တပေါ်လောက်ပဲပြုံးပြပြီး ... အသက်မပါတဲ့ ကော်ပတ်ရုပ်လေးလို လုပ်ပြမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဒါဆို … ဝို့ကိုကျတော့ရော … "

"ဟဲ့ … နင်က ငါ့ရဲ့ပီအေလေ … ပီအေဆိုတာ … ငါဘယ်သွားသွား … ငါ့နောက်ကို နင်အမြဲလိုက်ရမှာ … "

"မခေါ်ရင် … မကြီးနှစ်ကူးအကြောင်းတွေ … ဝို့က ဖော်ကောင်လုပ်မှာနော် … ဒါပဲ … ကိုကြီးယွန်းလက်ျာမေးရင်လည်း အကုန်ဖောက်သည်ချမယ် … ဟိုဘက်ရပ်ကွက်က သဘော်သား အစ်ကိုကြီး ရည်းစားစာပေးတုန်းက … လက်ဆောင်တွေအများကြီးရလို့ … မကြီးပြန်စာရေးလိုက်သေးတယ်လေ … နောက်တော့မှ လက်ဆောင်လည်းမပေးရော … မကြီးဖြတ်စာရေးလိုက်တာ ဝို့ မသိဘူးထင်လို့လား … "

"ဝို့နော် … နင့်ပါးစပ်ကို ပိတ်ထားနော် … "

"မကြီးနှစ်ကူးချမ်းသာလို့ … ဝို့ကိုမေ့နေရင် ဝို့က အကုန်လျှောက်ပြောမှာပဲ … "

"ဟဲ့ … နင့်ကို မမေ့ဘူးလို့ ငါပြောနေတယ်လေ … "

"မမေ့ရင်လည်း … ပြီးရော … ပြီးရော … "

ဝို့က … ကလေးပေမယ့် … အကုန်လုံးကိုသိနေသည်။

"တကယ်ပါဝို့ရယ် … ငါလေ … တစ်နေ့နေ့မှာ အရမ်းချမ်းသာချင်တယ်သိလား … ရပ်ကွက်ထဲကကောင်တွေကိုလည်း ငါဘယ်တော့မှမသုံးဘူး … ဒါပေမယ့် … ယွန်းကိုတော့ စတွေ့ကတည်းက ငါတကယ်ခင်သွားတာပါ … ပြောရရင် … ယွန်းပုံစံလေးက တကယ်မိုက်တယ်နော်ဝို့ … နှုတ်ခမ်းလေးတွေကအစ စိုရဲပြီး ရှင်းသန့်နေတာ … "

ညနေစောင်း လက်ဖက်ဆိုင်ဖွင့်တော့ … မမျှော်လင့်ဘဲ





ယွန်းရောက်လာ၏။

"ဟယ် … ယွန်း … "

နှစ်ကူး … အရမ်းပျော်သွားသည်။

"ယွန်း … ယွန်း … နှစ်ကူးဆီကို လိုက်လာတယ် … "

အမေဆိုင်မှာရောက်နေတာကို နှစ်ကူး သတိမရ … ။

"ဂျောင်း … "

"အမလေးဟယ် … "

သုတ်လက်စ, လက်ဖက်ပန်းကန်ကိုချပြီး ဆိုင်ရှေ့ထွက်လိုက်တာ … ပလပ်စတစ်ထိုင်ခုံပုလေးနဲ့တိုက်မိပြီး … နှစ်ကူးလဲ ကျမသွားတာကံကောင်း … ။

အမေ … မျက်စောင်းကြီးကို ဝေ့ခနဲနေအောင် … လှမ်းထိုးလိုက်တာလည်း နှစ်ကူးမသိ။

"အဟင်း … ဟင်း … လာလေ … ယွန်း … "

တွေ့လား … ဒင်းအသံကိုက …

ဒေါ်မြို့မေတ္တာ … မသိချင်ဟန်ဆောင်ပြီး အကြည့်ကိုလွှဲတော့ … ဝို့က … ဒေါ်မြို့မေတ္တာအနားကို မသိမသာတိုးကပ်ကာ

"တွေ့တယ်နော် … ကြီးကြီးမြို့ … အစ်ကိုကြီးယွန်းလက်ျာလာတာနဲ့ … မကြီးနှစ်ကူး ပျာယာခတ်သွားတာ … "

"နေ … နေ … ဒင်းလုပ်ချင်တာ … လုပ်ပါစေ … "

ကိုယ်က အတိုးအရင်းတွေ ရပ်ကွက်ထဲမှာလိုက်သိမ်းရင်း ဒီဆိုင်မှာမောလို့ ခဏဝင်ထိုင်နေတာ … မျက်နှာလည်းပူတယ်၊ ဒင်းလုပ်တာကို ဘေးလူတွေဝိုင်းကြည့်နေတာလည်းရှက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကိုတော့ ... ဟိုနေ့ မွေးနေ့ပွဲမှာကတည်းက ချောင်းကြည့်ပြီးသားပါ။ မဆိုးပါဘူး ... လူရည်သန့်သန့်ကလေး။ ကောင်လေးက ဆံပင်လေးကို နားလေးပေါ်အောင် ပို့က်ကာညှပ်ထားသဖြင့် ... စိုပြေဝင်းနှစ်သော မျက်နှာထားလေးက ခပ်ရှင်းရှင်းလေး ပေါ်လွင်နေရသည်။

သဘောကောင်းပုံရတဲ့ ယွန်းလက်ျာပါ။

မျက်နှာပူပေမယ့် ဘာတတ်နိုင်တော့မှာလဲ ...

သည်အတိုင်း ... မျက်နှာပူပူနဲ့ပဲ ဆက်ထိုင်နေလိုက်ရုံသာ။

"ယွန်း ... လာလေ ... ယွန်းကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ... နှစ်ကူးရဲ့အမေ ..."

"ဟင် ..."

မျက်နှာပူပါတယ်ဆိုမှ ...

"ဟုတ် ... တွေ့ရတာ ဝမ်းသာပါတယ်အန်တီ ... ကျွန်တော် ယွန်းလက်ျာပါ ... နှစ်ကူးမွေးနေ့လာတုန်းက အန်တီ ကို မတွေ့လိုက်ရဘူးနော် ..."

"အဟင်း ..."

ဘာပြန်ဖြေရမှန်းမသိလို့ ပြုံးလိုက်ရပေမယ့် ဒေါ်မြို့စိတ်ထဲမှာတော့ ... တစ်မျိုးကြီး။

"ဟင် ..."

အခုမှ ... ကောင်လေးမျက်နှာလေးကိုလည်း အနီးကပ်လေး သေသေချာချာ ကြည့်မိသွားသည်။ တကယ်ချောတဲ့ကောင်လေး ... လည်သာပိုက်ဆံခေါက်အိတ်ကလေးနှင့်တွဲကာ ဟန်းဖုန်းလေးကိုင်ထားသည့် လက်ချောင်းကလေးတွေကပင် ... မွေးညင်း





ဒိမ်းကလေးတွေ ယှက်ဖြာကာ ရှင်းသန့်ဝင်းစိုနေသည်။

အင်းလေ ... ကောင်လေးက ချမ်းသာတဲ့အသိုင်းအဝိုင်းထဲက လာတာဆိုတော့ ... ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ဘဝမျိုးနဲ့ ရှင်သန်ကြီးပြင်းလာခဲ့ရလို့ပဲ နေမှာပေါ့။ ဒေါ်မြို့မေတ္တာ သိချင်တာက ကောင်လေးမိဘတွေက ဘယ်သူတွေလဲ ... ဘာအလုပ်အကိုင်တွေလုပ်ကြလို့ ... ဒီလောက်တောင် ကြီးပွားချမ်းသာနေကြတာလဲ ...

ဒါကိုတော့ ... ဒေါ်မြို့မေတ္တာ မေးမိသည်။

"မင်းကိုကြည့်ရတာ ... အန်တီ့သမီးနှစ်ကူးကို တော်တော်လေးခင်ပုံရတယ် ... ကဲ ... ပြောပါဦး ... မင်းမိဘတွေကရော ဘယ်သူတွေလဲ ... သူတို့ဘာအလုပ်လုပ်ကြသလဲ ..."

"ကျွန်တော့်ဖေဖေနဲ့မေမေက ကွဲနေကြပါတယ်အန်တီ"

"ဘယ် ... ဘယ်လို ..."

"အခု ... ကျွန်တော်နေတာလည်း ... မေမေ့အစ်မ အပျိုကြီးနှစ်ယောက်နဲ့နေတာပါ ... သူတို့က ကျွန်တော့်ကို ထိန်းသိမ်းစောင့်ရှောက်လာတာပါ ... အဲဒီအဒေါ် အပျိုကြီးနှစ်ယောက်ကိုလည်း ... နှစ်ကူး တွေ့ဖူးပါတယ် ..."

"ဟင် ... ဘယ်တုန်းက တွေ့ဖူးတာလဲ ..."

"ဟိုနေ့ကပဲ ... နှစ်ကူး ကျွန်တော်နေတဲ့ခြံကို လာလည်သွားသေးတယ်လေ ..."

"ဟယ် ... ကြည့်စမ်း ..."

ဒေါ်မြို့မေတ္တာ မျက်နှာတစ်ခုလုံး ရဲခနဲ ပူသွားသည်။

အရှက်မရှိတဲ့ မျက်နှာနဲ့ ... ကောင်လေးနေတဲ့ခြံကိုတောင်



www.burmeseclassic.com

www.burmeseclassic.com



ခင်းက ... လိုက်သွားသတဲ့။ ဒါ ... မိန်းကလေးက လုပ်စရာလား။

ခင်းမျက်နှာကို ချာခနဲလှည့်ကြည့်လိုက်တော့ ... ခင်းက ဘာအပြစ်မှလုပ်မထားတဲ့အတိုင်း။

"ကျွန်တော်လေ ... နှစ်ကူးကို စ,တွေ့တဲ့နေ့ကတည်းက အရမ်းခင်သွားလို့ လာလည်တာပါအန်တီ ... ကျွန်တော့်ဘဝမှာ ပထမဆုံး ခင်မိသွားတဲ့ မိန်းကလေးဆိုတာလည်း ... နှစ်ကူးတစ်ယောက်ပဲ ရှိပါတယ် ..."

"ယွန်းနော် ... အဲဒါ ... ယွန်းတကယ်ပြောနေတာလား"

ပြောလည်းပြော ... ခင်းက အမေရှေ့မှာတောင် ယွန်းရဲ့ ပုခုံးလေးကို ပုတ်လိုက်သေး ... ။

"ဟင် ... အမေ ... သွားတော့မလို့လား ..."

"အေး ..."

ယွန်းလက်ဖျာဆိုတဲ့ကောင်လေးကိုလည်း ဒေါ်မြို့မေဗွာ မကြည့်ရဲတော့ ...

"ယွန်း ..."

"ဘာလဲဟင် ... နှစ်ကူး ..."

"အမေကလေ ... မာနကလည်းကြီးသလို အရှက်ကလည်း ကြီးတယ်သိလား ... အဲဒါ ... ယွန်းကို မျက်နှာပူလို့ အမေထ,ပြန်သွားတာ ..."

ယွန်း ... မမျှော်လင့်ဘဲရောက်လာလို့ ပျော်နေတာ နှစ်ကူးပါ ...

"ကိုယ့်မေမေကလည်း ... နှစ်ကူးမေမေလိုပဲ သိလား ... နှစ်ကူး"





"ဟင် ... ယွန်းမေမေက ... မာနကြီးတယ် ..."

"ကြီးတာပေါ့ ... ကိုယ့်ဖေဖေကိုလည်း ... စိတ်သဘောထားခြင်းမတိုက်ဆိုင်လို့ဆိုပြီး ... မပေါင်းတော့ဘဲကွဲလိုက်တာ၊ ကိုယ်ခြောက်နှစ်သားကတည်းက ... အဲဒီအချိန်ကတည်းက ကိုယ့်ကို ... အဒေါ်နှစ်ယောက်လက်ထဲမှာထားခဲ့ပြီး အမေရိကားကိုအပြီးထွက်သွားတာ ... ဒီမှာကျန်ခဲ့တဲ့လုပ်ငန်းတွေ၊ ခြံတွေ၊ တိုက်တွေ၊ ကားတွေအားလုံးကို ... ကိုယ့်နာမည်နဲ့လွှဲပေးတယ်၊ အခုလည်း ဟိုမှာ ... ကျောင်းဆက်တက်ဖို့ ကိုယ်လိုက်သွားရမှာ ..."

"ယွန်းရယ် ... ယွန်းသွားရင်တော့ ... နှစ်ကူးပျင်းပြီး ကျန်ခဲ့ရတော့မှာ ..."

"ကိုယ် ... နှစ်ကူးကို အမြဲသတိရနေမှာပါ ..."

"ဒါပဲနော် ... ယွန်း ... ဟိုရောက်ရင် ... ယွန်းရည်းစား မထားရဘူးနော် ..."

ဘာဆိုင်လို့လဲ ...

ဝိုက ... မသိချင်ဟန်ဆောင်ပြီး ကိုယ့်အလုပ်,ကိုယ်လုပ်နေပေမယ့် ... မကြီးနှစ်ကူး ... အီစီကလီလုပ်နေတာကို အတိုင်းသားကြားနေရတော့ ... နှုတ်ခမ်းလေးမဲ့ကာ ပြုံးချင်နေမိသည်။ ဘေးပတ်ဝန်းကျင်ဆိုင်ကလူတွေ ... စပ်စုနေတာကိုလည်း မကြီးနှစ်ကူး ဂရုမစိုက်တော့ပါ ..."

"ဒါ ... ဒါဆို ... ယွန်းကို ... နှစ်ကူး တစ်ခုမေးဦးမယ်နော်၊ ယွန်းမေမေက ... အမေရိကားမှာ အပြီးနေ,နေတယ်ဆိုတော့ ယွန်းဖေဖေကရော ..."

"ရန်ကုန်မှာ ရှိတယ်လို့ပြောတာပဲလေ ... ခုထိ နောက်အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်မပြုဘဲ ... အရမ်းချမ်းသာနေတယ်တဲ့ ... ဖေဖေက ကိုယ့်ကိုလည်း တစ်ခါမှမဆက်သွယ်ဘူး ... ကိုယ့်ကိုလည်းတစ်ခေါက်မှ လာမတွေ့ဘူး ... မေမေ့ဆန္ဒနဲ့ ဖေဖေ့မာနက တစ်ထပ်တည်းပဲ ... ကိုယ်ကတော့ ကြားထဲက မြေဇာပင်ပါ ...”

ယွန်းက ဒီလိုပြောတော့လည်း ယွန်းဘဝလေးကို နှစ်ကူးသနားသွားမိသည်။

“ဒါပေမယ့် ... တစ်ခါတစ်ခါ ... ဖေဖေဟာ ကိုယ့်အနောက်မှာ အရိပ်တစ်ခုလို အမြဲရှိနေသလို ကိုယ်ခံစားရတယ် ... ကိုယ့်အဒေါ်နှစ်ယောက်ကလည်း ကိုယ့်ကို ဘယ်တော့မှမျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြတယ် ... နှစ်ကူးတို့လာလည်တဲ့နေ့ကဆိုရင် ကိုယ့်ကိုမေးခွန်းတွေ ဝိုင်းမေးကြတာ စုံနေတာပဲ”

“ဟာ ... ဘာတွေမေးကြတာလဲ ...”

ဒီလိုအမေးခံရတယ်ဆိုတော့ ... နှစ်ကူးမျက်နှာလေး ငယ်သွားသည်။

ဘဝခြင်း ... အခြေအနေခြင်းက ... မိုးနဲ့မြေလို တအားကွာခြားနေတာမို့ ... နှစ်ကူးမျက်နှာ မငယ်ဘဲ နေနိုင်ပါတော့မလား။

ယွန်းက ... မဖြေပါ။

“ဖြေလေ ... ယွန်း ... သူတို့ဘာတွေမေးကြတာလဲ”

ဒါကို နှစ်ကူးကလည်း သိချင်ပါသည်။

“နှစ်ကူးဆိုတဲ့ကောင်မလေးက ... ယွန်းရဲ့ချစ်သူလားလို့ သူတို့မေးကြတာပါ”

“ဟင် ... ဒါဆို ... ယွန်းက ဘယ်လိုပြန်ဖြေလိုက်လဲ”

“ဟုတ်တယ်လို့ ...”





“ဟယ် ... ကြည့်စမ်း ... ယွန်း ... ယွန်း ... အဲလိုကြီးပြန်ဖြေတယ် ...”

နှစ်ကူးဝမ်းသာသွားတာ ... အသက်တောင်ရှူလို့မရ။

ခြေဖျားလက်ဖျားတွေပါမကျန် ... တစ်ကိုယ်လုံးအေးစက်သွားရတဲ့အထိ ... မျက်နှာလေးမထားတတ်အောင်လည်း ဖြစ်သွားသည်။

“ဘာ ... ဘာလဲဟင် နှစ်ကူး ... ကိုယ်ဒီလိုပြောလိုက်တာကို နှစ်ကူး ... မကြိုက်လို့လား”

“ဟာ ... ကြိုက်ပါတယ် ယွန်းရဲ့ ...”

“နှစ်ကူးမကြိုက်ရင် ကိုယ်တစ်မျိုးပြင်ပြောလိုက်မယ်လေ”

“ဟာ ... မပြောနဲ့ ... မပြောနဲ့ ... ဒီအတိုင်းပဲထားလိုက်”

မျက်နှာရဲရဲလေးနဲ့ ... နှစ်ကူး အတင်းတားရသည်။

ဒုက္ခပါပဲ ...

နှစ်ကူး ... ဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေတာကို အမေသိရင်တောင် ... ဗိုက်ခေါက်လိမ်ဆွဲတာ ခံရတော့မည်။ နှစ်ကူးကလည်း ... နှစ်ကူး ... ယွန်းဖြေလိုက်တာကို ဟန်ဆောင်ဖို့လည်းသတိမရ ... မိန်းကလေးပီပီ ဣန္ဒြေဆယ်ဖို့လည်း စိတ်ကမတွေးမိ။

“နေ ... နေပါဦးယွန်းရယ် ... ယွန်းက ... နှစ်ကူးကို ချစ်သူတစ်ယောက်ပါလို့ပြောရအောင် နှစ်ကူးကို ယွန်းတကယ်ချစ်လို့လားဟင် ...”

“ချစ်တာပေါ့ ...”

“ဘုရားစူးနော် ... ယွန်း ... ယွန်းတကယ်ချစ်တာနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... နှစ်ကူးကလည်း ... နှစ်ကူးက ကိုယ့်ကိုပဲမေးနေတာ ... နှစ်ကူးကရော ... ဘယ်လိုလဲ ... ကိုယ့်အချစ်ကို နှစ်ကူး တကယ်လက်ခံမှာလား ..."

"အာ ... ယွန်းနော် ... ဘာတွေလျှောက်မေးနေတာလဲ သွား ..."

ဝို ... မျက်လုံးပြူးနေပြီ။ ချစ်တယ်လို့မဖြေဘဲ ... ဟိုလိုလို ဒီလိုလိုနဲ့ ... မကြီးနှစ်ကူး လုပ်ပစ်လိုက်တာ ...

ခေတ်ကိုက အဲလိုမြန်တဲ့ ဒုံးပျံခေတ် ...

မကြီးနှစ်ကူးပျောက်နေတာ ... ဘယ်သူမှစောင် ကြည့်လို့ မရတော့ပါ။

"ဝိုရေ ... ဟိုဘက်က မိုးကိုတို့ဝိုင်းကို ပူဒွန်ခြောက်လေး ထပ်ထည့်ပေးလိုက်စမ်း ... ဒီနေ့ ... စားသမျှ လက်ဖက်ဖိုး၊ ဂျင်းဖိုး တွေအားလုံးကို မကြီးနှစ်ကူး မယူဘဲ ဒါနလုပ်နေတယ်လို့ပြော"

တွေ့လား ...

မကြီးနှစ်ကူး ဝမ်းသာလုံးတွေဆို့နေတာ ... ။

"ဟိုဘက်က မမအေးသီတာတို့ဆိုင်ဘက်ကိုလည်း လက်ဖက်သုပ်တွေ ... သွားပို့ခိုင်းသည်။

"ဟယ် ... ကြည့်စမ်း ... ဒီနေ့မှ ထူးထူးဆန်းဆန်း နှစ်ကူး ဘယ်လိုတွေဖြစ်ပြီး ... ဒီလောက်တောင် သဘောတွေကောင်းနေရတာလဲ ..."

"ဟွန်း ... အဲဒါ မမအေးသီတာ မသိဘူးလား ... နောက်ဆုံးပေါ်ကားနဲ့လာတဲ့ ကိုကြီးယွန်းလကျာ်က မကြီးနှစ်ကူးကို ဒီနေ့ပဲ ရည်းစားစကားပြောတယ်လေ ..."





"ဟယ် ..."

"အဲဒါ ... မကြီးက ပီတိတွေဖြာပြီး ... ကျွေးတာ ..."

"အမလေးဟယ် ..."

ဝိုကလည်း အမှန်အတိုင်းပဲ ဖောက်သည်ချသည်။

"အခုတောင် ... လာသမျှလူတွေကို လက်ဖက်သုတ်၊ ဂျင်းသုတ်တွေ ဒါနလုပ်ပြီးတာနဲ့ ... မကြီးနှစ်ကူးက ယွန်းကို အိမ်ခေါ်သွားတော့မှာ ... ဆိုင်လည်း စောစောပိတ်မယ်လို့ပြောတယ်၊ စားနော် ... မမအေးသီတာ ... အားမနာနဲ့ ..."

"ကောင် ... ကောင်လေးက အရမ်းချောတယ်နော်"

"ချောတယ် ... ချောတယ် ... အရမ်းလည်းချမ်းသာတယ်၊ မကြီးနှစ်ကူးသာ အဲဒီအစ်ကိုကြီးယွန်းနဲ့ညားသွားရင် ... ဒီမှာ လက်ဖက်ဆိုင်ဖွင့်မှာ မဟုတ်တော့ဘူး ..."

"ဝမ်းသာပါတယ်ဝိုရယ် ... မမအေးသီတာက ... အရမ်းဝမ်းသာနေတယ်လို့ နှစ်ကူးကို ပြောပေးနော် ..."

"ပြောပေးမယ် ... ပြောပေးမယ် ..."

ဒါနဲ့ပဲ ... လက်ဖက်ဆိုင်ကို စောစောပိတ်ပြီး ...

သူဌေးသား ယွန်းလကျာ်ကို မကြီးနှစ်ကူး အိမ်ခေါ်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ဆယ့်နှစ်

"အမေရေ ..."

"အမေ ..."

"ဒီမှာ ... ညွှန့်သည်ပါလာတယ်အမေရဲ့ ..."

အမေ့ကိုလည်း အော်ခေါ်ရ ...

ယွန်းထိုင်ဖို့ သင်ဖြူးဖျာချောကလေးကိုလည်း အိမ်ရှေ့မှာ ခင်းပေးရနဲ့ နှစ်ကူး ပျာယာခတ်နေတာ ... ဣန္ဒြေတောင်ဆယ်လို့ မရ။

"ထိုင် ... ထိုင်နော်ယွန်း ... ရပ်ကွက်ထဲမှာ အိမ်ကလေး တွေက ပူးကပ်ပြီးကျပ်ညှပ်နေတော့ ... လေဝင်လေထွက်က အားနည်းတယ်လေ ... ယွန်းအိုက်နေမှာစိုးလို့ နှစ်ကူးပြောတာ ... ဝို ရေ ... နင့်ကိုကြီးကို ယပ်တောင်လေးရှာပေးလိုက်စမ်း"

"အမလေးဟယ် ... ငါက ဘယ်ကညွှန့်သည်လဲလို့ ကြည့်





စမ်း ..."

ယွန်းလကျာ်ဆိုတဲ့ကောင်လေးကိုကြည့်ပြီး ... ဒေါ်မြို့ မေတ္တာ စိတ်တွေမောသွားသည်။

"ဟို ... ဟိုလေ ... အမေ ... ယွန်းက အိပ်လိုက်လည်မယ် ဆိုလို့ ... ဟဲ ... ဟဲ ... အဲဒါနဲ့ ... ဆိုင်လေး စောစောပိတ်ပြီး ဟို ဥစ္စာလေ ... အား ... အားနာတာနဲ့ ..."

"ဪ ..."

ပျက်သွားတဲ့ မျက်နှာကိုလည်း ... ဒေါ်မြို့မေတ္တာ ဘယ်လိုမှ ထိန်းလို့မရ ... အရှက်မရှိတဲ့မျက်နှာနဲ့ မျက်နှာပြောင်တိုက်ပြီး ကောင်လေးကို ... ဒင်းခေါ်လာတာ ... မြို့မေတ္တာမသိဘဲ နေပါ့ မလား ... ပြီးတော့ ... ရပ်ကွက်ထဲကလူတွေ ... ဒင်းကို ဘယ် လောက်တောင် ကဲ့ရဲ့ရှုံ့ချနေလိုက်ကြမလဲ ..."

ဒါကို ... ဒင်း ... မတွေးတော့ဘူးလား ... ။

ဟင်း ... ညွှန့်သည်ပြန်သွားမှ ... ဒင်းသိမယ် ...

နန့်စိန်မ ...

ငါးရှဉ့်ဆီသုတ်မ ...

မအေကို အရှက်ခွဲတဲ့ဟာမလေး ... ။

ဝိုကို နောက်ဖေးခေါ်ပြီး ... တိုးတိုးတိတ်တိတ်မေးကြည့် တော့ ...

"ဟုတ်တယ် ... ကြီးကြီးမြို့ ... ကိုကြီးယွန်းလကျာ်က စော စောကပဲ ... ဆိုင်မှာလာပြီး ရည်းစားစကားပြောတာ ..."

"ဟင် ... ဒါဆို ... ဒင်းက တစ်ခါတည်း အဖြေပေးလိုက်တာ လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးမြို့သမီးလား ... အဖြေပေးမှာ ... ဟိုကချစ်တယ် ပြောလိုက်တာနဲ့ပဲ ငမ်းငမ်းတက်ပျော်ပြီး ... ဆိုင်မှာလာစားသမျှ လူတွေကို ... လက်ဖက်တွေ ... ဂျင်းသုတ်တွေ ပိုက်ဆံမယူဘဲ အလကား ကျွေးပစ်တာ ..."

"ဟင် ..."

ဒေါ်မြို့မေတ္တာ မျက်လုံးပြူးရပြီ ... ။

"အမေရေ ..."

"ဟင် ... ကြီးကြီးမြို့ကို အိမ်ရှေ့ကနေ မကြီးနှစ်ကူးခေါ် နေပြန်ပြီ ..."

"သွားစမ်းဝို ... ငါနောက်ဖေးမှာ ဟင်းချက်နေတယ်ပြော လိုက် ..."

"ဒုက္ခပါပဲ ..."

ဝို ... ခေါင်းလေးကုတ်ပြီး အိမ်ရှေ့ခန်းကို ပြန်ထွက်သွား သည်။

"ကြီးကြီးမြို့ ... နောက်ဖေးမှာ ဟင်းချက်နေတယ်လေ မကြီးနှစ်ကူးရဲ့ ..."

"အမေ ... အမေ ... မျက်နှာပူပြီးရှက်လို့ မထွက်တာလား ဟင်ဝို ... ငါ့ကိုပြောစမ်း ..."

"ဟုတ်မှာပေါ့ ..."

"ဒီမှာလေ ... ယွန်းက အမေနဲ့စကားပြောချင်နေတာဟဲ့"

ယွန်းအနားမှာ ... နှစ်ကူး ပျာယာခတ်နေတာ။ ဒေါ်မြို့ မေတ္တာ မသိဘဲနေပ့ါမလား။ သမီးလေး တစ်ယောက်မွေးထားမိပါ တယ်။ မအေကို ... ရှက်ရမှန်းလည်းမသိ။ ကြောက်ရမှန်းလည်း





မသိ။

"အမေရေ ..."

အော်ပြန်ပြီ ...

အော်လို့မရတော့ ... နှစ်ကူးကလည်း အမေ့နောက်ဖေးခန်း ကို လိုက်လာသည်။

"ညည်း ..."

နှစ်ကူးကိုမြင်တော့ ဒေါသကို ဒေါ်မြို့မေတ္တာ မထိန်းနိုင်။

"ဒေါက် ..."

"အား ... သေပါပြီ ... အမေရယ် ..."

ထမင်းအိုး မွှေနေတဲ့ယောက်မနဲ့ ... ဒေါက်ခနဲနေအောင်ကို ခေါက်ထည့်လိုက်တာ။ ငယ်ထိပ်လေးကိုပွတ်ပြီး နှစ်ကူး မျက်နှာ လေး ရှုံ့မဲ့သွားသည်။

"ကောင် ... ကောင်လေးက ညည်းကို ရည်းစားစကားပြော တယ်ဆို ..."

"အဟင့် ... အဲဒါအမေ့ကို ဘယ်သူပြောတာလဲ ... ဝို ... ဝို အမေ့ကို ထောင်လိုက်ပြန်ပြီလား ..."

"ညည်း ... ညည်း ငါ့ကိုဘာမှပြန်မမေးနဲ့ ... ညည်းလိုမိန်းမ မျိုးကိုမွေးရတာ ... ငါသိက္ခာကျတယ်၊ ငါဒီလောက်အတန်တန်ဆုံးမ နေတဲ့ကြားက ... ညည်းဟာကြီးကို ဈေးပေါပေါနဲ့ ... ညည်းက ချရောင်းပစ်ချင်နေပြီပေ့ါလေ ..."

"ဘယ်ဟာကြီးကို ... သမီးက ချရောင်းရမှာလဲ အမေရဲ့"

"ငါရှက်တယ် ... ယွန်းလကျော်ဆိုတဲ့ကောင်လေးကိုလည်း ငါမျက်နှာအရမ်းပူတယ် ... အခုတွေ့ ... အခုကြိုက်ပြီး ... [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခါတည်း ... ရည်းစားစကားပြောတာကို၊ ညည်းပျော်နေလားဟင်၊ နှစ်ကူးမ ... ကောင်လေးက ... အခုဆိုရင် ... ညည်းကိုအချောင်နိုက်တော့မှာလေ၊ သူအချောင်နိုက်တာကို ညည်းခံတော့မှာလားဟင် နှစ်ကူးမရဲ့ ... ဟင်းဟင်း ... ”

အသံကုန်အောင် အော်ထည့်လိုက်ချင်ပေမယ့် ... ဘေးအိမ်တွေကြားမှာစိုးလို့ ... ကိုယ့်မှာထိန်းနေတာတစ်မျိုး၊ ကြိတ်ဆူနေရတော့ ... အသားတွေရော ... နှုတ်ခမ်းတွေပါ ဒေါ်မြို့မေတွာ တဆတ်ဆတ်တုန်သည်။

နှစ်ကူးမ,ကတော့ ... သိတယ်မို့လား ...

ပြောလိုက်ရင် ... ဆင်ခြေဆင်လက်ကလေးနဲ့ ...

မအေကို ... မအေလို့တောင် ... ဒင်းသတိရသေးရဲ့လား။

“အမေရယ် ... ယွန်းကို အမေအဲလိုမပြောပါနဲ့ ... ယွန်းကလည်း ... သေသေချာချာကို စဉ်းစားပြီးမှ ... နှစ်ကူးကို ရည်းစားစကားပြောလိုက်တာပါ ... ”

“နေပါဦး ... နေပါဦး ... ညည်းက သေသေချာချာစဉ်းစားပြီးမှ ... ရည်းစားစကားပြောလိုက်တယ်ဆိုတော့ ... အဖြေပေးဖို့ ညည်းက ... စဉ်းစားနေပြီပေါ့ ... ”

“ဟာ ... အဲဒါ ... အမေမသိဘူးလား ... စ,တွေ့တဲ့နေ့ကတည်းက နှစ်ကူးစဉ်းစားနေတာလေ ... အမေ ... ”

ကြည့်စမ်း ... စတွေ့တဲ့နေ့ကတည်းက စဉ်းစားနေတာတဲ့။

“ယောကျ်ားတစ်ယောက်က ... ကိုယ့်ကိုချစ်မှန်းမသိ၊ မချစ်မှန်းမသိဘဲ ... ညည်းကစပြီး စဉ်းစားတယ်ဆိုတော့ ... ညည်းဘယ်မှာလာပြီး ကောင်းတော့မှာလဲဟင် ... နှစ်ကူးမ၊ အခုလည်း ရည်း





စားစကားပြောတာနဲ့ ... အိမ်ကို တန်းပြီးတော့ ညည်းခေါ်လာစရာလား ... အိမ်ရှေ့မှာ အကောင်းစားကားကြီးရပ်ထားတာကို ရပ်ကွက်ထဲကလူတွေ ဘာတွေပြောနေကြမလဲ ... ညည်းစဉ်းစားစမ်း၊ ငါလေ ... ညည်းကို ထိပ်ခေါက်ရုံတင်မကဘူး ... ညည်းခေါင်းကို ဟောဒီလိုတောင် ခွဲပစ်လိုက်ချင်သေးတယ် နှစ်ကူးမရဲ့ ... ”

“ဟာ ... မလုပ်နဲ့နော် ... အမေ ... ”

“ကဲ ... ပြောစမ်းပါဦး ... ငါက ငါ့ဟာငါရှက်လို့နောက်ဖေးမှာ ရှောင်နေတာကို ... ညည်းဘာဖြစ်လို့ တမေတည်းမေပြီး အော်နေရတာလဲ ... ”

“ဟို ... ဟိုလေ ... ယွန်း ... ယွန်းက ... ”

“ဘာဖြစ်လဲ ... ယွန်း ... ”

“နှစ်ကူးကို ချစ်နေပြီဆိုတာ ... အမေ့ကို ... အသိပေးချင်လို့တဲ့”

“ဘာရယ် ... ”

“သူက ... ရိုးရိုးသားသား အသိပေးခွင့်တောင်းတာကို အမေက သဘောထားကြီးကြီးနဲ့ လက်ခံပေးလိုက်ပါအမေရယ်၊ နော် ... အမေ ... နော် ... ”

“တော်စမ်း ... ”

အမေ နှစ်ကူးကိုအော်ပြီ ...

“ငါက လက်ခံရအောင် ... ငါအရှက်မရှိတဲ့မိန်းမ မဟုတ်ဘူးဟဲ့ ... နှစ်ကူးမရဲ့၊ တော်ကြာ ... ကောင်လေးက ငါ့အိမ်ကနေမပြန်တော့ဘူးလုပ်နေရင် ... ညည်းနဲ့တစ်ခြင်ထောင်တည်းမှာ ငါက ထည့်သိပ်ထားလိုက်ရတော့မှာလား ... သွား ... သွား...



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးကို ညည်းအခုပြန်နိုင်း ... သူတို့ပိုက်ဆံချမ်းသာတိုင်း ငါလက်မခံနိုင်ဘူး ...”

“ဟာ ... အမေကလည်း ... ယွန်းကို အားနာစရာကြီး”

နှစ်ကူး ဘယ်လိုပဲချော့ချော့၊ အမေက လက်ခံမယ့်ပုံမပေါ်တော့ပါ။

ဒီလောက်ဆို ... အမေ့သဘောထားကို နှစ်ကူးသိပါပြီ။

နှစ်ကူးကတော့ အမေ့ကိုချမ်းသာစေချင်လို့ ...

နှစ်ကူး ... တိုက်နဲ့နေရင် အမေလည်းတိုက်နဲ့နေရမှာ။

နှစ်ကူး ကားလေးတဝီဝီစီးရင် ... အမေလည်း စီးရမှာ။

ဒါကိုတောင် ... အမေက မာနကြီးနေရသတဲ့လား။

ဒေါ်မြို့မေတ္တာကတော့ သိတယ်မလား။ ထုံးစံအတိုင်း နောက်ဖေးကနေ အိမ်ရှေ့ကိုထွက်မလာတော့ပါ။ နှစ်ကူးကတော့ ယွန်းမျက်နှာလေးကိုကြည့်ကာ ...

“ယွန်းရယ် ... အမေက ... ရှက်နေလို့ အပြင်ကိုမထွက်ရဲဘူးတဲ့၊ အားမနာနဲ့နော် ယွန်း ... နှစ်ကူးတို့အိမ်ကို ယွန်းအိမ်လို့ပဲ သဘောထား ... ယွန်းအိုက်နေရင်လည်း နှစ်ကူးယပ်ခပ်ပေးမယ်၊ ပေး ... ပေး ... ယွန်းလက်ထဲက နီးယပ်တောင်ကြီး နှစ်ကူးကို ပေး”

အရေးထဲမှာ ... ပန်ကာမရှိတော့ နှစ်ကူး မျက်နှာငယ်နေသည်။

ဘာပဲပြောပြော ... ယွန်းအနားမှာ နှစ်ကူးက ပျာယာခတ်လေ ... ဒေါ်မြို့မေတ္တာ နှုတ်ခမ်းက မဲ့ချင်လေ ... ဒီကြားထဲ ဝို့က အတင်းလာတုတ်သေး၏။





“ကြီးကြီးမြို့နော် ... အိမ်ရှေ့အိမ်ကဟာတွေ စပ်စုပြီးတော့ ကြီးကြီးမြို့အိမ်ထဲကို လှမ်းကြည့်နေကြတယ်၊ မကြီးနှစ်ကူး မလွယ်ဘူး ... သူက ... ကိုကြီးယွန်းလက်ျာကို အိမ်ရှေ့မှာ သူကိုယ်တိုင် ယပ်ခတ်ပေးနေတာ ... အခု ... ဝို့ကို ဘာဒီကော်ဖီတစ်ခွက်ဖျော်နိုင်းလိုက်လို့ ...”

“ဖျော်မပေးနဲ့ ... ဖျော်မပေးနဲ့ ... ဘာဒီကော်ဖီကုန်နေပြီပြောလိုက် ...”

ဒေါ်မြို့မေတ္တာ မဲ့ကာရွဲ့ကာပြောပြီး ... ဧည့်သည်ကောင်လေး မြန်မြန်ပြန်သွားပါစေပဲ ဆုတောင်းနေမိ၏။ ဒီကိစ္စမှာ မကောင်းတာက ကိုယ့်သမီး နှစ်ကူးမ ... ရည်းစားထားရင်လည်း ကိုယ့်အမေမသိအောင် တိုးတိုးတိတ်တိတ်ထားပါတော့လား ... ခုတော့ ... ရည်းစားစကားပြောတဲ့ ကောင်လေးကို အိမ်ခေါ်လာမွေးထားတဲ့ အမေကိုယ်တိုင်က ... အလိုတူအလိုပါ ကြံရာပါဖြစ်မနေတော့ဘူးလား ...”

ဒီလိုအထင်ခံရမှာကိုလည်း ဒေါ်မြို့မေတ္တာ မျက်နှာပူသည်။

“ဟာ ... ကြီးကြီးမြို့ရယ် ... ဖျော်မပေးရင်လည်း လမ်းထိပ်ကိုထွက်ပြီး တစ်ခုခုဝယ်နိုင်းနေဦးမှာ ... ကြည့်ရတာ ... ကိုကြီးယွန်းက အေးအေးဆေးဆေးညနေအထိနေပြီးမှ ပြန်မယ့်ပုံပဲ ... တကယ်လို့ ညရောက်လို့မှမပြန်ရင် ကြီးကြီးမြို့ ဘယ်လိုဆက်လုပ်မလဲ ...”

“ဒင်းတို့နှစ်ယောက်ကို ခြင်ထောင်ထဲထည့်သိပ်ပြီး ငါကိုယ်တိုင်ပေးစားပစ်မယ် ... ဒင်း ... ဒင်း ... လက်ဆောင်ပစ္စည်းတွေမက်ပြီး ... တကယ်ချစ်တာလည်း မဟုတ်ဘဲနဲ့ ... ဒီလိုတွေလ



www.burmeseclassic.com

www.burmeseclassic.com



နေလို့ရမလား ... ”

ဒေါ်မြို့မေတ္တာ ... မီးဖိုပေါ်က ထမင်းအိုးကို အောက်ချရင်း ကြိမ်းဝါးလို့မဆုံး။

“အမေရေ ... ယွန်းက ... ဒီအိမ်မှာ ညစာစားမလို့တဲ့၊ ထမင်းလေးပိုချက်ထားပါဦး”

ကြည့်စမ်း ...

ဒင်း ... အရှက်မရှိတဲ့အသံနဲ့ အိမ်ရှေ့ကနေ အော်နေပြန်ပြီ။

စားစရာလား ... စားစရာလား ... ချမ်းသာတဲ့ ကောင်လေးကို ငမ်းငမ်းတက်ဟပ်ထိုးလိုက်ပြီး ... ဒင်းက ... ထမင်းပါကျွေးဦးမလို့တဲ့လား ... လုပ်ထားလေ ... နှစ်ကူးမ ... ညှို့သည် မပြန်ခင်ညည်း ... ငါ့ကို လုပ်ထားလိုက်ဦးပေါ့ ... ဒီနေ့ညမှ ညည်းနဲ့ငါစာရင်းအပြတ်မရှင်းရင် ... ဘယ်ညမှာ အပြတ်ရှင်းတော့မလဲ။

“ဝိုရေ ... ယွန်းကို ကြက်ကြော်မဆိုင်လေးနဲ့ ... ဝက်ကုန်းဘောင်လေးကျွေးချင်လို့ လမ်းထိပ်က ... ထောင်ကဲအတီးတို့ဆိုင်မှာ ... ငါ့ကို ... သွားဝယ်ပေးစမ်း ... ငါ့အခန်းထဲက မှန်တင်ခုံပေါ်မှာ ပိုက်ဆံအိတ်တင်ထားတယ် ... အဲဒါယူခဲ့ ... ”

ဟင် ...

ယွန်းကိုကျွေးချင်လို့ ... ကြက်ကြော်မဆိုင်လေးနဲ့ ဝက်ကုန်းဘောင်လေးတဲ့ ... ။

မိဘကိုကျတော့ ... တစ်စက်ကလေးမှ စေတနာမရှိခဲ့သလောက် ... ကိုယ့်ဟာကျတော့ ... ဒင်းက ... စေတနာရှိတယ်ပေါ့၊ လုပ်ထားလေ ... နှစ်ကူးမ ... ။

“ကြား ... ကြားတယ်နော် ... ကြီးကြီးမြို့ ... ”





“အမလေး ... ကြားတယ် ... ကြားတယ် ... ”

နှုတ်ခမ်းကိုလည်း ... ဒေါ်မြို့မေတ္တာမဲ့မိသည်။

ဝိုခေါင်းလေးကုတ်ပြီး ... အခန်းထဲက မကြီးနှစ်ကူးရဲ့ပိုက်ဆံအိတ်ကလေးကို ပြေးယူရ၏။ သူလည်းမစား ... ဘယ်သူ့ကိုမှလည်းမကျွေးဘဲ ... ကျစ်ကျစ်ပါအောင် ... ရေမွှေးလေးဆွတ်သိမ်းထားတဲ့ ပိုက်ဆံအိတ်ကလေး ... ။

“ရော့ ... မကြီး ... ဒီမှာ ပိုက်ဆံအိတ် ... ”

“ဝို ... မြန်မြန်သွားနော် ... ထောင်ကဲအတီးကို သေသေချာချာပြော ... အရေးကြီးတဲ့ ညှို့သည်အိမ်မှာရောက်နေလို့ ... ကောင်းကောင်းလေး ... ရှယ်လုပ်ပေးလိုက်ပါလို့ ... ယွန်းက အစပ်စားနိုင်လို့ ... အပူအစပ်နဲ့လေးကိုလည်း လျှော့ထည့်ပေးပါလို့ အဲဒါခင်ပြောနော် ... မမေ့နဲ့ ... ”

နှစ်ကူး ... ဝိုကိုမှာနေတာ ... အသည်းအသန်။

“ယွန်း ... ”

“ဟင် ... ဘာလဲနှစ်ကူး ... ပြောလေ ... ”

“နှစ်ကူးလေ ... ယွန်းနဲ့အခုလိုနေရတာ အရမ်းပျော်တယ်သိလား ... ယွန်းရာ ... နှစ်ကူးကို ဘာဖြစ်လို့ စ,တွေ့တဲ့နေ့ကလည်းက ... ချစ်သွားရတာလဲကွာ ... ဟင်း ... ဟင်း ... ”

ယွန်းက နှစ်ကူး ... လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်တော့အမေမြင်မှာကြောက်လို့ ... နောက်ဖေးကိုလှမ်းလှမ်းကြည့်ရတာအမော။ ခုတောင် ... အမေ မကြည်မလင်ဖြစ်နေတာ ... နှစ်ကူးသိနေတော့ ... အမေ့ကိုကြောက်ပြီး ... နှစ်ကူး ရင်တွေတုန်နေတာဖိဝါးလို့တောင်မရ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လေ ... အမှန်အတိုင်းဝန်ခံရမယ်ဆိုရင် ... အမေရိကားမှာ ရောက်နေတဲ့ ကိုယ့်မေမေကိုရော ... အခု ... ဒီမှာ ထိန်းသိမ်းစောင့်ရှောက်လာတဲ့ ... တီတီပျို့နဲ့ တီတီညိုကိုပါ ... ကိုယ်ကြောက်ရပါတယ် ... သူတို့ရွေးချယ်ပေးတဲ့သူကို ... ကိုယ့်ဘဝကြင်ဖော်အဖြစ် လက်ခံမယ်ဆိုမှ ဒီအမွေတွေအားလုံးကို ကိုယ်ဆက်ခံခွင့်ရမှာ"

"ဟင် ... ဒါဆို ... ယွန်းကြိုက်တဲ့သူကို လက်ထပ်လိုက်ရင် ဒီအမွေတွေမရတော့ဘူးဆိုတဲ့ သဘောလား ..."

"အဲဒါ ... ဟုတ်တယ်လေ ..."

"ဘုရားရေ ..."

ဘယ်လိုကြီးလဲ ...

"နှစ်ကူးရယ် ... ကိုယ် ... မင်းကို အရမ်းချစ်တယ်ကွာ"

"ဟာ ... ယွန်း ... မလုပ်ပါနဲ့ ... အိမ်ထဲမှာ အမေရှိတယ်"

"ရှိ ... ရှိကွာ ..."

"အို ... ယွန်း ..."

အားလုံးအလစ်မှာ ... ကျလာတဲ့ယွန်းဆီက ... ပထမဆုံးအနမ်းလေး ...

နှစ်ကူး တစ်ကိုယ်လုံး အေးစက်သွားရ၏။

ယွန်းက ... နှစ်ကူးပါးကလေးကို ... နမ်းလိုက်သလို အုပ်ထားတဲ့လက်ကလေးကိုလည်း ... ယွန်းက မလွှတ် ... နှစ်ကူးမှာတော့ ... အမေထွက်လာမှာကိုလည်း ... ကြောက်ရ ... ရင်တွေလည်း ... တဆတ်ဆတ်တုန်ရနဲ့ ... ။ အဖြေမပေးရသေးဘဲနဲ့ ဒီလိုလုပ်တာကိုလည်း ... နှစ်ကူးက မကြိုက် ... ။





"ယွန်း ... ယွန်း ... နှစ်ကူးကို ... တကယ်ချစ်တာလား ဟင်"

"တကယ်ချစ်တာပေါ့ ..."

"ဟင်း ... ဟင်း ..."

"နှစ်ကူးရယ် ... ကိုယ်တကယ်ပျော်တယ်ကွာ ..."

ဝယ်လာတဲ့အစားအသောက်တွေ ရောက်လာတော့ ... နှစ်ကူးကိုယ်တိုင် နောက်ဖေးခန်းထဲဝင်ပြီး ... ယွန်းကို ကျွေးဖို့ပြင်ရ၏။

"လာလေ ... အမေ ... နှစ်ကူးတို့နဲ့အတူတူ အမေပါလာစားလေ ..."

"ငါ ... မစားဘူး ..."

"ဟင် ... အမေကလည်း ..."

"ညည်း ... ညည်းလုပ်နေတာတွေ ... သိပ်ကိုလွန်နေပြီနော် နှစ်ကူးမ ... ထမင်းစားပြီးလို့မှ ... ညည်းညွှသည်မပြန်ရင် ညည်းကိုနှစ်ယောက်စလုံးကို ... အိမ်ကနေ ... ငါမောင်းချတော့မယ်"

နှစ်ကူး ... အမေ့ကို စိတ်ညစ်တာ ... အဲဒါပဲ ...

ကိုယ့်သမီးကို ... လက်ထပ်ပြီးတာနဲ့ ချမ်းချမ်းသာသာ မပူပင်ထားနိုင်မယ့် သားမက်လောင်းလေးကိုတောင် ... အမေကြည့်လို့မရဖြစ်နေတာ ... ဟော ... အခုနေသာ ... နောက်ဆုံးပေါ်ကားကြီးစီးရတဲ့ဘဝကို နှစ်ကူးရောက်သွားကြည့်ပါလား ... ။

ခေါင်းခန်းထဲမှာ ... ဘီးစပတ်ကြီးနဲ့ မိန့်မိန့်ကြီးထိုင်ပြီး အမေစီးဘဲနေမှာလား။



www.burmeseclassic.com

www.burmeseclassic.com



**အခန်း ဆယ့်သုံး**

"မစီးဘူး ... မစီးဘူး ... ကိုယ့်ကိုယ်ကိုယ် တန်ဖိုးချဈေး လျှော့ရောင်းပြီးမှရလာမယ့် ... မိန်းမတစ်ယောက်ရဲ့ကားကို သိန်းတစ်ထောင်ပဲ တန်ပါစေ ... ငါမစီးဘူးဟဲ့ ... ကဲ ... ညည်းငါ့ကို အခုပြောစမ်းပါ ... ယွန်းလက်ျာဆိုတဲ့ကောင်လေးကရော ... ညည်းကို အပျော်ကြံနေတာလား ... အတည်ကြံနေတာလား ..."

"ဟာ ... တိုးတိုးပြောပါအမေရဲ့ ... ဘေးအိမ်တွေကြားသွားရင် ရှက်စရာကြီး ..."

"ရှက်တယ် ... ဟုတ်လား ... ဘေးအိမ်တွေကြားသွားမှာ ညည်းက ... ရှက်တယ် ... အဲဒါ ... ရှက်ဦး ... အဲဒါ ... ရှက်ဦး"

"ဒုန်း ..."

"အား ..."

"သေပါပြီ ... အမေရယ် ..."





ဒေါ်မြို့မေတ္တာ စိတ်တိုတိုနဲ့ ဆောင့်တွန်းပစ်တာ ဘုရားစင် ထောင်းနဲ့တိုက်မိပြီး ... နှစ်ကူးကိုယ်လေး ချာချာလည်ထွက်သွားသည်။ နှစ်ကူး မျက်ရည်ပေါက်ပေါက်ကျရပါပြီ။

"အဟင့် ... ဟင့် ... ဟင့် ... အမေ ... မတရားဘူး၊ အမေရက်စက်တယ် ... ကိုယ့်သမီးလေးက တစ်သက်လုံးမှ ဒီတစ်ခါပဲ ယောကျ်ားလေးတစ်ယောက်ကို အိမ်ခေါ်လာမိခဲ့တာကို အပြစ်ပြောလို့ကို မဆုံးတော့ဘူး ..."

"ဟင် ... ညည်းခေါ်လာတာကို ငါက အပြစ်ပြောနေတယ်ထင်လို့လား ... ခုတော့ ... ညည်းတို့က ငါ့အိမ်ပေါ်မှာတင် နှန်းတွေ့နေကြတာ ... ပြီးတော့လည်း ... ဘုရားစင်အောက်မှာ ဟိုကိုင် ဒီကိုင် ..."

"ဟင် ... သမီးတို့က ... ဘာတွေကိုင်နေလို့လဲအမေရဲ့"

"လက်တွေကိုင်နေတာလေ ... လက်တွေကိုင်နေတာ"

"အဲဒါရှင်းအောင်ပြောပါလားအမေရဲ့ ... အဟင့် ... ဟင့် ဟင့် ..."

"ညည်း ... ညည်း ... အခုမှငါ့ကိုလာငိုပြမနေနဲ့၊ မြို့မေတ္တာဆိုတဲ့မိန်းမက ... တစ်သက်လုံးကိုယ့်မာနနဲ့ကိုယ်နေလာတာ၊ အခု ညည်းလက်ထက်ကျမှ ... ကြည့်စမ်း ... ဟိုလူကိုပြိုင်ချင်ရတာနဲ့၊ ဒီလူကိုနိုင်ချင်ရတာနဲ့ ... ပိုက်ဆံမက်တာလည်း အငမ်းမရ၊ ချမ်းသာတဲ့ကောင်လေးကိုကျတော့ ... မျက်နှာလိုမျက်နှာရ ကျွေးချင်လိုက်တော"

"ဟာ ... အဲဒါ ... အမေ့ကို နှစ်ကူးကျွေးသေးတယ်လေ အမေရဲ့ ... အမေ့ဟာအမေ ... ရှက်ပြီး လာမစားတဲ့ဟာကို ..."



www.burmeseclassic.com

www.burmeseclassic.com



"ညည်း … ငါ့ကို ခံမပြောနဲ့ … "

အမေ … နှစ်ကူးကို ဖနောင့်နဲ့ပေါက်ဖို့ ရွယ်လိုက်ပြန်ပြီ။

"အမေနော် … အဟင့် … "

နှစ်ကူး … တစောင်းလေးမော့ကြည့်ရင်း လက်ကလေးရွယ်ကာ …

"အမေ့ကို … နှစ်ကူးခံပြောနေတာ … မဟုတ်ဘူးလေ၊ အမေရဲ့ … ယောက်ျားလေးတစ်ယောက်နဲ့ အပြင်မှာ ချိန်းမတွေ့ချင်လို့၊ အမေ့အိမ်ကို တစ်ခါတည်းခေါ်လာခဲ့တဲ့ဥစ္စာကို … အဲဒါ သမီးအလိမ္မာလေးမို့ အမေ့ကွယ်ရာမှာ သွားချိန်းမတွေ့တာ … သူများတွေ မိဘကွယ်ရာမှာ သွားသွားချိန်းတွေ့လို့ … ဒုက္ခတွေ ရောက်နေကြတာ အမေ … မတွေ့ဘူးလား … "

"ဩော် … ဩော် … တော်တော်ကောင်းတဲ့ ဆင်ခြေလေး ငါကပဲ … ညည်းကို ကမ္ဘာ့ဂင်းနစ် … စံတော်ချိန်မှတ်တမ်းစာအုပ်ကြီးထဲထည့်ပြီး … အမေ့ရှေ့မှာ ရည်းစားနဲ့ချိန်းတွေ့တဲ့သမီးကိုပဲ ဂုဏ်ပြုစလွယ်ကြီး ဆွဲပေးရတော့မလိုလို … "

"အဟင့် … ဟင့် … ဟင့် … "

"အရှက်မရှိတဲ့မိန်းမ … "

"အဟင့် … အမေနော် … "

"ကောင်လေးကို ကြိုက်လို့ အဖြေပေးမယ်ဆိုလည်း … ဟိုက … တကယ်ချစ်နေတာလား၊ ကိုယ့်ကိုဖျက်စီးချင်လို့ ချစ်ဟန်ဆောင်နေတာလားဆိုတာ … အမျိုးမျိုးစမ်းသပ်ပြီးမှ လက်သင့်ခံသင့်ခံရမှာ … အခုတော့ … ကြည့်စမ်း၊ ဟိုတစ်ပတ်မွေးနေ့ မတိုင်ခင်လေးကမှ တွေ့ခဲ့တဲ့ကောင်လေးတစ်ယောက်ကို ညည်းက …





အိမ်ကိုခေါ်လာတယ်ဆိုတော့ … ရပ်ကွက်ထဲကဟာတွေက ညည်းကို ဘယ်လောက်တောင် အတင်းပြောနေလိုက်မလဲ … "

"ဟာ … သူတို့ပြောတာကို ဂရုစိုက်နေရင် … နှစ်ကူးက ဘယ်လိုလုပ် ယောက်ျားရတော့မှာလဲ အမေရဲ့ … "

"ဟဲ့ … မရှရင်နေလေ … "

တွေ့လား … ဒင်းကပဲ ယောက်ျားမရမှာကိုပူနေသေးတာ။

အခုမှ … တက္ကသိုလ်ပထမနှစ်တက်နေတဲ့ မိန်းမက … ယောက်ျားယူစရာလား … ။

မပေးစားဘူး … ဘယ်လောက်ချမ်းသာတဲ့ကောင်ကပဲ၊ လာတောင်း … လာတောင်း ပေးကိုမပေးစားဘူး … ကားမစီးရလည်းနေ … တိုက်နဲ့မနေရလည်းနေ … ကိုယ့်သမီးနုနုထွတ်ထွတ်လေးကိုကြည့်ပြီး … ဆားနဲ့ပဲစားမယ် … ။

"ညည်း … အခုဖြတ် … "

"ဟင် … အမေ … "

"ဒီနေ့ကစပြီး … ယွန်းလကျ်ာဆိုတဲ့ကောင်လေးနဲ့ ညည်းဆက်သက်စရာမလိုတော့ဘူး … "

"အဟင့် … မလုပ်ပါနဲ့အမေရဲ့ … "

"ငါစဉ်းစားပြီးပြီ … ကောင်လေးကို ချမ်းသာတယ်ဆိုပြီး ညည်းလက်လက်ထနေတာ … တစ်ရက် နှစ်ရက်လေးနဲ့ ဟိုက ချစ်သွားတယ်ဆိုတာ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ဘူး"

"အဲဒါ … အမေမှားနေပြီ … "

"အောင်မယ် … "



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် ... ဒီနေ့မှစပြီး ... ရည်းစားစကားပြောတဲ့ဟာကို အမေက အတင်းလာဖြတ်ခိုင်းနေတယ် ... နှစ်ကူးက ဘယ်လိုလုပ်ရတော့မှာလဲ ... အခုတောင် ... အမေ့ကို အားနာလို့ ယွန်းမပြန်ချင်ဘဲ ပြန်သွားတာ ... ယွန်း ... ယွန်းသနားပါတယ်အမေရဲ့ ... နှစ်ကူး ယွန်းကို ... မခင်ဘဲနေလို့မရတော့ဘူး ... "

"ကြည့်စမ်း ... လက်ကလေး အကိုင်ခံရတာလေးနဲ့တောင် ညည်းဒီလောက်ဖြစ်နေတာ ... ဒီမှာ ... ဒီမှာ ... ညည်း ငါ့မျက်နှာကို မော့ကြည့်စမ်းပါ ... "

ဒီကိစ္စအတွက်ကိုတော့ ... ဒေါ်မြို့မေတ္တာ ဘယ်လိုမှ အလျှော့မပေးနိုင်တော့ပါ။

သားသမီးမို့ ချစ်တာက ... ချစ်တာပဲ ... ။

အလိုလိုက်တာက ... လိုက်တာပဲ ... ။

ဒါပေမယ့် ... ရပ်ကွက်ထဲမှာတော့ ... ဘယ်လိုနည်းနဲ့မှ သိက္ခာတော့အကျမခံနိုင် ... ။ ကိုယ်မွေးထားတာလည်း သမီးလေးက ဒီတစ်ယောက်တည်း ...

"ဒီမှာ ... ညည်းကိုငါပြောမယ် နှစ်ကူးမ ... ပိုက်ဆံချမ်းသာတဲ့ကောင်လေးတွေဆိုတာ ... လိုချင်တဲ့သူတွေ သူတို့မှာဝိုင်းဝိုင်းလည်နေတာ ... ညည်းရှေ့မှာ ဘယ်ကောင်မလေးနဲ့ ဖြစ်နေသလဲ ဖြစ်ထားသလဲဆိုတာရော ... ညည်းသိလို့လား ... "

"ဟာ ... ဖြစ်ထားရင်လည်း ... သမီးခွင့်လွှတ်တယ်လေ အမေရဲ့ ... "

"ဘာ ... ဘာပြောတယ် ... "

ဒေါ်မြို့မေတ္တာ မျက်တောင်တွေ ကော့တက်သွားရပြန်ပြီ။





"အဟင့် ... အမေက အခုခေတ်ကောင်လေး ... ကောင်မလေးတွေကို အမေတို့ခေတ်ကလို ထင်နေလို့လား၊ ကိုယ့် ရှေ့မှာ တစ်ယောက်နဲ့တွဲသွားတာ မြင်ရင်တောင် ... နောက်တစ်ယောက်က အတင်းကြိုက်ချင် ကြိုက်နေကြတာ၊ စိတ်ထဲမှာလည်း ဘာမှ မဖြစ်ဘူး ... အရေးကြီးတာ ကိုယ်ရဖို့ပဲ ... ကိုယ့်ကိုချစ်တယ်ဆိုရင် ပွဲကပြီးနေပြီ ... "

"ဟုတ်တယ် ... ကြီးကြီးမြို့ ... "

ဘေးက တစ်ချိန်လုံး နားထောင်နေတဲ့ဝိုကပါ ... မနေနိုင်တော့ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း ဝင်ပြောသည်။

"ဆိုင်မှာ လက်ဖက်လာစားတဲ့စုံတွဲတွေဆိုလည်း ဒီနေ့ချစ်၊ နောက်နေ့ပြတ် ... ကိုယ်ကလည်း နောက်တစ်တွဲနဲ့ သူကလည်း နောက်တစ်တွဲနဲ့ ... တစ်နေ့ တစ်နေ့ ... ဆိုင်မှာ မျက်စိကိုနောက်နေတာပဲ ... ဘာတွေမှန်းလည်းမသိဘူး ... "

"အေး ... ငါကလည်း အဲဒါမျိုးတွေဖြစ်မှာကြောက်လို့ ညည်းတို့ကို သတိပေးနေရတာ ... စိတ်ထဲက တကယ်မပါဘဲ ဂုဏ်တွေ ငွေတွေ ပကာသနတွေမက်လို့ ... တွဲကြတာမျိုးကို ငါလက်မခံဘူး"

"နှစ်ကူး ... နှစ်ကူး ... ယွန်းကိုခင်တာ တကယ်ခင်တာနော် ... အမေ ... "

"ငါမယုံဘူး ... နှစ်ကူးမ ... "

"ဟော ... ဒုက္ခပါပဲ ... "

နှစ်ကူး ဘယ်လိုပြောရမလဲ ...

အမေ မယုံတာကို ယုံအောင် နှစ်ကူးဘယ်လိုသက်သေပြရမလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ငွိ … နင်ဘာငိုင်ပြီး ငါ့ကိုကြည့်နေတာလဲ … ငါ့ဘက်က ဝိုင်းကူပြောပေးဦးလေ …"

"ဟင် … ငွိက ဘာဝိုင်းပြောပေးရမှာလဲ …"

"ငါ … ငါ … ယွန်းကို တကယ်ခင်တယ်ဆိုတာ …"

ငွိ … မဖြေပါ …

ပြီးတော့လည်း … နှုတ်ခမ်းဒေါင့်စွန်းလေး တစ်ဖက်ကို တောင် … ငွိက မဲ့လိုက်သေး၏။

"ယွန်း … မကြီးနှစ်ကူးအကြောင်းကို ငွိလည်းသိတယ် မကြီးနှစ်ကူး … ယွန်းချမ်းသာလို့ မကြီးနှစ်ကူး ခင်တာ အသိသာကြီး … ကိုကြီးယွန်းကတော့ … မကြီးနှစ်ကူးကို တကယ်ချစ်တာ ဖြစ်နိုင်တယ် …"

"တွေ့လားအမေ … ငွိ ကိုယ်တိုင်ပြောနေတာ …"

"ဘာချစ်တာလဲ … ဘာချစ်တာလဲ … ညည်းကိုအချောင် ရမလားလို့ ချစ်နေတာ …"

"ဟာ … မဟုတ်ပါဘူးအမေရဲ့ …"

"အဟင့် …"

အမေက ဒီလိုပြောတော့ နှစ်ကူး ဝမ်းနည်းမိသည်။

"ငါပြောတာမယုံရင် … ညည်း စောင့်ကြည့်လိုက်၊ တစ်နေ့ ညည်း … ဒုက္ခရောက်လိမ့်မယ် …"

တွေ့လား ဒီစကားကိုပဲ အမေပြောပြန်ပြီ …

"နောက်တစ်ခါ … ယွန်းဆိုတဲ့ကောင်လေးရောက်လာရင် ညည်းလက်ခံစရာလည်းမလိုတော့ဘူး … ငါ့အိမ်ကို ခေါ်လာစရာ လည်း အကြောင်းမရှိတော့ဘူး …"





"သူ … သူက … သမီးကို တကယ်ယူမယ်ဆိုရင်ရော အမေ"

"အေး … တကယ်ယူမယ်ဆိုရင် … ငါလက်ခံတယ်"

"ဟာ … အဲဒါ … အမေတကယ်ပြောတာနော် …"

"အေး …"

"ဒါမှ … နှစ်ကူးတို့အမေကွ …"

"ဟေး … ဟေး …"

မျက်ရည်လေးတွေကို ကမန်းကတန်းလေးသုတ်ကာ အမေ့ ကို နှစ်ကူး ပြေးဖက်လိုက်ပြီ … ။ သမီးကို အမြင်ကတ်ခဲ့ပေမယ့် ဒေါ်မြို့မေတ္တာ ဘာမှမတတ်နိုင်ပါ။

"ငွိ …"

"ဘာလဲ … မကြီးနှစ်ကူးရာ …"

"စောစောက အမေပြောသွားတာ နင်ကြားတယ်နော်"

"ကြားတယ်လေ … အဲဒါဘာဖြစ်လို့လဲ …"

"ငါ … ငါ ယွန်းနဲ့ယူပြီးသွားရင် … ဟိုက်ဘော့စ်မမလေး နှစ်သစ်ကူးဖြစ်တော့မှာ … အဲဒါ … နင်ဝမ်းမသာဘူးလားဟင်ငွိ နှင် … ငါ့ကို အမှန်အတိုင်းပြောစမ်း …"

"ဟာ … တကယ်ယူရင် ဝမ်းသာမှာပေါ့ … မကြီးက ယွန်း ကို တကယ်ချစ်လို့လား …"

ငွိက … မယုံသလို ဖြေသည်။

"ဟဲ့ … သူဌေးဖြစ်အောင် ယူပါတယ်ဆိုမှ ချစ်နေဖို့ လိုသေး လားဟဲ့ … ယွန်းနဲ့ယူပြီးလို့ကတော့ ဒီလိုဒ်ႉ‌ စုတ်မျိုးလား … ငါက



www.burmeseclassic.com

www.burmeseclassic.com



နေမှာ ... ယွန်းက ... စောစောကပဲ သူရမယ့်အမွေတွေ ဘယ်လောက်ရှိတယ်ဆိုတာ ... ငါ့ကိုပြောပြီးသား ... ”

နှစ်ကူးမျက်နှာလေးက မော့နေ၏။

ဝွိက ... မျက်တောင်လေးကိုပင် မခတ်နိုင်ဘဲ ... နှစ်ကူးပြောတာတွေကိုနားထောင်နေရသည်။ မကြီးနှစ်ကူးက တကယ်ချမ်းသာချင်တဲ့ မကြီးနှစ်ကူးပါ ... အိမ်ရှေ့အိမ်က ... မမအီးပုတ်မကို မခံချင်တာက ပိုဆိုးနေသည်။

နောက်ဆုံးမှာတော့ ... ထိုနေ့ကစပြီး ... နှစ်ကူးအချိုးပြောင်းသွားသည်။

“ဟဲ့ ... ဝွိ ... နင်နားမလည်ဘူးလား ... ငါ့အတွက် ဆပ်ပြာသွားတိုက်ဆေး၊ သွားပွတ်တံ၊ မျက်နှာသုတ်ပုဝါ အကုန်ပြင်ထားရမယ်လို့ နင့်ကိုမှာထားတာလေ ... ”

“ဟာ ... မကြီးနှစ်ကူးကလည်း ... ဟိုမှာလေ မကြီးမမြင်ဘူးလား ... နောက်ဖေးရေတိုင်ကီဘေးမှာ အဆင်သင့်ချထားတာ”

ဘဝင်က ... အဲလိုစ,ပြီးတော့ မြင့်နေပြီ။

“နင်နော် ... ငါ့ကိုပေကပ်ကပ်ပြန်ကြည့်မနေနဲ့ ... မျက်နှာသစ် ရေချိုးပြီးတာနဲ့ ... လမ်းထိပ်မှာ Brake First သွားစားမယ်၊ You Understand ... ”

ဘာလဲဟ ...

ဝွိနားမလည်တော့ ... မျက်လုံးလေး ကလယ်ကလယ်နဲ့ပဲ မကြီးနှစ်ကူးကို ကြည့်မိသည်။ ဘယ်လိုဖြစ်တာလဲ ... ။

အရင်တုန်းက ... မကြီးနှစ်ကူးက ဒီလိုမဟုတ်ပါဘူး။





စားသောက်ဆိုင်ကိုရောက်တော့ ...

“ဝွိရယ် ... နန်းကြီးသုတ်စားဖို့တူကိုင်တာများ ခက်နေရဘယ်လို့ ... ဒီမှာကြည့် ... ကြည့် ... ဟောဒီလို လက်မလေးရယ် လက်ညှိုးလေးရယ် ... လက်ခလယ်လေးရယ် ထိန်းပြီးတော့မှ တူကလေးကို ရွရွလေးကိုင် ... လိုသလိုညှပ်ပြီးတော့စား ... ဟင်း နှင်ဒီလောက်တုံးအ,နေရင် ... ငါနောက်ကို နင်ဘယ်လိုလိုက်စားမလဲ ... ”

“ဟင် ... မကြီးနှစ်ကူးက ဘယ်နေရာတွေအထိ လျှောက်သွားပြီးစားမို့လို့လဲ ... ”

“ဟဲ့ ... ငါက ယွန်းနဲ့ညားပြီး ... သူဌေးကတော်ဖြစ်သွားမှတော့ ... ဟိုတယ်ပေါင်းစုံမှာ လိုက်စားတော့မှာပေါ့ဟဲ့ ... Sedona တို့ Trader တို့ Inya Lake တို့ ... နင် ... နင်နားမလည်ဘူးလား၊ ရန်ကုန်မြို့က ... သူဌေးကြီးတွေစားရင် အဲလိုနေရာမျိုးတွေမှာပဲ စားတာလေ ... ”

ဝွိ ... မသိပါ ...

ဝွိသိတာ ... ကိုယ်နေတဲ့ရပ်ကွက်ထဲက အသုတ်ဆိုင်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲဆိုင်တွေနဲ့ အကြော်ဆိုင်တွေပဲ သိသည်။

“ဒီမှာ ... နောက်ဆိုရင် ... နင်သေသေချာချာမှတ်ထား၊ အဲဒီလို ... ဟိုတယ်ကြီးတွေမှာသွားစားရင် ... ထိုင်ခုံမှာ ထိုင်လိုက်ပြီဆိုတာနဲ့ ... ခြေထောက်နှစ်ချောင်းကို တောင့်တောင့်ကြီးချပြီး မထိုင်နဲ့ ... ဟောဒီလို ... ခြေထောက်လေးနှစ်ချောင်းကို တင်ပါးလွှဲလေးချိတ်ပြီးတော့ထိုင် ... အဲ ... အဲ ... ပေါ်တော့မပေါ်ရင်



www.burmeseclassic.com

www.burmeseclassic.com



နော် ... "

"ဟာ ... မကြီးနှစ်ကူးကလည်း ထိုင်မှတော့ ... ဘယ်သူက ပေါ်အောင်ထိုင်မှာလဲ ... "

ဝွိကို ... စားနည်းသောက်နည်းတွေကအစ ... သင်ပေးသလို ဆိုင်ထဲရောက်သွားရင် ထားရမယ့်မျက်နှာထားလေးအစ ... ဘယ်လိုထား ဘယ်လိုပြုံးနဲ့ သင်ပေးနေတာ ... တကယ့်ကို ဆရာမကြီး လေသံနဲ့ ...

ရပ်ကွက်ထဲကလူတွေ နှုတ်ဆက်ရင်လည်း ဟိုတုန်းကလို ပုတ်လိုက်ခတ်လိုက်နဲ့ ... တရင်းတနှီး မနှုတ်ဆက်တော့ပါ ... ။

"နှစ်ကူးရေ ... ဘယ်ကပြန်လာတာလဲ ... "

"ဩော် ... အဟင်း ... ဟိုဘက်ကပါ ... "

ပဲကိုလည်း အဲလိုပေးသည်။

ပြီးတော့လည်း ... နှုတ်ခမ်းလေးကို တွန့်လိုက်သေး၏။

တချို့ ... သိပ်ပြီးတော့ ရင်းနှီးတဲ့သူတွေဆို ...

"နှစ်ကူးရေ ... သတင်းတွေ ကြားတယ်နော် ... "

"ဟင် ... ဘာသတင်းတွေလဲ ... အန်တီ ... "

"အရမ်းချမ်းသာတဲ့ ကောင်လေးတစ်ယောက်နဲ့ယူတော့မယ်ဆို ... "

"အဟင်း ... ဒီလိုပါပဲ အန်တီ ... "

"ကောင်လေးက ... တစ်ဦးတည်းသော သားလေးဆို"

"အဲဒါ ... ဟုတ်တယ်လေ ... အန်တီရဲ့ ... "

"ချမ်းသာသွားရင် ... အန်တီတို့ကို ... မမေ့နဲ့နော်"

"အဟင်း ... ဟင်း ... မမေ့ပါဘူးအန်တီ ... "





ရပ်ကွက်ထဲမှာ ... အဲလိုလည်း သတင်းတွေ ကြီးနေသေးတဲ့ နှစ်ကူး ...

လက်ဖက်သုတ်ဆိုင်ရှေ့မှာ ... ယွန်းရဲ့ ... နောက်ဆုံးပေါ်ကားလေးရပ်ထားပြီဆို ...

"ဟဲ့ ... ဟိုကလေးတွေ ကားနားမကပ်နဲ့သွား ... သွား"

ခြစ်ရာ ပွန်းရာတွေဖြစ်သွားမှာစိုးလို့ ကလေးတွေကို မောင်းထုတ်ရတာလည်းအမော။ ရပ်ကွက်ဆိုတော့ သိတယ်မို့လား ... အတင်းပြောခံရတာလည်း ပေါင်းစုံ။

"ဟဲ့ ... နှစ်ကူးဆိုတဲ့ ... ဒေါ်မြို့မေတ္တာ သမီးလေးက တယ်ဟုတ်နေပါလား ... ဟိုကားနဲ့လာလာနေတဲ့ ကောင်လေးက ချောချောသန့်သန့်လေး ... အဲဒါ ... သူတို့နှစ်ယောက်က ယူတော့မှာဆို ... "

"အမလေး ... အမေရယ် ... ရပ်ကွက်ထဲမှာ လက်ဖက်သုတ်ဆိုင်ဖွင့်ပြီး ... ယောကျ်ားလေးတွေနဲ့ တရှန်းရှန်းလုပ်နေတဲ့ ကောင်မလေးတစ်ယောက်ကို ဘယ်သူကယူမှာလဲ ... ပြီးတော့ နှစ်ကူးက ပိုက်ဆံလည်း တအားမက်တာ ... အဲဒီကလေးနဲ့လာလာနေတဲ့ ကောင်လေးကိုလည်း မွေးနေ့တွေအတင်းဖိတ် ... ဖုန်းတွေ ဘာဂွမ်ဂွမ်ဆက်ပြီးတော့ ... သူက ... အတင်းလိုက်ကြိုက်တာ"

"ဟဲ့ ... ဟုတ်လို့လား ... "

"အဲဒါ ... နှစ်ကူးတို့ အိမ်ရှေ့အိမ်မှာနေတဲ့ အီးပုတ်မပြောတာလေ အမေရဲ့ ... နှစ်ကူးဆိုတဲ့ ကောင်မလေးက ပိုက်ဆံဘယ်လောက်မက်သလဲဆိုရင် ... ညအိပ်ရင်တောင် သူစုထားတဲ့စုဗူးကြီးကို ဖက်ဖက်အိပ်တာတဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဒါဆို ... ပိုက်ဆံမက်လို့ ကောင်လေးကို အပိုင် ဖမ်းထားတာပေါ့ ..."

"ဒါပေါ့ ... အမေရဲ့ ..."

"အဲဒါ ... ဒေါ်မြို့မေတ္တာက သူ့သမီးကို မဆုံးမဘူးလား"

"ဘယ်လိုလုပ်ဆုံးမလို့ရတော့မှာလဲ အမေရာ ... ကောင် လေးပေးထားတဲ့လက်ဆောင်ပစ္စည်းတွေဆိုတာ အမျိုးမျိုးအော တိုက်အောင်ရနေတာ ... ဟော ... အခုဆို ... ဒေါ်မြို့မေတ္တာက တောင် နှစ်ကူးကိုပြန်ကြောက်နေရပြီ ... အခုဆို ... နှစ်ကူးမှာ ဟန်းဖုန်းနဲ့ ..."

"အမလေး ..."

တကယ်တမ်းကျတော့ ... အဲဒီ ဟန်းဖုန်းဆိုတာကြီးကိုင်ပြီး နှစ်ကူးက တွတ်တွတ်တွတ်လုပ်လေ ... ဒေါ်မြို့မေတ္တာက ကြည့်လို့ မရလေ ... ။

"ဟဲ့ ... အိမ်သာထဲမှာ တစ်ယောက်တည်း စကားပြောနေ တာဘယ်သူလဲ ... ဝိုလား ..."

"ဟာ ... ဝိုမဟုတ်ပါဘူးအမေရဲ့ ... သမီး ... သမီးဖုန်းပြော နေတာ"

ဘယ်လိုလုပ်တော့မလဲ ...

မအေကို ကြောက်လို့ ... ရည်းစားကို အိမ်ခေါ်မလာတော့ ပေမယ့် ... အပြင်မှာချိန်းတွေ့မနေပါဘူးလို့ ဘယ်သူက အာမခံနိုင် လို့လဲ ... ဒင်းအပြင်ကို တစ်ခေါက်သွားပြီးလို့ပြန်လာတိုင်း ပါလာတဲ့ လက်ဆောင်ပစ္စည်းအိတ်တွေက ဝိုဝိုင်းဝယ်တာတောင်မနိုင်။





"ဟဲ့ ... ဝို ... အဲဒီအိတ်က အမေ့အတွက်နော် ... ဟိုက ဈေးကြီးစုံရာနဲ့လာရင် ... အမေဝတ်လို့ရအောင် တမင်ဝယ်လာတာ၊ အမေကြိုက်တဲ့ ရွှေပုဇွန်ချောကလက်ကိတ်လေးလည်းပါတယ်၊ ဈေးနှုန်းက ... ပြောလို့ကိုမရဘူး ... Capital မှာရှိသမျှ၊ အကုန်ဝယ် ထည့်ပေးလိုက်တော့တာပဲ ..."

လူကြားကောင်းအောင် ... နှစ်ကူးဘယ်လောက်ပဲလွှင့် ရှင် ...

နှစ်ကူးရင်ထဲမှာ ... တကယ်ခံစားနေရတာက ...

"ဝိုရယ် ... ယွန်းပေးတဲ့လက်ဆောင်တွေကို ... အမြဲယူလာ ရတာ ... ငါ့လိပ်ပြာကိုတောင် ... ငါမသန့်တော့ပါဘူး ... ငါ ... ငါ ... စိတ်လေလေနဲ့ ... လောကကြီးထဲကလူတွေကို မကျေနပ် တိုင်း ... အိမ်ရှေ့အိမ်က ... အီးပုတ်မကို ... မနာလိုဖြစ်တိုင်း၊ ပန်းကိုမချစ်ဘဲ တွဲပြနေတာ ... ငါအရမ်းမှားနေပြီလားဟင် ... ငါလေ ... မြို့ထဲကိုရောက်တိုင်း ပြန်တွေ့ရမလားဆိုတဲ့စိတ်နဲ့ မျှော် လင့်နေမိတာ။ စည်းကာရံဆိုတဲ့ ... ဟိုအစ်ကိုကြီးပဲလေ ... သူ့ကား နဲ့ရတဲ့ ... ကားကြီးတွေဖြတ်သွားတိုင်း ... ငါ့မှာကြည့်လိုက်ရတာ အမော ... ။ ဟိုနေ့တုန်းကဆိုရင် ... ငါ့အိပ်မက်ထဲကိုတောင် ကိုကြီးစည်းကာရံရောက်လာတာ ... သူ ... သူက အကျီနွမ်းနွမ်း လေးနဲ့ ... ငါ့အိမ်ပေါ်ကိုတက်လာလို့ ... ငါ့မှာဝမ်းသာလိုက်ရတာ ဝိုရယ် ... အဲဒါ ... ငါလေ ... အဲဒီကိုကြီးကို ပြေးဖက်တာ ..."

"အမလေး ..."

ဝို ... နှုတ်ခမ်းလေးတွန့်ကာပြုံးရင်း ... မျက်စောင်းလေးကို ပါ မှမ်းထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြီးရယ် … မဖြစ်နိုင်တာကိုမှ မကြီးက … အိပ်မက်ထဲမှာ ထည့်မက်ရတယ်လို့ … ဟိုကဖြင့် … ပျောက်သွားကတည်းက တစ်ခါမှတောင် … ပြန်ပေါ်မလာတော့ဘူး၊ ဒါကိုတောင် … မကြီး နှစ်ကူးက စွဲလမ်းနေရသေးတယ် … မေ့လိုက်ပါ … မကြီးနှစ်ကူးရာ အဲဒီကိုကြီးက … အရမ်းချောတော့ … ရည်းစားတွေဘာတွေ ရှိချင် ရှိနေမှာပေါ့ … ပြီးတော့ … မကြီးနှစ်ကူးအဆင့်လောက်ကို … ဟိုက … ထည့်တွက်မှာတောင် မဟုတ်ဘူး … "

"ဟုတ် … ဟုတ်တယ်နော် … ဖို … "

"ဘာလဲဟင် … မကြီးနှစ်ကူးက … ကိုကြီးစည်းကာရံကို ရော … ချမ်းသာတယ်ဆိုပြီး ချစ်ခဲ့တာလား … "

"ဟာ … မဟုတ်ဘူး … ငါ … ငါအဲဒီသဘောမျိုးနဲ့ … ဒီ ကိုကြီးကို … ချစ်ခဲ့တာမဟုတ်ပါဘူးဖိုရယ် … အဲဒီကိုကြီးနဲ့သာ အတူတူနေရမယ်ဆိုရင် … ဆင်းရဲနေရင်လည်း … အတူတူနေပြီး ဆင်းရဲခံနိုင်တဲ့အထိ … အဲဒီကိုကြီးကို ငါချစ်တယ် … အရင်တုန်းက အချစ်ဆိုတာကို … ငါနားမလည်ခဲ့ပေမယ့် … အဲဒီကိုကြီးနဲ့ခဏ လေးတွေ့ခွင့်ရလိုက်တော့မှ … အချစ်ရဲ့တန်ဖိုးကို … ငါသဘော ပေါက်လာတယ် … ဒါပေမယ့်ဟာ … ငါက ဆင်းရဲတော့ … အဲဒီ ကိုကြီးက … ငါ့ကို … "

နှစ်ကူး ဝမ်းနည်းသွားရတာ … မခံစားနိုင်အောင်ပါပဲ။

ပြောရရင် … အဲဒီကိုကြီးစည်းကာရံကို … နှစ်ကူးတကယ်ပဲ တစ်ဖက်သတ်အချစ်စိတ်ကလေးနဲ့ … စွဲလမ်းရင်ခုန်လာခဲ့ရတာ လား။ ယွန်းအနားမှာ နှစ်ကူးဘယ်လောက်ပဲနေနေ … နှစ်ကူးအမြဲ သတိရနေတာ … အဲဒီကိုကြီးစည်းကာရံပဲလေ … နှစ်ကူး မျက်နှာ





လေးကို ရီရီဝေဝေမျက်လုံးကလေးတွေနဲ့ကြည့်ပြီး … ပြုံးလိုက်တဲ့ အပြုံးလေးကို … နှစ်ကူးဘယ်လို မေ့ပစ်လိုက်ရမှာလဲ … ကိုကြီး ရယ်။

ဖြစ်နိုင်ရင် … ကိုကြီးကို … နှစ်ကူးပြန်တွေ့ချင်ပါတယ်။

မြို့ထဲကိုရောက်တိုင်း … လမ်းပေါ်မှာ ဖြတ်မောင်းသွားတဲ့ အနက်ရောင် အိစက်နေတဲ့ ကားသစ်ကြီးတွေကို မြင်ရတိုင်း၊ ကိုကြီး သားရယ်လို့ … ထိတ်ခနဲ ရင်ခုန်ခုန်သွားရတဲ့ … ကျောပိုးအိတ် ကလေးလွယ်ထားတဲ့ကောင်မလေးတစ်ယောက်ကို မေ့မပစ်လိုက် ပါနဲ့လားကိုကြီးရယ် … ။



www.burmeseclassic.com

www.burmeseclassic.com



**အခန်း ဆယ့်လေး**

ဒီလိုနဲ့ပဲ ... တစ်နေ့မှာတော့ ...

ယွန်းနဲ့ချိန်းထားလို့ ... အဲကွန်း ဘတ်စ်ကြီးစီးပြီး မြို့ထဲကို အသွား ...

ဆူးလေကားဂိတ်ကိုရောက်လို့ ကားပေါ်ကဆင်းပြီး တစ်ဖက်ကားလမ်းကိုကူးဖို့ ... ခြေလှမ်းကလေး လှမ်းလိုက်စဉ်မှာတော့ ...

"ကျွီ ... "

"ဒုန်း ... "

"ဟာ ... တိုက်ပြီ ... "

မျက်စိတမှိတ် လျှပ်တစ်ပြက်အတွင်းမှာ နှစ်ကူး ဘာဖြစ်သွားမှန်း မသိလိုက်ပါ။ နှစ်ကူး သတိရလို့ ကြည့်လိုက်တော့ လူတစ်ယောက်ရဲ့ရင်ခွင်ထဲမှာ ... နှစ်ကူးရောက်နေသည်။





"အို ... လွှတ် ... လွှတ် ... "

"ဟာ ... မင်း ... မရုန်းနဲ့လေ ... ချာတိတ် ... ကိုယ့်ကားနဲ့မင်းကိုတိုက်မိပြီး ... သတိမေ့လဲကျသွားလို့ ဆေးရုံကိုအရေးပေါ်ပို့ပေးဖို့ ကိုယ်ခေါ်လာတာ ... မင်း ... မကြောက်နဲ့ ... နည်းနည်းလေးပွန်းပဲ့သွားတာကလွဲရင် ... မင်းဘာမှမဖြစ်ဘူး ... "

"ဘုရားရေ ... ရှင် ... ရှင်က ... ဘယ်သူလဲ ... "

"ကိုယ့်နာမည် ... စည်းကာရံလေ ... မင်း ... မေ့နေပြီလား ... "

"စည်းကာရံ ... "

နှစ်ကူး ... မျက်တောင်လေးတွေကို တဖျတ်ဖျတ်လေးပုတ်ကာ သူ့ကိုကြည့်လိုက်မိတာကာ ... စက္ကန့်ပေါင်းများစွာ ... ဘယ်တော့မှ ပြန်ဆုံမယ်လို့ နှစ်ကူးထင်မထားခဲ့တဲ့ ... စည်းကာရံဆိုတဲ့ ကိုကြီး ...

"ရှင် ... ရှင့်ကားနဲ့မှ ... နှစ်ကူးကိုတိုက်မိတယ် ... ဟုတ်လား"

"ဟုတ်တယ် ... ကိုယ်ဘာမှ မတတ်နိုင်ခဲ့ဘူး၊ တိုက်မိသွားတာ အရှိန်သိပ်မပြင်းသလို ... ဘရိတ်အုပ်လိုက်တာလည်း မြန်သွားလို့ ... မင်းသက်သာသွားတာ ... အခု ... မင်း ... ဘာဖြစ်သေးလဲ"

"ဟာ ... ဘာမှမဖြစ်ပါဘူး ... "

"ပြောရမယ်ဆိုရင် ... ကားကို ကိုယ့်ဒရိုင်ဘာကမောင်းလာတာ ... လမ်းပေါ်မှာ မင်းလဲကျသွားတဲ့အချိန်မှာ ... မင်းကိုပွေ့ချီပြီး ကားပေါ်ကောက်တင်ခဲ့တာလည်းကိုယ်ပဲ ... ဘာလဲ ... ယွန်းလက်ျာဆိုတဲ့ ... ချာတိတ်လေးတစ်ယောက်နဲ့ချိန်းလို့ ... မင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ထွက်လာတာလား ... ဘာပဲပြောပြော မင်းနဲ့ ယွန်းလက်ဂျာကီစွတွေကို ကိုယ်စိတ်မဝင်စားပါဘူး၊ ကိုယ်စိတ်ဝင်စားတာ ... မင်းကိုပြောချင်နေတဲ့ ကိုယ့်ရင်ထဲကစကားတွေ"

ဘုရားရေ ... ကြည့်စမ်း ... ။

နှစ်ကူး ... ဒုတိယအကြိမ်မြောက် ဘုရားတ,လိုက်ရပြန်ပြီ။

ဦးစည်းကာရံဆိုတဲ့ဒီလူကြီးက ... ယွန်းလက်ဂျာကို ဘယ်လိုလုပ်သိနေတာလဲ ...

နှစ်ကူးမျက်တောင်ရှည်လေးတွေကို ... ပင့်ကော့ကာ၊ ဦးစည်းကာရံရဲ့မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိသည်။

"ကိုယ်ပြောတာကို ... မင်းသိပ်အံ့သြသွားလို့ ... ကိုယ့်ကို မင်းလှည့်ကြည့်လိုက်တာလားဟင် ... ချာတိတ် ... မအံ့သြပါနဲ့၊ ကိုယ်ဝယ်ပေးလိုက်တဲ့ ... လက်ဆောင်ဖိနပ်ကလေးကိုယူပြီး ... အဲကွန်းဘတ်စ်ကားကြီးပေါ် ... မင်းနဲ့ဂွီဆိုတဲ့ကောင်မလေး တက်သွားခဲ့ကတည်းက ... မင်းနောက်မှာ အရိပ်လေးတစ်ခုလို ကိုယ်အမြဲရှိနေခဲ့တာ ... မင်းနေတဲ့ရပ်ကွက်၊ မင်းနေတဲ့လမ်း၊ မင်းနေတဲ့အိမ် ... မင်းဖွင့်ထားတဲ့ လက်ဖက်သုတ်၊ ဂျင်းသုတ်ဆိုင်ကလေးကအစ ... ကိုယ်သိတယ်၊ နောက်ဆုံး ... မင်းသိအောင် ကိုယ်တစ်ခုထပ်ပြောရမယ်ဆိုရင် ... မင်းရဲ့လက်ဖက်ဆိုင် ဆိုင်းဘုတ်လေးမှာနှင်းဆီဖြူဖြူလေးတစ်ပွင့် ... အမြဲလာချိတ်ခဲ့တာလည်း ကိုယ်ပဲ"

"ဟာ ..."

ဦးစည်းကာရံဆိုတဲ့လူကြီးကိုကြည့်ကာ ... နှစ်ကူး မျက်တောင်မခတ်နိုင်တော့ပါ။ ကြည့်ပါဦး ... နှစ်ကူးကလည်း အဲဒီတရားခံကို ... အမြဲလိုက်ရှာနေတာ ... မတွေ့တော့ ဟိုလူစွတ်စွဲ





ဒီလူစွတ်စွဲနဲ့ ... ။

အခု ... အဲဒီတရားခံက ... ဦးစည်းကာရံ ... တဲ့။

ဘာလဲ ... ဦးစည်းကာရံ ဘာသဘောနဲ့ အဲဒီနှင်းဆီဖြူဖြူလေးကို လာချိတ်ခဲ့တာလဲ ...

"ရှင် ... ရှင် ... ဘာသဘောနဲ့ ကျွန်မရပ်ကွက်ထဲအထိလိုက်လာပြီး ... ဒီနှင်းဆီဖြူလေးကို လာချိတ်ခဲ့တာလဲ ..."

"ဟွန်း ... အဲဒါ ... ကိုယ်ဖြေရမလား ..."

"ဖြေလေ ... ဖြေ ..."

"ကိုယ် ... မင်းကိုသိပ်ချစ်လို့ ..."

"ရှင် ..."

နှစ်ကူးကိုယ်လေး ထုံကျင်နေအောင်ကိုပဲ အေးစက်သွားခဲ့ရပြီ ... ။

ကြည့်ပါဦး ... နှစ်ကူးမျက်နှာလေးကိုတောင် လှည့်မကြည့်တော့ဘဲ ... ရှင်းရှင်းပြတ်ပြတ်ကလေး ဖြေချလိုက်တာ ... ကိုယ်မင်းကိုသိပ်ချစ်လို့ ... တဲ့ ... ။

"ရှင်းတယ်နော် ... ချာတိတ် ... ကိုယ်ဘဝတစ်လျှောက်လုံးမှာ ... သံပတ်ပေးထားသလိုခုန်နေတဲ့ ... စည်းချက်ညီညီ ရင်ခုန်သံမျိုးနဲ့မတူတဲ့ ... ရင်ခုန်သံတစ်ခုကို မင်းနဲ့စ,တွေ့တဲ့နေ့မှာပဲ ကိုယ်စ,ပြီးတော့ ... ကြားခဲ့တယ်၊ မင်းသိအောင် ထပ်ပြီးပြောရမယ်ဆိုရင် ကိုယ်ကျင်လည်နေတဲ့ပတ်ဝန်းကျင်မှာ စည်းကာရံကို လိုအပ်နေတဲ့မိန်းကလေးတွေမှ ... အများကြီး၊ သူတို့ကြောင့် ... ကိုယ့်မျက်ဝန်းတွေ တစ်နေရာတည်းမှာ အမိန့်ပေးထိန်းချုပ်ခံလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သလို ရုပ်တန့်သွားခဲ့ရတာမျိုး ... ကိုယ်တစ်ကိုယ်လုံး ရေခဲချောက် တစ်ခုထဲကို ပြုတ်ကျသွားခဲ့သလို ... ထုံကျင်အေးစက်သွားခဲ့ရတာ မျိုး မရှိခဲ့တဲ့ဘဝမှာ ... မင်းနဲ့တွေ့မှ ... ကိုယ့်မာနတွေကို လက်နက် ချလိုက်ရတာ ... ”

“ဟင် ... ”

နှစ်ကူးထပ်ဆင့်ပြီးတော့ ... နှုတ်ခမ်းလေးတွေ ပိုင်းဟသွား ခဲ့ရပြန်ပြီ။

ကားနောက်ခန်းထဲမှာ ပုခုံးချင်းထိလုနီးပါး တိုးကပ်ထိုင်နေ တဲ့ ... ဦးစည်းကာရံဆိုတဲ့ လူကြီးတစ်ယောက်ဟာ စကားပြောပုံ လေးကအစ တည်တင်းရှင်းပြတ်စွာ တခမ်းတနား ပြောတတ်သူ တစ်ယောက်ရယ်ပါလား ... ။

ဝတ်ထားတာလေးကလည်း ... ဟိုတစ်ခါတွေ့ခဲ့တုန်းကလို နိုင်ငံခြားဖြစ် ... အကောင်းစား Brand ရုပ်လက်ရှည် အဖြူစင်း မီး ခိုးရောင်လေး ... မျက်ဝန်းတွေက စူးရှတောက်ပသလို ရှင်းသန့်တဲ့ နှုတ်ခမ်းတွေကို ပိုင်ထားပုံလေးကအစ ရင်ခုန်စိတ်လှုပ်ရှားအောင် ဆွဲဆောင်ညှို့ယူနေသလိုမျိုး။

နှစ်ကူး မျက်နှာပူနေမိပေမယ့် ... ဘာတတ်နိုင်တော့မှာလဲ။

“ဒါပေမယ့်ကွာ ... ”

“ရှင် ... ”

“မမျှော်လင့်ဘဲ ... မင်းနဲ့ယွန်လက်ျာဆိုတဲ့ကောင်လေး CAPITAL ထဲကို လက်ချင်းချိတ်ပြီး တွဲဝင်သွားတဲ့အချိန်မှာ ကိုယ့် လက်ထဲမှာ ကိုင်လာတဲ့ နှင်းဆီဖြူပန်းစည်းလေး ပြုတ်ကျသွားခဲ့





သလို ကိုယ်မျှော်လင့်ချက်တွေပါ ... အဆုံးသတ်သွားခဲ့လို့ ... စိတ် လေလေနဲ့ ... နိုင်ငံခြားအပန်းဖြေခရီးတစ်ခုကို ကိုယ်ထွက်သွား ခဲ့ရတဲ့အထိ ... စိတ်လေသွားခဲ့တယ်ဆိုရင် မင်းယုံနိုင်ပါ့မလားဟင် ချာတိတ် ... ”

ကြည့်စမ်း ...

ဦးစည်းကာရံ ဖြစ်သွားခဲ့တာ ... ဒီအထိတောင် ...

“ခုတော့ ... တိုက်တိုက်ဆိုင်ဆိုင် မင်းကို ကိုယ်ပြန်တွေ့ခဲ့ ရပြီလေ ... ဘာပဲပြောပြော မင်းကိုတွေ့ခွင့်ရလို့ ကိုယ့်စိတ်တွေ လှုပ်ရှားရပါတယ် ... မင်းဟာ ကိုယ်အလွယ်တကူ မေ့ပျောက်လို့ မရတဲ့ အိပ်မက်လေးတစ်ခုဖြစ်သလို ... ကိုယ်ဆက်လျှောက်ရမယ့် လမ်းတစ်ခုကို ရွေးချယ်ပေးနိုင်တဲ့ လမ်းပြမြေပုံလေးတစ်ခု ဖြစ်နေ တာကိုလည်း ကိုယ်ဝန်ခံပါတယ် ... ကိုယ် တခုပဲ ... မင်းကိုပြော မယ် ... ဖြစ်နိုင်ရင် ယွန်းလက်ျာကို မင်း ... ခဏလေး မေ့ထား လိုက်ပါ ... ”

“ရှင် ... ”

“ယွန်းလက်ျာလေ ... အခု ... မင်းနဲ့တွဲနေတဲ့ကောင်လေး။

ကြည့်ပါဦး ... ယွန်းလက်ျာကိုတောင် နှစ်ကူးက ခဏလေး မေ့ထားလိုက်ရမတဲ့ ... ။

ဘာဖြစ်လို့ ... ယွန်းလက်ျာကို မေ့ထားရမှာလဲ ... ။

ယွန်းလက်ျာက ... ဘာဖြစ်နေလို့လဲ ...

“အဲဒါ ... ကိုယ် ... မင်းကို သိပ်ချစ်လို့တောင်းဆိုတာ၊ ကိုယ် စကားတွေအများကြီးလည်း ... မင်းကိုပြောမပြချင်ဘူး၊ ပြောပြဖို့ အချိန်လည်း ကိုယ့်မှာမရှိဘူး ... မိနစ်တိုင်း၊ စက္ကန့်တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ ကိုယ့်အတွက် … သေလုမျောပါး အရေးကြီးနေတယ်၊ ခဏလေး ငိုင်သွားတာနဲ့ … ကိုယ်ဆောက်ထားတဲ့ အထပ်ကြီးတစ်ခုလုံး ဝုန်းခနဲ ပြိုကျသွားတာကို အဖြစ်မခံနိုင်လို့ … ကိုယ်လှုပ်ရှားနေတာ ရပြီ … ဒရိုက် … ဘယ်ကိုချိုးပြီး ညာဘက်လမ်းကနေ မောင်းတက်သွားလိုက် … ”

သူ့ဒရိုင်ဘာကိုလည်း … ဒရိုက်လို့ ခပ်ရှင်းရှင်းလေးခေါ်ပြီး အမိန့်ပေးသည်။

ဘာတွေလဲ … ။

ဦးစည်းကာရံရဲ့ အပျံစားအိစက်နေတဲ့ ဗီမ်ခံကားကြီး ဘယ်ကိုရောက်အောင် မောင်းနေတာလဲ … နှစ်ကူးနားမလည်ပါ။ မျက်တောင်လေး တဖျတ်ဖျတ်ပုတ်ကာ အလုံပိတ် ကားမှန်ပြတင်းမှ တစ်ဆင့် … အပြင်ကိုလှမ်းကြည့်လိုက်တော့ … မိုးထိအောင်မြင့်တက်နေတဲ့ အဆောက်အဦကြီးတစ်ခုဘက်ကို ကားလေးဝင်သွားတာ … သိလိုက်ရသည်။

နှစ်ကူး … သူ့မျက်နှာကို ကပျာကယာ လှည့်ကာ မော့ကြည့်လျှက် … ။

“ကျွန်မ … ကျွန်မကို ဘယ်ခေါ်သွားမလို့လဲ … ဦးစည်းကာရံ … ”

“အရေးကြီးတဲ့ … အစည်းအဝေးတစ်ခု ကိုယ်တက်စရာရှိလို့ … ဟိုမှာ … တွေ့လား … ကိုယ့်ကိုစောင့်နေတဲ့လူအုပ်တွေ ကိုယ်ရောက်တာ နောက်ကျနေလို့ သူတို့စိတ်ပူနေကြပြီ … ဒီအစည်းအဝေးကို ကိုယ်နဲ့အတူ မင်းပါ … တစ်ခါတည်းတက်ရမယ်၊ ကိုယ့်ဘေးမှာ မင်းထိုင်နေရင် … ကိုယ်ကျေနပ်ပြီ … ”





“ရှင် … ”

သူ … နှစ်ကူးကို အမိန့်ပေးလိုက်တာလား။

သူ့လက်အောက်က ငယ်သားတစ်ယောက်ကို ပြောသလို မျက်နှာထားမျိုးနဲ့ သူ့စိတ်ကြိုက်အနေအထားဖြစ်အောင် ဖန်တီးယူပစ်လိုက်တာလား … နှစ်ကူး ကြောက်သွားတာ … တစ်ကိုယ်လုံး အေးစက်လို့ …

အဖြစ်အပျက်အားလုံး မြန်မြန်ဆန်ဆန်ကြီးနဲ့ ဆက်တိုက်ပြောင်းလဲသွားတာကိုလည်း နှစ်ကူးမယုံနိုင်။ ဒီလိုနေရာမျိုး ဒီလိုအခြေအနေမျိုး တစ်ခုအောက်မှာ … သူ့ကားလေးထိုးရပ်လိုက်တာကိုပဲ … ဦးညွတ်ကြိုဆိုဖို့ ဝိုင်းအုံလာသည့် မဝံ့မရဲသော မျက်လုံးပေါင်းများစွာအောက်မှာ … အသက်ရှူမှားစွာ နှစ်ကူး ထိတ်လန့်သွားခဲ့ရသည်။

“ချာတိတ် … မင်းမကြောက်နဲ့ … ”

ထိုအသံဟာ ကားပေါ်က မဆင်းခင် … နှစ်ကူးကို သတိပေးလိုက်တာပဲဖြစ်သည်။

“ဦးစည်းကာရံ … ရောက်လာပြီ … ”

သူ့ကို ကြိုဆိုနှုတ်ဆက်ဖို့ ကားတံခါးအဝကို အပြေးကလေးချဉ်းကပ်လာသူတွေထဲမှာ ကြက်သွေးရောင် … ဆင်တူဝမ်းဆက်ဝတ်စုံလေးတွေ ကိုယ်စီဝတ်ဆောင်ထားသည့် မိန်းမပျိုလေးကချည်းပဲ ခြောက်ယောက် … ။

သူတို့အားလုံးလက်ထဲမှာ … ကိုင်ထားကြတာ …

အဖြူရောင် … နှင်းဆီပန်းစည်းလေးတွေချည်းသာ …

“လာ … ချာတိတ် … ကိုယ့်လက်မောင်းကို ချိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက် ...”

“ရှင် ...”

“လိုအပ်လို့ ကိုယ်ပြောတာ ... ကိုယ်အခွင့်အရေးယူနေကာ မဟုတ်ဘူး ...”

သူလုပ်သွားသမျှ အရာတိုင်းကိုရော ... နှစ်ကူး လွန်ဆန်လိုက်ဖို့ ဘာကြောင့်များ မေ့သွားသလို ဖြစ်သွားခဲ့ရတာလဲ ... ။

“ဟေး ... ဟေး ...”

“ရှိုး ... ဖြောင်း ... ဖြောင်း ...”

မထင်မှတ်ဘဲ ... ဝေါခနဲ ညံတက်သွားတဲ့ လက်ခုပ်သံတွေ။

“လာ ... ချာတိတ် ...”

“အို ...”

ကားပေါ်ကအဆင်းမှာပဲ ... နှစ်ကူးလက်ဖျားကလေးကို ကိုင်ကာ ... ကားပေါ်က ဆင်းစေခဲ့သလို ... နှစ်ကူး ခြေထောက်လေးတွေ အခင်းကျောက်ပြားကလေးပေါ် ... ထိရပ်မိသွားခဲ့ချိန်မှာတော့ ... သူ့လက်မောင်းလေးတစ်ဖက်ကို အသိစိတ်မဲ့စွာ ချိတ်ထားမိလျက်သားလေး ဖြစ်သွားခဲ့ရပြီ။

“ဟေး ... ဟေး ...”

“မင်္ဂလာပါ ... ဦးစည်းကာရံ ...”

“S.M.W International Lemited Group က ဝမ်းမြောက်ဂုဏ်ယူစွာ ကြိုဆိုပါတယ် ...”

“အဟွန်း ... မင်္ဂလာပါ ... အားလုံးကို ကျေးဇူးတင်ပါတယ်”

ဘယ်လိုလဲ ... ဦးစည်းကာရံရယ် ...





ရှင့်ဘဝကြီးက ကြက်သီးထ,စရာ ကောင်းလောက်အောင် ကိန်းခန်းတွေ ကြီးလှချည်လား။ နှင်းဆီပန်းစည်းဖြူလေးတွေနဲ့ တခမ်းတနား ကြိုဆိုနေတဲ့ မိန်းကလေးတွေကိုယ်တိုင်က ထိရက်စရာမရှိအောင် အိစက်နေတာမို့ ... သူ့ဘဝကို နှစ်ကူးအံ့သြသွားရသလို ... ဒီလို ... အခင်းအကျင်းနဲ့ကြိုဆိုမှုတွေအောက်မှာ သူဟာ ဘယ်လောက်အထိ အရေးပါအရာရောက်နေခဲ့လို့လဲ ... ။

ပြီးတော့လည်း ... သူဝင်လာရာ လမ်းတစ်လျှောက်နောက်ကနေ ... အုံခဲပြေးလိုက်လာသူတွေ ... ခတ်ပုံတဖျတ်ဖျတ်ရိုက်နေကြတဲ့ ကင်မရာမင်းတွေအားလုံးကို ပြုံးလည်းမပြ ... နှုတ်လည်းမဆက်တော့ဘဲ ... သူလျှောက်လာခဲ့တာဟာ တစ်လောကလုံး ဘယ်သူ့ကိုမှ ဂရုစိုက်နေစရာမလိုတဲ့ မျက်နှာထားမျိုး။

ဒါကို ... ဒီဟိုတယ်ကြီးရဲ့ အစည်းအဝေးခန်းမကြီးတစ်ခုလုံးမှာ ရှိနေသမျှ ကြည့်နေသမျှ မျက်လုံးတိုင်းကရော သူနဲ့နှစ်ကူးကို တအံ့တသြကြည့်နေခဲ့ကြတာတွေအားလုံးဟာ ... မယုံနိုင်လောက်စရာ ပဥ္စလက်ပြကွက်တစ်ခုကို ကြည့်နေရသလို ခံစားလိုက်ကြရလို့လား ... ။

အားလုံး ဘယ်သူမှ မျက်တောင်မခတ်နိုင်ကြပါ ... ။

“ဘယ်က ... ကောင်မလေးလဲဟင် ...”

“ဦးစည်းကာရံနဲ့ ... တွဲဝင်လာတာ ဘယ်သူလဲ ...”

တီးတိုးဝေဖန်သံလေးတွေက နေရာကွက်လပ်မကျန်အောင် တမဟုတ်ချင်း ပျံ့နှံ့သွားသည်။ နှစ်ကူး အံ့သြနေရတာက ကိုယ်ကျင်လည်ရာ အသိုင်းအဝိုင်းနှင့်မတူသော ... မိုးတိမ်နန်းတော်ကြီးတစ်ခု ... ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်ကြီးတစ်ခုပေါ်မှ ... ဖြာဆင်းကျလာသော အလင်းတန်းတွေ ရောင်စုံတဖျတ်ဖျတ်ပြေးနေသည်။ အလှမီးဆိုင်းတွေ ... ခန်းမကြီးနှင့်အပြည့် ... ဘေးဝဲယာအလည်လျှောက် လမ်းမှာပါမကျန် ... ခင်းကျင်းချထားသည့် အဖိုးတန်ကျွအလှပန်းပွင့်ရောင်စုံတွေ ... လူအုပ်ထဲက မွေးရနံ့တွေ ... လေအေးပေးစက်တွေဆီက ... အအေးငွေ့စိမ့်စိမ့်ကလေးတွေ ... ။

ထိုအချိန်မှာ ... နှစ်ကူး သတိရလိုက်တာက ယွန်းလက်ျာပါ ... ။

သူပေးထားတဲ့ ဟန်းဖုန်းလေးကလည်း ... ဦးစည်းကာရံကိုယ်တိုင် ပါဝါပိတ်ချထားလို့ ခေါ်လို့လည်းမရ ... ဆက်လို့လည်းမရ။ အခုဆိုရင် ... ချိန်းထားတဲ့နေရာမှာ နှစ်ကူးအလာကို တမျှော်မျှော်နဲ့ ယွန်းစောင့်နေလောက်ပြီ ... ။

ဗွိကို ... ခေါ်မလာမိတာ မှားတာပဲ ...

ဗွိသာ ... ဒီလိုနေရာမျိုး၊ ဒီလိုအခမ်းအနားမျိုးထဲကို ရောက်လာရင် ... ဘယ်လောက်အံ့သြပြီး ပျော်နေလိုက်မလဲ ... စားပွဲဝိုင်းတစ်ခုမှာ ထိုင်မိတော့လည်း ... နှစ်ကူးတို့ ထိုင်ရတဲ့စားပွဲဝိုင်းက ထိပ်ဆုံးက V.V.I.P စားပွဲဝိုင်း ... ။

စိုပြေချောမောသော လူကြီးနှစ်ယောက် ... သုံးယောက်လောက်ပဲရှိသည့် စားပွဲဝိုင်း။

ထိုဝိုင်းက လူကြီးတွေ ... ဦးစည်းကာရံဝင်လာတာကို မြင်သည်နှင့် ... ပြိုင်တူလိုလိုထ,ရပ်ကာ ... သူ့ထက်ငါ ဦးအောင် နှုတ်ဆက်ဖို့ ကြိုးစားလိုက်တာကလည်း ... ဦးစည်းကာရံရဲ့ ... ခမ်းနားမှုတွေကို ထပ်ဆင့်ဂုဏ်ပြုပေးလိုက်သလို ... ။





"တွေ့ရတာ ... ဝမ်းသာပါတယ် ... ဦးစည်းကာရံ ... "

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း ဝမ်းသာပါတယ် ... "

"ဒီ Metting ကို ဦးစည်းကာရံကိုယ်တိုင် တတ်ပဲ့မလားလို့ ကျွန်တော်တို့အားလုံး စိတ်ပူလိုက်ရတာဗျာ ... ဒီပွဲဟာ Finishing Deside လုပ်ရမယ့်ပွဲမို့ ... ဦးစည်းကာရံ မပါရင်မဖြစ်လို့ပါ ... "

"ဟုတ်ကဲ့ ... အကောင်းဆုံးအဖြေတစ်ခုအတွက် ကျွန်တော်တို့ ညှိနှိုင်းကြတာပေါ့ ... "

"ထိုင်ပါ ... ဦးစည်းကာရံ ... "

နှစ်ကူး စဉ်းစားလိုက်မိတာက ... ဦးစည်းကာရံဆိုတဲ့လူတစ်ယောက်ဟာ ... ဒီလိုအံ့နဲ့ကျင်းနဲ့ တခမ်းတနား ပြင်ဆင်ထားတဲ့ အစည်းအဝေးခန်းမကြီးထဲမှာ ... သိပ်ကို အရေးပါအရာရောက်တဲ့ လူတစ်ယောက် ဖြစ်နေခဲ့လို့လား ... ။

သူဝင်ထိုင်တော့ ... ဘုမသိဘမသိနဲ့ ကြောင်တောင်တောင်လေး နှစ်ကူးဝင်ထိုင်ရသည်။ သူတို့ဆွေးနွေးကြတဲ့အထဲမှာ မြန်မာပြည်ထဲမှာ ... ထွက်နေသည့် စိန်သတ္တု ရှာဖွေရေးကိစ္စများ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဒေါ်လာပေါင်စတာလင် ... မြန်မာကျပ်ငွေ ... လတ်တလော ကျဈေးတက်ဈေးများနှင့် နိုင်ငံတကာ ... ချိတ်ဆက်မှုများ ... ။

နှစ်ကူး ... ခေါင်းတွေမူးလာသည်။

နှစ်ကူး ... တစ်ကိုယ်လုံး အေးစက်လာသည်။

နှစ်ကူး နားလည်လိုက်တာ၊ ဦးစည်းကာရံဆိုတာ အသက်သုံးဆယ်စွန်းစွန်းအရွယ်ကလေးမှာပင် ... နိုင်ငံတကာလှည့်နေတဲ့ လုပ်ငန်းရှင် သူဌေးကြီးတစ်ယောက်ဆိုတာ ... လုပ်ငန်းအတူ ရှယ်



www.burmeseclassic.com

www.burmeseclassic.com



ယာလုပ်ဖို့ … ဦးစည်းကာရံ ထည့်လိုက်သည့်ငွေကပဲ သန်းရာနဲ့ချီနေသည့် ဒေါ်လာတွေ … ။

ယွန်းဘဝနဲ့ … ဦးစည်းကာရံရဲ့ အနေအထားကိုယှဉ်လိုက်တော့ … ယွန်းဟာ ဦးစည်းကာရံရဲ့ … ခြေဖဝါးအောက်က မြူမှုန်လေးတစ်မှုန် ဖြစ်သွားခဲ့ရပြီ။

"ရပြီ … ချာတိတ် … ကိုယ်တို့ပြန်ကြစို့ … "

ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ သဘောတူလက်မှတ်ထိုးပြီးတာနဲ့ … နှစ်ကူး လက်ကလေးကိုတွဲပြီး ချာခနဲ လှည့်ထွက်လာခဲ့တဲ့ … ဦးစည်းကာရံ …

ပြတ်သားလှချည်လား …

မာကျောလှချည်လား …

ရိုင်းတာမဟုတ်သလို … မလိုတာကို ဘာမှမလုပ်တဲ့ အနေအထားမို့ ပြန်အထွက်မှာ ကမ်းပေးနေတဲ့ ပန်းစည်းတွေထဲကတစ်ခုသော ပန်းစည်းလေးကို လှမ်းယူလိုက်တာ … အဲဒီအစည်းထဲကမှ အလှဆုံးနှင်းဆီဖြူလေး တစ်ပွင့်ကို ဦးစည်းကာရံက ဆွဲထုတ်သည်။

"ရော့ … ချာတိတ် … "

"ဟင် … "

"နှင်းဆီဖြူဖြူ … မင်းပဲယူ … "

"ဘုရားရေ … "

တလက်လက်ဖြာနေတဲ့ မျက်ဝန်းပြာတွေရဲ့ စူးလက်ညို့ငင်မှုတွေအောက်မှာ နှစ်ကူး … ဘာဖြစ်သွားခဲ့သလဲဆိုတာ မသိနိုင်တော့လောက်အောင်ပဲ ခံစားအေးစက်သွားခဲ့ရတာ … နှစ်ကူး မမြင်





ဘူးခဲ့တဲ့ … အချစ်စစ် အချစ်မှန်တွေလား … ။

ယွန်းနဲ့မတူသော ဖျားယောင်းသွေးဆောင်မှု …

ယွန်းနှင့်တွေ့နေစဉ်မှာ မကြားခဲ့ရသော ရင်ခုန်သံ …

"ကိုယ် … ခေါ်တဲ့နောက်ကို မင်းခဏလေး … လိုက်ခဲ့ဦးနော် … ချာတိတ်လေး … "

နှစ်ကူး … ရောက်သွားခဲ့တာ …

နန်းတော်ကြီးတမျှ တိတ်ဆိတ်ငြိမ်သက်လှတဲ့ … ခြံဝင်းကျယ်ကြီးထဲက အဆောက်အဦကြီးတစ်ခုထဲကိုပါပဲ …

"မင်း … ကိုယ့်ကို ကြောက်နေပြီလားဟင် … ချာတိတ်၊ မကြောက်ပါနဲ့ … ဘယ်သူမှရှိမနေတဲ့နေရာကို ကိုယ်ခေါ်လာခဲ့တာ မဟုတ်ဘူး … ကိုယ်ဆီက ခေါ်သံမကြားသရွေ့ ကိုယ့်ရှေ့မှာ ဘယ်သူမှ လာမရပ်ရဲတဲ့နေရာ … "

"ရှင် … ရှင် … ကျွန်မကို ဘာဖြစ်လို့ … ဒီလိုနေရာတွေ လျှောက်ခေါ်သွားနေတာလဲ … "

"အဲဒါ … မင်းသိချင်လား … "

"ဟာ … သိချင်လို့ … မေးတာပေါ့ … "

"ကိုယ် … မင်းကို … စ,တွေ့တဲ့နေ့ကတည်းက စိတ်ဝင်စားလို့ ကိုယ်ကျင်လည်ရပ်တည်နေတဲ့ … အသိုင်းအဝိုင်းတွေထဲကို ခေါ်သွားခဲ့တာ … ကိုယ်ထပ်ပြောမယ် … လမ်းပေါ်က ရွှံ့စက်ရေလေးစင်သွားတဲ့ကိစ္စလေးနဲ့ ကိုယ့်နောက်ကို သတ္တိရှိရှိလိုက်လာပြီး … လိုချင်တဲ့လျော်ကြေးကိုယူသွားတဲ့ … မင်းကို ကိုယ်သဘောကျတယ် … အဲဒီနေ့က … ကိုယ့်ကိုမြူဆွယ်တာ ဖျားယောင်းတာ မျှော်လင့်ချက်ပေးတာတွေ … ဘာမှမလုပ်ခဲ့ဘဲ … လိုချင်တာရလို့



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားတဲ့ ... မင်းမျက်နှာလေးပေါ်မှာ ကလေးဆန်ပြီး ရိုးသားတဲ့မက်မောမှုလေးတွေကိုပဲ ... ကိုယ်တွေ့လိုက်ရလို့ ကိုယ်ပိုင်ဆိုင်သမျှအရာတွေအားလုံး မင်းကို ... ပေးချင်သွားခဲ့တာ ... အဲဒီအတွက် မင်းနောက်ကို ... ကိုယ်လိုက်ခဲ့တယ် ... မင်းအကြောင်းတွေကို ... ကိုယ်စုံစမ်းခဲ့တယ်၊ ကိုယ်သိခဲ့တာ ... အိပ်တာတောင်စုဗူးလေးကို ဖက်ပြီးတော့မှ ... အိပ်တတ်တဲ့မင်းရဲ့အကြောင်း၊ ငါးထောင်တန်လေးတစ်ရွက် လက်ထဲရောက်လာတာကိုတောင် ခုန်ပေါက်ပျော်ရွှင်နေတဲ့ မင်းရဲ့ပျော်ရွှင်မှု ... အမေက၊ လေးငါးကျပ်တိုးလေးလောက်နဲ့ ငွေတိုးချေးစားတာကို၊ မင်းက တစ်ဆယ်တိုးတွေ၊ နှစ်ဆယ်တိုးတွေနဲ့ ပိုက်ဆံချေးတတ်တဲ့အကြောင်း ... ”

“ဟာ ... အဲဒါတွေပါ ... ရှင် ... ရှင်က ... သိနေတယ်”

“ဒါ ... ခွင့်လွှတ်နိုင်တဲ့ မက်မောမှုတွေပါ ... ”

“ရှင် ... ”

“ဒီမှာ ... ချာတိတ် ... ကိုယ် ... မင်းကိုပြောမယ်၊ လူတိုင်းလူတိုင်းဟာ ... ငွေနောက်ကိုပဲ လိုက်နေကြတာ၊ ငွေနောက်ကိုလိုက်ရင် ... ရှင်သန်တည်ဆောက်နေကြရတာ၊ မင်းပိုက်ဆံမက်တာကို ... ကန့်ကွက်ရှုံ့ချစရာအကြောင်း ကိုယ့်မှာမရှိဘူး၊ မင်းက ... မင်းလိုသလောက်လေးကိုပဲမက်ခဲ့တာ ... ကိုယ့်အိတ်ထဲမှာပါတဲ့ ငါး ထောင်တန် အသစ်စက်စက်အုပ်လိုက် အထပ်လိုက်ကို၊ မင်းမြင်ခဲ့တာတောင် ... ကိုယ့်ရှေ့ကနေ ... ချာခနဲ မင်းလှည့်ထွက်သွားခဲ့တာလေ ... အဲဒါ ... ကိုယ်ကျင့်တရားနဲ့သိက္ခာကို၊ ငွေနဲ့ရောင်းမစားဘူးဆိုတဲ့ ... မင်းရဲ့မာန ... ”

“အို ... ”





“အဲဒီမာနလေး ... မင်းဆီမှာရှိနေတာ မင်းကိုယ်တိုင်ရောသိရဲ့လားဟင် ... ချာတိတ် ... ကိုယ်ချပေးတဲ့ Visiting Card လေးကိုတောင် ... စားပွဲပေါ် ဒီအတိုင်းပစ်ချပြီး ... မင်းထွက်ပြေးသွားခဲ့တာလေ ... ”

ကြည့်စမ်း ...

ဒီအချက်ကိုတောင် နှစ်ကူး ... မစဉ်းစားခဲ့မိပါလား။

“အဲဒီအတွက် ကိုယ် ... မင်းကို မြတ်နိုးသွားခဲ့တယ် ... အပြစ်ကင်းသလို သိပ်ကိုချစ်ဖို့ကောင်းတဲ့ ... မင်းမျက်နှာလေးကိုလည်း ... ကိုယ့်အိပ်မက်တွေထဲမှာ အမြဲတွေ့လာရတယ် ... တကယ်တမ်းကျတော့ ကိုယ်တန်ဖိုးထားပြီး ပေးချင်တာ ... မင်းလက်ထဲမှာ ဝေ့ကိုင်ထားတဲ့နှင်းဆီဖြူလေးပါ ... ပြီးတော့ ... မင်းဆီက ပြန်လိုချင်တာ မိုးကောင်းကင်ကြီးပေါ်အထိ လွှင့်စင်မျောပါသွားစေမယ့်အနမ်း ... ကိုယ်ဆုံးဖြတ်လိုက်ပါပြီ ... ကိုယ် ... မင်းကိုလက်ထပ်မယ်၊ ကိုယ့်ဘဝတစ်ခုလုံးရဲ့ ပိုင်စိုးခွင့်အာဏာ စီမံအုပ်ချုပ်ခွင့်အာဏာ စီရင်ဆုံးဖြတ်ပိုင်ခွင့်အာဏာတွေအားလုံး မင်းလက်ထဲကို ကိုယ်တစ်ခါတည်းအပ်မယ် ... ”

“ရှင် ... ”

“ယွန်းလက်ျာကို ... မင်းအပြီးမေ့လိုက်တော့ ... ”

“ဘုရားရေ ... ”



www.burmeseclassic.com

www.burmeseclassic.com



အခန်း ဆယ့်ငါး

"ဝို့ရေ ... နင့်မကြီးနှစ်ကူး ... ပြန်မလာသေးဘူးလား"

"မလာသေးဘူး ကြီးကြီးမြို့ ... "

"ကြည့်စမ်း ... ဒီအချိန်ထိ ... ဒင်း ... "

အိမ်နံရံမှာချိတ်ထားတဲ့ တိုင်ကပ်နာရီလေးကို လှမ်းကြည့်လိုက်တော့ ... ညရှစ်နာရီတိတိ ... ။ ဒေါ်မြို့မေတ္တာနေလို့မရတော့ပါ။

"သွားစမ်း ... သွားစမ်း ... လမ်းထိပ်ကဆိုင်တွေမှာ ဒင်းကို သွားရှာကြည့်စမ်း ... "

ကိုယ့်မှာတော့ ရှာရဖွေရ ... အကြွေးတောင်းရတာတွေ အဆင်မပြေလို့ စိတ်ညစ်လာရသည့်ကြားထဲ ... ဒင်းကပါ ပြန်မလာသေးတော့ ... ဒေါ်မြို့မေတ္တာ စိတ်လည်းတိုနေသည်။ ဒေါလည်းပွနေသည်။





မိန်းကလေးတစ်ယောက်ဟာ ... ဒီအချိန်ထိ လျှောက်လည်နေစရာလား။

မိဘတွေ စိတ်ပူနေမယ်ဆိုတာကိုရော ဒင်းနည်းနည်းလေးမှ မတွေးမိတော့ဘူးတဲ့လား။ လာပစေဦး ... လာတော့မှ တိုင်မှာ ကြိုးချည်ပြီးတော့ကို ရိုက်မယ် ... ။

"ဟာ ... ကြီးကြီးမြို့ကလည်း ... ကားဂိတ်မှာတောင် ဝို့ တစ်ယောက်တည်းသွားစောင့်ပြီးတော့မှ ... အခု ... ပြန်လာတဲ့ ဟာကို ... လမ်းထိပ်ကဆိုင်တွေမှာလည်း ... ရှာကြည့်သေးတယ်၊ မတွေ့ဘူး ... အဲဒါ ... မနက်ဆယ့်တစ်နာရီလောက်ကတည်းက အပျံစားဝတ်ပြီး ... ကျောပိုးအိတ်ကလေးနဲ့ ... မကြီးနှစ်ကူးထွက်သွားတာ ... ရေမွှေးတွေဆွတ်ထားတာလည်း ... မွှေးကြိုင်နေတာပဲ ... "

ဝို့က ... ထုံးစံအတိုင်း သူသိထားသမျှကို ဖောက်သည်ချသည်။

"မဟုတ်မှလွဲရော ... မကြီးနှစ်ကူး ကိုကြီးယွန်းလကျာ်နဲ့ လိုက်ပြေးသွားပြီထင်တယ် ... "

"ဟင်း ... "

သည်စကားကိုကြားလိုက်တော့ ... ဒေါ်မြို့မေတ္တာ ခေါင်းတွေပါ ကြီးသွားသည်။

"ညည်း ... ညည်းကို ... နှစ်ကူးမက လိုက်ပြေးမယ်ပြောလို့လား ... "

"ဟာ ... ပြောတော့မပြောဘူးလေ ကြီးကြီးမြို့ရဲ့ ... ဒါပေမယ့် ... မကြီးနှစ်ကူးက ကြီးကြီးမြို့သိတဲ့အတိုင်း ... အရမ်းချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ချင်နေတာ ... ”

“ဒင်း ... ဒင်း ... မိဘကို အရှက်ခွဲလို့ကတော့ ... ”

ပွဲလိုက်မေးတော့လည်း ... မကြီးနှစ်ကူးကို မေးလို့မရ။ မကြီးနှစ်ကူး လက်ထဲမှာကိုင်ထားတဲ့ ဟန်းဖုန်းနံပါတ်ကိုလှည့်တော့လည်း ... အန်တီကြီးတစ်ယောက်က စက်ပိတ်ထားတယ်လို့ပဲပြောနေတာ ...

ဘယ်လိုလုပ်တော့မလဲ ...

ဒီမှာ ... ကြီးကြီးမြို့ကလည်း စိတ်ပူနေပြီ။

“လာပါစေ ... လာပါစေ ... ”

“ဟင်း ... ဟင်း ... ”

ဘီးစပတ်ကြီးကိုဖြေချပြီး အိမ်ရှေ့ခန်း ဘုရားစင်အောက်မှာ ကြီးကြီးမြို့ စိတ်ပျက်လက်ပျက် ထိုင်ချသည်။ ကိုယ့်ကိုယ်ကိုယ်လည်း တန်ဖိုးမထား။ မိဘကိုပြောလိုက်ရင် ကျူရှင် ကျူရှင်နဲ့။ ကန်ကော်ကြီးစောင်း မျှော်စင်ကျွန်း၊ ရုပ်ရှင်ရုံ၊ တိရိစ္ဆာန်ရုံ၊ ဟက်ပီးဝေါလ်၊ ကစားကွင်း၊ ပန်းခြံ၊ ဒင်းအကုန်လျှောက်သွားနေတာ။

ပြီးရင် ... လက်ဆောင်တွေ သယ်လာတာလည်း မျိုးစုံ။

မဟုတ်မှလွဲရော ... မိဘကွယ်ရာမှာ ယွန်းဆိုတဲ့ဟိုကောင်လေးနဲ့ ... ခြေလွန်လက်လွန်တွေတောင် ဖြစ်ထားပြီးပြီလား။

တွေးမိတော့လည်း ရင်ထဲမှာ မီးတောက်အောင်ပူလာသည်။

ညကလည်း ... အိပ်ယာထဲမှာ ဒင်းယောင်နေတာ။

“အဟင့် ... ယွန်းနော် ... ”

“နှစ်ကူး ... မကြိုက်ဘူးနော် ... ”





“ဟာကွာ ... မလုပ်ပါနဲ့ယွန်းရာ ... ”

“အို ... အို ... ယွန်း ... ”

“ဟင့်အင်း ... ဟင့်အင်း ... ”

ဒေါ်မြို့မေတ္တာ ... ဒင်းယောင်နေတာကို နားထောင်ပြီးဆောင့်ကန်ချင်နေလိုက်တာ စိတ်ကိုဘယ်လိုမှ ထိန်းလို့မရ။ ပြောရရင် ... ကိုယ်မွေးထားတဲ့သမီးလေးနှစ်ကူးဟာ ဖူးစင်ဝင်းထင်းနေအောင် လှတဲ့သမီးလေး ... အရပ်ကလေးကမြင့်သလို၊ ကိုယ်လုံးလေးကပါ ... တင်းတင်းရင်းရင်းကလေးဆိုတော့ ... ဘယ်ကိုပဲလွှတ်ရ လွှတ်ရ ... စိတ်မချလို့ ပွဲဆိုတဲ့ကောင်မလေးကိုပါ ကိုယ့်သမီးနဲ့အဖော်လေးရအောင် ... အိမ်မှာမွေးစားခဲ့ရတာလေ။

အခုကြည့်စမ်း ...

ဒွကိုမခေါ်ဘဲ ... ဒင်းတစ်ယောက်တည်း ... ။

မဟုတ်မှလွဲရော ... ညက ဒင်းယောင်နေတာကိုကြည့်ရင် ယွန်းနဲ့ဟိုကိစ္စအထိ ဖြစ်ပြီးနေတာ အသိသာကြီး ... ဟုတ်ပါပြီ၊ ဟုတ်ပါပြီ ... ညက ဒင်းယောင်နေတုန်းက ပါတဲ့စကားလုံးတွေထဲမှာ ပါတာတွေကိုကြည့်လိုက်ရင် အဖြေက ရှင်းနေပြီ ... ”

ဒေါ်မြို့မေတ္တာ အမြင်ကတ်ကတ်နဲ့ ... ညသန်းခေါင်ကျော်ကျော်ကြီးမှာ ထ,ပြီးတော့ ဆောင့်ကန်တာ ... အိမ်ရှေ့ခန်းမှာအိပ်နေတဲ့ပွဲပါ ... ကယောင်ကတမ်းနဲ့လန့်ပြီး နိုးခဲ့ရတဲ့အထိ။

“ကဲဟာ ... ကဲဟာ ... ”

“အမလေး ... အမေ ... အမေ ဘာလုပ်တာလဲ”

ဆံပင်လေးတွေ ဖရိုဖရဲနဲ့ ... အလန့်တကြားထ,လိုက်ရတဲ့နှစ်ကူး ... ။



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကိုကြည့်လိုက်တော့လည်း ... ညသန်းခေါင်ကျော်ကြီးမှာ အမေ့မျက်လုံးကြီးက ပြူးလို့ ... ။

"ညည်းကို အမြင်ကတ်လို့ ထ,ကန်တာပေါ့ ... "

"ဟာ ... အမေကလည်း ဒီမှာ အိပ်မက်က ကောင်းနေတဲ့ဟာကို ... အဟင့် ... အခုတော့ ... အမေလုပ်တာနဲ့သွားပါပြီ"

"ဟယ် ... ကြည့်စမ်း ... "

ဒီလိုယောင်နေတဲ့အိပ်မက်မျိုးကို ဒင်းကကောင်းသတဲ့။

"အဲဒါ ... ကောင်းဦး ... "

"အဲဒါ ... ကောင်းဦး ... "

"ဟာ ... အမေ ... "

အခြောက်တိုက်ကြီး ဘုမသိ ဘမသိ အကန်ခံလိုက်ရလို့ မကျေမနပ်နဲ့ ခြင်ထောင်ထဲကထွက် ဆောင့်ဆောင့်အောင့်အောင့်နဲ့ ရေအိမ်သွားတက်တော့လည်း ... အမေက နောက်ကနေ တောက်လျှောက်လိုက်လာသည်။

"ညည်း ... ညည်းယောင်နေတာ၊ ငါမသင်္ကာဘူး နှစ်ကူးမ"

"ဟင် ... ပြဿနာပဲ ... "

"ညည်း ... ငါ့ကို အမှန်အတိုင်းပြောစမ်း နှစ်ကူးမ ... ညည်းနဲ့ယွန်းဆိုတဲ့ ဟိုကောင်လေး ... ဘယ်အဆင့်ထိရောက်နေပြီလဲ"

"ဟာ ... ဘယ်အဆင့်ထိ ရောက်ရမှာလဲအမေရဲ့ ... ဒုက္ခပါပဲ ... အမေလုပ်တာနဲ့ နှစ်ကူးသိက္ခာကျရတော့မယ် ... "

"ညည်း ... ညည်း ငါ့ကိုလိမ်နေတာ ... ငါသိတယ်၊ မဟုတ်ဘူး ... မဟုတ်ဘူးနဲ့ ... လူကြားမကောင်း သူကြားမကောင်း ကိုဝင်းကြည်နဲ့ဖြစ်လာလို့ကတော့ ... ညည်းအထုတ်နဲ့အိမ်ပေါ်က





ဆင်းဖို့ပြင်ထား ... "

"ဟင် ... ဘယ်က ကိုဝင်းကြည်နဲ့သမီးက ထပ်ဖြစ်ရမှာလဲ အမေရဲ့ ... "

"ဟဲ့ ... ကိုဝင်းကြည်ကိုတောင် ညည်း ... မသိတော့ဘူးလား ... "

ဒုက္ခပါပဲ ...

ကိုဝင်းကြည်တဲ့ ...

"ယွန်းဆိုတဲ့ကောင်လေးနဲ့သာ ... ညည်း ဒီလိုချိန်းချိန်းတွေ့နေရင် ... ကိုဝင်းကြည်နဲ့မဖြစ်ဘဲ နေတော့မလားဟဲ့ ... "

ကြည့်စမ်း ... အမေပြောတာ နှစ်ကူး ... အခုမှသဘောပေါက်ပြီ။

အဲလိုလည်း ... ရှဲ့တတ်သေးတဲ့အမေ ... ။

တကယ်ပါပဲ ... ရေအိမ်ဝ,အထိလိုက်ပြီး ... အမေ ပြဿနာရှာနေတာ။

ပြောရရင် ... ညကတည်းက ဒေါ်မြို့မေတ္တာတစ်ယောက် ဟိုလိမ့်၊ ဒီလိမ့်၊ လိမ့်ရင်းနဲ့ပဲ ... မိုးစင်စင်လင်းကာနီးမှ မှေးခနဲအိပ်ပျော်သွားခဲ့သည်။

ခုတော့ ... ညက ထင်ထားတဲ့အတိုင်း နှစ်ကူးမ ပြဿနာရှာပြီ။

"ဒေါ်မြို့ရေ ... ဒေါ်မြို့ ... "

"ဟဲ့ ... အိမ်ရှေ့က အော်ခေါ်နေတာ ဘယ်သူလဲ ... "

"ကျွန်မပါ ... ဒေါ်မြို့၊ လမ်းထိပ်အသုတ်ဆိုင်က ရွှေနှင်းဆီလေ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ရွှေနှင်းဆီ ... မိုးကြီးချုပ်မှ နင်ဘာလာလုပ်တာလဲ"

"နှစ်ကူးမ ... နှစ်ကူးမ ... ပြန်မလာလို့ဆို ... "

တွေ့လား ... နှစ်ကူးမ ပြန်မလာသေးတဲ့ သတင်းက တစ်ရပ်ကွက်လုံးမှာတောင်ပြန့်နေပြီ ... သူများတွေ စိတ်ညစ်နေပါတယ်ဆိုမှ ... ဖြောင်လာပြီးတော့၊ စပ်စုချင်တဲ့သူကရှိသေး ... ။

"ဟဲ့ ... နှစ်ကူးမ ... ပြန်မလာသေးတာ ... ညည်းအပူလား ရွှေနှင်းဆီ ... ပြောစမ်း ... ငါ့သမီးအတင်းကို အားမနာလျှာမကျိုး လမ်းထိပ်မှာ နင်တို့ဝိုင်းတုတ်နေကြပြီမို့လား ... "

ဒေါ်မြို့မေတ္တာ ပြန်အော်နေတဲ့အချိန်မှာပဲ ... ရွှေနှင်းဆီက အိမ်ပေါ်ထိ တက်လာသည်။ တောင်းတောင်းပန်ပန်လေးပြောပြီးတော့လည်း ... ဒေါ်မြို့မေတ္တာရှေ့မှာ ရွှေနှင်းဆီဝင်ထိုင်၏။

"ဒေါ်မြို့ရယ် ... ကျွန်မလာတာ အတင်းပြောချင်လို့လာတာ မဟုတ်ပါဘူး ... စောစောက လမ်းထိပ်မှာ နှစ်ကူးကို ပွဲလိုက်ရှာနေတယ်ဆိုလို့ ... ကျွန်မသိတာလေး ဒေါ်မြို့ကို လာပြောတာပါ"

"ဟင် ... နင်က ဘာသိထားလို့လဲ ... "

"ကုမ္ပဏီကြီးတစ်ခုမှာ ... အလုပ်လုပ်နေတဲ့ ... ဟို ... ရှစ်လမ်းထဲက အောင်ချမ်းသာဆိုတဲ့ ... ကောင်လေးလေ ... သူက နေ့လည်က နှစ်ကူးကို အရမ်းချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်နဲ့လက်တွဲပြီး၊ ဟိုတယ်ထဲ ဝင်လာတယ်ဆိုလို့ ... "

"ဘာ ... ဘာပြောတယ် ... ရွှေနှင်းဆီ ... "

"အဲဒါ ... သူ့မျက်လုံးနဲ့ကို ... အနီးကပ်လေး သေသေချာချာတွေ့လိုက်တာတဲ့ ... နှစ်ကူးမှ ... နှစ်ကူးအစစ်တဲ့ ... အဲဒါ





ဒေါ်မြို့သိအောင် ကျွန်မလာပြောတာ ... "

ဒီလိုပြောတော့လည်း ... ဒေါ်မြို့ မခံချင်ပါ။

"ဟဲ့ ... ငါ့သမီးနဲ့ကြိုက်နေတာ ... ယွန်းလက်ျာဆိုတဲ့ ကောင်လေးနဲ့ကြိုက်နေတာလေ ... ဘယ်က လုပ်ငန်းရှင်သူဌေးကြီးနဲ့ တွဲရမှာတုန်း ... "

"အဲဒါပဲ ... ကျွန်မပြောတာပေါ့ ဒေါ်မြို့ရဲ့ ... တော်ကြာ ထင်တာတခြား ဖြစ်တာတခြားဖြစ်နေမှာစိုးလို့ ... ကျွန်မလာပြောတာ ... ဒီခေတ်လူငယ်တွေက ဒေါ်မြို့သိတယ်မို့လား၊ မိဘကွယ်ရာမှာ လုပ်ချင်တိုင်းလုပ်ကြတာ ... "

"ဒင်း ... ဒင်း ... "

ရပ်ကွက်ထဲကလူတွေ ... ဒီလိုအထင်သေး ... အမြင့်သေးနဲ့ အပြောခံရတာ ကောင်းသလား။ ကိုယ့်သမီးကပဲ မိဘကွယ်ရာမှာ ပွေနေရှုတ်နေ ... ကဲချင်တိုင်းကဲနေသလိုလို ... ။

"တီ ... တီ ... "

"ဟင် ... "

အိမ်ရှေ့မှာ ... ကားတစ်စီး ထိုးရပ်လာသည်။

ဒေါ်မြို့မေတ္တာတို့အားလုံး ... ကားပေါ်က ဆင်းလာသူကို အသည်းအသန်ကြည့်လိုက်တော့ ... ခေါင်းလေးငိုက်စိုက်ချပြီး၊ အိမ်ပေါ်တက်လာတဲ့ ယွန်းလက်ျာဆိုတဲ့ကောင်လေး ဖြစ်နေသည်။

"မင်း ... မင်း ... "

"ဟုတ်ပါတယ် ... အန်တီ၊ ကျွန်တော် ယွန်းလက်ျာပါ ... နှစ်ကူး ... နှစ်ကူးကို ဖုန်းခေါ်တာ ... စက်ပိတ်ထားတယ်ဆိုလို့ စိတ်ပူပြီး ... ကျွန်တော် လိုက်လာတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … နှစ်ကူးက မင်းနဲ့ချိန်းထားလို့သွားတာ၊ မဟုတ်ဘူးလား … "

"ဟုတ်ပါတယ်အန်တီ … သူ … ကျွန်တော့်ဆီကို ရောက်မလာလို့ … ကျွန်တော် ပြန်လိုက်ရှာနေတာပါ … "

"ချိန်းထားပေမယ့် … သူမလာဘူး အန်တီ … "

"ဘုရားရေ … "

"ကဲ … ကျွန်မ မပြောဘူးလားဒေါ်မြို့ … ဒါဆိုရင် အောင်ချမ်းသာပြောတာမှန်နေပြီ … ဒီအချိန်ထိ နှစ်ကူးပြန်မလာဘူးဆိုရင်တော့ … မဟုတ်မှလွဲရော … "

"ရွှေနှင်းဆီ … ညည်းပါးစပ်ကိုပိတ်ထား … "

ဒေါ်မြို့မေတ္တာ … အသားတွေ တဆတ်ဆတ်တုန်ကာ မျက်နှာကြီးကပါနီမြန်းလျှက် … ရွှေနှင်းဆီ ပြန်ဆင်းသွားတော့မှ။

"အခု … ဘယ်လိုလုပ်ကြမလဲဟင် … "

"ဟင် … နှစ်ကူးက … အခု ဒီမှာမရှိဘူးလား … "

"မရှိဘူး ယွန်းလက်ျာ … နေ့လည်ကတည်းက အိမ်ကထွက်သွားတာ၊ ခုထိ ပြန်ရောက်မလာသေးလို့ အန်တီတို့ စိတ်ပူပြီးရှာနေတာ … "

"ဟာ … ဒါဆို နှစ်ကူးလမ်းမှာ တစ်ခုခုဖြစ်နေပြီအန်တီ"

"မင်း … မင်းကို အန်တီမြို့မေးမယ်နော်၊ မောင်ယွန်းလက်ျာ မင်းတစ်ယောက်တည်းနဲ့ပဲ … အန်တီမြို့သမီးဖြစ်နေတာလား"

"ဟာ … အဲဒါ ဟုတ်တယ်လေ … အန်တီ … "

"ဝို … ညည်းမကြီးနှစ်ကူးမှာ နောက်ထပ်ရည်းစားတွေ ဘာတွေ ရှိသေးလားဆိုတာ … ညည်းစဥ်းစားစမ်း … "





"ဟိုလေ … အင်း … အဲ … "

ဝို … ဘယ်လိုဖြေရမလဲ။

မကြီးနှစ်ကူးကလည်း သိတယ်မို့လား။ ပိုက်ဆံချမ်းသာပြီး လက်ဆောင်လေးလာပေးရင် … ဟိုတစ်ယောက်ကိုလည်း ဘာလိုလို၊ ဒီတစ်ယောက်နဲ့လည်း မရှင်းမရှင်း၊ ဝိုခေါင်းထဲမှာပေါ်လာရတာပဲ … အစ်ကိုကြီးတွေက အများကြီး … ။

ခေါင်းကလေးကုတ်ကာ … စဥ်းစားလိုက်ပေမယ့် ကြီးကြီးမြို့မေးတာကိုတော့ … ဝို မဖြေနိုင်ပါ။ ဖြေလိုက်ရင်လည်း … ကိုကြီးယွန်းလက်ျာက … ကိုယ့်မကြီးနှစ်ကူးကိုပဲ အထင်သေးတော့မည်။

"ဟဲ့ … ငါမေးတာဖြေလေ … "

"ဟုတ် … ကြီးကြီးမြို့ … "

ဝို … တံထွေးလေးမျိုချကာ ဖြေရ၏။

"မကြီး … မကြီးနှစ်ကူးကို ကြိုက်နေတဲ့သူတွေက အများကြီးပဲ … ကြီးကြီးမြို့ … ဟိုလေ၊ တက္ကစီမောင်းတဲ့ နှုတ်ခမ်းမွေးစစလေးနဲ့ အစ်ကိုကြီးကလည်းကြိုက်တယ် … ဆောက်လုပ်ရေးလုပ်တဲ့ အင်ဂျင်နီယာအစ်ကိုကြီးကလည်း သဘောကျတယ်၊ ဖားကန့်က ပြန်လာတဲ့ ဦးလေးကြီးကလည်း … အသေရရ အရှင်ရရဖြစ်နေတာ"

"ကုန်ပြီလား … တုန်ပြီလား … ဒါအကုန်ပဲလား … "

ဒေါ်မြို့မေတ္တာ မျက်နှာကြီးက နီနေခဲ့ပါပြီ။

"ဟာ … မကုန်သေးဘူး ကြီးကြီးမြို့ … မကြီးနှစ်ကူးကို ကြိုက်တဲ့အထဲမှာ ကလေးအဖေတွေတောင်ပါတယ်၊ သဘော်သား အစ်ကိုကြီးဆိုရင် … တစ်နေ့တည်းနဲ့ စာသုံးစောင်လာပေးတာ"

"အဲလိုပေးရင် … ညည်းမကြီးက ယူတာပဲလား … "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ယူတယ်လေ ..."

"သွားပါပြီကွာ ..."

ယွန်းလက်ျာ သူ့နဖူးလေးကိုသူရိုက်တာ၊ စိတ်ဓာတ်လေးကျသွားခဲ့ပြီ။

"အန်တီရယ် ... ကျွန်တော်လည်း အန်တီ့ကိုပြောရမှာ၊ မရှက်တော့ပါဘူး ... နှစ်ကူးက အရမ်းချမ်းသာချင်တာ သိလား အန်တီ ... အကောင်းစားပစ္စည်းလေးတွေကိုလည်း သူကတအားမက်တယ် ... ကျွန်တော်ကလည်း ကျွန်တော်ရတဲ့ မုန့်ဖိုးထဲကနေ အမြဲဝယ်ပေးပါတယ် ... နှစ်ကူးကို တွေ့တွေ့ချင်းအရမ်းချစ်သွားတာလည်း အမှန်ပါပဲအန်တီ ... အဲဒါလေ ... ဟိုနေ့ကတော့ ကျွန်တော်အိမ်က အန်တီအပျိုကြီးတွေက ... သဘောမတူဘူးဆိုတာ ပြောလိုက်မိလို့ နှစ်ကူးတော်တော်လေး စိတ်ဓာတ်ကျသွားတယ် အန်တီ ... အဲဒါကြောင့်မို့ ... ကျွန်တော်မသိတဲ့ တခြားတစ်ယောက်နဲ့များ ..."

"ရမလား ... ရမလား ... ဒီလို တန်ဖိုးမရှိ သိက္ခာကျရမယ့် အလုပ်ကို ဒင်းလုပ်ချင်တိုင်းလုပ်နေလို့ရမလား ... ဒီလိုလုပ်လာရင်ကော ငါက ... ခွင့်လွှတ်လိမ့်မယ်လို့ မင်းထင်နေသလား ..."

ရှက်နေရတာ ဒေါ်မြို့မေတ္တာပါ ...

မျက်နှာပူနေရတာ ... ဒေါ်မြို့မေတ္တာပါ။

"ဒီမှာ ... ငါတို့တစ်ရပ်ကွက်လုံးကသိနေတာ၊ မင်းနဲ့ကြိုက်နေတယ်လို့ပဲသိနေတာ ... မင်းတို့အိမ်က မိဘတွေသဘောမတူလည်းအဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ အိမ်ပေါ်က မင်းဆင်းလာခဲ့၊ ငါ ... မင်းနဲ့ပဲ ပေးစားမယ်၊ မင်းနဲ့ငါ့သမီး ... ကွယ်ရာမှာ ဘယ်





လောက်ထိ ဖြစ်ထားပြီးပြီလဲဆိုတာ ငါသိလို့ မင်းနဲ့သဘောတူတာ"

"ဟာ ... အဲဒါတော့ မဟုတ်ဘူး ... အန်တီ ... သူက အခုထိလည်း ကျွန်တော့်ကို အဖြေမပေးသေးဘူး ..."

"မင်းမငြင်းနဲ့ ... ယွန်းလက်ျာ ..."

ယွန်းလက်ျာ ငြင်းမိပေမယ့် ... ဒေါ်မြို့မေတ္တာက လက်မခံ။

"ဒင်း ... ပြန်လာတာနဲ့ မင်းနဲ့ပေးစားဖို့ ငါစီစဉ်မယ်၊ ငါ့သမီး နှစ်ကူးကို မင်းပဲတရားဝင်လက်ထပ်ရမယ် ..."

"စိတ်ညစ်တယ် အန်တီရာ ... ခုလောလောဆယ် အရေးကြီးတာ နှစ်ကူးကိုတွေ့အောင်ရှာဖို့ပဲ အရေးကြီးတာပါ၊ ကျွန်တော်လည်းရှာမယ် ... တစ်ခုခုဖြစ်ရင်တော့ ကျွန်တော့်ဆီကို ဘယ်အချိန်ပဲဖြစ်ဖြစ် အကြောင်းကြားပါနော် ... ဒီည နှစ်ကူးပြန်မလာရင် ကျွန်တော် ဘယ်လိုမှ အိပ်ပျော်မှာမဟုတ်တော့ဘူး ..."

"စိတ်ချ ... အန်တီကိုယ်တိုင် မင်းကိုအကြောင်းကြားမယ်"

"ကဲ ... ဒါဆိုလည်း ကျွန်တော်သွားတော့မယ် အန်တီ"

ခေါင်းလေးငိုက်စိုက်ချကာ ... ပြန်ထွက်သွားတဲ့ ယွန်းလက်ျာဆိုတဲ့ကောင်လေးကိုကြည့်ပြီး ... ဒေါ်မြို့မေတ္တာ ခေါင်းတညိတ်ညိတ်လုပ်နေသည်။

ရွှေနှင်းဆီပြန်သွားတော့ ... အိမ်ပေါ်မှာကျန်ခဲ့တာ ... ပွဲနဲ့ ဒေါ်မြို့မေတ္တာ နှစ်ယောက်တည်း ... ။

နာရီကိုကြည့်လိုက်တော့လည်း ညကိုးနာရီ ကျော်နေခဲ့ပါပြီ။

"အဟင့် ... မကြီးနှစ်ကူးပြန်မလာရင် ... ဘယ်လိုလုပ်မလဲ"

"ငါ ... ငါသေချင်တယ် ... ခုနေ ... လမ်းထိပ်မှာ သွားစောင့်ပြန်ရင်လည်း ... ဟိုကမေး ... ဒီကမေးနဲ့ ဒင်းလုပ်ချင်တာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်လာလို့ကတော့ ... ဒင်းကိုငါလက်မခံဘူး၊ ဒင်း ... ဘယ်လောက်ပဲချမ်းသာပြီး ... ပြန်လာ ... ပြန်လာ ... ဒင်းကို အိမ်ပေါ်က မောင်းချမယ် ... လက်သည်မပေါ်ဘဲ ကိုဝင်းကြည်နဲ့ဖြစ်လာလို့ကတော့ ... "

"ဟင် ... ဘယ်က ... ကိုဝင်းကြည်လဲ ... "

"ဒေါက် ... ညည်းလျှာမရှည်နဲ့ ... "

"အား ... နာလိုက်တာ ကြီးကြီးမြို့ရယ် ... ဘယ်က ကိုဝင်းကြည်နဲ့ဖြစ်နေတာလဲဆိုတာ ... မသိလို့ ... ငါ့က မေးမိတာပါ ကြီးကြီးမြို့ရဲ့ ... အဟင့် ... ဟင့် ... ဟင့် ... "

အဲလို ... လုံးလည်ချာလည်လိုက်ကုန်တာ ... ဒင်းမကောင်းလို့ ...

ဒင်း ... ဒင်းမှာ ကိုဝင်းကြည်ရှိလို့ကတော့ ... ပါးနဲ့နှာခေါင်း တပေါင်းတည်းဖြစ်သွားအောင် တီးထည့်လိုက်ဦးမယ် ... ။

ဟွန်း ... သိကြသေးတာပေါ့ ... နှစ်ကူးမရယ် ... ။

ညည်းတော့လား ... ။





**အခန်း ဆယ့်ခြောက်**

"အမေရေ ... သမီးပြန်လာပြီ ... "

"ဟာ ... ကြီးကြီးမြို့ရေ... ဒီမှာ ... မကြီးနှစ်ကူးပြန်လာပြီ"

ငွိအော်လိုက်သံက အထိတ်တလန့်နဲ့ ဝမ်းသာအားရ။

နှစ်ကူးမအသံကို အိပ်ယာထဲကနေ ကြားလိုက်ရတာမို့ ခြင်ထောင်ကိုဆွဲဖွင့်ပြီး ဝုန်းခနဲပြေးထွက်လာတော့ နှစ်ကူးမက အိမ်ပေါ်ကိုတောင် ရောက်နေပြီ ... ။

"ဟောဒီမှာ ... ဘာတွေပါလာသလဲဆိုတာ အမေကြည့်လိုက် ... "

"ဟင် ... "

ထုံးစံအတိုင်း ဒင်းလက်ထဲမှာဆွဲလာတာ ... အထုတ်ကြီး အထုတ်ငယ်တွေ ... ။

ညကိုးနာရီကျော်မှ ပြန်လာတဲ့ ဒင်းအဖြစ်ကိုလည်း ဒင်းသိပုံမရ။ မျက်နှာလေးကလန်းပြီး ... အရာရာကို ပျော်ရွှင်ကျေနပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာသလိုလို ... ။

"ညည်း ... ညည်း ... "

ဖားလျားကျနေတဲ့ ဆံပင်တွေကို ခပ်သွက်သွက်လေးစည်းကာ၊ ခါးကိုပါ ဒေါ်မြို့မေတ္တာ ထောက်ပစ်သည်။

"ညည်း ... ပြန်လာသေးတယ်နော် ... နှစ်ကူးမ ... "

"ဟင် ... အမေ ... နှစ်ကူးပြန်မလာလို့ ဘယ်ကိုသွားရမှာလဲ ... "

"ညည်း ... လင်နောက်လိုက်သွားတာ မဟုတ်ဘူးလား"

"အဟင့် ... အမေ့မေနော် ... အမေ့ အဲကွန်းဘတ်စ်ကြီးတွေ မလာလို့၊ စောင့်နေရတဲ့ဟာကို ... "

နှစ်ကူးပြောတာကို အမေက မယုံပါ။

မသက်လို့ ကြည့်နေတာကပဲ ... ခြေဆုံးခေါင်းဆုံး။

"ဒါ ... ဒါဘာတွေလဲ ... "

"အိုရီရမ်တယ်ဟောက်စ်က ဘဲကင်တွေလေ အမေရဲ့ ... အမေ့အတွက် သမီးဝယ်လာတာ ... ဒါက ကြက်ကောက်ညှင်း၊ ဒါက ယိုးဒယားစပျစ်သီး၊ ပန်းသီး၊ ဒါက ရွှေပုဇွန်ကိတ်ပေါ့ ... စပျစ်သီးနဲ့ ရွှေပုဇွန်ကိတ်ကို ဘုရားဆွမ်းတော်တင်ပြီးမှစားနော် ... အမေ၊ အမေ့ကို အားရှိအောင် သမီးဝယ်လာတာ ... ရော့ အမေရော့ ... ဒီဘဲကင်နဲ့ကြက်ကောက်ညှင်းကို အမေ ... အခုတစ်ခါတည်းစား"

"အမယ် ... အမယ် ... "

တွေ့လား ... ။

အမူအယာနဲ့လေသံက ခုထိတစ်စက်လေးတောင် မပျက်သေးပါလား။





သမီးဝယ်လာတာတဲ့ ...

သမီးက ဘယ်ကပိုက်ဆံတွေရလို့ ... ဒီလောက်များတဲ့ အစားအသောက်တွေကို ဝယ်လာနိုင်တာလဲ ... ။

ညည်း ... ညည်း ငါ့ကိုလိမ်ထားစမ်း ... နှစ်ကူးမ ... ။

ညည်း ... ဒီလောက်ပြောရင် ... ငါသိပြီ ... ။

"ညည်းသတင်းတွေ ရပ်ကွက်ထဲမှာ ဘယ်လောက်ပျံ့နေပြီလဲဆိုတာ ညည်းကမသိတော့ ဖေါက်မိန်းနဲ့ ညည်းငါ့ကို ... ရောကြိတ်နေတာပေါ့ ... "

သိမယ် ... သိမယ် ... ညည်းမကြာခင် ငါ့အကြောင်းကောင်းကောင်းသိရမယ်ဟဲ့ ... နှစ်ကူးမရဲ့ ... ။

"ဟဲ့ ... ဗိုဲ့ နောက်ဖေးမှာ ထည့်စရာပန်းကန်တွေ သွားယူလေ ... မျက်လုံးပြူးကြီးနဲ့ နင် ... ငါ့ကိုဘာမော့ကြည့်နေတာလဲ သွား ... သွား ... မြန်မြန်သွား ... "

ဒင်း ... မဟုတ်တာ လုပ်လာလို့ ပျာယာခတ်ပြနေတာ။

ငါမသိဘူးများ ထင်နေလို့လား ... ။

"ငါ ... ငါ ... မစားဘူးနော် နှစ်ကူးမ ... "

"ဟင် ... ဘာဖြစ်လို့လဲ ... "

အမေ့မျက်နှာကို နှစ်ကူး လှည့်ကြည့်လိုက်တာ ချာခနဲ။

"ညည်း ... အခု ငါ့ကိုအမှန်အတိုင်းပြောစမ်း ... ဒါတွေ ညည်းဘယ်ကရလာတာလဲ၊ ဒီလောက်များတဲ့ပစ္စည်းတွေ ညည်းကို ဘယ်သူဝယ်ပေးလိုက်တာလဲ ... "

မေးရင်းနဲ့ ... အမေ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာပြီ။

အမေ့မျက်လုံးကြီးတွေကလည်း ပြူးကျယ်ဝိုင်းစက်လို့ရယ်။



www.burmeseclassic.com

www.burmeseclassic.com



နှစ်သစ်ကူး အမေ့မျက်နှာကိုရဲရဲတင်းတင်းမကြည့်ရဲတော့သလို ... ပြောလိုက်တဲ့အသံလေးကပါ ... မဝံ့မရဲလေးနဲ့ထစ်ထစ်ငေါ့ငေါ့လေး ... ။

"ညည်း ... ညည်း ... ပြောစမ်း ... လုပ်ငန်းရှင် ... သူဌေးကြီးတစ်ယောက်နဲ့ ... လက်ချင်းတွဲပြီး ဆီဒိုးနားဟိုတယ်ကြီးထဲကို ညည်းဝင်သွားတယ်ဆို ... "

"ဟယ် ... ကြည့်စမ်း ... "

သေပါပြီ ... ။

အမေ ... ဒီလိုပြောလိုက်တာ ... နှစ်ကူးဘယ်အဆင့်အထိ ရောက်သွားပြီလဲ ... ။

"အဟင့် ... အဲဒါ အမေ့ကို ဘယ်သူပြောလဲဟင် ... အမေ"

"အောင်ချမ်းသာ ... ကုမ္ပဏီတစ်ခုမှာ ... အလုပ်လုပ်တဲ့ ရှစ်လမ်းထဲက ... အောင်ချမ်းသာဆိုတဲ့ ကောင်လေးပြောတာလေ"

နှစ်ကူး ... မလိမ်နိုင်တော့ပါ ... ။

"ငါကတော့ ... ဖူးဖူးစင်စင် ... မွေးထားတဲ့သမီးလေးဆိုပြီး တန်ဖိုးထားချစ်လိုက်ရတာ ... ခုတော့ ... ညည်းက ... မကောင်းတာတွေလုပ်စားပြီး ... ငါ့ကို ... ငါ့ကို ... ဘဲကင်လေးနဲ့ ... အဟင့်ဟင့် ... ဟင့် ... "

"ဟီး ... အီး ... "

"ဟမ် ... "

အမေ ... ဝုန်းခနဲဆောင့်ကြောင့်ထိုင်ကာ ... တဟီးဟီးနဲ့ လူကြားမကောင်းသူကြားမကောင်းအောင် ... ငိုချလိုက်လေပြီ။

နှစ်ကူး အမေ့ကိုဘယ်လိုရှင်းပြရမလဲ ... ။





ဒုက္ခပါပဲ ... ။ နှစ်ကူးဖြစ်နေတာနဲ့ ... အမေထင်နေတာတွေ တစ်ခြားစီ ... ။

"မဟုတ်ဘူး ... အမေ ... "

"အီး ... ဟီး ... "

"ဟာ ... မဟုတ်ဘူးလို့အမေ့ကို ... ပြောနေတယ်လေ ဒုက္ခပါပဲ ... ဘေးအိမ်တွေကြားရင် အမေလုပ်တာနဲ့ ... သိက္ခာကျတော့မယ် ... ဟဲ့ ... ဝို ... ညည်းလက်ထဲက ... ပန်းကန်တွေချပြီး ခေါင်းရင်းရော ... ခြေရင်းပါ ... ပြတင်းပေါက်တွေသွားပိတ်စမ်း ဘေးအိမ်တွေကြားမှာစိုးလို့ ... ".

"ဘေးအိမ်တွေကဖြင့်ကြားလို့တောင် ... အိမ်ရှေ့မှာ ငုတ်တုတ်လေးတွေ ... ထိုင်ကြည့်နေကြပြီ"

"ဘုရားရေ ... "

နှစ်ကူး ... မျက်တောင်လေးတွေကော့တက်သွားသလို တကိုယ်လုံးလည်း အေးစက်သွားသည် ... ။

"ဘယ် ... ဘယ်လို ... ဖြစ်တာလဲဟင် ... ဝို ... "

"ဘယ်လိုဖြစ်ရမှာလဲ ... အောင်ချမ်းသာဆိုတဲ့ ... အစ်ကိုကြီး ရပ်ကွက်ထဲမှာဖွသွားလို့ တစ်ရပ်ကွက်လုံးသိကုန်တာ မကြီးနှစ်ကူး သတင်းကို ... တစ်ရပ်ကွက်လုံးသိပြီးမှ ... ဝိုတို့က သိရတာ ... အဲဒါ ... ဘာတွေဆက်ဖြစ်ဦးမလဲဆိုတဲ့ ... နောက်ဆက်တွဲသတင်း ကိုသိချင်လို့ ... သူတို့အိမ်ရှေ့ကနေ ... မယောင်မလည် လာကြည့် နေတာ ... နေမှာပေါ့ ... "

"ငါ ... ငါ ... သေချင်တယ်ဝိုရာ ... ငါသေချင်လိုက်တာ"

နှစ်ကူး ဆောင့်ကြောင့်လေးထိုင်ကာ ... အမေ့ကို ချော့ဖို့



www.burmeseclassic.com

www.burmeseclassic.com



သည် ... ။

"သမီး ... သမီး ... အမေ့ကို ... ရှင်းပြမယ် ... သိလား အမေ ... "

"ဖယ်စမ်း ... ငါ့ပခုံးကို ... ညည်းမကိုင်နဲ့ ... "

နှစ်ကူးလက်တွေကို ... အမေရိုက်ချပစ်လိုက်တာ ... တကယ့်ကို နာကျင်မှုတွေနဲ့ ... "

"အဟင့် ... မဟုတ်ဘူးလေ ... အမေရဲ့"

မျက်ရည်တွေကုန်အောင်လည်း အမေမသုတ်နိုင်တော့ပါ။

"ဘာမဟုတ်ဘူးလဲ ... ဘာမဟုတ်ဘူးလဲ ... သပွတ်အူနဲ့ စာဖူးတောင်းလို ... ညည်းရှုပ်ချင်သလိုရှုပ်နေတာ ... ခုတော့ ... ညည်းသတင်းတွေက ... ရပ်ကွက်ထဲမှာ ... ကောင်းသေးရဲ့လား နှစ်ကူးမ ... ဟိုတယ်ကြီးထဲကို ... ညည်းက ... အီး ... ဟီး ... "

"ဟာ ... ဒုက္ခပါပဲ ... "

ကလေးဆိုးကြီးတစ်ယောက်လို ... တအီးအီးနဲ့အမေအော်ငိုနေပြန်ပြီ ... "

"အမေရယ် ... သမီးရှင်းပြတာကို ... အမေနားထောင်ပါဦး ဒီနေ့ ... ယွန်းနဲ့ချိန်းထားလို့ နှစ်ကူးမြို့ထဲကိုသွားတာ ... အဲဒါ ကားတစ်စီးက သမီးကို တိုက်မိ လိုက်သလိုဖြစ်သွားလို့ ... သတိမေ့လဲကျသွားတာနဲ့ ... အဲဒီကားနဲ့ သမီးပါသွားတာ ... ကားပေါ်ရောက်တော့ ... လူလည်းဘာမှမဖြစ်သလို သတိလည်းပြန်ရလာတယ် ... ဟော ... ကားပေါ်မှာပါလာတဲ့သူကို ... ကြည့်လိုက်တော့ အမေ့ကို ... သမီးတစ်ခါ ပြောပြဖူးတဲ့ လူကြီးလေ ... သမီးဖိနပ်လေးပြတ်သွားလို့ ... ဆိုင်မှာလိုက်ဝယ်ပေးတဲ့ ... သူဌေးကိုကြီး





ဦးစည်းကာရံလေ ... အဲဒီကိုကြီးက ... အစည်းအဝေးနောက်ကျနေတယ်ဆိုပြီး ... သမီးကိုပါခေါ်သွားလို့ ဆီဒိုးနားဟိုတယ်ကို သမီးပါသွားတာ ... အဲဒါ ... အဲဒါ ... အောင်ချမ်းသာ တွေ့လိုက်တာ"

"ဟင် ... အဲဒါ ... ညည်းတကယ်ပြောတာ ... "

"တကယ်ပြောတာ ... တကယ်ပြောတာ ... အမေ့ကိုသမီးလုံးဝမလိမ်ဘူးအမေ ... အမေမယုံရင် ... အဲဒီကိုကြီး စည်းကာရံဆီကို အမေ Phone ဆက်ပြီးမေးကြည့် ... ကိုကြီးက ... နိုင်ငံတကာလှည့်နေတဲ့လုပ်ငန်းရှင်သူဌေး ... စိတ်ဓာတ်ကအရမ်းမြင့်တယ်နေတာထိုင်တာပြောတာဆိုတာလည်း ... အရမ်း smark ကျတယ်၊ သမီးကိုလည်း ... မိသားဖသားပီပီလက်ထပ်ပါရစေလို့ခွင့်တောင်းတယ် ... ဟဲ့ ... ဝို ... အဲဒီဘဲကင်နဲ့ ကြက်ကောက်ညှင်းလေး အမေ့ကို ပန်းကန်ထဲထည့်ပေးစမ်း ... "

နှစ်ကူးမှာတော့ ... ဝို့ကိုလည်းအော်ရ ... အမေ့ကိုလည်းရှင်းပြရနဲ့ ... ။ ကိုကြီးက လက်ထပ်မယ်ဆိုလို့ ... နှစ်ကူးဝမ်းသာပြီးပြန်လာခဲ့တာပါ ... ။

အမေကလည်း ... အခုမှ ... မျက်ရည်လေးသုတ်ပြီး ... သမီးမျက်နှာကို ... စူတူတူလေးကြည့်တော်မူသည်။

"စား ... အမေစား ... ဒီ ဘဲကင်လေးကအရမ်းချိုတယ် ကြက်ကောင်ညှင်းလေးကလည်း မွှေးနေတာပဲ ... "

"ငါ ... မစားဘူးနော် ... အဟင့် ... "

"အမလေး ... အမေရယ် ... အမေ့ကွယ်ရာမှာ ... မဟုတ်တာတွေ ... သမီးဘာမှ ... လုပ်မထားပါဘူးအမေရဲ့ ... ပတ်ဝန်းကျင်ပြောတာတွေ ... အမေ့ခေါင်းထဲမှာ ... ဘာမှထည့်မထားနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးတို့က ... မကြာခင် ... ချမ်းသာတော့မှာ ... သိလားအမေ ဦးစည်းကာရံကိုမြင်ရင် ... ငါ့သားမက်လေး ... ငါ့သားမက်လေးနဲ့ အမေတစ်ခါတည်း အရမ်းသဘောကျသွားမယ် ... ”

“ဟင် ... ဒါဆို ... ညည်း ... နောက်တစ်ယောက်နဲ့ထပ်ဖြစ်လာပြန်ပြီလား ... ”

“အမေရယ် ... ထပ်ဖြစ်လာလို့ပြောတာမဟုတ်ဘူး ... အမေရဲ့ ... ဦးစည်းကာရံက ... နှစ်ကူးကိုလက်ထပ်ခွင့်တောင်းလိုက်လို့ ... အမေ့ကိုပြောတာ ... အဲဒါ ... အမေလည်းစဉ်းစား နှစ်ကူးလည်း စဉ်းစားမယ်”

“ဟာ ... မကြီးနှစ်ကူးကလည်း ... မကြီးမှာ ... ကိုကြီးယွန်းလက်ချာရှိပြီးသား ဥစ္စာကို ... ဘာဖြစ်လို့နောက်တစ်ယောက်ကို ... စဉ်းစားရမှာလဲ ... ”

“ဋ္ဌိ ... နင့်ပါးစပ်ပိတ်ထားစမ်း ... ဒီနေ့ကစပြီး ယွန်းလက်ချာအကြောင်းမပြောနဲ့ ... ”

အဲလို ... အမြင်ကတ်ဖို့ကောင်းတဲ့ဋ္ဌိ ...

စတွေ့တဲ့နေ့ကတည်းက ... ဦးစည်းကာရံကို ... နှစ်ကူးဇွေ့ဇွေ့ခုန်အောင် ... လက်လက်ထပြီးကြိုက်သွားတာ ... ဋ္ဌိမေ့နေပြီလား ... ဦးစည်းကာရံက ငါ့ရဲ့အချစ်ဦး ... သိလား ... ဦးစည်းကာရံနဲ့စကားပြောရတာ ... ဘယ်လောက်ရင်ခုန်ရတယ်မှတ်လဲ ... ”

ဟား ... တကယ်ချော၊ တကယ်မိုက်တဲ့ ... ဦးစည်းကာရံ
လန်းတယ် ဋ္ဌိရာ ...
တကယ်ပဲ ... တကယ်ပဲ ... ဟင်း ... ဟင်း ...
ငါ့ကိုလေ ... အရမ်းခမ်းနားတဲ့စားသောက်ဆိုင်ကြီးတစ်ခု





ကို ... ခေါ်သွားပြီး ... စားချင်တာစားဆိုပြီးတော့ ... အဝကြွေးတာ ... ။

“စားနော် ... ချာတိတ်”

“ဟာ ... ကိုကြီးလည်းစားလေ ... ”

“ချာတိတ် ... ပျော်နေလား”

“ဟာ ... ပျော်တာပေါ့”

ဒီလိုကြွေးလို့ကတော့ ... နှစ်ကူးတို့ကလာထားပဲ ... ။

အပြန်ကျရင် ... အမေ့အတွက်တောင် ... ပါဆယ်ဝယ်ဦးမှာ။

“ကိုယ် ... မင်းကိုတကယ်ချစ်ခဲ့တာနော် ... ချာတိတ် မယုံမရှိနဲ့ ... မင်းရဲ့ပွင့်လင်းဖြီး ဟန်ဆောင်မှုကင်းတဲ့ စရိုက်လေးကိုကိုယ်သဘောကျတာ ... မင်းပြုံးလိုက်ရင်လည်း စွဲမက်ဖို့အရမ်းကောင်းတယ် ... ”

“ဟမ် ... ဟုတ်လို့လား ... ”

“ကိုယ် ... တကယ်ပြောတာသိလား ... ကိုယ်မှာက မိဘတွေ မရှိတော့သလို ... ညီအစ်ကိုမောင်နှမနဲ့ ဆွေမျိုးဆိုတာလည်းမရှိတော့ ... လက်ထပ်ဖြစ်သွားရင်တောင် ကိုယ်တို့နှစ်ယောက်တည်းနေရမှာ ... ကိုယ်နဲ့နေရင် ... ချာတိတ်ပျင်းနေမှာ သေချာတယ် ... ကဲ ... ပြောပါဦး ... ချာတိတ်ကရော ... ကိုယ့်ကိုချစ်သွားပြီလား ... ”

“ဟာ ... မချစ်ပါဘူး ... ”

ခေါင်းကလေးခါပြီး ... နှစ်ကူးဈေးကိုင်ပစ်လိုက်တာ ... မျက်နှာထားလေးကပါ ... ခပ်တည်တည်လေးပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဒီမှာနော် ... ကိုကြီး ... ကိုကြီးခေါ်တဲ့နောက်ကို ... နှစ်ကူး အခုလျှောက်လိုက်နေတာ ... ကိုကြီးချမ်းသာတာကို နှစ်ကူးက ... မက်မယ်ထင်လို့လား ... ဟွန်း ... ဝေးသေးတယ်"

အကယ်ဒမီရှော့လေ ... အကယ်ဒမီရှော့ ...။

ဒီအထာတွေလောက်တော့ ... နှစ်ကူးတို့က ... ကျွမ်းပြီးသား ...။

မျက်နှာလေးမဲ့ပြီး ... နှုတ်ခမ်းလေးကို ... တင်းခနဲနေအောင် တွန့်ပစ်လိုက်တာ ... မျက်နှာထိမျက်နှာထားလေးနဲ့ ခေါင်းကလေးကိုခါပစ်လိုက်တာ ... အကယ်ဒမီမင်းသမီးတွေတောင် ... လက်လံသွားရမယ့် Action မျိုး ...

အမေပြောတော့ ... မိန်းကလေးဆိုတာ ... အဲဒီလိုတည်တည်လေးနဲ့ ... ခပ်တင်းတင်းလေးလုပ်ထားရမယ်ဆိုလို့ ... ဟောအမေပြောသလို ... လုပ်ကြည့်လိုက်တော့ ဘယ်ဆိုးလို့လဲ ...

ဦးစည်းကာရံ ... မျက်နှာလေး ... အိုကျသွားလိုက်တာ

"ချာတိတ်ရာ ... မင်းကိုယ့်ကို ... ခံစားရအောင်တော့ မလုပ်နဲ့ကွာ ... မင်း ... ကောင်လေးတစ်ယောက်နဲ့တွဲနေတာကို သိနေရဲ့သားနဲ့ ... ကိုယ်က ... ချစ်ခဲ့တာလေ ... အဲဒီအတွက် ... ကိုယ်ဘယ်လောက်မျက်နှာငယ်ရမလဲဆိုတာ ... မင်းစဉ်းစားကြည့်စမ်း ... မှန်တာပြောရင် ... ကိုယ်ရဲ့ဂုဏ်သိက္ခာအရ ... ကိုယ်မလိုချင်ဘူး ... မိန်းကလေးတစ်ယောက်တည်းကို ... ယောကျ်ားလေးနှစ်ယောက်က ... အပြိုင်လုရတာလည်း ကိုယ်ကမုန်းတယ် ... အဲဒီတော့ ... ကိုယ်ဆုံးဖြတ်လိုက်ပြီသိလား ... မင်းမချစ်ဘူးဆိုရင် ကိုယ်နောက်ဆုတ်လိုက်တော့မယ် ... ဒီနေ့ကစပြီး ကိုယ့်ကို ...





မင်းမေ့လိုက်ပါ ..."

"ဟင် ..."

ဒုက္ခပါပဲ ...။

အဲဒီအမေ ... လုပ်တာနဲ့။

"ဟဲ ... ဟဲ ... ကိုကြီးကို ... နှစ်ကူးတမင်စကြည့်တာနော်"

"ဘာ ... ဘာပြောတယ် ..."

"နှစ်ကူးလေ ... အဟင်း ..."

ခေတ်ကိုက ... အဲလို ... အဲလို ...

ပဲများရင် ... လွဲသွားမယ်တဲ့ ...။

"စိတ်ညစ်တယ် ... ကိုကြီးရာ ..."

နှစ်ကူးဘယ်လိုပြောရမလဲ ...။

ကိုယ့်ဘက်က ... တကယ်သေချာပေါက်ချစ်မိသွားတဲ့ ဟာကြီးကို ... မချစ်ပါဘူးလို့ ... ဟန်ဆောင်ပြီးတော့ ... နှစ်ကူး ... မပြောချင် ... အဲလိုပြောလို့ ... ဟိုကနောက်တစ်ယောက် ပြောင်းသွားရင် ... ကြားထဲက ... အချောင်ငတ်ရမှာက ... ကိုယ် ... ခုပဲကြည့်လေ ... အမေပြောသလို ... ကိုယ့်ဘက်က ... နည်းနည်းလေး တင်းကြည့်တာနဲ့ ... သူကိုမေ့လိုက်ဖို့ပြောနေတဲ့ဥစ္စာ ..."

"ဖြေနော် ... ချာတိတ်"

"ဟင် ... နှစ်ကူးက ... ဘာဖြေရမှာလဲ ..."

"ကိုယ့်ကိုချစ်လား ..."

ကြာပါတယ် ... နှစ်ကူးအဖြေပေးလိုက်တော့မယ် ...။

"ချစ်တယ် ..."

"ဟာ ... ချာတိတ်လေး ... ကိုယ်ယုံလိုက်ပြီနော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ဟင်း ... ဟင်း"

"အောင်မယ် ... မအေက ... ဒီလောက်ဆူနေတာကို ... မအေကို ... ညည်းက တဟင်းဟင်းနဲ့ ... ပြုံးပြီးတော့တောင် ကြည့်လိုက်သေးတယ် ... ဟုတ်လား ..."

"နှစ်ကူးမ ..."

"ဟာ ... အမေ ..."

အမေ့အော်သံကြီး ... ဖြတ်ဝင်လာတော့မှ ... အထိတ်တလန့်လေးနဲ့ ... သတိပြန်ဝင်လာပြီး ... အမေ့မျက်နှာကို မျက်တောင်ရှည်တွေ ပင့်ကော့သွားအောင် ကြည့်လိုက်ရသည်။

"ညည်း ... ညည်းက ... ငါ့ကိုတောင်မခိုးမခန့်"

"ဟာ ... မဟုတ်ဘူး ... အမေ ..."

နောက်ဆုံးမှာတော့ ...

ထိပ်လည်းအခေါက်ခံရ ... ဗိုက်ခေါက်လည်းလိမ်ဆွဲခံရနဲ့ ခြင်ထောင်ထဲရောက်တဲ့အထိ ... အမေဆူတာမပြီးသေး ...

ဝ ဝ ဝ





**အခန်း ဆယ့်ခုနစ်**

"အဲဒါပဲဝိုရယ် ... ငါ ... အခု ... စိတ်လည်းအရမ်းညစ်တယ် ဘာလုပ်ရမှန်းလည်းမသိတော့ဘူး ... လက်ဖက်ရောင်းကောင်းအောင်ဆိုပြီး ... အီစီကလီလုပ်ထားမိတဲ့ကောင်တွေက ... ငါ့ဆီက အဖြေကို မရမချင်းကိုတောင်းနေလို့ စိတ်ညစ်ရတာတစ်မျိုး ... ဟော ... အခုတော့ ... ကိုကြီးစည်းကာရံကပါ ... အဆစ်တိုးလာပြီဆိုတော့ ဒီရပ်ကွက်ထဲကနေ ... ငါထွက်ပြေးဖို့ပဲကျန်တော့တယ်"

"ဟွန်း ... အဲဒါ ... မကြီးရှုပ်ထားလို့ဖြစ်တာလေ ..."

ဝိုက ... ပြောရင်လည်း ဘယ်တော့မှအားမနာ ...

ဆံပင်တိုလေးတွေတခါခါနဲ့ ... ပြောနေတဲ့ မျက်နှာလေးကလည်း မဲ့ကာရွဲ့ကာ ... မျက်လုံးလေးထောင့်ကပ်ပြီး မကျေမနပ် ကြည့်လိုက်တာလေးကအစ ... အခု ဝိုအမူအယာလေးက ... နှစ်ကူး လုပ်ခဲ့သမျှတွေကို ... ဆန့်ကျင်နေတာ သိသာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဟင့် ... ဒီကြားထဲမှာ ... အမေကတစ်မျိုး ... "

နောက်ဖေး ရေတိုင်ကီလေးဘေးမှာ ... မနက်အိပ်ရာထကတည်းက ... ငိုင်စင်စင်းလေးဖြစ်ကာ ... ခုထိ ... နှစ်ကူးသွားမတိုက်နိုင်သေး ... အမေကတော့ဈေးကိုထွက်သွားပြီ ... ။

"ဟင် ... ကြီးကြီးမြို့က ... မကြီးနှစ်ကူးကိုဘာပြောနေလို့လဲ"

"ကိုယ့်ပြဿနာ ... ကိုယ်မရှင်းနိုင်ရင် ... ခေါင်းနဲ့ဆင်းရမှာတဲ့ ... ငါကလည်း ... ဘယ်လိုလုပ်မလဲ ... ဟိုတစ်ယောက် လာလည်း ... ငါ့ကိုကြိုက်သွားပြန်ပြီ ... ဒီတစ်ယောက်လာလည်း ငါ့ကိုချစ်သွားပြန်ပြီနဲ့ ... ငါဘယ်လောက်စိတ်ညစ်နေရမလဲဆိုတာ နင်စဉ်းစားကြည့်စမ်း ... "

"ဟာ ... သူတို့က ... ကြိုက်တိုင်း ... မကြီးနှစ်ကူး ... ပြန်မကြိုက်နဲ့လေ ... "

"ဟဲ့ ... "

ဝို ... ဒီတော့ပြောတော့ နှစ်ကူးအခံရခက်သွားသည်။

"ငါ ... ငါ ... ဘယ်သူ့ကိုကြိုက်လို့လဲဟင် ဝို ... နင်စကားပြောတာကြည့်ပြောစမ်း ... "

"အမလေး ... မကြီးနှစ်ကူးမကြိုက်ပေလို့ပဲ ... မကြီးနှစ်ကူးနဲ့ ပထမဦးဆုံးကြိုက်ခဲ့တဲ့ ... ဟိုဘက်ရပ်ကွက်က ... သဘော်သားအစ်ကိုကြီးကလည်း ... လမ်းထိပ်မှာတွေ့လို့ ... ဝို့ကို မကြီးနှစ်ကူးအကြောင်းတွေ မေးသွားသေးတယ် ... "

"အောင်မယ် ... မေးစရာလား ... သူနဲ့ငါက ... ပြတ်သွားတာ ... ကြာနေပြီပဲဥစ္စာ ... "





"ဟင် ... အဲဒါ ... မကြီးနှစ်ကူးက ... အတင်းဖြတ်တာလေ ဟိုက ... မပြတ်နိုင်လို့ ... မကြီးနှစ်ကူးဆီလာလာနေတာပေါ့"

"အဲဒါနော် ... နင် ... အမေ့ကိုသွားမဖွနဲ့ ... "

ဝို့ကိုလည်း ခပ်တည်တည်လေး နှစ်ကူး ... ဟောက်ထားရသေး၏။

အခုလောလောဆယ် ... နှစ်ကူး ... သတိရနေတာက ... ယွန်းမဟုတ်တော့ဘဲ ... ကိုကြီးစည်းကာရံဖြစ်နေတာက ... ခက်နေသည်။ တကယ်တော့ ... နှစ်ကူးအချစ်ရဆုံးက ... ကိုကြီးစည်းကာရံပါ ... သို့သော် ... ချစ်ရပေမယ့် ... ကိုကြီးစည်းကာရံဘဝနဲ့ နှစ်ကူးဘဝက ... ဘယ်လိုမှ ... မယှဉ်သာအောင် ... အလှမ်းဝေးနေတဲ့ဘဝ ... ။

ယွန်းကို ... ချစ်ခဲ့တုန်းက ... ငွေမက်ခဲ့တာမှန်ပေမယ့် ကိုကြီးစည်းကာရံလောက်တော့ ... ယွန်းကိုရင်မခုန်ခဲ့ ... အမေကတော့ ... ယွန်းနဲ့ပဲ သဘောတူနေသည်။

"ယွန်းလက်ဂျာလေးက ... သနားဖို့ကောင်းပါတယ် နှစ်ကူးမရယ် ... ညည်းကိုလည်း တကယ်ချစ်နေတဲ့ ... ပုံစံလေး ... "

"ဟင် ... အမေက ... ယွန်းလက်ဂျာကို ... ကြိုက်လို့လား"

"ကြိုက်တာပေါ့ဟဲ့ ... "

"ကြိုက်ရင် ... အမေပဲယူလိုက် ... "

"ဘာ ... ပြော ... တယ် ... "

အမေလိုက်ရိုက်တာ ... နှစ်ကူး အပြေးကောင်းလို့ ... ။

ညကလည်း ... အိပ်ရာထဲရောက်တဲ့အထိ နှစ်ကူးကို အမေတဖြစ်တောက်တောက်ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာတော့ ... တစ်နေ့တစ်နေ့ ... ထီးကလေးချိုင်းကြား ညှပ်ပြီး ... ဖတ်သီဖတ်သီလေးနဲ့ရှာစားလိုက်ရတာ ... ဟိုလူဆီသွားလည်းအတိုးမရ ... ဒီလူ့ဆီသွားလည်းအတိုးမရနဲ့ ... စိတ်ဓာတ်ကျပြီး ... ဟိုကမေး ... ဒီကမေးလို့ ... ရှင်းရတာတစ်မျိုး ... ဟောအခု ညည်းက ... တစ်ယောက်ကိစ္စတောင်မပြတ်သေးဘူး ... စည်းကာရံဆိုတဲ့နောက်တစ်ယောက်ကို ... ထပ်ပြီးတော့ပတ်သက်လာပြန်ပြီ ... အခု ... ညည်းဒီလိုလုပ်နေတော့ ... ညည်းကိုမွေးထားတဲ့အမေက ... ကောင်းပါတော့မလား ... "

"သမီး ချမ်းသာချင်လို့ပါ ... အမေရယ် ... "

"ဟဲ့ ... ချမ်းသာချင်တိုင်း လျှောက်လုပ်နေရင် ... နောက်ဆုံးတစ်နေ့မှာညည်း ဟိုအတန်းကို ... ရောက်သွားတော့မယ် ... "

"ဟင် ... ဘယ်အတန်းလဲ ... "

နှစ်ကူးမို့ဆိုရင် ... ဘယ်တော့မှအကောင်းမပြောတဲ့အမေ

နှစ်ကူးက ... ယောကျ်ားတကာနဲ့ရှုပ်နေလို့လား ...

ဒီကြားထဲက ... ကျောင်းက သူငယ်ချင်းဆွေချစ်ကလည်း တစ်မှောင့် ... ။

"နှစ်ကူးနော် ... နင်နဲ့အခုကြိုက်နေတဲ့ ... ယွန်းလကျ်ာကို ငါမသင်္ကာဘူး ဟိုတစ်နေ့က ... မြို့ထဲကိုငါရောက်သွားတော့ Mini Mark တစ်ခုထဲကို ... အလန်းစားကောင်မလေးတစ်ယောက်နဲ့ တွဲဝင်သွားတာ ... ငါတွေ့လိုက်သလိုပဲ ... နင်ကြားထဲကနေ အချောင်ခံလိုက်ရမှာစိုးလို့ ... ငါသတိပေးတာ ... "

ဒါကိုလည်း ... နှစ်ကူးက ... ပေ့ါပေ့ါလေးပဲ ... တွေးသည်။

"ပါသွားတော့လည်း ... ကောင်းတာပေ့ါဟာ"





"ဟင် ... နင် ... ဘယ်လိုပြောလိုက်တယ် ... နှစ်ကူး"

ဆွေချစ် အံ့ဩသွားတာ ... မျက်တောင်လေးကိုတောင် မခတ်နိုင် ... ။

"ငါ ... ယွန်းလကျ်ာကို ... ခုထိ အဖြေမပေးရသေးဘူး၊ သူ့ကို ... တကယ်လည်း ငါမချစ်ခဲ့ဘူး ... "

"ဘာရယ် ... "

"နင်သိပါတယ်ဟာ ... ဟိုတစ်ခါ ... လမ်းမှာ ... ကားရွှံ့ရေစင်ပြီး ... ဖိနပ်ပါပြတ်သွားလို့ ... ပြန်လိုက်ဝယ်ပေးတဲ့ ... ဟိုအစ်ကိုကြီးလေ ... ငါ့မျက်လုံးထဲမှာ ... ပြန်မြင်နေတာ ... အဲဒီကိုကြီးပဲ ... သူ့မျက်နှာထားက ... ခပ်တည်တည်လေးနဲ့ ကြည့်လိုက်ရင် ... အမြဲတည်ခန့်နေတာ ... "

အခု ... အဲဒီကိုကြီးနဲ့ ... မထင်မှတ်ပဲ ... မြို့ထဲမှာ ပြန်ဆုံတွေ့ခဲ့ရပြီဆိုရင် ... ဆွေချစ်ဘာပြောမလဲ ... အဲဒီကိုကြီးအရမ်းချမ်းသာတာကိုလည်း ... အခုမှ ... နှစ်ကူးသိခဲ့ရတာပါ ... တကယ်တော့ ... နှစ်ကူး ... ချမ်းသာချင်တာကတော့ အကြောင်းရှိပါသည်။

ဖေဖေမဆုံးခင်တုန်းက ... ချမ်းသာတဲ့ ဖေဖေ့အသိုင်းအဝိုင်းဆွေမျိုးတွေရဲ့ ... အထင်သေးနှိမ်ချတာကို ... အမေရော ... နှစ်ကူးပါ ... ခံစားခဲ့ရတာလေ ...

"ဟဲ့ ... ဒါဘယ်သူလဲ ... "

"ဟင် ... ဖွားဖွားကြီးကလည်း ... ဒါ ... ဖွားဖွားကြီးရဲ့သားအလတ်ကောင်က မွေးထားတဲ့နှစ်သစ်ကူးဆိုတဲ့ကောင်မလေးလေ ... သီတင်းကျွတ်လို့ ဖွားဖွားကြီးကို ... လာကန်တော့တာတဲ့ ... ဖိနပ်ချွတ်လေ ... အိမ်ထဲဝင်လာတာ ... ဖိနပ်မချွတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာရသလား ... ”

အဒေါ်အရင်းခေါက်ခေါက်တွေဆိုပေမယ့် ...

ဆင်းရဲနေတဲ့ တူမလေးကိုကြည့်နေတာကပဲ ... အထင်သေးနှိမ့်ချစွာ ... ။

သည်တုန်းက ... နှစ်သစ်ကူးဆိုတဲ့ကောင်မလေးဟာ လေးတန်းကျောင်းသူအရွယ်လေးပဲ ... ရှိသေးတာပါ ... သွားကန်တော့တာကလည်း ... ဖေဖေအငှားမောင်းနေရတဲ့ ... လေးဘီးကား ... အစုတ်ကလေးနဲ့ပေါ့ ... ။

ဖေဖေ့ဘက်က အဖွားရော ... အဒေါ်တွေရော ... ဦးလေးတွေရဲ့ ... သားသမီးတွေရော ... ခြံကျယ်တိုက်မြင့်ကြီးထဲမှာ ... နောက်ဆုံးပေါ်ကားတွေ ... ဝတ်ကောင်းစားလှတွေနဲ့ ... တပျော်တပါးရောက်လာကြတဲ့အချိန်မှာ ... နှစ်ကူးအဖွားကို ... ကန်တော့နိုင်တာက ... သီးမွှေးငှက်ပျောသီးလေးတစ်ဖီးနဲ့သာ ... ။

အင်္ကျီအသစ်၊ စကတ်အသစ်လေးကို ... နှစ်ကူးဝတ်ထားပေမယ့် ... ဝတ်ထားတဲ့အဝတ်အစားတွေရဲ့တန်ဖိုးက ... ပြည်တွင်းဖြစ်တွေနဲ့ ... တခြားမောင်နှစ်မဝမ်းကွဲ ... ကလေးတွေရဲ့ ... အဝတ်အစားတွေလောက်တော့ ... တန်ဖိုးကြီးထည်ဝါနေခြင်းမျိုးတော့ မရှိခဲ့ပါ ... ။

သည်တော့ ... ဆွေမျိုးအရင်းခေါက်ခေါက်ကြီးပင်ဖြစ်လင့်ကစား ... နှစ်ကူးကိုဘယ်မောင်နှမဝမ်းကွဲတွေကမှ ... အရေးတယူခင်မင်ရင်းနှီးဟန်တွေ ... မပြခဲ့ကြ။

“ဟဲ့ ... နှစ်ကူးမ ... ”

“ရှင် ... ဖွားဖွား ... ”





“ညည်း ... အမေ မာနရှင်ကြီးမပါဘူးလား ... ”

ချွေးမဖြစ်သူ အမေ့ကိုနှုတ်ခမ်းတွေတွန့်မဲ့ကာ ဖွားဖွားက မေးခဲ့တာပဲဖြစ်သည်။

“အမေ ... နေမကောင်းဖြစ်နေလို့ အိမ်မှာကျန်ခဲ့တာပါ ဖွားဖွား”

“ဟင်း ... ညည်းအမေပြောတာကို ... ညည်းလေးကယုံနေသလားဟင် နှစ်ကူးမ ... အလကား ... ဆန်မရှိ အစားကြီးနေတဲ့ မိန်းမ ... အခြောက်တိုက်ဘဝင်မြင့်ပြီး ယောက္ခမကိုပါ ... ပြိုင်ချင်နေတာ ... ညည်းလေးကရော ... ကြီးလာရင် ... ညည်းအမေအချိုးမျိုးလာမှာလား ... ”

ဖွားဖွားက ... ခပ်ငေါက်ငေါက်ကလေးပြောတော့ ... ကန်တော့နေရင်း ... ကြောက်ပြီး ... နှစ်ကူးမျက်ရည်ကျရသည်။

“အဟင့် ... နှစ်ကူးမလုပ်ပါဘူး ... ဖွားဖွား ... ”

“ဟိုမှာ ... တခြားမြေးလေးတွေကို ညည်းတွေ့တယ်မို့လား ကစားစရာအရုပ်လေးတွေကအစ ... နိုင်ငံခြားဖြစ်အကောင်းစားအရုပ်ကလေးတွေနဲ့ ကစားနေကြတာ ... ညည်းအမေကရော ... ညည်းကို ... အဲလိုထားနိုင်ခဲ့လို့လား ... ”

“အဟင့် ... ဟင့် ... ဟင့်”

တရှုံ့ရှုံ့လေးနဲ့ ဖွားဖွားရှေ့မှာ ... နှစ်ကူးငိုခဲ့ရတာကို ... အရေးတယူလေးနဲ့ ချော့မော့နှစ်သိမ့်ပေးမယ့်သူတွေလည်း နှစ်ကူးအနားမှာတစ်ယောက်မှ ရှိမနေခဲ့ကြပါ ...

ဖွားဖွားက နှစ်ကူးကိုမုန့်ဖိုးပေးတော့လည်း ... တာဝန်အရကလေးကျေနပ်အောင် မဖြစ်စလောက်ကလေးသာ ... နှစ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့လည်း … ဘယ်သူကမှ ငှါတူမလေး … ငှါတို့ညီမလေး ငါတို့မမလေးဆိုပြီး … နှုတ်ဆက် … အသိအမှတ်ပြုတာလည်း မရှိခဲ့ … ။

အမေက … ဒါကိုစိတ်နာပြီး … ဖေဖေ့အမျိုးတွေကို … သေခန်းပြတ်စေ ကြောငြာခဲ့တာ … ဖေဖေမဆုံးခင်ကတည်းက ပါပဲ။

"အမျိုးအရင်းခေါက်ခေါက်ကြီးတွေတောင် … ရှိတဲ့သူက မရှိတဲ့သူကိုနှိမ်တာ … တရားသလား … ဘယ်လောက်စိတ်နာဖို့ ကောင်းတဲ့ အမျိုးတွေလည်းဆိုတာ … နောက်မပတ်သက်နဲ့ …"

အမေ့တစ်ချက်လွှတ်အမိန့်နဲ့တင် … ဖေဖေ့အမျိုးတွေနဲ့ ပတ်သက်တာကို တခန်းရပ်ခဲ့သည်။ ကလေးဘဝကတည်းက နှစ်ကူး ရင်ထဲမှာ … စွဲမြဲကိန်းအောင်းခဲ့တာလည်း … ငါကြီးလာရင် … ချမ်းသာရမယ်ဆိုတဲ့ ခံယူချက်ပဲဖြစ်ခဲ့၏။

"နှစ်ကူးမရေ … အဖေပေးထားတဲ့မုန့်ဖိုးလေးနဲ့ … ကျောင်း ရောက်ရင် မုန့်ဝယ်စားနော် …"

နှစ်ကူးအင်္ကျီခံကာ မုန့်မစားဘဲ … စုဗူးလေးထဲမှာ ပိုက်ဆံ စုတတ်တာလည်း ထိုစဉ်ကတည်းကပဲဖြစ်သည် … အခုလည်း အမေ ဘယ်လောက်ပဲ … ဆူဆူဆဲဆဲ … ချမ်းသာချင်သည့်စိတ်က မခံချင်စိတ်လေးနဲ့အတူ … ရင်ထဲမှာ ထာဝရစွဲထင်နေဆဲ … ။

ညကလည်း … နှစ်ကူးအမေ့ကိုပြောမိတာက …

"အမေရယ် … လူတွေက ကိုယ့်မှာပိုက်ဆံမရှိရင် … ဘယ် လောက်အထင်သေးကြ၊ နှိမ်ကြတယ်ဆိုတာ … အမေလည်း သိနေ တာပဲဥစ္စာ … အခု … သူဌေးတွေက နှစ်ကူးကို … တစ်ယောက်ပြီး





တစ်ယောက် လာလာကြိုက်နေတာ … တစ်နေ့ နှစ်ကူးချမ်းသာ တော့မှာမို့ … ဖုတ်သွင်းရထားကြီးက မိုးပေါ်ကနေ နှစ်ကူးရှေ့ကို ပြုတ်ကျလာတာပဲနေမှာ … သူကလူပျိုကြီးအမေရဲ့ … စီးတဲ့ကား ကလည်း … အကောင်းစား ဖိတ်ဖိတ်လက်နေတဲ့ကားကြီး … တီဗီ လည်း … ကားထဲမှာပါတယ်အမေ …"

"ဟွန့် … မတော်တရော် နေရာတွေခေါ်သွားရင် … ညည်း မလိုက်နဲ့နော် …"

"ဟာ … အမေ့သမီးနှစ်ကူးလား … အဲဒီလိုလိုက်မှာ"

"နှစ်ကူးချမ်းသာသွားရင်လေ … အမေ့ကို ဗုဒ္ဓဂါယာလိုက်ပို့ ပေးမယ်သိလား … အဲဒီကျရင် … ယောဂီဝတ်စုံလေးနဲ့ … လေယာဉ်ပျံကြီးစီးပြီး … အမေလိုက်သွား …"

"အမလေး … ညည်းအခုလုပ်နေပုံမျိုးနဲ့ … ဗုဒ္ဓဂါယာမသွား နိုင်ပဲ … ကလေးတွေပဲတစ်ယောက်ပြီးတစ်ယောက် တောင်းနဲ့ လိုက်ကောက်နေရမှာ …"

"ဟွန်း … တွေ့လား … အမေ့ကိုနှစ်ကူးက … အကောင်း ပြောနေတဲ့ဟာကို … အမေဘာသိလို့လဲ … အဲဒီကိုကြီးစည်းကာရံ က … နှစ်ကူးကို … တကယ်လက်ထပ်မှာ … အမေ့ကိုလည်း တိုက်နဲ့ကားနဲ့ နှစ်ကူးအပျံစားထားမယ်သိလား … အမေ ပုဇွန်ထုပ် စားမလား … ရွှေဘဲက ဘဲကင်စားမလား … ဘယ်ဟိုတယ်က ဖြစ်ဖြစ် … အမေစားချင်တာ … Phone လေး ကောက်ဆက်ပြီး အမေ့သမီး နှစ်ကူးမှာပေးမယ် … ဟော … အိပ်ရင်လည်း … တစ်တောင်လောက်ထူတဲ့ အကောင်းစားမွေ့ရာကြီးပေါ်မှာ … ရေမွှေးလေးဆွတ်ပြီး အမေအိပ် … ဟင်း … အဲဒီကျရင် … အမေ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ... အမျိုးတွေကိုခေါ်ပြီး ... စိန်တွေတဖျပ်ဖျပ်ဝတ်ထားတဲ့ အမေ့ခြေသလုံးကို ... လာနှိပ်ပေးစမ်းလို့ နှစ်ကူးပြောမယ် ... ”

“စည်း ... စည်းကာရံက ... အဲဒီလောက်ချမ်းသာလို့လား”

“ဟာ ... ချမ်းသာတာပေါ့အမေရဲ့ ... ချမ်းသာလို့အမေ့ကို နှစ်ကူးပြောနေတာ ... ဆီဒိုးနားဟိုတယ်က ... အစည်းအဝေးခန်းမ ထဲတောင်၊ ဘာတွေလုပ်မလို့လဲမသိဘူး စာချုပ်တွေချုပ်၊ လက်မှတ်တွေထိုးနေကြတာ၊ အဲဒါနော် ... ကိုကြီးစည်းကာရံက ... တစ်ချက်လေးတောင်မပြုံးဘဲ ... လက်မှတ်ထိုးတာ ... ”

“ယွန်းလက်ျာလေးသိသွားရင် ... စိတ်မကောင်းဖြစ်နေပါဦးမယ် နှစ်ကူးမရယ် ... ညည်းလုပ်နေတာ ငါမျက်နှာအရမ်းပူတယ်၊ အဲဒီ စည်းကာရံ ... ဆိုတဲ့ ညည်းကိုကြီးကရော ... ယွန်းလက်ျာလို ချောရဲ့လား ... ”

အရေးထဲမှာ ... သားမက်ရုပ်ဆိုးမှာကို အမေကြောက်နေလိုက်တာ ...

“အမလေး ... အမေရယ် ... သမီးသူ့ကိုစကြိုက်ကတည်းက ချမ်းသာလို့ကြိုက်တာမဟုတ်ဘူးလေ ... အမေရဲ့ ... ချောလို့ကြိုက်တာ ... သူ့ကိုစတွေ့လိုက်ကတည်းက ... ဘာဖြစ်သွားမှန်းမသိဘူး အမေရယ် ... သိလား ... သမီးတစ်ကိုယ်လုံးလေ ... တအားကို အေးစက်ပြီးတော့ ... ရင်တွေတုန်လာတာ ... သူက ... သမီးကို ဖျတ်ခနဲ ... စိုက်ကြည့်လိုက်တော့ ... ခပ်တည်တည်ကြီးသိလား အမေ ... ပြုံးလည်းမပြုံးဘူး ... ရယ်လည်းမရယ်ဘူး ... သိလား အမေရဲ့ ... ”

“ဒါဆို ... သူ့ကိုစကြိုက်တာ ... ညည်းကစကြိုက်တာပေါ့”





“အဲဒါ ... ဟုတ်တယ်လေ ... အမေ ... ”

“ကြည့်စမ်း ... ”

“ဟာ ... မဟုတ်ဘူး အမေ ... ”

သွားပြီ ... ။

နှစ်ကူးလက်ကာလိုက်တာ ... နောက်ကျသွားပြီ ... ။

ဒေါက်ခနဲကျလာတဲ့အမေ့လက်ခေါက်က ... လေးခွကြီးမှာ လောက်စာလုံးတပ်ပြီး ... နှစ်ကူးငယ်ထိပ်တည့်တည့်ကို ... ပစ်ချလိုက်သလို ... ။

မနက်အိပ်ရာထလို့ ... သွားတိုက်မျက်နှာသစ်မယ်လုပ်တော့ ... အမေနဲ့ညက ဖြစ်ခဲ့တာလေးကို တွေးပြီးနှစ်ကူးတစ်ယောက်တည်း ပြုံးမိရသေးသည်။

“ဟွဲ့ ... ကြည့်စမ်း ... မျက်နှာမသစ်ဘဲ ... ငုတ်တုတ်ကြီးထိုင်ငိုက်နေတယ်”

“ဟယ် ... အမေ”

အမေတောင် ... ဈေးက ပြန်ရောက်လာပြီ ...

“ညည်း ... ညည်း ... အခုထိ မျက်နှာမသစ်ရသေးဘူးလား ဟင် ... နှစ်ကူးမ ... ”

“သစ်မှာပေါ့ ... အမေရဲ့ ... ”

အခုမှ ... သွားတိုက်တံကို ... ပါးစပ်ထဲထိုးထည့်သည်။

“ညည်းကတော့ ... အေးအေးဆေးဆေးလုပ်နေသိလား ဈေးထဲမှာ ... ညည်း လင်နောက်လိုက်သွားပြီဆိုပြီး ... သတင်းတွေပြန့်နေလို့ ... ငါ့မှာ မနည်းရှင်းခဲ့ရသေးတယ် ... ”

“ဟင် ... ဝုတ်လား ... ”



www.burmeseclassic.com

www.burmeseclassic.com



သွားတိုက်ဆေးတွေ ... ပါးစပ်ထဲပြည့်နေတော့ ... နှစ်ကူး အသံကမပီ ... ။

ဟုတ်လားလို့ပြောတာ ... ဝုတ်လားဖြစ်လိုဖြစ် ... ။

မျက်လုံးလေးကပြူး ... ထိုင်ပဲဆက်တိုက်ရမလား ... ထပဲ ရပ်နေလိုက်ရမလား ...

"ကောလဟာလဆိုတာ ... အရမ်း ကြောက်စရာကောင်းတယ် ... တောမီးလိုပဲ ... ဟုတ်ခနဲနဲ့ တစ်တောလုံးကို ချက်ခြင်းပျံ့သွားတာ ... မေးသမျှလူကို ... ချက်ခြင်းရှင်းနိုင်လို့တော်သေးတာပေါ့ ... အဲဒါသင်ခန်းစာပဲ ... အချိန်မတော်အချိန်တော်မှာ ပြန်လာတဲ့ မိန်းကလေးတိုင်း ... ဒါမျိုးအထင်မခံရအောင် ... နေသင့်တယ် ... ပြောခံရရင် ... ကိုယ်ပဲနစ်နာတာ ... ကိုယ်တန်ဖိုးပဲ ... ဆုံးရှုံးတာ ... "

မိုးလင်းတာနဲ့ အမေ့လက်ချာ ... စဝင်ပြီ။

"ဝို ... ငါ့ကိုမျက်နှာသုတ်ပဝါပေးစမ်း ... ပြီးတာနဲ့ ... သနပ်ခါးသွေးထား ... ငါဝတ်မယ့်အဝတ်အစား တစ်စုံထုတ်ထား၊ ဟဲ့ ဟိုနေ့က ... ယွန်းဝယ်ပေးလိုက်တဲ့ ... အပြာရောင် ... ရယ်ဒီမိတ်ဝမ်းဆက်ဂါဝန်လေးကိုပြောတာနော် ... ဖိနပ်က ဦးစည်းကာရဲ့ဝယ်ပေးထားတဲ့ ... ဖန်စီဒေါက်မြင့်လေးကိုထုတ်ထား ... "

"စလင်းဘတ်က ... ဟိုသဘော်သားအစ်ကိုကြီး လက်ဆောင်ပေးထားတဲ့ စလက်းဘတ်အပြာရောင်လေးလား"

"ဝိုရယ် ... နင်တော်တော်လျှာကြောရှည်တာပဲ ... "

"ဒေါက် ... "

ဝိုငယ်ထိပ်ကို ... လက်ဆစ်လေးနဲ့ခပ်ဆတ်ဆတ်လေးကို





ခေါက်ထည့်လိုက်ရပြန်ပြီ ...

အမေကလည်း ... မျက်လုံးကြီးပြူးပြီး ... နှစ်ကူးကိုလှမ်းကြည့်သည်။

ဒါတောင် ... ဝိုအော်လိုက်တဲ့အထဲမှာ ... ထွန်းမြတ်စိုးမုန့်ပို့ရင်း ... ရတဲ့အမြတ်လေးထဲက ... မစားရက်မသောက်ရက် လက်ဆောင်ဝယ်ပေးထားတဲ့ ... အသည်းပုံ ... ရွှေရောက်ခေါက်ပိုက်ဆံအိတ်ကလေးမပါသေးလို့ ... ။

ပြောရရင် ... ဒါတွေအားလုံးကိုယ့်ကုသိုလ်နဲ့ကိုယ်ရတာလေ ...

သူတို့က ... ပိုးကြေးပန်းကြေး ... ကိုယ့်ကိုလာပေးနေတာ ဒါကို ... ယူမိတာ နှစ်ကူးအပြစ်လား ... ကိုယ့်ပိုက်ဆံနဲ့ဘာမှ မဝယ်ရလေ ... နှစ်ကူးစုဗူးကြီးက ... ပိုပြီးတော့ ... လေးလာလေ ...

ဒါကိုပဲ ... နှစ်ကူးက ပျော်လို့မဆုံး ... ။

"ဝိုနော် ... အမေ့ရှေ့မှာ ... နင်စွတ်ပြီးတော့ ... အာချောင်မနေနဲ့ ... ငါကျောင်းသွားနေတုန်း ... ကိုကြီး ရောက်လာရင်လည်း ဟိုတုန်းကတည်းက ... ငါ့မှာရည်းစားတစ်ယောက်မှ မရှိဘူးလို့ ပြော ... "

"ဟွန်း ... အဲလိုပြောတော့ ကိုကြီးကယုံမလား ... ရပ်ကွက်ထဲမှာ ... ဘယ်သူ့မေးမေး ... မကြီးရည်းစားများတာ သိနေတဲ့ဥစ္စာ ... ဝိုတစ်ယောက်တည်းဖုံးထားလို့ယုံမလား ... "

"ဝိုနော် ... နင့်ငါ့ကို ... ဆရာမလုပ်စမ်းပါနဲ့ ... "

အရေးဆို ... ဝိုကို ... နှုတ်ပိတ်နေရတာ ... ကိုယ့်မှာအလုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ... ။

ဝိုက ... နှစ်ကူးရဲ့ငယ်ကျိုးငယ်နာတွေအားလုံးကို ... ခရေစေ့တွင်းကျ တစ်ခုမကျန်အားလုံးသိနေတာလေ ... ဝိုဖွင့်ချလိုက်တာနဲ့ ... နှစ်ကူးအရှက်ကွဲတော့မှာ ...။

"ဒါဆို ... မကြီးနှစ်ကူး တကယ်ချစ်တာ ... ဘယ်သူလဲ"

"ကိုကြီးစည်းကာရံပေ့ါဟဲ့ ... "

နှစ်ကူးစဉ်းစားနေစရာတောင် မလိုတော့ပါ ... ။

ဝိုမေးတာကိုလည်း ... မျက်နှာလေးမော့ကာ ပြတ်ပြတ်သားသား အဖြေပေးပစ်လိုက်၏။

"ဟင် ... မကြီးကလည်း ... အမျိုးမျိုး ... "

ဝိုမျက်စောင်းလေးထိုးတာ ... တစ်အားချစ်ဖို့တော့ကောင်းနေပါသည်။

နှစ်ကူးကတော့ ... မျက်နှာသစ် ... သွားတိုက် ... ရေချိုးပြီးတာနဲ့ ...အခန်းထဲပြေးဝင်သွားကာ အလှပြင်သည်။ ဒီနေ့ ... ကျောင်းသွားရမည် ... ကျောင်းသွားဖို့လည်း ခွေချစ်နဲ့ Aircom Bus ကားဂိတ်မှာချိန်းထားသည်။

"ဝိုရေ ... စားပွဲပေါ်တင်ထားတဲ့ ... ငါ့ခေါက်ပိုက်ဆံအိတ်လေးယူခဲ့စမ်း ... "

"ဘယ်အိတ်လေးလဲ ... မကြီးနှစ်ကူး"

"အပြာလေး ... အပြာလေး ... "

"ဟွန့် ... "

ဝိုကြည့်လိုက်တော့ ... မကြီးတစ်ကိုယ်လုံးမှာဝတ်ထားသမျှ ကိုင်ထားသမျှ ... ပစ္စည်းတွေအားလုံး ... မကြီးရည်းစားတွေပေး





ထားတဲ့ပစ္စည်းတွေဖြစ်နေသည်။

"ငါ့ ပိုက်ဆံလေးက ... မိုက်ရဲ့လား ... ဝို ... နင်ကြည့်စမ်း"

တကယ်လည်း ... အံစက်နေအောင်လှတဲ့ မကြီးနှစ်ကူးပါ။

ဝတ်ထားတာရော ... ပခုံးမှာလွယ်ထားတာရော ... လက်ထဲမှာ ကိုင်ထားတဲ့ ခေါက်ပိုက်ဆံအိတ်ကလေးပါ ... အပြာရောင်လေးဖြစ်နေတာ ... တိုက်ဆိုင်တာတော့မဟုတ် ... ။

မကြီးနှစ်ကူး ... ဒီနေ့ဘယ်သူနဲ့ ချိန်းထားလို့လဲ ... ။

"တီ ... တီ ... "

"ဟယ် ... မကြီးနှစ်ကူးရေ ... ကိုကြီးယွန်းလက်ျာအိမ်ရှေ့မှာရောက်နေပြီ"

"ဘုရားရေ ... "

"ညကတည်းက ... စိတ်ပူနေလို့ ကိုကြီးယွန်းလက်ျာလိုက်လာတာဖြစ်မယ်"

"အဟင့် ... ဒုက္ခပါပဲ ... "

နှစ်ကူးမှာတော့ ... နားရွက်လေးကိုင်လိုက် ... ခေါင်းကလေးကုတ်လိုက်နှင့် ... ။

"စိတ်ညစ်တယ် ... သိလား ... သူများက ... ကြိုက်မှန်းမသိ ... မကြိုက်မှန်းမသိ ... အိမ်ကိုဘာဖြစ်လို့ ... ခဏခဏ လိုက်လာရတာလည်းမသိဘူး ... ရှုပ်တယ် ... ယွန်းကို ... အပြတ်ဖြတ်ပစ်လိုက်တော့မယ် ... "

"ဟမ် ... "

နောက်ဖေးမှာ ... ဟင်းအိုးပြင်ရင်း ... နှစ်ကူးပြောနေတာကို ကြားလိုက်ရတဲ့ ... ဒေါ်မြို့မေတ္တာ မျက်လုံးမပြူးဘဲနေပါတော့



www.burmeseclassic.com

www.burmeseclassic.com



မလား ... ။

ကြိုက်တုန်းက ... လက်လက်ထနေအောင် ... မွှေနှေကို အတင်းဖိတ် ... ကောင်လေးအိမ်ကိုအတင်းလိုက်လည် ... လက်ဆောင်တွေအမျိုးမျိုးရအောင် ... ညဏ်နီညဏ်နက်မျိုးစုံသုံးခဲ့တဲ့ ဒင်းက ... ယွန်းဆိုတဲ့ကောင်လေးကို ... သူမလိုတော့မှ အတင်းဖြတ်တော့မလို့တဲ့ ... ရမလား ... ။

ရည်းစားတစ်ယောက်ကို ဖြတ်တာ ... ဒင်းအတွက် ... ထမင်းစားရေသောက်လား ... ။





## အခန်း ဆယ့်ရှစ်

"ဩော် ... ရှင်က ကျွန်မအိမ်ကိုလိုက်လာသေးတယ်နော်"

"ဟွန်း ... "

ဟာ ... ကြည့်စမ်း ... ။

မျက်နှာထားရော ... လေသံရော ... မကြီးနှစ်ကူး တစ်ခါတည်းပြောင်းသွားတာ ... ဝှိယုံတောင်မယုံနိုင် ... မကြီးနှစ်ကူးက ခါးကလေးတစ်ဘက်ကို ... လက်ကလေးတစ်ဘက်နဲ့ ဆတ်ခနဲထောက်ပစ်လိုက်သလို ... နှုတ်ခန်းဒေါင့်လေးကို ... ဟွန့်ခနဲတွန့်လိုက်ပုံလေးက ... သူ့မှာ ဘာအပြစ်မှမရှိတဲ့အတိုင်း ... ။

ပြီးတော့လည်း ... ကိုကြီးယွန်းမျက်နှာကို ... မကြည့်ပဲ မျက်နှာလေးကို ... ချာခနဲတင်းတင်းလေးလှည့်ပစ်လိုက်ပုံလေးက အစ ... ဝှိကို ... မျက်တောင်ခပ်ဖို့သတိမရနိုင်အောင် ... မကြီးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ကူးရဲ့ ... အမူအရာလေးတွေက ... ဆွဲဆောင်သွားသည်။

"နှစ်ကူးရာ ... မင်း ... ဘာဖြစ်နေတာလဲ ... ကိုယ်မနေ့ကလည်း ... ချိန်းထားတဲ့နေရာကို ရောက်မလာလို့ ... တစ်ချိန်လုံး ... Phone ဆက်နေတာ ... ညကလည်းဒီကို ... တစ်ခေါက်လာသေးတယ် ... အခုလည်း ... ဘာအဆက်အသွယ်မှ ... မရတော့လို့ ... စိတ်ပူပြီးလိုက်လာတာ ... "

"မလိုပါဘူး ... မလိုပါဘူး ... ဒီနေ့ကစပြီး ... ကျွန်မ အတွက် ရှင်စိတ်ပူပေးနေစရာအကြောင်းဘာမှမရှိတော့ဘူး"

"ဟင် ... နှစ်ကူး ... မင်းကိုယ့်ကိုဘယ်လိုပြောလိုက်တာလဲ"

ယွန်းလက်ျာက ... နှစ်ကူးမျက်နှာလေးကိုငေးကြည့်ကာ မျက်တောက်ခတ်လိုက်ဖို့ကိုပင် ... သတိမရနိုင် ... နှစ်ကူးရာ ... ကိုယ့်မှာဘာအပြစ်ရှိလို့ ... မင်းဒီလိုတွေပြောနေရတာလဲကွာ ... ကိုယ် ... မင်းကိုဘယ်လောက်ချစ်တယ်ဆိုတာ ... မင်းသိရဲ့သားနဲ့ ... ညကလည်း ... မင်းကြောင့် ... တညလုံးကိုယ်အိပ်မပျော်ခဲ့ဘူး ... ကိုယ့်အိမ်မှာလည်း ... မင်းကြောင့်ပြဿနာတွေတက်နေပြီ ... မာမီကလည်း ... ကိုယ့်သတင်းတွေကြားပြီး ... ကိုယ့်ကိုစိတ်မချတော့လို့ မြန်မာပြည်ကို ... ပြန်လာတော့မယ် ... ပြောပါဦးကွာ ကိုယ့်ကိုဘာဖြစ်လို့ ... ဒီလောက်ထိ ... စိမ်းစိမ်းကားကား ဆက်ဆံနေရတာလဲ ... "

"ဟာ ... အဲဒါ ... ရှင်မသိဘူးလား ... "

ဘုရားရေ ...

မျက်နှာလေးကို ဆတ်ခနဲလှည့်ချလိုက်ပြီး ... ကိုကြီးယွန်း





ကို ... မကြီးနှစ်ကူးကြည့်ပစ်လိုက်တာ ... မျက်ဝန်လေးထဲမှာ ... နာကျည်းရိပ်တွေတောင် ... ဖိတ်ဖိတ်လက်လို့နေခဲ့ပါရောလား အကယ်ဒမီလေးငါးထပ်ကွမ်း ... မင်းသမီးကြီးတွေ ... သရုပ်ဆောင်သွားတာ ... မကြီးနှစ်ကူးတို့က ... လုံးဝသနားတဲ့ ... အဆင့်ကိုတောင်ရောက်သွားပြီ ... ။

"ဟား ... ဟား ... "

ကြည့်စမ်း ... ။

ငွိငေးကြည့်နေဆဲမှာပင် ... မကြီးနှစ်ကူးက ခါးကလေးကော့ကာ ... နာနာကြည်းကြည်းလေးရယ်လိုက်တော့ ... ကိုကြီးယွန်း ... မျက်မှောင်လေးကျုံ့ကာ ... နားမလည်ဟန်ကလေးနဲ့ လက်ကလေးပိုက်ကာ ... ကြည့်သည်။

သည်လိုပါပဲ ...

ဒေါ်မြို့မေတ္တာကလည်း ... နောက်ဖေးခန်းကနေ ... အိမ်ရှေ့ကိုချောင်းကြည့်ရင်း ... အူတွေအသည်းတွေ ယားလာတာ ... သည်အတိုင်းရပ်နေလို့တောင်မရ ... ထမိန်စွန်တောင်စွဲပြေးဝင်ကာ ဒင်းကို ... ကိုင်ဆောင့်ပစ်ချင်နေတာ ... စိတ်ကိုမနည်းထိမ်းထားရသည်။

မိန်းမလည် ... သိန်းကြွယ်မ ... ။

ဒီလိုအိုက်တင်မျိုးတွေနဲ့ ... ယောကျ်ားလေးတွေကို ... ဒင်းအနိုင်ယူ ... နှိပ်စက်လာတာ ဘယ်နှစ်ယောက်တောင်ရှိနေပြီလဲ ... ။

"ဟား ... ဟား ... "



www.burmeseclassic.com

www.burmeseclassic.com



ယွန်းလက်ျာမအောင့်နိုင်တော့ပါ ... ။

ရုတ်တရက်ကြီး ... ပြောင်းလဲသွားတဲ့နှစ်ကူးဆီက ... အဖြေကိုလည်း သူမြန်မြန်သိချင်လှပါပြီ။ နှစ်ကူးရော ... ဘယ်လိုဖြစ်တာလဲကွာ ... ကိုယ့်ကို ... ခံစားသွားရအောင်တော့ မင်းမလုပ်လိုက်ပါနဲ့ ... ဒီကိုနာကျင်နေတဲ့ မျက်ဝန်းလေးတွေနဲ့ကြည့်ပြီး မင်းကိုယ့်ကို ... လှောင်ပြောင်မရယ်မောလိုက်ပါနဲ့ ... ကိုယ် မင်းကိုတကယ်ချစ်ခဲ့တာပါ ... နှစ်ကူးရယ် ... "

"ဟား ... ဟား ... ရှင် ... သိပ်ရယ်ရတယ် ... သိလား ... ယွန်းလက်ျာ ... ကျွန်မကတော့ ... ရှင့်ကို ... ခင်လိုက်ရတာ ... ရှင် ... ရှင်က ... ကျွန်မနောက်ကွယ်မှာ ... ကောင်မလေးတစ်ယောက်နဲ့ CAPITAL ထဲကို ... လက်ချင်းတွဲဝင်သွားတာ"

"ဟာ ... ဘယ်တုန်းကလဲ ... ဒုက္ခပါပဲ"

ယွန်းကိုယ်တိုင် ... ဒါကိုမသိတော့ ... ယောင်ချာချာလေးဖြစ်သွားရသည် ... ။

"ရှင် ... မငြင်းနဲ့ ... "

"တွေ့လား ... တွေ့လား"

ယွန်းလက်ျာဆိုတဲ့ အပြစ်မရှိတဲ့ ဟိုကောင်လေးကို ... ဖြတ်ချင်တာနဲ့ ... ဒင်းအပြစ်မရှိအပြစ်ရှာပြီး လုပ်ချလိုက်တာ ... တကယ်တော့ ... ယွန်းလက်ျာဆိုတဲ့ကောင်လေးဖက်ကနေ ... မခံမရပ်နိုင်ဖြစ်နေတာ ... ဒေါ်မြို့မေတ္တာပါ ... ထိုကောင်လေးကို ဒင်းပဲငမ်းငမ်းတက်ဖြစ်ပြီး ... အိမ်ကို လက်ဆွဲခေါ်လာတာလေ။ နှစ်ကူးနဲ့ကြိုက်နေပါတယ်ဆိုပြီး ... တရပ်ကွက်လုံးက သိထားတာလည်း





ဒီကောင်လေး ... ဒါကို လွယ်လွယ်နဲ့ ... ဖြတ်ချလိုက်ရင် ပတ်ဝန်းကျင်ကဘာပြောမလဲ ... ကိုယ့်ကိုလည်း ... အားလုံးက သွားပုတ်လေလွင့် ... ဝေဖန်ကဲ့ရဲ့ကြဦးမှာ ... ။

"ရှင် မငြင်းပါနဲ့ ... "

"ဟာ ... အဲဒါ ... ကိုယ်မဟုတ်ဘူး"

"ရှင် ... အခု အိမ်ပေါ်ကဆင်းသွား ... ရှင် ဘယ်လောက်ပဲချမ်းသာချမ်းသာ ... ရှင့်လို ... သစ္စာမရှိတဲ့ ... ယောကျ်ားတစ်ယောက်ကို ... ကျွန်မ ဆက်ပြီးတော့ ... မပတ်သက်ချင်ဘူး"

ကြည့်စမ်း ... ။

သစ္စာမရှိတာက ... ဒင်းက ... မရှိတာလေ ... ။

ငပြူးကပဲ ... ပြရတယ်ရှိသေး ... ။

"ရော့ ... ဒီမှာ ရှင်ပေးထားတဲ့ လက်ဆောင်တွေ ... တစ်ခုမကျန်အကုန်ပြန်ယူသွား ... ဟောဒီမှာ ... ရှင်ပေးထားတဲ့ HAND PHONE ... "

"နှစ်ကူးရာ ... ကိုယ်မဟုတ်ပါဘူးလို့ မင်းကို ... ရှင်းပြနေတာပဲဥစ္စာ ... "

အထုပ်ကြီးတစ်ထုပ်ကိုလည်း ... အိပ်ခန်းထဲကနေ ... ဆွဲထုတ်လိုက်ပြီး ... ကိုကြီးယွန်းရှေ့မှာ မကြီးနှစ်ကူးကချပေးလိုက်ပြီ။

"ကျွန်မလက်မခံဘူး ... ယွန်လက်ျာ ... ဒါကြောင့်မို့ ရှင်ပေးထားတာမှန်သမျှ ... ရှင်လာတာနဲ့ပြန်ပေးဖို့ ... ကျွန်မဆုံးဖြတ်ထားတာ ... ဒီနေ့က ... ရှင်နဲ့ကျွန်မနောက်ဆုံးနေ့ပဲ ... ရှင့်ကိုလည်းကျွန်မမုန်းပစ်လိုက်ပြီ ... ဟဲ့ ... ဝို ... နင်ဘာငိုင်ပြီးတော့ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ ... ဒီအထုပ်ကြီးသူ့ကားပေါ်ပြန်တင်ပေးလိုက် ... ”

“ဟင် ... ဒီအထုပ်ကြီးပဲ ... တင်ပေးရမှာလား ... ဟို တီဗီကြီးကရော ... ”

“ဟင် ... ”

“အဲဒါလည်း ... ကိုကြီးယွန်းလက်ဆောင်ပေးထားတာ”

အမြင်ကတ်ကတ်နှင့်ဝို့ပြောတော့ ... မကြီးနှစ်ကူးမျက်နှာ ပျက်သွားသည်။ ဒါကျတော့ မကြီးနှစ်ကူးက ... ပြန်ပေးချင်ပုံမရပါ။

“ဟယ် ... အဲဒါကြီးက ငါမှမသယ်နိုင်တာ ... ”

တွေ့လား ... ဒါကျတော့ ... မျက်နှာငယ်ငယ်လေး ...

“ဟာ ... ဘာလို့မသယ်နိုင်ရမှာလဲ ... မကြီးနှစ်ကူးနဲ့ဝို့ နှစ်ယောက်ဝိုင်းသယ်ရင်ရတယ် ... လာ ... လာ ... တစ်ခါတည်း သယ်ပြီးကားပေါ်တင်ပေးလိုက်မယ် ... ”

“ငါ ... မသယ်နိုင်ဘူးနော် ... အဟင့် ... ”

တီဗီကြီးကို ... ကြည့်ကာ ... မကြီးနှစ်ကူးနှမြောနေပြီ။

“ညည်း ... ညည်း ... အခုမှ ... ဘာမသယ်နိုင်ဖြစ်နေရတာ လဲဟင် ... နှစ်ကူးမ ... ဒါကြီးရောက်လာတုန်းက ... ညည်းပဲ ကလေးတစ်အုပ်နဲ့ဝိုင်းသယ်တင်ထားတာလေ ... ”

အမေ ... ဒေါ်နဲ့မောနဲ့ ... လက်တစ်ဘက်တင်ကာ ... နောက်ဖေးအခန်းက ... ထွက်လာပြီ။ ဘာပဲပြောပြော ... ဒေါ်မြို့ မေတ္တာ ... ကတော့ ယွန်းဆိုတဲ့ကောင်လေးဘက်ကပါ ... ထို ကောင်လေးမျက်နှာငယ်နေတာကိုလည်း ... ဒေါ်မြို့မေတ္တာ မကြည့်ရက် ... ကိုယ့်သမီးမလည်ရှုပ်လုပ်နေတာတွေကိုလည်း သည်းမခံနိုင်။ အစတုန်းက ... ကိုယ်တကယ်မချစ်ဘဲနဲ့ ဘာဖြစ်လို့





အိမ်ပေါ်ခေါ်တင်လာခဲ့သလဲ ... သူပေးတဲ့လက်ဆောင်တွေအငမ်း မရယူခဲ့သလဲ ...

မေတ္တာဆိုတာ ... အလျားအနံမရှိပေမယ့် ... အသွားအပြန် တော့ရှိသင့်တာပဲ ...

ဒါ ... အဖြစ်သင့်ဆုံး ... လောကနိယာမတရားပဲ ... ။

“ဒီမှာ ... ညည်းဘာမှ ပြောမနေနဲ့ ... ယွန်းလက်ျာဆိုတဲ့ ကောင်လေးကိုလည်း ... ညည်းထိုင်ဆိုထိုင်၊ ထဆိုထလုပ်နေတာကို ငါခွင့်မပြုနိုင်ဘူး ... ညည်းကို ဒီကောင်လေးနဲ့ပဲ ... ငါသဘောတူ တယ် ... ချမ်းသာတာ ... ဆင်းရဲတာ ... လူတစ်ယောက်ရဲ့ကံပဲ သား ... ညကလည်း ... အန်တီ ... မင်းကို ... ပြောထားတယ်နော် မင်းတို့မိဘတွေဘက်က ... သဘောမတူရင် ... အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ... အိမ်ပေါ်က ဆင်းခဲ့ပါ ... ဆိုတာ ... အေး ... မင်းဆင်းလာတာနဲ့ ... အန်တီမင်းနဲ့ပေးစားမယ် ... ”

“အဟင့် ... အမေနော် ... သူ့မှာအလုပ်မရှိရင် ... အမေပဲ ရှာကျွေးရမှာနော်”

နှစ်ကူးငိုချင်နေပြီ ... ။

အမေက ... ယွန်းနဲ့တကယ်ပေးစားတော့မည်။

“ရှာကျွေးမယ် ... ရှာကျွေးမယ် ... ဒီကောင်လေးမှာ ... ဘာအပြစ်မှ ... မရှိဘူးဆိုတာသိလို့ ... ငါရှာကျွေးမှာ ... ”

ဒါဟာ ... ဒေါ်မြို့မေတ္တာရဲ့ဆုံးဖြတ်ချက်ပါပဲ ... ။

ရပ်သိရွာသိဖြစ်နေတဲ့ ... ရည်းစားတစ်ယောက်ကို ... ဆင်း ရဲရဲ ... ချမ်းသာသာ ... လက်ခံပေးရမှာ ... ဒေါ်မြို့မေတ္တာရဲ့တာဝန်



www.burmeseclassic.com

www.burmeseclassic.com



ပါ။

"အဟင့် ... အမေလုပ်တာနဲ့ ဇာတ်လမ်းတွေက အကုန်ရှုပ်ကုန်တော့မယ် ... အမေပြောတာကို ... မယုံနဲ့ ... မိဘတွေသဘောမတူတဲ့ကြားက ... နှစ်ကူးကိုယူလိုက်ရင် ... ယွန်းပဲ ... ဒီအိမ်စုတ်လေးမှာ လာနေပြီး ... ဒုက္ခရောက်နေမှာ ... ဒီအထုပ်လေးကိုယူပြီး ယွန်းပြန်တော့နော် ... နှစ်ကူးကိုလည်း ဒီကမ္ဘာကြီးထဲကနေ ဟိုအဝေးကြီးကို လွှင့်သွားပြီလို့ ... သဘောထားလိုက် ... ဒီဘဝမှာ မဆုံရရင် ... နောက်ဘဝကြမှ ... ယွန်းနဲ့နှစ်ကူးဆက်ဆက်ပြန်ဆုံမယ်သိလား ... "

"ဟာ ... နောင်ဘဝထိ ကိုယ်မစောင့်နိုင်တော့ဘူး ... "

ယွန်းက ... အပြတ်ပြောသည်။

နှစ်ကူး ... မျက်နှာလေးက ... ခုတော့ ... ငိုမဲ့မဲ့လေး။

"ဝို ... "

"ဘာဖြစ်လဲ ... မကြီးနှစ်ကူး ... "

"ယွန်းကို ... ငါ့ဘော်ဒါတစ်ယောက်လိုပဲခင်ခဲ့တာ ... နင်သိတယ်နော် ... "

ဝိုပြန်မဖြေပါ ... ။

မျက်တောင်လေးပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ... နှစ်ကူးမျက်နှာကိုပဲ တအံ့တသြမော့ကြည့်နေ၏။

"ငါတကယ်ချစ်ခဲ့တာ မဟုတ်ဘူး ... နော် ဝို ... နင်နဲ့ငါနဲ့ ယံယံခေါက်ဆွဲတွေပြုတ်သောက်တဲ့ညက ... နင့်ကိုငါပြောခဲ့တာလေ ... "





ဟင် ... ဘယ်တုန်းက ... ယံယံခေါက်ဆွဲတွေပြုတ်သောက်ခဲ့လို့လဲ ... ။

"မကြီးနှစ်ကူး ... ဝိုကို ... အဲလို ... ပြောလို့လား"

"ဟာ ... ဝိုရယ် ... ငါနင့်ကိုနှစ်ခါကြီးတောင်မှ ... ထပ်ပြီးတော့ပြောသေးတယ်လေ ... ငါ ... ငါ ... တကယ်ချစ်ခဲ့တာ ငါ့ဖိနပ်လေးပြတ်သွားလို့ ... လမ်းမှာလိုက်ဝယ်ပေးသွားတဲ့ ... အရပ်မြင့်မြင့်အစ်ကိုကြီးဆိုတာ ... "

ခုမှတော့ ... မထူးစိတ်ပိုက်ကာ ... ယွန်းကို ... အမှန်အတိုင်းပဲ ... နှစ်ကူး ပြောလိုက်သည်။

"အစ်ကိုကြီး ... ဟုတ်လား ... ဘယ်က ... အစ်ကိုကြီးလဲ"

ယွန်းမျက်နှာလေးရဲသွားသည်။မေးလိုက်တဲ့ အသံလေးကပါထန်သွားသည်။

"ဦး ... ဦးစည်းကာရံဆိုတဲ့ အစ်ကိုကြီး ... "

"ယွန်း ... ဒါကြောင့်မို့ ... မင်းက ... ကိုယ့်ကိုအပြစ်မရှိအပြစ်ရှာပြီး ... လမ်းခွဲဖို့ကြိုးစားလိုက်တာပေါ့လေ ... နှစ်ကူး ရပါတယ် ... အဲဒီအတွက်ကိုယ်သိပ်ပြီးတော့လည်းရှက်တယ် ... ယူကြုံးမရဖြစ်တဲ့အထိလည်း ... ကိုယ်ခံစားရတယ် ... ကိုယ်မကျေနပ်ဘူး ... ဒါပေမယ့် ... နောင်တ တရားတွေနဲ့အတူ ကိုယ်ဖြေပေးလိုက်ပါ့မယ် ... ကိုယ့်အမှတ်တရပစ္စည်းတွေအားလုံး မင်းပြန်ပေးလိုက်ပါ ... "

ဒေါ်မြို့မေတ္တာ ယွန်းဆိုတဲ့ကောင်လေးကိုကြည့်ကာ ပါးစပ်အဟောင်းသား။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းစိတ်နာနာနဲ့ ချာခနဲလှည့်ထွက်သွားတော့မှ ...

"နှစ်ကူးမ ..."

"ဟင် ... အမေ ..."

အမေ မျက်လုံးပြူးကြီးနှင့်နှစ်ကူးကိုအော်ပြီး ...

"တီဗီကြီးကို ... ညည်းကိုယ်တိုင်မပြီး ... ကားပေါ်တင်ပေးလိုက်"

"အဟင့် ... သမီးမနိုင်ဘူး ... အမေရဲ့ ... အမေပါ ... ဝိုင်းမ ..."

"နှစ်ကူးမရယ် ... ညည်းတော့လား ..."

"ဒေါက် ..."

"အမလေး ... သေပါပြီ ..."





အခန်း ဆယ့်ကိုး

"အဟင့် ... ဟင့် ... ဟင့် ... သမီးကို ... မဆူပါနဲ့ အမေရဲ့ ..."

"မဆူလို့ရမလား ... မဆူလို့ရမလား ... ဟိုကလာကြည့် ဒီကလာကြည့်နဲ့ ညည်းလုပ်တာ ... ငါဘယ်လောက်အရှက်ကွဲနေတယ်မှတ်လဲ၊ အိမ်ရှေ့ကဟာတွေကလည်း ... ဒီအိမ်မှာဘာတွေဖြစ်ကုန်ပြီလဲဆိုတာ ... သိချင်လို့ ... စပ်စုနေတာ ... မျက်လုံးကြီးတွေကို ပြူးလို့ ... အဲဒါ ... သူများပေးတဲ့လက်ဆောင်တွေ ... ညည်းမတရားလိုချင်ခဲ့လို့ ... ဒီလိုတွေဖြစ်ကုန်တာ ..."

နံရံလေးမှာတစ်ယောက်တည်းမှီထိုင်ကာ ... နှစ်ကူးမျက်ရည်ကျလို့မဆုံး ... ။

"အခုဆိုရင် ... ကုမ္ပဏီပိုင်ရှင် စည်းကာရံနဲ့တွဲတဲ့ ညည်းသတင်းတွေ ရစရာမရှိအောင် ... ဘယ်လောက်ပြောလိုက်မလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ညည်း ... ဒါကို မရှက်ဘူးလား ... ဟင် ... နှစ်ကူးမ ညည်းကို အိမ်ရှေ့အိမ်က ... အီးပုတ်မက ... ညည်းအတင်းတွေကို ... အကုန်ဖြန့်တော့မှာလေ ... ”

“အဟင့် ... သမီးက ... ဘာလုပ်နေလို့လဲ အမေရဲ့ ”

“ဟဲ့ ... ပိုက်ဆံချမ်းသာတာကိုမက်ပြီး ... သူဌေးသား မြင်တိုင်းညည်း ... လက်လက်ထနေခဲ့တာလေ ... ထားလိုက်တဲ့ ရည်းစားတွေကလည်း ... တစ်ယောက်ပြီးတစ်ယောက် ... ရည်းစားစာပေးရင်လည်း ... တစ်စောင်မကျန် အကုန်လက်ခံ လက်ဆောင်တွေလာပေးရင်လည်း ... ဖလမ်းဖလမ်းထပြီး ... အငမ်းမရညည်းအကုန်ယူခဲ့တာ ... ဟော ... အခုတော့ ... ညည်း နာမည်ပျက်ပြီ ... အဲဒါတွေဖြစ်အောင် ညည်းလုပ်ခဲ့တာ ... မဟုတ်ဘူးလား ... ”

“ဟင် ... အဲဒါ ... သမီးလုပ်တာမဟုတ်ဘူးလေ ... သူတို့က သူတို့မနေနိုင် ... မထိုင်နိုင် ... သမီးကိုပဲ တစ်ယောက်ပြီးတစ်ယောက် လာလာကြိုက်နေကြတာ ... ယွန်းဆိုလည်း သမီးက ရိုးရိုးသားသားလေးခင်သွားလို့ ... မွေးနေ့ဖိတ်တာကို သူဘာဖြစ်လို့ တီဗီအကောင်းစားကြီး ... မွေးနေ့လက်ဆောင်လာပေးလဲ ... အဟင့် ... အဲလောက်တန်ဖိုးကြီးတာကြီးလာပေးတော့ သမီးက အားနာသွားတာပေါ့ ... ”

“အေး ... အဲဒါမျိုးကြီးတွေလာလာပေးအောင် ... ဆံပင် ရှည်ကြီးတွေတခါခါနဲ့ ညည်းပဲပေးခဲ့တာလေ ... ညည်းမကြိုက်ရင် မကြိုက်ဘူးလို့ ... ပြတ်ပြတ်သားသား ငြင်းပစ်လိုက်ပါလား ...





ခုတော့ ကိုယ်မကြိုက်ပဲနဲ့လည်း ... ကြိုက်နေသယောင် ပြန်စာရေး လိုရေး ... ဟိုက ... ချိန်းတော့ ... ညည်းကရှောင် ... လက်ဆောင် ပေးတော့ ငမ်းငမ်းတက်ယူ ... ကြည့်စမ်း ... အခု ရပ်ကွက်ထဲမှာ ညည်းနာမည်ပျက်ပြီ ... ”

“တီ ... တီ ... ”

“ဟဲ့ ... ဟဲ့ ... အိမ်ရှေ့မှာ ... ကားတစ်စီးရပ်လာပြန်ပြီ၊ ကြည့်စမ်း ... ကြည့်စမ်း ... ယွန်းဆိုတဲ့ကောင်လေး ... မကျေနပ် လို့ ပြန်လိုက်လာတာလား”

မမျှော်လင့်ဘဲ ... အိမ်ရှေ့မှာ ... ထိုးရပ်လိုက်တဲ့ ... ကား တစ်စီးကိုကြည့်ပြီး ... နှစ်ကူးရင်တွေတုန်သွားတာ ... ထိန်းလို့ တောင်မရ ... ”

ကိုကြီး ... ။

ကိုကြီးစည်းကာရံ ... နှစ်ကူး အိမ်ကို ... လိုက်လာပြီ။

“ဟင် ... ကားပေါ်က ... ဆင်းလာတာ ... ယွန်းလည်း မဟုတ်ပါလား ... ကြည့်ပါဦး ... အရပ်ကလည်းအမြင့်ကြီးနဲ့ ”

“အဟင့် ... အဲဒါ ... သမီးပြောတဲ့ ... ကိုကြီးပေါ့အမေရဲ့”

“ဘုရားရေ ... ”

တစ်ယောက်ကိစ္စကို ... ပြောလို့ မပြီးခင်မှာ ... နောက် တစ်ယောက်ထပ်ရောက်လာလို့ ... ဒေါ်မြို့မေတ္တာ ... ထိုင်မရ ထမရနဲ့ မျက်လုံးပြူးရပြန်ပြီ ... ။

“ဒုန်း ... ”

“ဝုန်း ... ”

“အမလေး ... သေပါပြီ အမေရဲ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား ... တွေ့လား ... သေတာတောင်နည်းသေးတယ် ... ကိုယ့်ဒေါက်မြင့်ဖိနပ်ကြီးကို ... ကိုယ့်ဘာသာကိုယ်တိုက်ပြီးချော်လဲတာ ... "

"ခစ် ... ခစ် ... "

ငွိကဆွဲလည်းမထူ လူလည်းမလာပဲ ... ငုတ်တုတ်လေးထိုင်ကာ ... တခစ်ခစ်နဲ့ရယ်နေတာ ... အမေကလည်း ... ဒါကိုကြည့်ကာ ကောင်းကောင်း မေတ္တာပို့နေ၏။ ရှက်ရှက်နဲ့ပြန်ထရတာ ဘယ်သူ ဖြစ်ရမလဲ ... နှစ်ကူးပဲပေ့ါ။

"မကြီးနှစ်ကူးရေ ... ဒီကိုကြီးက ... မကြီးနှစ်ကူးအိမ်ကို လိုက်ပြပါဆိုလို့ ... သားလိုက်ပြတာ ... "

ဟယ် ... ကြည့်စမ်း ... ။

ဟိုတစ်ခါ ... ယွန်းကို ... လိုက်ပို့ဖူးတဲ့ဖွဲကောင်လေး အားကွေ့ ... ။

"တက်လေဗျာ ... ဒါ ... မကြီးနှစ်ကူးတို့အိမ် အစစ်ပါဗျ သားက ဘယ်သူလာမေးမေး ... မကြီးနှစ်ကူးတို့အိမ်ကို ... အမြဲ လိုက်ပို့ပေးနေတာဗျ ... "

"ဟင် ... "

အရေးထဲမှာ ... ဒီကောင်လေးက အချွန်နဲ့မနေပြန်ပြီ။

"ကျေးဇူးပဲ ... ညီလေးရာ ... ရော့ ... မုန့်ဖိုး ... "

"ဟာ ... ငါးထောင်တန်ကြီး ... မိုက်တယ်ဟေ့ ... "

အားကွေ့တစ်ယောက် ဝမ်းသားအားရနဲ့ ... အိမ်ပေါ်က ပြေးဆင်းသွားတော့မှ ... အိမ်ပေါ်ကို ... တည်တည်တင်းတင်း ကလေးတက်လာတာ ... ကိုကြီးစည်းကာရံပါ ... ။





"ကိုကြီး ... ကိုကြီး ... လိုက်လာတယ် ... "

"နှစ်ကူးရယ် ... ကျောင်းထဲကို ... မင်းမရောက်လာလို့ ကိုယ်စုံစမ်းပြီး ဒီအထိလိုက်လာခဲ့ရတာပေ့ါ ... "

"လာ ... ကိုကြီး ... ကိုကြီးကို ... အမေနဲ့တစ်ခါတည်း မိတ်ဆက်ပေးမယ် ... "

ဒေါ်မြို့မေတ္တာထိုင်နေတာက ... တကယ့်ကိုခေါင်းရင်းခန်းမှာ တောင့်တောင့်ကြီး ... ညည်း ... ညည်း ... ရှုပ်ထားဦးပေ့ါ နှစ်ကူးမ ... ညည်းကိုမွေးထားတဲ့ ငါ့အမေ ... ဘယ်လောက် မျက်နှာပူပြီး ... သေချင်စော်နံနေရပြီလဲဆိုတာ ... ညည်း ... စဉ်းစားမိရဲ့လား ... "

"အမေ့ ... "

"ဘာတုန်း ... "

ဖြေလိုက်မိတာကလည်း သံပြတ်ကြီး ... ။

"ဒါ ... ဒါ ... သမီး ... အရမ်းချစ်တဲ့ကိုကြီးလေ ... သမီးကို စိတ်မချလို့ ... အိမ်ကိုတစ်ခါတည်း ... လိုက်လာတာတဲ့ ... ကိုကြီး ဒါ ... ဒါ ... နှစ်ကူးရဲ့အမေ ... "

"တွေ့ရတာ ... ဝမ်းသာပါတယ် ... အန်တီ ... ကျွန်တော်က ... စည်းကာရံပါ ... "

"အမလေး ... အန်တီကလည်း ... နှစ်ကူးဟာတွေ ခဏခဏတွေ့ရလို့ ... ဒေါကန် ... အဲ"

အဟင့် ... ဒုက္ခပါပဲ ... အမေ့စကားတွေမှားတော့မယ်။

"အဲ ... အဟင်း ... ဝမ်းသာပါတယ် ... မောင်စည်းကာရံ"



www.burmeseclassic.com

www.burmeseclassic.com



နင်တင်တင်ကြီးပြန်ဖြေနေတဲ့ ... အမေ့မျက်နှာကိုကြည့်ပြီး အမေ့ကိုကြောက်လည်းကြောက် ... အားလည်းနာနဲ့ ... အမေ ရှေ့မှာ ... နှစ်ကူး တစ်ကိုယ်လုံး ... ထူထူပူပူကြီးဖြစ်လာရ၏။ ငှိ ကလည်း ... ကိုကြီးကို ... မော့ကြည့်ကာ ပြုံးစိစိလေးလုပ်နေ သည်။

"ကိုကြီး ... မှတ်မိလားဟင် ... ဒါ ... ငှိလေ ..."

"ဟာ ... မှတ်မိတာပေါ့ ..."

ငှိငယ်ထိပ်လေးကိုလည်း ... စည်းကာရံ လက်ကလေးနှင့် လှမ်းပုတ်မိသည်။

"ထိုင် ... ကိုကြီး ... ထိုင် ..."

နှစ်ကူး ... ပျာယာလေးခတ်ကာ ... ကိုကြီးစည်းကာရံ ထိုင်ဖို့ ... သင်ဖြူးဖျာလေးတစ်ချပ်ခင်းပေးမိသည်။

"ဟင် ... နှစ်ကူးငိုထားတာလား ... မျက်ခွံလေးတွေမို့ လို့"

"ဟဲ ... ဟဲ ... အမေဆူလို့ ... ငိုထားတာပါကိုကြီး"

"ဟုတ်တယ် ... မောင်စည်းကာရံရေ ... အန်တီမှာမွေး ထားတာရယ်လို့ ... ဒီသမီးအလိမ္မာတုံးနှစ်ကူးတစ်ယောက်တည်း ပဲရှိတာလေ ... မင်းကိုတော့အားလည်းနာတယ် ... ပြောရမှာ လည်းစိတ်မကောင်းဘူး ..."

"ဟုတ်ကဲ့ ... အန်တီ ... ကျွန်တော်ကလည်း အန်တီ့ သမီးနှစ်ကူးကို ... စတွေ့တဲ့နေ့ကတည်းက အရမ်းချစ်သွားလို့ ဒီ အထိလိုက်လာခဲ့ရတာပါ ... ပွင့်ပွင့်လင်းလင်းနဲ့မရှက်မကြောက်





ဝန်ခံရမယ်ဆိုရင် ... သူ့ကိုကျွန်တော်လက်ထပ်ချင်ပါတယ်"

"ဟွန်း ... ကိုကြီးပြောတာ ... အမေကြားတယ်နော် ... ကိုကြီးက နှစ်ကူးကိုအရမ်းချစ်တာသိလား ... အမေ၊ ကိုကြီး အမေ့ ကိုထပ်ပြောလိုက်ဦးလေ ... နှစ်ကူးကိုစတွေ့တဲ့နေ့တုန်းက ... ကိုကြီးစိတ်ထဲမှာ ဘယ်လိုဖြစ်သွားလဲဆိုတာ ..."

ကိုကြီးပြောနေတာကလည်း အမေ့ကိုအားတုန့်အားနာဖြစ် နေဟန်ကလေးနဲ့ ... တကယ့်ကိုပြုံးပြုံးလေးပါ။

"ဟုတ်ပါတယ် ... အန်တီ ... အန်တီသမီးလေးနှစ်ကူးကို မြတ်မြတ်နိုးနိုးလေးနဲ့ တကယ့်ကိုစွဲလန်းစိတ်ကလေးဖြစ်သွားလို့ အန်တီဆီက ခွင့်ပြုချက်ကို ... တကယ်တောင်းတာပါ"

"ဒါ ... ဒါဆို ... မင်းကို အန်တီတစ်ခုမေးမယ်နော် ... အန်တီမေးတာကို ... မင်းအမှန်အတိုင်းဖြေရမယ်နော် ..."

ဟင် ... အမေဘာမေးမလို့လဲ ...

နှစ်ကူး ... မျက်နှာလေးပျက်နေတာ ... သိသာသည်။

"ဟာ ... မေးပါ ... အန်တီ ... ကျွန်တော်အမှန်အတိုင်း ဖြေပါ့မယ်"

"နှစ်ကူးနဲ့မတွေ့ခင်မှာ ... ရည်းစားထားတဲ့သူ မင်းမှာရှိခဲ့ ဖူးသလား ..."

"မရှိပါဘူး ... အန်တီ ..."

"အမလေး ... အမေရယ် ... ရှိရင်လည်း ... အမေ့သမီး က ခွင့်လွှတ်ပေးပါတယ် အမေရဲ့ ... ဟုတ်တယ်လေ ... ကိုယ့်မှာ ရှိခဲ့ရင်လည်း သူကခွင့်လွှတ်နော် ... ကိုကြီးနော် ... နှစ်ကူးမှာရှိ ခဲ့ရင်လည်း ကိုကြီးခွင့်လွှတ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ပါတယ် ... နှစ်ကူးရယ် ... ခွင့်လွှတ်တယ်လို့ ကိုကြီး မင်းကိုပြောထားတယ်လေ ... "

"တွေ့လား ... အမေ ... ကိုကြီးက စိတ်သဘောထားလည်းအရမ်းပြည့်တယ် ... သမီးကိုလည်း ... နားလည်တယ် ... ဒါကြောင့်မို့ ဒီကိုကြီးကိုသမီးအရမ်းချစ်တာ ... ဆင်းရဲရဲချမ်းသာသာ ဒီကိုကြီးနဲ့ပဲ ... လက်ထပ်ဖို့ သမီးဆုံးဖြတ်လိုက်ပြီ"

"အေး ... ညည်းကဆုံးဖြတ်ပေမယ့် ... ငါကမဆုံးဖြတ်နိုင်သေးဘူး ... "

"ဟင် ... အမေ ဘယ်လိုပြောလိုက်တာလဲ ... "

"ညည်းနဲ့ငါနဲ့နှစ်ယောက်တည်း ... မေးစရာ ... ရှင်းစရာတွေရှိသေးတယ် ... နောက်ဖေးကို ... ညည်းလိုက်ခဲ့ ... "

"အဟင့် ... ဒုက္ခပါပဲ"

ဝိုင်နဲ့ ကိုကြီး ... အိမ်ရှေ့မှာ ... စကားတွေပြောရင်းကျန်ခဲ့ကာ ... အမေ ... က ... နားရွက်ကိုဆွဲကာ နောက်ဖေး ရေအိမ်နားအထိ ဆွဲခေါ်သွားသည်။

"ညည်း ... ညည်း ငါ့ကိုအမှန်အတိုင်းဝန်ခံစမ်း"

"သမီး ... သမီးက ... ဘာကိုဝန်ခံရမှာလဲ ... အမေရဲ့"

အမေ့ မျက်လုံးကြီးပြူးလေ ... နှစ်ကူးစိတ်ညစ်လေ ... ။

"ညည်းနဲ့ ... ယွန်းလကျာ်ဆိုတဲ့ကောင်လေး ဘယ်အထိဖြစ်ထားလဲ ... "

"ဟင် ... အမေ ဘာတွေ ... လျှောက်မေးနေတာလဲ"

"ဒီမှာ ... ညည်းကိုငါမေးနေတာ ... အဓိပ္ပါယ်မရှိတာတွေမေးနေတာမဟုတ်ဘူး ... ညည်းနဲ့ ယွန်းလကျာ်ဆိုတဲ့ကောင်လေး





ဘယ်အထိဖြစ်ထားသလဲဆိုတာ ... ငါသိချင်လို့မေးနေတာ ... တရက်ကနေ နှစ်ရက်မကွဲချင်လို့ သိချင်နေတာ ... ညည်းဘက်က ကင်းကင်းရှင်းရှင်းလေး ... သန့်သန့်စင်စင်လေးဖြစ်ထားမှ ... စည်းကာရံ တောင်းဆိုတာကိုငါလိုက်လျောနိုင်မယ် ... မဟုတ်လို့ကတော့ ... စည်းကာရံနဲ့ ... ငါမပေးစားနိုင်ဘူး ... "

"ရှင်းပါတယ် ... အမေရဲ့ ... "

"ညည်းမလိမ်နဲ့ ... ယွန်းလကျာ်နဲ့တစ်ခေါက်ချိန်းတွေ့ပြီးတိုင်း ... ဖရိုဖရဲပုံစံလေးနဲ့ ညည်းပြန်ပြန်လာတာ ... "

"အဟင့် ... အမေနော် ... ကိုယ့်သမီးကိုယ် အမေသိက္ခာမချနဲ့နော် ... သမီးက ယွန်းလကျာ်ခေါ်တဲ့နေရာတိုင်းကို အကုန်လျှောက်လိုက်နေတယ်လို့ ... အမေထင်နေလို့လား ... သမီးမျက်နှာကို အမေကြည့်ထား ... ဘယ်တော့မှ ... ခေါ်တိုင်းမလိုက်ဘူး ... "

"ဝိုင် ... ပြောတော့ ... ညည်းတို့နှစ်ယောက် ရုပ်ရှင်သွားကြည့်တယ်ဆို ... "

"အဲဒါ ... တစ်ခါတည်းသွားကြည့်တာလေ ... "

"သန်လျင်က ... ကျိုက်ခေါက်ဘုရားလည်း သွားဖူးသေးတယ်ဆို ... "

"အဟင့် ... အဲဒါ ... ယွန်းက ... ကားနဲ့ခေါ်လို့သွားတာပါအမေရဲ့ ... "

"ဟိုတယ်ပေါင်းစုံမှာလိုက်စားတာလည်း ... ညည်း"

"အဟင့် ... အဲဒါ ... ယွန်းက ... အတင်းခေါ်လို့ပါသွားတာ"

"ဒါဆို ... ညည်းနဲ့ယွန်းယောကျ်ာ ဘာမှမဖြစ်ထားဘူးပေါ့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တိုင်းမလိုက်ပေလို့ နေရာစုံအောင် ... ညည်းရောက်ဖူးနေတာ ငါ ... ညည်းကိုမယုံဘူး ... ယွန်းလက်ျာနဲ့ညည်းနဲ့ ... ဖြစ်ကိုဖြစ်ထားတယ် ... "

"အဟင့် ... ယွန်းက ... သမီးကို ... လက်ကလေးပဲကိုင်တာပါ အမေရဲ့ ... "

"မဖြစ်နိုင်ဘူး ... "

ဒေါ်မြို့မေတ္တာခေါင်းခါပြီးတော့ အတင်းငြင်းသည်။

"ဟို ... ဟို ... သမီးငြင်းနေတဲ့ကြားက ... ပါးကလေးလည်း ... တစ်ခါနမ်းသေးတယ်"

"ဒါပဲလား ... ဒါပဲလား ... "

"အဟင့် ... ပခုံးလေးကိုလည်း တစ်ခါဖက်သေးတယ် အမေရဲ့ ... "

"ကြည့်စမ်း ... ပခုံးလေးကို ... ဖက်ပြီး ယွန်းလက်ျာဘာလုပ်သေးလဲ ... "

"ဟာ ... ပခုံးလေးကိုဖက်မှတော့ ... ခါးလေးကိုပါ ... ဖက်ပြီပေါ့ အမေရဲ့ အဟင့် ... ဒုက္ခပါပဲ ... အဲဒီအမေ ... ဘာတွေလျှောက်မေးနေမှန်းမသိဘူး ... ယွန်းဘာမှမလုပ်ဘူးဆိုတာလည်း ပြောလို့မရဘူး ... အခုလည်း ... သမီးဘဝထဲမှာ ယွန်းမရှိတော့ဘူး"

"ဟဲ့ ... ညည်းပြောတော့ ... ဘာမှမလုပ်ဘူး ... ဘာမှမလုပ်ဘူးနဲ့ ... အခု ... ယွန်းဖက်တာ ... ခါးအထိရောက်နေပြီလေ ... "

"အဲဒါပဲလေ ... အမေရဲ့ ... "





"ညည်း ... ညည်း ... သေချာတယ်နော် ... "

"သေချာတယ် ... သေချာတယ် ... "

"စည်းကာရံကို ... ညည်းတကယ်ချစ်တာနော် ... "

"ဟာ ... ကိုကြီးကိုတကယ်ချစ်လို့ ... ယွန်းကိုတောင် ဖြတ်လိုက်ပြီဟာကို ... ပတ်ဝန်းကျင်ကလူတွေပြောချင်တာပြောပါစေ ကိုကြီးကိုပဲ သမီးလက်ထပ်မယ် ... အမေခေါင်းညိတ် လိုက်တော့"

"ကဲ ... လာ ... "

ကိုယ်မွေးထားတဲ့သမီးမို့ ... ဒီလိုခပ်ရှင်းရှင်းပဲ ... ဒေါ်မြို့မေတ္တာကြိတ်မေးရတာပါ၊ နောက်မှသံသယတွေနဲ့မရှင်း မရှင်းဖြစ်လာရင် ... ဘယ်လိုလုပ်မလဲ ... ဒေါ်မြို့မေတ္တာသဘောထားကချမ်းသာတာ ဆင်းရဲတာပြဿနာမရှိ ... ကိုယ့်သမီးလေးကိုရာသက်ပန်ရိုးမြေကျ ... ချစ်ချစ်ခင်ခင်လေးပေါင်းဖို့ပဲလိုတာ ... "

ယူပြီးမှ ... ပူညံပူညံပြဿနာတွေလည်း ဒေါ်မြို့မေတ္တာမကြားချင်။

ပြောရရင် ... စည်းကာရံချောတာလေးကမှ ... တကယ့်ကိုယောကျ်ားပီပီသသလေးနဲ့ ... တည်တင်းပြီးတော့ချောတာပါ။

ဒေါ်မြို့မေတ္တာ နှစ်ကူးလက်ကလေးကိုဆွဲပြီး ... အိမ်ရှေ့ခန်းကိုပြန်ထွက်လာတော့ ... ငွိနဲ့စည်းကားရံက တဝါးဝါးတဟားဟားတွေရယ်ပြီး ... အိမ်ရှေ့မှာ နှစ်ယောက်တည်းပွဲကျနေကြသည်။

"ငွိနော် ... နင်ကိုကြီးကို ပေါက်ကရေတွေ လျှောက်ပြောမနေနဲ့နော် ... "

နှစ်ကူးအကြောက်ရဆုံးက ငွိ ... ။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မပြောပါဘူး ... မကြီးနှစ်ကူးရဲ့ ... "

မပြောတဲ့ မျက်နှာက ... စပ်ဖြဲဖြဲလေး ... ။

အမေက ... စောစောတုန်းက ခေါင်းရင်းခန်းနေရာမှာဝင်ထိုင်လိုက်သလို ... နှစ်ကူးကခေါင်းကလေးငုံ့ရင်း ... အရှက်မျက်နှာလေးနဲ့ကိုကြီးဘေးမှာ ... ကျုံ့ကျုံ့လေးဝင်ထိုင်သည် ... အမေက ... ပင့်သက်ချရင်း ... ။

"ကဲ ... မောင်စည်းကာရံ ... အန်တီ ... နှစ်ကူးကို မေးသင့်တာတွေလည်းမေးပြီးပါပြီ ... မင်းရဲ့တောင်းဆိုမှုကိုလည်း အန်တီလိုက်လျောတယ် ... "

"ဗျာ ... အန်တီသဘောတူလိုက်ပြီ ... "

"တူတယ် ... တူတယ် ... "

"ဝမ်းသာလိုက်တာအန်တီရာ ... အဲဒီအတွက် ... အန်တို့ကိုကျွန်တော်တို့နှစ်ယောက်စလုံး ကန်တော့ပါရစေ ... "

"အမေနော် ... အမေနောက်မှစကားကိုတစ်မျိုးပြင်ပြီးမပြောနဲ့နော် ... သမီးတို့နှစ်ယောက်တကယ်ယူလိုက်တော့မှာနော်"

"ညည်း ... အထွန့်မတက်နဲ့ ... "

နှစ်ကူးမျက်လုံးထဲမှာမြင်လိုက်တာ ... ကိုကြီးစီးလာတဲ့နောက်ဆုံးပေါ် ကားသစ်ကြီးပြီးတော့ ... ပန်းပေါင်းစုံပွင့်နေတဲ့နတ်ဘုံနတ်နန်းကြီးလို ... လှပခန့်ညားနေတဲ့ တိုက်သစ်ကြီးနဲ့ခြံကျယ်ကြီး"

နှစ်ကူး ... သူဌေးဖြစ်ပြီ ... ။

ရပ်ကွက်ထဲမှာ ... လူတွေကိုလည်း ... ခေါင်းကလေးမော့





ပြီး ... နှစ်ကူး လက်မလေးထောင်ပစ်လို့ရပြီ ... ။

အမေ့ကိုလက်အုပ်ကလေးချီပြီး ... နှစ်ယောက်ပြိုင်တူကန်တော့နေတဲ့အချိန်မှာ ... နှစ်ကူးမှာတော့ ... လက်တွေလည်းတုန် ... ရင်တွေလည်းတုန် ... ပြုံကျလာတဲ့ ဆံပင်ရှည်ကြီးတွေကိုလည်း ... နောက်ကို ရောက်အောင်ခဏ ခဏပြန်တင်ရနဲ့ ... ။

"ကဲ ... အခု ... မင်္ဂလာနီးချိန်လေးမှာ ... မိဘကိုကန်တော့ရတဲ့အတွက် ဒီလင်ဒီမယားအိုအောင်မင်းအောင် ... မြေးတကျိတ်၊ မြစ်တစ်ရာရတဲ့အထိ ပေါင်းရပါစေလို့ ... အန်တီ ... အဲလေ ... အမေက ဆုတောင်းပေးပါတယ်ကွဲ့ ... "

"ပေးတဲ့ဆုနဲ့ ... ပြည့်ပါစေ ... အမေ ... "

ကြည့်စမ်း ... ကိုကြီးက ... အမေ့ကို ... အမေလို့တောင်ပြန်ပြတ်သားသားခေါ်ပစ်လိုက်ပြီ ... ဒါ ... ဒါ ... ကိုကြီးနဲ့နှစ်ကူးတကယ်ညားပြီဆိုတဲ့ အဓိပ္ပါယ်လား ... အမေရှက်ပြီး ထသွားတဲ့အချိန်မှာ ... နှစ်ကူးပခုံးလေးကို ... ကိုကြီးဖက်ပစ်လိုက်တာတကယ့်ကို ... ရင်ခုန်သွားရတဲ့ ... အရသာလေး ... ။

"ကိုကြီးနော် ... အမေ့ကို ကန်တော့ပြီးပြီဆိုတော့ ... ကိုကြီးနှစ်ကူးကိုမယူလို့မရတော့ဘူးနော် ... ကိုကြီးမပြန်နဲ့တော့ ဒီညဒီမှာပဲကိုကြီးအိပ်လိုက်တော့ ... "

"ဟာ ... မကြီး"

"ငို ... နင်ဝင်မပါနဲ့ ... တိတ်တိတ်နေစမ်း ... "

ငိုကို ... အပြတ်ဟောက်လိုက်တော့မှ ... ငိုတိတ်သွား၏။

"ကောင်းပါ့မလား ... နှစ်ကူးရယ် ... "

"ဟာ ... ဘာလို့မကောင်းရမှာလဲ ... ကိုကြီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကို ... ကိုကြီးလည်း ဒီစိတ်ကူးလေးနဲ့ ... အမေလက်ခံလိုက်ပြီဆိုတာနဲ့ပဲ ဒီမှာပဲနေတော့မယ်လို့ ... တစ်ခါတည်းထွက်လာတာပါ ... အဲဒါ နှစ်ကူးကို ... ကိုကြီးတကယ်ချစ်လို့ပါ ... "

"ရတယ် ... ကိုကြီး ... ကိုကြီးသာ ... နှစ်ကူးအနားမှာနေမယ်ဆိုရင် ... နှစ်ကူး ... ဘယ်သူ့ကိုမှဂရုမစိုက်တော့ဘူး"

"နှစ်ကူး ... ကိုကြီးကိုတကယ်ချစ်တယ်နော် ... "

"ချစ်တယ် ... ချစ်တယ် ... ချစ်တာမှလေ ... အရမ်းချစ်တအားချစ် ... "

ထိုအချိန်မှာ ... အနားကနေ ... ငွိဘယ်အချိန်ထသွားမှန်း နှစ်ကူးမသိလိုက်ပါ ... တကယ်တော့ ... အခု ... ငွိရောက်သွားတာ ဒေါ်မြို့မေတ္တာရှိတဲ့ နောက်ဖေးခန်းကိုလေ ... "

"ကြီးကြီးမြို့ ... "

"ဟင် ... ဘာလဲ ငွိ ... "

"ကြီးကြီးမြို့က ... သဘောတူတယ်ပြောလိုက်တာနဲ့ ... ဦးစည်းကာရံကို ... မကြီးနှစ်ကူး ... တစ်ခါတည်းခေါ်ထားလိုက်ပြီ ... ကိုကြီးစည်းကာရံကလည်း ဒီညမပြန်တော့ဘူးတဲ့ ... "

"ဟယ် ... ကြည့်စမ်း ... "

ဒင်း ... ဒင်းလုပ်နေတာ ... မျက်နှာပူဖို့တောင်ကောင်းလိုက်တာ ... ။

ဒင်းမရှက်တော့ဘူးလား ... ဒင်းမှာအရှက်ဆိုတာ မရှိတော့ဘူးလား ... ။

"ကားကြီးကိုအိမ်ရှေ့မှာ တစ်ညလုံးရပ်ထားပြီး ... ဒီမှာနေတော့ ... ကောင်းမလားဟင် ... ပတ်ဝန်းကျင်ကဘာတွေပြော





ကြမလဲ ... "

"ဟာ ... စောစောကပဲ ... အဲဒီကားကြီးပြန်မောင်းထွက်သွားပြီလေ ... ကိုကြီးစည်းကာရံလက်ထဲက ဟန်းဖုန်းကိုပြန်ပေးလိုက်တာ ... ငွိတွေ့လိုက်တယ် ... ဘာတွေလည်းတော့မသိဘူး ကိုကြီးစည်းကာရံ မျက်နှာမကောင်းဘဲ ... ငိုင်စင်းစင်းလေး အိမ်ပေါ်ပြန်တက်လာတာ ... မကြီးကတော့ ... အခုပျော်နေတယ် ကိုကြီးစည်းကာရံဖက်တာကနည်းနည်း ... မကြီး ပြန်ဖက်လိုက်တာက ... တအားကြီး ... "

"ဟယ် ... "

ဒေါ်မြို့မေတ္တာလဲသေချင်စိတ်တွေပေါက်သွားရပြီ ... ချမ်းသာချင်တဲ့ ... ဒင်း။

နောက်ဆုံးပေါ်ကားကြီးကိုမှ စီးချင်နေတဲ့ ဒင်း ... ။

ပတ်ဝန်းကျင်ကမေးလာရင်တောင် ဒေါ်မြို့မေတ္တာဘယ်လိုရှင်းရပါတော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း နှစ်ဆယ်

"နှစ်ကူးမ ... "

"အမ် ... အမေ ... "

"ညည်းတို့နှစ်ယောက်က ဘယ်လိုဖြစ်တာလဲ ... အခုပဲ ငါက သဘောတူတယ်လို့ ... ပြောရုံပဲပြောခဲ့သေးတာ ... စည်းကာရံက ... မပြန်တော့ဘဲ ... ဒီမှာပဲနေတော့မယ်ဆို ... "

"ဟုတ်တယ် ... အမေ ... သမီးလည်း အမေ့ကိုအဲဒါပဲ ပြောမလို့ ... နောက်ဖေးကိုဝင်လာတာ ... သူလည်း ... သူ့အလုပ်ထဲမှာ ဘာတွေဖြစ်နေလဲမသိဘူး ... စိတ်ဓာတ်ကျသလို ဖြစ်လာလို့ ... သမီးသူ့ကို ... ခေါ်ထားလိုက်တာ ... အဲဒါ သမီးက ... မေးတော့လည်း သူကမပြောဘူး ... အဲဒါ ... သမီးဘာလုပ်ရင်ကောင်းမလဲ အမေ ... "

"ဟဲ့ ... အဲဒါ ညည်းတို့နှစ်ယောက်ကိစ္စလေ"





"ဟို ... ဟိုလေ ... ဒီလိုလုပ် ... အမေ ... အမေလည်း မရှက်နဲ့တော့ ... သမီးလည်းမရှက်တော့ဘူး ... ပတ်ဝန်းကျင်က မေးရင် သမီးတို့နှစ်ယောက်ယူလိုက်ပြီလို့သာပြောလိုက်တော့ ... ညအိပ်ရင်လည်း ... အမေက ငွိနဲ့ ... အိမ်ရှေ့ဘုရားစင်အောက်မှာထွက်အိပ် ... သမီးက ... သူ့ကိုခေါ်ပြီး ... အမေ့အခန်းထဲမှာ အိပ်လိုက်တော့မယ် ... "

"အမလေးဟယ် ... တော်တော်ကောင်းတဲ့ အစီအစဉ်လေး"

"နော် ... အမေနော် ... သမီး ... အမေ့ကိုထပ်ပြီး ကန်တော့ပါတယ် ... သူ ... သူက ... တစ်ယောက်တည်းအိပ်ရမှာ သရဲကြောက်လို့တဲ့ အမေ ... "

"ဟဲ့ ... သရဲကြောက်ရင် ငါတို့နှစ်ယောက်ကြားထဲမှာလာအိပ်လေ"

"ဟာ ... အဲလိုကြီးတော့ ... သူက ဘယ်လိုလုပ်အိပ်တတ်မှာလဲ ... "

"ညည်း ... ညည်းဖြစ်တယ်နော် ... "

"ဖြစ်တယ်အမေ ... အမေ၊ သမီးအတွက်တော့ မပူနဲ့ ... သူ့ကိုချစ်တာလည်းပါသလို ... သူ့ဘယ်လောက်ချမ်းသာတယ်ဆိုတာ ... သမီးသိလို့သူ့ကိုတစ်ခါတည်း ယူလိုက်တာ ... သမီးတို့ယူပြီးတာနဲ့ ... အမေ ဗုဒ္ဓဂါယာသွား ... ဘန်ကောက်က မြဘုရားလည်းဝင်ဖူး ... ပြီးတော့မှ သမီးတို့ရှိတဲ့ ဖူးခက်ကမ်းခြေကိုအမေလိုက်ခဲ့ ... "

"အောင်မယ် ... "

ကိုယ့်သမီးပျော်နေတာလေးကိုမြင်ရတော့ ... ဒေါ်မြ



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာကိုယ်တိုင် ... မပျော်ဘဲနေနိုင်ပါတော့မလား ... ပြောရရင် ဒီသမီးလေးနှစ်ကူးဟာ ... ချမ်းသာတဲ့ ... အဘိုးအဘွားဆွေမျိုးတွေရဲ့ ... ခပ်ကင်းကင်း ဖယ်ကျဉ်မှုတွေကို ... ငယ်ငယ်လေးကတည်းက ... ခံစားလာခဲ့ရတဲ့ သမီးလေးပါ ... ။

ဒါကြောင့်မို့လည်း ... မခံချင်စိတ်ကလေးနဲ့ ... ချမ်းသာချင်ခဲ့တာလေ ... ။

ဒါကိုလည်း ... ဒေါ်မြို့မေတ္တာ ခံစားနားလည်ပေးရတော့မှာပေါ့ ... စည်းကာရံကိုလည်းမြင်မြင်ချင်း ... ဒေါ်မြို့မေတ္တာ သဘောကျမိသည်။ သမီးနဲ့ဆို အသက်ကလေးကနည်းနည်းကွာချင်ပေမယ့် ... ရှေ့သွားနောက်လိုက်ညီမယ့် ... လိုက်ဖက်တဲ့စုံတွဲလေးပါပဲ ... ။

ဟိုကလည်း ... အသားလေးကဖြူဖြူ အရပ်ကလေးမြင့်မြင့် ... ။

သမီး ... နှစ်ကူးကလည်း ... စည်းကာရံအရပ်ကိုမမှီရင်တောင် ... ပခုံးအောက်တော့မလျော့ဘူး ... မထူးတော့ပါဘူးလေ၊ ကိုယ့်သမီးလေးပါ ... တကယ်ချစ်ခဲ့တာဆိုတော့ ... သူတို့လေးတွေရဲ့ ဆန္ဒအားလုံးကို ... လိုက်လျောလိုက်ရုံပဲရှိတော့တာပေါ့။

"ဗွိရေ ... နင့်ကိုကြီးအတွက် ... လမ်းထိပ်မှာ ... အိုဗာတင်းပူပူလေးတစ်ခွက်လောက် ... သွားဝယ်ပေးစမ်း ... "

နှစ်ကူးကတော့ အသံလေးစာစာ စာစာနဲ့ ... ။

ညစာအတွက် ... ကိုကြီးစားဖို့ပြင်ဆင်ရတာလည်း နှစ်ကူးမှာ ... မမောနိုင်မပန်းနိုင် ... ညနေကတည်းက ... နှစ်ကူးကိုယ်တိုင်ဈေးသွား ... ကမန်းကတန်းစက်ဘီးလေးနဲ့ပြေးပြီး ... ဝယ်





လာတဲ့စားသောက်ချက်ပြုတ်စရာတွေကပဲနည်းလား ... ကိုကြီးက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ သည်အတိုင်းရောက်လာတာမို့ ... ရယ်ဒီမိတ်ချုပ်ပြီးသား ... ပုဆိုးကသုံးထည်၊ အကောင်းစား မဟုတ်ပေမယ့် ... ခပ်လတ်လတ်လေး ဝတ်လို့ရသည့် ရှပ်အင်္ကျီ လက်ရှည်လေးကသုံးထည် ... ပြီးတော့ ... ယောက်ျားစီး ခြေညှပ်ဖိနပ်လေးက တစ်ရံ ... သွားတိုက်ဆေး ... သွားပွတ်တံ ... မျက်နှာသုတ်ပဝါ အသစ်လေးကအစ ... ကိုကြီးအတွက် လိုက်ဝယ်ရတာ ပျော်စရာလေးပါ။

ဈေးထဲမှာ ... အထည်ရောင်းတဲ့ မချိုကတောင် ... နှစ်ကူးကို ... စနေလို့ ... သူတို့နားလည်အောင် ... နှစ်ကူး ရှင်းပြခဲ့ရသေး၏။

"မပြောချင်တော့ပါဘူး မချိုရယ် ... ကိုကြီးက ... အလုပ်တွေအရမ်းများတဲ့ကြားက ... မပြန်ချင်တော့ပါဘူး ... ဆိုလို့ အိမ်မှာတစ်ခါတည်းလက်ခံထားလိုက်ရတာလေ ... အမေကလည်း ... ယူချင်ယူကြတော့ဆိုပြီး ... ခွင့်ပြုလိုက်လို့ နှစ်ဖက်အဆင်ပြေသွားတာ ... "

"ဟို ... ဟို ... အရင်ကားနဲ့ လာလာနေတဲ့ယွန်းလကျ်ာဆိုတဲ့ကောင်လေးရော ... "

"ဟာ ... အဲဒါ ... နှစ်ကူးကကြိုက်တာမဟုတ်ဘူးလေ"

တကယ်လည်း ... နှစ်ကူးမှ ... မကြိုက်ခဲ့တာ ... ။

ယွန်းက ... ပိုက်ဆံချမ်းသာတယ်ဆိုလို့ ... ကြိုက်မိသလိုလေး ... နည်းနည်းဖြစ်သွားခဲ့တာ ... တကယ်တမ်းကျတော့ နှစ်ကူးချစ်ခဲ့တာ ... ကိုကြီးမှ ... ကိုကြီးပါ ... ခုလည်း ... ဝယ်ရှမ်း



www.burmeseclassic.com

www.burmeseclassic.com



ရန့် နှစ်ကူးပျော်နေတာ ကိုကြီးကိုချစ်လို့ပေါ့ ... ။

"နှစ်ကူးရယ် ... နှစ်ကူးအခုယူလိုက်တဲ့ကိုကြီးက အရမ်းချမ်းသာတယ်ဆိုတော့ ... နှစ်ကူးတို့လည်းချမ်းသာသွားပြီပေါ့"

"အဟင်း ... နှစ်ကူးက ... ဘဝင်မမြင့်တတ်ပါဘူး ... မချို နောက်ဆုံးပေါ်ကားကြီးပေါ်မှာ ... နှစ်ကူးကိုတွေ့ရင် မချိုခေါ်နော်"

"အမလေး ... မခေါ်လို့ရမလား ... မချိုကတော့ ... နှစ်ကူးကို ဘယ်လိုနောက်ဆုံးပေါ် ကားကြီးပဲစီးစီး ... လမ်းမှာတွေ့တာနဲ့ နှစ်ကူးရေလို့ အသံကုန်အကျယ်ကြီး အော်လိုက်မှာနော် ... "

"အော် ... အော် ... မချိုကြိုက်သလောက်အော် ... ဟင်းဟင်း ... "

ခုတော့ ရပ်ကွက်ထဲမှာလည်း နှစ်ကူးယောကျ်ားယူလိုက်ပြီဆိုတဲ့သတင်းက ခဏလေးနဲ့ ... တောမီးလို ပျံ့နှံ့သွားသည်။

ကိုကြီးစည်းကားရုံကို ... မမြင်ဘူးလို့ ... အိမ်ရှေ့ကနေ ကွက်ကြည့်ကွက်ကြည့်လာလုပ်သူတွေကမနည်း ... ။

ဒါကို ... ဒိုင်ခံဖြေရှင်းနေရတာ ... ဝို ...

"ဝို ... နင်တို့မကြီးယူလိုက်တဲ့ယောကျ်ားက ... အိမ်ပေါ်တောင်ရောက်နေပြီဆို ... ဘာလိုလဲဟင် ... ချောလား ... "

"ချောတယ် ... ချောတယ် ... ဒါရိုက်တာရင်နဲ့လည်းတူတယ် ... "

"အံမယ် ... ဟုတ်လို့လား"

"ဘာလို့မဟုတ်ရမှာလဲ ... ဟိုမှာတွေ့လား ... ဖြူဖြူချောချောလေးနဲ့ အိမ်ရှေ့ခန်းမှာထိုင်ပြီး ... ဂျာနယ်ဖတ်နေတာ





အဲဒါ ... မကြီးနှစ်ကူး ... အခုယူလိုက်တဲ့ ... ဦးစည်းကာရံ ... မယုံရင် ... အိမ်ပေါ်တက်ပြီး သွားမေးကြည့်လိုက် ... "

"ဟာ ... မမေးရဲပါဘူး ... မမြင်ဘူးလို့လာကြည့်တာ"

"နောက်တစ်ခါလာမကြည့်နဲ့ ... ဦးစည်းကာရံကို တစ်ခါကြည့်တစ်ရာနဲ့ပြစားရင်တောင် အနည်းဆုံး ငါးထောင်လောက်ရနေပြီ ... ဟွန်း ... "

အခြေအနေက ဝုန်းဒိုင်းကြီး အဲလိုဖြစ်သွားတဲ့ အခြေအနေ။

"နှစ်ကူးရေ ... နှစ်ကူး ... "

"ဟင် ... ဆွေချစ် ... "

ဆွေချစ်ကလည်း စက်ဘီးလေးနဲ့ရောက်လာပြီး သတင်းလာမေးသည်။

"အဲဒါပဲ ... ဆွေချစ်ရယ် ... အမေကလည်း သဘောတူတယ် ... သူကလည်း မပြန်တော့ဘူးဆိုလို့ ... ငါယူလိုက်တာ"

"နှစ်ကူးရယ် ... မင်္ဂလာလေးဘာလေးဆောင်ပြီးတော့မှ အတူတူနေကြပါတော့လားဟာ ... အခု ... နင်တို့ဟာကြီးက"

"နင်သိတယ်မို့လား ... ဆွေချစ် ... အခုခေတ်ကဒုံးပျံခေတ်လေ"

"ဒါဆို ... ဒီညက ... နင်တို့နှစ်ယောက်ရဲ့မင်္ဂလာဦးညပေါ့"

"ဒါပေ့ါဟာ ... "

"နင် ... နင် ... မကြောက်ဘူးလား"

"ဟင် ... ငါက ... ဘာကိုကြောက်ရမှာလဲ ... "

"ဒီ ... ကိုကြီးကိုလေ ... "

"ဆွေချစ်နော် ... နင်ပေါက်ကရတွေမမေးနဲ့ ... [illegible]



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာပဲ ... အိပ်တော့မယ်ဆိုတာ သိကတည်းက ... ငါရင်တွေတုန်နေတာ ... အမေ့ရှေ့မှာရော ... သူ့ရှေ့မှာပါ ... ငါဟန်ဆောင်ပြီးတော့ ... နေ ... နေရတယ် ... ”

ခုလည်း နှစ်ကူးညနေစာအတွက် ချက်နေတာမပြီးနိုင်တော့ပါ။ ကိုကြီးကြိုက်အောင် ... ကြက်သားလေးကို ... မဆလာလေးအုပ်ပြီး ဆီပြန်ဟင်းလေးတစ်ခွက်ရယ် ... ပုဇွန်ထုပ်အလတ်စားချိုချဉ်လေးရယ် ... နံရိုးကြံမဆိုင်ဟင်းချိုလေးတစ်ခွက်ရယ်၊ အအီကလေးပြေအောင် ... ရှောက်သီးသုတ်လေးရယ် ... ဝက်အူချောင်းကြော်ကလေးရယ် ... ဆေးဘဲဥသုတ်ကလေးရယ် ... ။

“အမေနော် ... ဆေးဘဲဥသုတ်ကလေးထဲကို ... တရုတ်နံနံလေးဖြစ်ဖြစ်၊ နံနံပင်လေးဖြစ်ဖြစ် ... ထည့်မှကောင်း မယ် ... ငရုပ်သီးစိမ်းထည့်ရင် ... ကိုကြီးအရမ်းစပ်နေလိမ့်မယ်”

မအေစီစဉ်ပေးနေတာကို ... ဒင်းက ... ဆရာလာလုပ်နေသေးသည် ... ။

ကိုယ့်မှာတော့ ... ဒင်းခိုင်းသမျှလုပ်ရတာ ... ချွေးမသုတ်နိုင် ... ဒင်းလင်ကဂျာနယ်တစ်စောင်နဲ့ ... အိမ်ရှေ့မှာ ဆန့်ဆန့်ကြီး ... ။

“ဟာ ... အမေ ... ရှောက်သီးသုတ်ထဲကို ပင်စိမ်းတွေ ထည့်မလို့လား ... ဒီပင်စိမ်းလေးက မနက်ကျမှ ... ပုဇွန်ခြောက်ကလေးထဲထည့်ကြော်မှာလေ ... အမေရဲ့ ... ”

“ညည်း ... ဆရာမလုပ်နဲ့ ... ”

“ဟာ ... အမေ ... သမီးဆရာလုပ်တာ ... မဟုတ်ဘူးလေကိုကြီးက သူဌေးဆိုတော့ ... ဟိုတယ်ပေါင်းစုံမှာစားလာတာ ထည့်





ကျွေးတဲ့ပန်းကန်လေးကအစ ... ကြွေပန်းကန်လေးနဲ့ ထည့်ကျွေးမှကောင်းမှာ ... အခု ... အမေထည့်ထားတဲ့ ဖိုက်ဘာပန်းကန်ကြီးတွေက ... အရမ်းခေတ်တုံးနေပြီ”

“နှစ်ကူးမရယ် ... ညည်းသည်းသည်းလှုပ်မနေစမ်းပါနဲ့ ... ပေး ... ပေး ... ငါ့ကိုအခွံနွှာပြီးသား ကြက်သွန်ဥနီကြီးလေးလုံးလောက်ပေး ... ”

“ဟင် ... ဒီဥကြီးတွေ အမေဘယ်ထဲထည့်ဦးမလို့လဲ”

“ဟဲ့ ... ပုဇွန်ချိုချဉ်ထဲကို ထည့်ရမှာလေ ... ”

ထမင်းစားတော့ ... ညရှစ်နာရီထိုးနေပြီ ... ။

“ဟဲ ... ဟဲ ... စားနော်ကိုကြီး ... ဒါတွေအားလုံးနှစ်ကူးချက်ထားတာ ... ”

“ဟင် ... နှစ်ကူး ... အမေ့ကိုအရင်ဆုံးကန်တော့ပြီးမှ စားလေ ... ဘာဖြစ်လို့ ... ကိုကြီးပန်းကန်ထဲကို ... အရင်ထည့်ပေးနေတာလဲ ... ”

“အမလေး ... နှစ်ကူးတို့က ... အမေ့ကိုတစ်သက်လုံးဦးချကန်တော့ပြီးမှ ... စားလာတာရိုးနေပြီ ... စား ... စားကိုကြီးအားမနာနဲ့ ... ဒါ ... ပုဇွန်ထုပ်ချိုချဉ်လေး ... ဒါက ဆေးဘဲဥသုတ်လေး ... ”

ကြည့်ပါဦး ...

အမေ့ပန်းကန်ထဲကိုတောင် ဟင်းလေးတစ်ဖတ်ခပ် မထည့်နိုင်တော့ဘဲ ... သူ့ကိုကြီးကိုပဲ ... ပျာယာခတ်နေအောင် ... ထည့်ပေးနေတာ ... ငွိကတော့ ... ယပ်တောင်တစ်ချောင်းနဲ့ ကိုကြီးနောက်မှာ ... ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဝို ... နင့်လက်ကငြိမ်မနေနဲ့လေ ... စက်တပ်ထားသလို ... ယပ်တောင်ကိုအဆက်မပြတ်ခပ်ပေးလေ ... ဟိုမှာ အမေ့ငရုပ်သီးစပ်သွားလို့ ... ကိုကြီးချွေးတွေအရမ်းထွက်နေပြီ၊ ဒုက္ခပါပဲ"

ယောက်ျားကို ... အဲလို ... ကြင်နာပြနေတဲ့နှစ်ကူးပါ။

ညနေ ... ဈေးသွားတုန်းကလည်း ... ပိုက်ဆံကိုမအေဆီက ... မတောင်း ... ။

ထောင်မြင်ရာစွန့်လုပ်ပြီး ... အခန်းထဲကိုဝင်ကာ ... စုဗူးကြီးကိုသွားဖောက်သည်။ သူလိုချင်တဲ့ ယောက်ျားကိုရမှတော့ ... ဒီဗူးကုန်သွားလည်း ... ဘာဖြစ်သေးလဲ ... အဲလိုလည်း အကွက်များ၊ ညဏ်များသေးတဲ့နှစ်ကူး ... ။

"ရော့ ... ဝို ... ဒီအကြွေတွေ နှစ်ဆယ်တန်၊ ဆယ်တန်တွေ နင်ယူထားလိုက်တော့ တစ်ထောင်တန်နဲ့ ... ငါးထောင်တန်နှစ်ရွက်ငါ့ကိုပေး ... "

သဘောကောင်းစွာနှင့်ဝိုကိုလည်း အကြွေတွေပေးပစ်သည်။

ဟော ... ဈေးကပြန်လာတော့ ... ဝယ်လာလိုက်တာ အကုန် ... ဘုန်းကြီးငါးပါးစာ ဆွမ်းပင့်ကျွေးလို့ရတဲ့အထိ ... ဟင်းချက်စရာတွေက များလွန်းလှသည်။

"ဟင် ... စားလေ ... ကိုကြီး ... စားနေရင်းနဲ့ ဘာငိုင်သွားတာလဲ"

"ကိုကြီးမှာ ... စိတ်ညစ်စရာတွေအများကြီးဖြစ်နေလို့ပါ နှစ်ကူးရယ် ... တော်ပြီနော် ... ကိုကြီးမစားတော့ဘူး ... "

"ဟင် ... "





ကိုကြီးကိုကြည့်ကာ ... အမေရောနှစ်ကူးပါ ... မျက်နှာလေးတွေ ငယ်သွားသည်။ ကိုကြီးက ... သူ့မှာ စိတ်ညစ်စရာတွေ အများကြီးဖြစ်နေလို့တဲ့ ... လက်ဆေးပြီးတာနဲ့ ... ထမင်းဝိုင်းကနေ ... ကိုကြီးထသွားသည် ... ။

"နှစ်ကူး ... ညည်းကိုကြီး ဘာတွေဖြစ်နေတာလဲ"

"မသိဘူးအမေ ... သမီးမေးတာလည်း ကိုကြီးကမဖြေဘူး"

"ညည်းကိုကြီး ... တစ်ခုခုဖြစ်နေတာသေချာတယ် ... "

နှစ်ကူးစဉ်းစားတာလည်း ... စဉ်းစားလို့မရ ... ။

ဒီလောက်ချမ်းသာတဲ့ ... ကိုကြီးက ... စိတ်ညစ်စရာတွေရှိနေဖို့လိုသလား ... နှစ်ကူးလိုက်သွားတဲ့နေ့ကဆို ... ကိုကြီးက ချမ်းသာလွန်းလို့တောင် ... ပန်းစည်းလေးတွေနဲ့ ... ကိုကြီးကိုကြိုနေကြတာ ... ဟော ... ကိုကြီးနေတဲ့ခြံကြီးကပဲနည်းလား ... ကားတွေရပ်ထားတာလည်း ... တပုံကြီးအများကြီး ... "

ပြောတော့ ... အဲဒါတွေအားလုံးကကိုကြီးပိုင်တာဆို ... ။

"ကိုကြီးရယ် ... ကိုကြီးမှာစိတ်ညစ်စရာတွေရှိရင် ... နှစ်ကူးကို ပြောပြပါလားဟင် ... ကိုကြီး"

"နှစ်ကူးနားလည်အောင် ... ဘာကစပြီးပြောရမှန်းမသိဘူးဖြစ်နေတယ် ... နှစ်ကူးရာ ... ဟား ... "

အိမ်ရှေ့ခန်း ဘုရားစင်အောက်မှာ ... တကယ့်ကို ခြေပစ်လက်ပစ် ... ကိုကြီးကျသွားသည်။

"ကိုကြီးလေ ... အမှန်အတိုင်းပြောမယ်ဆိုရင် ... နှစ်ကူးကို ... တကယ်ချစ်သွားတာပါ ... ပထမဆုံးအကြိမ်တွေ့ခွင့်ရလိုက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက … နှစ်ကူးပုံစံလေးကို … နှစ်နှစ်ကာကာလေးနဲ့ … ကိုကြီးတကယ်ပဲ … မြတ်နိုးသွားမိတယ် … ဒါကြောင့်မို့ … နှစ်ကူးရောင်းတဲ့ လက်ဖက်သုတ်၊ ဂျင်းသုတ်ဆိုင်လေးမှာတောင် နှင်းဆီဖြူဖြူလေးတွေကို … ဆိုင်းဘုတ်လေးမှာ … ညသန်းခေါင်ကျော်ကြီးမှာရောက်လာပြီး … ချိတ်သွားခဲ့တာလေ … ”

“ဟွန်း … အဲဒီတုန်းက … ကောင်စုတ်တွေ … လာလာဗရုတ်ကျတယ်ဆိုပြီး နှစ်ကူးက … ဆွဲဆွဲလွှင့်ပစ်တာ … ကိုကြီးပေးမှန်းသိရင် … စာအုပ်လေးထဲမှာ … နှင်းဆီဖြူလေးကို … ညှပ်ထားပါတယ် … မသိလို့ … မသိလို့ … ”

“ကံကောင်းချင်တော့ … ဒုတိယအကြိမ်မြောက်အဖြစ်နဲ့ နှစ်ကူးကို … ကိုယ်ပြန်တွေ့ခွင့်ရလိုက်တယ်လေ … အဲဒီမှာပဲ၊ ကိုယ့်ဆုံးဖြတ်ချက်တွေဟာ … တကယ်ပဲခိုင်မာသွားခဲ့တယ် … ဒီနေ့မှာတော့ … ဆုံးဖြတ်ချက်အတိုင်း လုပ်တော့မယ်ဆိုပြီး ကိုယ်ထွက်လာတာ … ”

“ဒါ … ဒါဆို … ကိုကြီးစိတ်ညစ်နေတာက … ”

“ကိုကြီး … လုပ်နေသမျှ … လုပ်ငန်းတွေအားလုံးက ကိုကြီးလုပ်ခဲ့တာ … မဟုတ်ဘူး … ကိုကြီး … ဒီဘဝ ဒီအထိရောက်အောင် … ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့မွေးစား … ဒက်ဒီနဲ့မာမီက … ပိုင်တာ … သူတို့က တစ်နေ့ကျရင် … သူတို့ ရဲ့သမီးအရင်းခရေဇီနဲ့ပေးစားမယ်ဆိုပြီး … ကိုကြီးကိုလုပ်ငန်း မှန်သမျှလွှဲအပ်ထားခဲ့တာလေ … ခုတော့ ပွဲပြီးသွားပြီပေါ့ … နှစ်ကူးနဲ့လက်ထပ်ဖို့ဆုံးဖြတ်ပြီး … ကိုယ်လုပ်နေသမျှလုပ်ငန်းတွေ … ကိုယ်နာမည်





နဲ့ပိုင်ဆိုင်သမျှတွေအားလုံး … သူတို့လက်ထဲကို … အပြီးအပိုင်လွှဲအပ်ခဲ့ပြီး … အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ … နှစ်ကူး အိမ်ပေါ်ကို … ကိုယ်ဆင်းလာတာ … ”

“ဘုရားရေ … ဒါ … ဒါဆို … ကိုကြီးမှာ … ”

“ငါးထောင်တန်လေးနှစ်ရွက်ပဲပါလာတာ … တစ်ရွက်ကအားကွေ့လေးကိုပေးလိုက်ပြီလေ … ရော့ … ဒီမှာနောက်ဆုံးကျန်တဲ့တစ်ရွက် … နှစ်ကူးသုံးချင်တာသုံးလိုက်တော့ … ”

“ဒုက္ခပါပဲ … အဟင့် … ဘယ်လိုလုပ်ရမှန်းတောင်မသိတော့ဘူး … ”

ကိုကြီးရှင်းပြတာကို … နားထောင်ပြီး … နှစ်ကူးမှာတော့ ငိုလို့လည်းမရ … ရယ်လို့လည်းမရ … ဘာမှဖြစ်မသွားသလိုဟန်ကလေးနဲ့ … ပြုံးလိုက်ဖို့ဆိုတာလည်း … ဒီကိစ္စကြီးက ဘယ်လိုပြုံးလို့ရတော့မှာလဲ”

နှစ်ကူးကံမပြုံးနိုင်ပေမယ့် … နှစ်ကူးကို ကိုကြီးကြည့်နေတာပြုံးပြုံးလေး …

“ကိုကြီးမှာ … ဘာမှမရှိတော့ဘူးဆိုလို့ … နှစ်ကူးစိတ်ညစ်သွားပြီလားဟင်”

“ဟာ … မညစ်ပါဘူးကိုကြီးရဲ့ … ”

“ကိုကြီးကို … အားပေးပါဦးနှစ်ကူးရယ်”

“နှစ်ကူးလေ … နှစ်ကူး … ”

“ပြောလေ … နှစ်ကူး … ဂုဏ်တွေ၊ ငွေတွေ၊ ပကာသနအဆောင်အယောင်တွေ … ကိုကြီးမှာ … တစ်ခုမှမရှိတော့ဘူးဆိုပြီး … နှစ်ကူးမပေါင်းချင်ရင်လည်း … ဒီမှာ … ကိုကြီးမရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး ... ညတွင်းချင်း ... တစ်နေရာကို ... ကိုကြီးထွက်သွားပါတော့မယ် ... ”

အဟင့် ... သွားပါပြီ ... ကိုကြီးလုပ်တာ ... နှစ်ကူးဒုက္ခရောင်ပြီ။

ဒါနဲ့ပဲ ... ပန်းကန်တွေဆေးနေတဲ့အမေ့နားကို ... ဇီးရွက်လောက်လေးပဲရှိတော့တဲ့ မျက်နှာထားလေးနဲ့ ... နှစ်ကူးရောက်သွားတော့ ... ဝိုက ... အမေ့ကို ... အရင်ဆုံးသံတော်ဦးတင်ထားပြီးပြီလေ ... ။

“အဟင်း ... ညည်းဘာပြောမယ်ဆိုတာ ... ငါသိတယ် နှစ်ကူးမရေ ... ငါသိတယ် ... ဒါ ... ဒါ ... စည်းကာရံလုံးဝ မမှားဘူး ညည်းကို ... သူ့ခများချစ်ရှာလွန်းလို့ ... စည်းစိမ်တွေ အကုန်စွန့်ပြီး ညည်းနောက်ကို ... လိုက်လာခဲ့တာ ... ဒီသားမက်ရဲ့ စိတ်ဓာတ်အရမ်းပြတ်သားသလို ... သူချစ်တဲ့အချစ်က တကယ့်ကို ဖြူစင်မွန်မြတ်တဲ့အချစ် ... စွန့်လွှတ်ခြင်းတွေ၊ ပေးဆပ်ခြင်းတွေ၊ အနစ်နာခံခြင်းတွေနဲ့ ... ရဲရဲတောက်နေတဲ့ အချစ် ... ဒီလိုအချစ်မျိုးလေးနဲ့ သူညည်းကိုချစ်တာ ... ငါက ပိုပြီးတောင်သဘောကျသေးတယ်”

ဒင်း ... ဘာမှမပြောခင် ... ဒေါ်မြို့မေတ္တာက ... အရင်ပိတ်ပြောသည်။

ပြီးပြီလေ ... တစ်ရပ်ကွက်လုံး ... ဟိုးလေးတကြော်ကြော်ဖြစ်ခဲ့ပြီးမှတော့ ... ခုစာလေးကြော် ... ခုဆီထမင်း ... ဒင်းလုပ်လို့ ရနိုင်ပါတော့မလား ... ဒင်းရှုပ်တဲ့ဇာတ် ... ဒင်းမွှေတဲ့မီး ... လောင်စမ်း ... ဒင်းတစ်ကိုယ်လုံး ... အငွေ့ပျံ မိုးပေါ်ရောက်သွားတဲ့အထိ စိတ်ရှိလက်ရှိနဲ့ကို ... လောင်ပစ်လိုက်စမ်း ... ။





သိတယ်နော် ... ။

မြို့မေတ္တာ ... မာနနဲ့အဲလိုနေခဲ့တာ ... ။

“အဟင့် ... ဟင့် ... ဟင့်”

“အဟင့် ... ဟင့် ... ဟင့်”

“အမလေး ... အမလေး ... ငိုနေလိုက်တာ ... ငိုနေလိုက်တာ ... သနားစရာလေးပါလား ဝိုရဲ့ ... အဲဒါ ... ညည်းလုပ်တဲ့ဇာတ်တွေလေ ... နှစ်ကူးမရဲ့ ... ညည်းလုပ်တာ ... ညည်းခံ၊ ကောင်းနေအောင်ညည်းပဲခံ ... ”

“အဟင့် ... အမေ့ကို ... သမီးက ... ဘာပြောရသေးလို့လဲ အခုဟာက ... သမီးသဘောက ... နည်းနည်းများငယ် သေးသလားလို့ ... ”

“ဟင် ... ဒါကြီးက ... ငယ်သေးတယ် ... ”

“ဘယ် ... ဘယ်ဟာကြီးကလဲ ... ”

အမေက ... မျက်လုံးပြူးကြီးနှင့်အော်လိုက်သည် ... နှစ်ကူးကလည်း ... ကိုယ့်ကိုယ်ကိုဘယ်နေရာ ပြန်ငုံ့ကြည့်လို့ ငုံ့ကြည့်ရမှန်းမသိ ... ။

“ညည်း ... ညည်း ... အခုမှ ... ငယ်တာတွေ ... ကြီးတာတွေ ... လာလုပ်မနေနဲ့ ... ဒီတစ်ခါပွဲကအပြတ်ပဲ ... ချမ်းသာချင်တဲ့မိန်းမ ... ညကိုးနာရီလည်းကျော်နေပြီ ... ဟဲ့ ... ဝို၊ ငါ့အခန်းထဲမှာ ... ဒင်းတို့နှစ်ယောက်အိပ်ဖို့ ... ခြင်ထောင်အသစ်ထောင်ပေးလိုက် ... အိပ်ရာခင်းကို ... သေသေချာချာခင်း ... ခုအုံးချမပေးနဲ့ ... ဒင်းကိုကြီးကို ... ဒင်းဟာဒင်း ... ခုပြီး ... အိပ်



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ် ... ”

“အမေနော် ... ”

“ဟဲ့ ... ညည်းပြောတော့ ညည်းကိုကြီးကို အရမ်းချစ်တယ်ဆို ... ”

“ချစ်တာတော့ ... ချစ်တာပေါ့အမေရဲ့ ... အခု ... ဟာကြီးက ... အဟင့် ... အခု ... ဟာကြီးက ... ”

နှစ်ကူး ... အမေနားလည်အောင်ဘယ်လိုပြောရတော့မလဲ

ချမ်းသာချင်လို့ ... ယောကျ်ားယူပါတယ်ဆိုမှ ... တကယ့်ကို ... စွန့်လွှတ်အနစ်နာခံချင်သူကြီးနဲ့မှ လာတိုးနေရတယ် ... အခု ... ကိုကြီးမှာ ... ကားလည်းမရှိတော့ဘူး ... ဟန်းဖုန်းလည်းမရှိတော့ဘူး ... တိုက်တွေကုမ္ပဏီလုပ်ငန်းတွေ ... အကုန်ပြန်အပ်လိုက်ပြီဆိုတော့ ... အဟင့် ... နှစ်ကူးဘယ်လိုပေါင်းတော့မလဲ ... ”

မွေးထားတာလည်း ... ကိုယ့်သမီးလေးက ... ဒီတစ်ယောက်တည်းရှိတဲ့ဟာ ... ။

“ဟင် ... အခုဟာကြီးက ... ဘာဖြစ်နေလို့လဲ ... ညည်းငါ့ကိုပြောစမ်း ... နေ့လည်က ... ညည်းပြောတော့ ... ဒီကိုကြီးကိုပဲသမီးအရမ်းချစ်တယ် ... ဆင်းရဲရဲချမ်းသာသာ ... ဒီကိုကြီးနဲ့ပဲ ... လက်ထပ်ဖို့ သမီးဆုံးဖြတ်လိုက်ပြီဆို ... ”

“အဲဒါ ... အဲဒါဟုတ်တယ်လေ ... အမေရဲ့ ... ”

“ဟုတ်ရင် ... ညည်း ယူလိုက်တော့လေ ... ”

“အဟင့် ... ဟုတ်ပေမယ့် ... ကြားထဲကနေ ... သမီးက





အချောင် ... ဒုက္ခရောက်တော့မှာ ... အမေသိလို့လား ... အခုဟာက ... အချိန်မှီသေးတယ် ... ကိုကြီးကို ... ဒီမှာ ... ညအိပ်မနိုင်းဘဲ ... ချော့လွှတ်လိုက်လို့ရသေးတယ် ... ”

“ဘာ ... ပြော ... တယ် ... နှစ်ကူးမ ... ညည်း”

အမေ ... ဆေးလက်စ ... ပန်းကန်ကိုလွှတ်ချပြီး ... နှစ်ကူးဘက်ကိုလှည့်လာပြီး ... ။

“သမီး ... သမီး ... အမေ့ကို ... တကယ်ပြောတာအမေအမေဒုက္ခရောက်မှာစိုးလို့ ... စေတနာသန့်သန့်လေးနဲ့ အမေ့ကိုသမီးပြောနေတာ ... ”

“ငါ ... လက်မခံဘူး ... ”

“ဟင် ... ”

အမေ့မျက်လုံးတွေက ... အရောင်တွေတဖျပ်ဖျပ်နဲ့ပိုပြီးတော့ ... ဝင်းလက်လာသလို ... အမေ့ဆုံးဖြတ်ချက်က ... ညနေကထက်ပင်ပို၍ ... ခိုင်မာသွားခဲ့ရပြီ ... ။

“ဝိုး ... ခြံတံခါးတွေပိတ်ပြီ ... အိမ်ရှေ့က ... တံခါးဂျက်ပါ ... ထိုးလိုက်တော့ ... ဒင်း ... ရုပ်သမ္ဘဒဏ်လည်း ... နာမည်ပျက်ပေါင်းများလို့ ... ငါမခံစားနိုင်တော့ဘူး ... ”

သွားပါပြီ ... ။

ဒီလိုနဲ့ပဲ ... ဝိုထောင်ပေးထားတဲ့ ... ခြင်ထောင်ကြီးထဲကိုငိုမဲ့မဲ့မျက်နှာလေးနဲ့နှစ်ကူးဝင်လာခဲ့ရပြီ ... ။

နှစ်ကူးကြည့်လိုက်တော့ ... သူက ... ခုတင်ပေါ်မှာပက်လက်ကြီး ... ။

“နှစ်ကူးလာလေ ... ”

“ဟာ ... လာနေတယ်လေ ... ဦးစည်းကာရံရဲ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုလည်း ... အမြင်ကတ်ကတ်နဲ့ ... ဦးစည်းကာရံလို့ပဲ ခေါ်လိုက်မိသည်။ ကြည့်ပါဦး ... ဝိုက တမင်အရွဲ့တိုက်ပြီး ပြင်ဆင်ပေးထားတာ ... ညဘက်လိုက်ရောင်းတဲ့ စံပယ်ပွင့်လေးတွေကိုလည်း ... အိပ်ရာခင်းအသစ်လေးပေါ်မှာ ... ဖြန့်ခင်း ရေမွှေးတွေလည်း ... တအားစွတ်ဖြန်းလိုဖြန်း ... "

"အဟင့် ... "

နှစ်ကူးငိုတာမြင်ရတော့လည်း ... စည်းကာရံစိတ်မကောင်းပါ။

"ကိုယ်နားလည်ပါတယ်နှစ်ကူး ... ကိုယ့်မှာဘာမျှော်လင့်ချက်မှမရှိတော့လို့ ... နှစ်ကူးမပေါင်းချင်တော့တာလည်း ကိုယ်သိတယ် ... ကဲ ... ကိုယ်မအိပ်တော့ဘူး ... ပြန်တော့မယ်"

"ဟာ ... အခုမှပြန်လို့ရတော့မလားဟင် ... ဦးစည်းကာရံရဲ့ ... ရှင်ပြန်သွားရင် ... ကျွန်မပါဒီအိမ်ပေါ်ကနေ ... ခေါင်းနဲ့ဆင်းရတော့မယ် ... မထူးပါဘူး ... ဖြစ်ချင်ရာဖြစ် ... ရှင့်ကိုပဲ ကျွန်မယူလိုက်တော့မယ် ... အဟင့် ... ဒါပေမယ့် ... ရှင်ဟိုဘက်ကိုတိုးအိပ် ... "

စည်းကာရံပြုံးလိုက်တာ ... ကြည်နူးမှုလေးတစ်ခုနဲ့လား။

အချစ်ဆိုတဲ့အရာကို ... နှစ်ကူးတကယ်ပဲ ... မသိနိုင်ခဲ့သေးတာလား ... ။

ဘာပဲပြောပြော ... မထူးပါဘူး ... ဖြစ်ချင်ရာဖြစ် ... ရှင့်ကိုပဲ ကျွန်မယူလိုက်တော့မယ်ဆိုတဲ့ စကားလေးက ... ချိုမြိန်တဲ့ ခေါင်းလောင်းသံတွေ ... နားထဲမှာ ... ညံသွားခဲ့ရသလို ... ။





## အခန်း နှစ်ဆယ့်တစ်

"အဟင့် ... ဟင့် ... ဟင့် ... "

"အဟင့် ... ဟင့် ... ဟင့် ... "

"အလကားလူကြီး ... ဒီက ... ချမ်းသာချင်လို့ ... သူ့ကိုယူပါတယ်ဆိုမှ ... ကုန်းကောက်စရာမရှိအောင် ... ချာတူးလန်နေတဲ့လူကြီးတစ်ယောက်ကို ... ယူလိုက်မိသလိုဖြစ်သွားပြီ ... အဟင့် အမေကလည်းအတင်းပေးစားတယ် ... မယူချင်ပါဘူးလို့ ပြောတာလည်းမရဘူး ... ဂူချွန်ဖြိုးနဲ့ဘယ်လောက်ပဲတူတူ ... အဲဒီ ဂူချွန်ဖြိုးကြီးကို ... ထိုင်ကြည့်နေတော့ ... သူများက ... ဘာရမှာမို့လို့လဲ အဟင့် ... ဒီလိုမှန်းသိရင် ... သူများစုဖူးကို ... မဖွင့်ပါဘူး ... ခုတော့ ... ခုတော့ ... "

"နှစ်ကူးရာ ... မင်းပြောချင်ရင်လည်း ... မျက်နှာလေးကိုယ့်ဘက်လှည့်ပြီးပြောကွာ ... ကိုယ်ကတော့ ... မင်းကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



တကယ်ချစ်တယ်လို့ပဲထင်ထားခဲ့တာ … ဒါတွေကိုမက်ပြီး … မင်းချစ်ခဲ့တယ်ဆိုတာ … သိလိုက်ရတော့ … ကိုယ်အံ့လည်းအံ့ဩတယ်၊ ဝမ်းလည်းဝမ်းနည်းတယ် … ကဲ … အခု … ကိုယ်ဘာလုပ်ပေးရမလဲ … မင်းသိခ်ရဲ့ပုဏ္ဏားဘကွန်းဝတ္ထုကြီးထဲကလို ကုန်ထမ်းကူလီထမ်းပြီး … သူဌေးကြီးဖြစ်လာအောင် … ကိုယ်လုပ်ပြရမလား ဒီလိုလုပ်ပြတော့မှ … မင်းကိုယ့်ကို တကယ်ချစ်လာမှာလား”

“အဟင့် … ဒီမှာ … ဒီမှာ … ”

မျက်ရည်လေးကို … ဖျတ်ခနဲသုတ်ရင်း … ခြင်ထောင်ထဲမှာ … ထထိုင်လိုက်တာ … နှစ်ကူးပါ … ဖရိုဖရဲဖြစ်ချင်နေသည့် ဆံပင်ရှည်ကြီးတွေကိုလည်း … ခေါင်းစည်းကြိုးကွင်းလေးဖြင့် နှစ်ကူးက ပြန်စည်းသည်။

“ရှင် … ဘာမှအပိုတွေပြောမနေနဲ့ … ဟွန်း … ”

နှုတ်ခမ်းလေးကိုလည်း ဖျတ်ခနဲနှစ်ကူးက … မဲ့လိုက်သေး၏။

“ရှင် … ကျွန်မကိုချစ်တယ်မို့လား … ရှင်ကျွန်မကို မြတ်နိုးတယ်မို့လား … ချစ်ရင်မြတ်နိုးရင် … ပိုက်ဆံတွေအများကြီးရအောင်ရှင်ရှာပေး … ရှင့်ဟာရှင် … ဂူထွန်ဖြိုးတို့ … ဂျိုဟိုတို့နဲ့ ရှင်ဘယ်လောက်ပဲတူတူ … ဆိုက္ကားနင်းသင့်ရင်နင်းရမယ် … ကုန်ထမ်းသင့်ရင်ရှင်ထမ်းရမယ် … ”

“ဟာ … နှစ်ကူးရာ … မင်းရက်စက်လိုက်တာကွာ”

“ဒါ … ဒါ … ရက်စက်တာမဟုတ်ဘူးလေ … ဦးစည်းကာရံရဲ့ … ကျွန်မကယောကျ်ားရရင် … ယောကျ်ားလုပ်စာကိုပဲ ထိုင်





စားထိုင်ဖြုန်းမယ်ဆိုပြီး … ငယ်ငယ်လေးကတည်းက စိတ်ကူးတွေယဉ်လာခဲ့တာ … ရှင့်ကိုတွေ့တော့ ရှင်ချမ်းသာတာကြည့်ပြီး … ကျွန်မမှာရင်တွေတလှပ်လှပ်တုန်ပြီး အပျော်ကြီးပျော်လိုက်ရတာ ရှင်က … လက်ထပ်ခွင့်လည်းကျွန်မဆီက တောင်းလိုက်ရော … ဘယ်လိုမှ အောင့်မထားနိုင်တော့လို့တောင် ရှင့်ကိုတစ်ခါတည်း ခေါင်းငြိမ့်ခဲ့တာလေ … အဟင့် … ခုတော့ ကြည့်ပါဦး … စည်းစိမ်တွေအားလုံးတောင်စွန့်ပြီး … ယူခဲ့တာဆိုတော့ … ဖူးဖူးမှုတ်ပြီး အိမ်မှာ … ခေါ်ကျွေးထားရမလိုတောင် ဖြစ်နေပြီ”

နှစ်ကူးဖြစ်နေတာကိုကြည့်ပြီး … စည်းကာရံပြုံးလိုက်တာ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ … ။

“ဟွန်း … ကိုယ်ကလည်း နှစ်ကူးစိတ်ဓာတ်ကိုသိပါတယ် ဒါပေမယ့် … ကိုယ် နှစ်ကူးကိုချစ်တယ် … လူတိုင်းလူတိုင်းနှာချမ်းသာချင်တဲ့ … စိတ်ကလေးတွေရှိနေတာကိုလည်း … ကိုယ်အကြွင်းမဲ့ခွင့်လွှတ်နားလည်နိုင်တယ် … ပြောပါ … နှစ်ကူး … လောလောဆည် … ကိုယ့်မှာအလုပ်မရှိတော့ပေမယ့် … ကိုယ်ဘယ်လိုအလုပ်မျိုးတွေလုပ်ပြီး … နှစ်ကူးကိုရှာကျွေးရမလဲ”

“ဟာ … အဲဒါ … ရှင့်ကို … စောစောက ပြောပြီးပြီလေ ဆိုက္ကားနင်းသင့်ရင် … ရှင်နင်းရမယ်ဆိုတာ … ”

“ရပါတယ် … နှစ်ကူးကျေနပ်မယ်ဆိုရင် … ဘယ်လို အလုပ်မျိုးမဆို … ကိုယ်လုပ်ပြီး … မင်းပျော်ရွှင်အောင်ကိုယ်ထားမယ်”

“ရှင် … ရှင် … တကယ်လုပ်မှာနော် … ”

“လုပ်မယ် … လုပ်မယ် … ”

“ဟဲ့ … အခန်းထဲကဟာတွေ … စကားပြောတာ … တိုး



www.burmeseclassic.com

www.burmeseclassic.com



တိုးပြောကြနော် ... လူကြားမကောင်း သူကြားမကောင်း၊ ဘယ်အချိန်ရှိနေပြီလဲ ... ခုထိလည်း မီးမပတ်ကြသေးဘူး ... အိပ်ကြ၊ အိပ်ကြ ... "

အိမ်ရှေ့ခန်းက လှမ်းအော်လိုက်တဲ့အမေ့အသံကြီး ... ။

"အဟင့် ... သူဌေးကတော်ဖြစ်ချင်လို့ ... ယောကျ်ားယူပါတယ်ဆိုမှ ... အခုတော့ ... တစ်ပြားမှမပါတဲ့ ... သူဌေးအစုတ်ပလုတ်ကြီးကို ... ယူလိုက်ရတယ်၊ တစ်သက်လုံး မစားရက် ... မသောက်ရက် စုလာခဲ့ရတဲ့ ... စုဗူးထဲက ပိုက်ဆံတွေလည်းကုန်ပြီ၊ အဟင့် ... အဲဒါ ... အမေမကောင်းလို့ ... အမေ အတင်းပေးစားလိုက်လို့ ... "

"အဟင့် ... ဟင့် ... ဟင့် ... "

"အဟင့် ... ဟင့် ... ဟင့် ... "

နှစ်ကူး ... ငိုနေတော့လည်း ... စည်းကာရံမနေနိုင်ပြန်ပါ။

ပခုံလေးကိုပုတ်ပြီး ... ချော့ဖို့ ကြိုးစားကြည့်တော့လည်း မရ ... ။

"ဟာ ... လာမဖက်နဲ့နော် ... "

လှည့်မကြည့်ဘဲ ... လက်ကို အတင်းပုတ်ချသည်။

စည်းကာရံ ရယ်ချင်ပေမယ့် ... မရယ်နိုင် ... ။

"နှစ်ကူးရာ ... မင်းဘယ်လိုဖြစ်နေတာလဲကွာ၊ မင်းပြောတော့ ... ကိုယ့်ကို အရမ်းချစ်တယ်ဆို ... ဟွန်း ... မပြောလိုက်ချင်ဘူး ... ညနေတုန်းကတော့ ... နှစ်ကူးကိုယ့်ကို အတင်းဖက်ထားတာလေ ... ကိုယ်ရင်တွေတုန်သွားတာ၊ ခုထိတောင် မငြိမ်းသေးဘူး ... အခုမှ ... မလုပ်ရရင် ... နေပါစေ ... နှစ်ကူးကိုယ်လုံးလေးကို ... ကိုယ်ဖက်အိပ်ခွင့်ရရင် ကျေနပ်ပါပြီ ... အမေကလည်းပြော





နေပြီ ... ဟိုမှာလေ ... အရမ်းလင်းနေတဲ့ မီးချောင်းကြီးကိုယ်သွားပိတ်လိုက်တော့မယ်နော် ... "

"ဟာ ... မပိတ်နဲ့ ... မပိတ်နဲ့ ... "

ဆံပင်ရှည်ကြီးတွေ ... တယမ်းယမ်းနဲ့ မျက်လုံးကလေးပြူးကာ ခေါင်းကလေးခါနေတဲ့ ... ချစ်ရသူလေးရဲ့ အမူအယာလေးကိုကြည့်ကာ ... စည်းကာရံ မပြုံးဘဲ ... နေနိုင်ပါတော့မလား။

"ဟယ် ... ကြည့်စမ်း ... သူများက၊ ယောကျ်ားအစုတ်ပလုတ်ကိုရလို့ စိတ်ညစ်နေပါတယ်ဆိုမှ ... သူက ပြုံးနေသေးတယ်၊ အဟင့် ... ဒုက္ခပါပဲ ... အဲဒီအပြုံးလေးကြောင့် နှစ်ကူး ... ဒုက္ခရောက်ခဲ့ရတာ ... သေချင်တယ် ... သေချင်တယ် ... ရှင်လုပ်နေတာ နှစ်ကူး ... မခံနိုင်တော့ဘူး ... "

"အဟမ်း ... အဟမ်း ... အထဲက ဘာသံတွေထွက်နေတာလဲ တိုးတိုးပြောကြလေ ... "

ဒေါ်မြို့မေတ္တာမှာတော့ ... ပုတီးစိတ်ရတာလည်း စိတ်ကမဖြောင့်။

နားစွန်နားဖျား ကြားလိုက်ရတဲ့အသံတွေကြောင့် ... စိတ်ကလည်း ဟိုရောက်ဒီရောက် ... ။ ပြောမယ်ဆိုရင်တော့ ... ဆင်းရဲတာ ချမ်းသာတာထက် ... ကိုယ့်သမီးလေးကို ... ရိုးမြေကျ လုပ်ကိုင်ရှာဖွေကျွေးမယ့် ... သားမက်ကလေးတစ်ယောက်ရလိုက်တာကိုလည်း ပီတိဖြစ်လို့မဆုံး ... ။

ဒေါ်မြို့မေတ္တာ အသေဖြောင့်ပါပြီ။

ရာသက်ပန်ရိပ်သာဝင်မယ်ဆိုလည်း ဝင်နိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



**အခန်း နှစ်ဆယ့်နှစ်**

"အဟင့် ... သမီးကို ... မပြောပါနဲ့အမေရဲ့ ..."

"ဟဲ့ ... မပြောလို့ရမလား ... ညည်းကို မိန်းမမျိုးခံရတာတောင် နည်းသေးတယ် ... အခု ... ညည်းတို့နှစ်ယောက် ဘာလုပ်ကြမလဲဆိုတာ ငါ့ကိုပြောစမ်း ... ညကလည်း တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးနဲ့ ... တော်တော်နဲ့မအိပ်ဘဲ ... ညည်းတို့စကားပြောနေတာ ..."

"အဲဒါ ... ရန်ဖြစ်နေတာလေ ..."

"ရန်ဖြစ်နေတာ ... ဟုတ်လား ... ညည်းပြောတော့ ... ဒီကိုကြီးကိုပဲချစ်တယ်ဆို ... ဒီကိုကြီးစတိုင်လ်လေးက ... ဂူဠျန်ဖြိုးစတိုင်လ်လေးနဲ့ တစ်ထေရာတည်းပဲဆို ..."

"အဲဒီ ... ဂူဠျန်ဖြိုးစတိုင်လ်ကြီးက ကိုက်စားလို့မှ မရတာဘဲအမေရဲ့ ..."





"အဟင့် ..."

ရှိုက်လည်းရှိုက်၊ ငိုလည်းငို ... မျက်ရည်တွေလည်းသုတ်နဲ့။

မနက်အိပ်ယာထ,ကတည်းက ... နောက်ဖေးမီးဖိုခန်းထဲမှာ ငုတ်တုတ်လေးတွေထိုင်ပြီး အမေနဲ့စကားတွေပြောနေတာ ... သူကတော့ ... ခုထိ အိပ်ယာက မထသေးပါ။ ဘာပဲပြောပြော ... အိပ်ခန်းထဲက ကြားသွားမှာစိုးလို့ ... စကားကို တိုးတိုးပြောရတာလည်း ... တစ်ဒုက္ခ ...။

"ဒီမှာ ... နှစ်ကူးမ ... ညည်းကိုငါပြောမယ် ... အခု ... ညည်းခေါ်တင်လာတဲ့ ယောက်ျားက ... ငါ့အိမ်ပေါ်မှာ ဆန့်ဆန့်ကြီးရောက်နေပြီ ... အရင်တုန်းက ဘယ်လိုပဲ ချမ်းချမ်းသာသာနေခဲ့နေခဲ့ ... ဝင်ငွေရတဲ့အလုပ်တစ်ခုတော့ ... ညည်းယောက်ျားကို ခိုင်းရမယ် ..."

"သူ ... သူက ... သူဌေးဆိုတော့ ... ဆင်းရဲသားအလုပ်တွေ လုပ်ပါ့မလားအမေရဲ့ ..."

"ဟဲ့ ... မလုပ်ရင် ... ဘယ်ပိုက်ဆံနဲ့ မင်္ဂလာဆွမ်းကျွေးမလဲ၊ ညည်းစဉ်းစားစမ်း ... ပြောတော့ဖြင့် သူဌေးကိုယူတယ် ... ယူတယ်နဲ့ ... ရပ်ကွက်ထဲမှာ သတင်းကြီးပြီးတော့ ... မင်္ဂလာဆွမ်းကလေးမှ မကျွေးနိုင်ရင် ... ကောင်းမလား ..."

"အဲဒါကြောင့်မို့ ... ညကတည်းက ... ပြန်လွှတ်လိုက်ပါလို့ ပြောနေတဲ့ဟာကို ... အမေဘာဖြစ်လို့ တံခါးတွေအတင်းပိတ်ပြီး လက်ခံလိုက်လဲ ..."

"ဘာ ... ဘာပြောတယ် ... နှစ်ကူးမ၊ ပွိပြောတော့ ... ညနေကတည်းက ညည်းကမပြန်နဲ့တော့လို့ပြောလိုက်တာဆို ..."



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီလောက်ဖြစ်နေတဲ့ညည်းကို မှတ်သွားအောင် ... တစ်ခါ တည်း ပေးစားပစ်လိုက်တာ ... ခံ ... ခံ ... ညည်းအပြစ်နဲ့ညည်း ကော့နေအောင် ... ညည်းတစ်ယောက်တည်းခံ ... "

"ခံပါ့မယ် ... အမေရယ် ... သမီးအပြစ်ကို ... သမီးတစ် ယောက်ပဲ ခံပါ့မယ် ... အဟင့် ... ဟင့် ... ဟင့် ... ဟင့် ... "

သည်တစ်ခါ ... နှစ်ကူးငိုတာ၊ တကယ့်ကို ဝမ်းနည်းပက် လက်ကလေးပါ ... မနေနိုင် မထိုင်နိုင် ... အဲဒီကိုကြီးကို စတွေ့တဲ့ နေ့ကတည်းက ... ချစ်သွားမိတာလည်း နှစ်ကူးဆိုတဲ့ပော့ဒီက အမိုက်မ,လေးပါပဲ ... ယွန်းလက်ျာက လက်ဆောင်တွေ ဘယ် လောက်ပေးပေး ... သူ့ကိုချစ်လို့မရခဲ့တာလည်း အဲဒီပဲပေးကောင်း တဲ့ ... ကိုကြီးကြောင့်ပဲပေါ့ ... ။

အဟင့် ... အလကား ဂူဠျန်ဖြိုးကြီး ...

"အိမ်ရှင်တို့ ... ရှိပါသလားခင်ဗျာ ... "

"အိမ်ရှင်တို့ ... "

"ဟဲ့ ... အရေးထဲမှာ စောစောစီးစီး ဘယ်ကဧည့်သည်လာ တာလဲ မသိဘူး ... ထွက်ကြည့်စမ်း ... ငို ... "

ငိုက ... ကမန်းကတန်း ထွက်ကြည့်ပြီး အိမ်ရှေ့က လှမ်း အော်သည်။

"ကြီးကြီးမြို့ရေ ... ဧည့်သည်က ဦးစည်းကာရံနဲ့ တွေ့ချင်လို့ တဲ့ ... "

"ဟဲ့ ... နှစ်ကူး ... ညည်းသွားမေးစမ်း၊ ဘာကိစ္စလည်းဆို တာ ... "

နှစ်ကူး မျက်ရည်လေးသုတ်ပြီး ... အိမ်ရှေ့ကို ထွက်လိုက်





တော့ ...

"ဟို ... ဟိုလေ ... အခုထွက်လာတာ၊ ဆရာယူလိုက်တဲ့ မနှစ်သစ်ကူး ဟုတ်ပါသလားခင်ဗျာ ... "

"ဟာ ... ဟုတ်ပါတယ် ... ဦးလေးကြီး ... သမီးက နှစ်သစ်ကူးပါ ... "

"အတော်ပဲ ... မနှစ်သစ်ကူးရာ ... ကျွန်တော်ကလည်း ဆရာဦးစည်းကာရံကိုတွေ့ပြီး တိုက်ရိုက်ပြောရမှာအားနာတာနဲ့ ဒီလိုပါ ... ဒီလိုပါ ... ကျွန်တော်က ဆရာအမြဲလာအားပေးနေကြ SWEET HOTEL က မန်နေဂျာ ဦးဇော်သိန်းပါ ... အဲဒါလေ ... HOTEL မှာ လချုပ်စာရင်းတွေပြန်စစ်ရင်းနဲ့ ... ဆရာကျန်ခဲ့တဲ့ အကြွေးဘောက်ချာလေးတစ်စောင်ကိုတွေ့လို့ အားနာပါးနာနဲ့ပဲ ဆရာ့လိပ်စာကိုစုံစမ်းပြီး လိုက်တောင်းရတာပါ ... ဟောဒီမှာ ဆရာ ပေးရမယ့် အကြွေးဘောက်ချာကလေးပါ ... "

"ရှင် ... "

ယောက်ျားကဖြင့် ပေါင်းမယ်တောင် မကြံရသေးဘူး။ ဆရာ့အကြွေးစာရင်းတဲ့ ... ဒုက္ခပါပဲ ... ။

စာရွက်ကလေးကို ဖြန့်ကြည့်လိုက်တော့ ...

"ဘုရားရေ ... နှစ်သိန်း ... နှစ်သိန်းကြီးများတောင်"

နှစ်ကူး မျက်တောင်လေးတွေ ပင့်တက်သွားရပြီ။

"ဟဲ့ ... နှစ်ကူးမရေ ... ဧည့်သည်က ... ဘာတဲ့လဲ"

"အဟင့် ... ဒီမှာလေအမေရဲ့ ... ကိုကြီးတင်ခဲ့တဲ့အကြွေး တွေကို ... လိပ်စာစုံစမ်းပြီး ... HOTEL က လိုက်တောင်းတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဟုတ်လား ... အကြွေးက ဘယ်လောက်လဲ"

"နှစ်သိန်း ... နှစ်သိန်းတဲ့အမေ ... "

"ဘုရားရေ ... နှစ်သိန်း ... "

အမေ မျက်ဖြူလန်ကာ အသက်ပါမရှူနိုင်။

"ညည်း ... ညည်းယောက်ျားကို ... အခု ... နိုးစမ်း ... "

အမေ ... ဒေါသဖြစ်ပြီ။

နှစ်ကူးကိုယ်တိုင်လည်း ... မျက်နှာကလေးရဲကာ၊ ဒေါက လေးပွပွနဲ့ သူတို့နိုးမိသည်။

"ကျေးဇူးရှင် ... ဒီမှာ ... ဒီမှာ ... စက်တော်ခေါ်နေတာ လေးကနေ ... ရှင် ... တဆိတ်လောက်ထ,လိုက်စမ်းပါ ... "

နှစ်ကူး ... အတင်းဆွဲလှုပ်နိုးတော့မှ ...

"ဟား ... မိန်းမကလည်းကွာ ... ဒီမှာ ... အိပ်လို့ကောင်း နေတဲ့ဟာကို ... "

"ဝါး ... "

သူက ... မျက်လုံးမပွင့်သေးဘဲ ... ဝါးခနဲတောင် သမ်းလိုက် သေး၏။

"ဒီမှာ ... ရှင်ချမ်းသာတုန်းက ... သုံးခဲ့ဖြုန်းခဲ့တဲ့အကြွေးတွေ လေ ... တစ်သက်လုံးက သူများဆီကပဲ ... အကြွေးတောင်းလာတဲ့ ကျွန်မတို့ ... အခု ... ရှင့်ကြောင့်ဝဋ်ပြန်လည်ပြီး၊ စောစောစီးစီး အတောင်းခံနေပြီ ... အဲဒါ ... ရှင်အခုထွက်ရှင်း ... ရှင့်အကြွေးရှင် အိမ်ရှေ့မှာရောက်နေပြီ ... "

"ဘယ်သူ ... ဘယ်သူလဲ ... "





"SWEET HOTEL က မန်နေဂျာ ဦးဇော်သိန်းတဲ့ ... "

"တောက် ... ပြဿနာပဲ ... ကိုယ့်မှာမှ ပိုက်ဆံမရှိတော့ တာ ... "

သူ ... ပြူးပြဲပြီးတော့ လူးလဲထ,လာသည်။

"စိတ်မရှိပါနဲ့ဆရာ ... ဆရာ့ကုမ္ပဏီကို ... ဖုန်းဆက်တော့ ဒေါ်ခရေစီကိုယ်တိုင်က ပြောလိုက်လို့ပါ ... ဆရာယူလိုက်တဲ့ ကောင်မလေးအိမ်မှာ ... လိုက်တောင်းပါဆိုလို့ ... "

"ကျွန်တော် ... ကျွန်တော် ... ဒီကောင်မလေးနဲ့ယူလိုက် တာ၊ အခု ... အရမ်းဆင်းရဲသွားပြီဗျ၊ နေတာတောင် ... ခင်ဗျားအခု မြင်တဲ့အတိုင်း ... ပေနှစ်ဆယ်သွပ်မိုးပျဉ်ထောင်အိမ်ကလေးနဲ့ နေနေရတာ ... ကျွန်တော့်ယောက္ခမကလည်း ... "

"ရှင် ... ရှင်နော် ... အမေ့ဆီကတော့ ... ရှင်မတောင်းနဲ့ နော် ... ဟွန်း ... "

နှစ်ကူးကလည်း မျက်နှာလေးမဲ့ ... နှုတ်ခမ်းလေးရွဲ့ကာ။

"ဟာ ... ဆရာရယ် ... အဲလိုတော့ မရက်စက်ပါနဲ့ဗျာ၊ ဆရာ့ မိန်းမနားကပ်လေးရရင် ... ကျွန်တော့်အတွက် အဆင်ပြေပါတယ်၊ ရောင်းလိုက်ရင် ... အနည်းဆုံး နှစ်သိန်းတော့ရမှာပဲ ... "

"ဟယ် ... ကြည့်စမ်း ... ကျွန်မတို့က တစ်ပြားမှမပါတဲ့ ယောက်ျားကို ... မနေ့ညကမှ၊ လတ်လတ်ဆတ်ဆတ်ကြီး ... ယူ ထားလိုက်ရတာလေ ... သူ့လုပ်စာ,စားရဖို့နေနေသာသာ၊ မင်္ဂလာ ဆွမ်းကလေးတောင် ... ဘယ်လိုကျွေးရမှန်းမသိ ဖြစ်နေတာ"

"ဒုက္ခပါပဲဗျာ ... "

"ရတယ် ... နှစ်ကူးမ ... ညည်းယောက်ျားပြဿနာကို



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားမတစ်ယောက်အနေနဲ့ … ငါ့အိတ်ထဲကပဲ စိုက်ရှင်းပေးလိုက်မယ် … ”

“ရှင် … ရှင် … တော်တော်ဂြိုဟ်မွှေတဲ့ယောကျ်ားတစ်ယောက်ပါလား … ဦးစည်းကာရဲ့ ရှင်လုပ်တာ … အမေလည်း သိက္ခာကျပြီ … ကျွန်မလည်း အရှက်ကွဲပြီ … ”

အမေကြားထဲက စိုက်ရှင်းပေးလိုက်လို့ ပြဿနာပြေလည်သွားပေမယ့် … နှစ်ကူးကတော့ မျက်စောင်းဝဲဝဲလေးနဲ့ သူ့ဗိုက်ခေါက်ကို တအားလိမ်ဆွဲကာ …

“ကဲ … ကျေးဇူးရှင် … ရှင် … အခု ဘာလုပ်မှာလဲ … တခေါခေါနဲ့ပြန်အိပ်ဖို့တော့ ရှင်မကြိုးစားနဲ့ … ဒီနေ့ … ရှင့်အတွက် အလုပ်ထွက်ရှာမယ် … ”

“ဟင် … ကိုယ်ဘာလုပ်ရမှာလဲ … ”

“ပိုက်ဆံလေ … ပိုက်ဆံ၊ မင်္ဂလာဆွမ်းကျွေးဖို့ပိုက်ဆံ”

“ဟာကွာ … ကျွေးမနေပါနဲ့ … ”

“ဘာပြောတယ် … မိန်းမတစ်ယောက်ကိုယူတာ၊ ဟင်းရွက်ကန်စွန်းရွက်ခူးသလို ခူးလို့ရတယ်လို့များ ရှင်ထင်ထားလို့လား ဦးစည်းကာရဲ့ … မင်္ဂလာဆွမ်းကျွေး ကုန်ကျစရိတ်လေးကိုတော့ ရှင်ရှာပေးဦးမှပေါ့ … ကဲပါ … ကဲပါ … မျက်နှာလေးသစ်ပြီးတော့ ရေလေးမိုးလေးပါ … ရှင်ချိုးလိုက်ပါ … ”

“နှစ်ကူးရာ … မင်းတကယ်ပိုက်ဆံမက်တယ်ကွာ … ”

“ဟာ … မမက်လို့ရမလား၊ မမက်လို့ရမလား၊ အခုပဲ ရှင်ရှာလာတဲ့ပြဿနာကို … ပိုက်ဆံနဲ့ရှင်းလိုက်ရတာလေ … ”

“အဲဒါကြောင့်မို့ … ဒီရပ်ကွက်ထဲမှာ ငါစုံစမ်းလိုက်တိုင်း





မင်းကို … ပိုက်ဆံအရမ်းမက်တယ် … ချမ်းသာတဲ့လူကိုမှ ရွေးပြီးတော့ … မင်းက ကြိုက်တယ်ဆိုတဲ့ သတင်းတွေအားလုံး ငါကရပြီးသား … တောက် … ငါဆိုတဲ့ကောင်ကလည်း အူဝဲလေးနဲ့တစ်ပုံစံတည်းတူတယ်ဆိုပြီး … ချစ်လိုက်ရတာကွာ … ”

“အမလေး … ဂူဇွန်ဖြိုးရယ် … ကျွန်မကလည်း ရှင့်လိုပါပဲ၊ ဒါပေမယ့် … အရေးကြီးတာ … ငွေရှင့်ငွေ … သိရဲ့လား … ”

အလုပ်ရှာထွက်ရင်း … လက်ဖက်ရည်ဆိုင်ထိုင်တော့ နှစ်ကူးတို့နှစ်ယောက်ကို … ဟိုကဝိုင်းကြည့် … ဒီကဝိုင်းကြည့် … ။

ဒီကြားထဲ … စပ်စုရင်း ဖြောင်ပင်မေးတဲ့သူကတစ်မှောင့်။

“ဟယ် … ဒီကိုကြီးနဲ့ … နှစ်ကူး ယူလိုက်ပြီ … ”

“သူများတွေပြောတော့ ဒီကိုကြီးက ချမ်းသာတယ်ဆို”

နှစ်ကူးမှာတော့ ရှင်းရတာလည်း အမောပါ … ။

ဒီကိုကြီးက … အရင်တုန်းက ချမ်းသာခဲ့တဲ့အကြောင်း။

အခု … အလုပ်ကထွက်လာလို့ … မချမ်းသာတော့တဲ့အကြောင်း … အလုပ်သစ်လိုက်ရှာနေတယ်ဆိုတဲ့အကြောင်း ပြောလိုက်ရတာ … အာပေါက်မတတ်။

“ရှင် … ရှင် … ကြားတယ်နော် … ဦးစည်းကာရဲ့ ရှင့်ကို ယူလိုက်ရလို့ … ကြားထဲကနေ အမေလည်း နှစ်သိန်းစိုက်လိုက်ရပြီ အခု … ရှင်ဘာလုပ်မှာလဲ … ”

“ငါ ဘာလုပ်ရမှာလဲကွာ … ”

သူ့ကြည့်ရတာလည်း ဘာမှလုပ်ချင်ပုံမရ … ။

“ဟာ … ရှင် ပိုက်ဆံရှာရမယ်လေ … ဦးစည်းကာရဲ့၊ ရှင့်



www.burmeseclassic.com

www.burmeseclassic.com



မှာ … ပိုက်ဆံရှိနေမှ ရှင်နဲ့ကျွန်မနဲ့ ဆက်ပေါင်းလို့ရမှာ၊ ကျွန်မစုထားတဲ့ပိုက်ဆံကလည်း မနေ့က … ရှင့်အတွက် အဝတ်အစားတွေ ဝယ်လိုက်လို့ လက်ထဲမှာ ဘာမှသိပ်မကျန်တော့ဘူး၊ ဟင်း … ဒီကြားထဲ လက်ဖက်ရည်နဲ့အီကြာကွေးပဲ စားပါဆိုတာ ရှင်က ပေါက်စီပါထပ်စားသေးတယ် … ”

“ငါ … ဗိုက်အရမ်းဆာနေလို့ပေါ့ကွ … ”

ပေါက်စီကို ပလုပ်ပလောင်းစားရင်း သူကဖြေသည်။

“ရှင် … ရှင် … ဆိုက်ကားနင်းတတ်လား … ”

“ဘာပြောတယ် … ”

“ဘာအလုပ်မှ မရဘူးဆိုရင်တော့ ရှင်ဆိုက်ကားနင်းရလိမ့်မယ် … အခုလောလောဆယ် … မင်္ဂလာဆွမ်းကျွေးဖို့ စရိတ်လေးတော့ ရှင်ရအောင်ရှာဦးမှဖြစ်မှာ … ကျွန်မလည်း ဈေးထဲမှာ အထည်ဟောင်းဆိုင်လေး ဖွင့်ရင်ကောင်းမလားလို့ … ”

“ဟင် … မင်းကပါ အလုပ်,လုပ်မယ် … ”

“ဟာ … လုပ်ရမှာပေါ့ ဦးစည်းကာရံရဲ့ … မောင်တစ်ထမ်း မယ်တစ်ရွက် အလုပ်,လုပ်မှ … ကိုယ်သုံးရမယ့်ပိုက်ဆံလေးကရမှာ စား … စား … ရှင် စားပြီးတာနဲ့ … ဒေါ်ဥမ္မာဆီသွားမယ် … ”

“ဟင် … ဘယ်က ဒေါ်ဥမ္မာလဲ … ”

“ရပ်ကွက်ထဲမှာ … ဆိုက်ကားအုံနာထောင်ထားတဲ့ ဒေါ်ဥမ္မာလေ … ”

“ငါ … ငါ … ဆိုက်ကားမနင်းတတ်ဘူးနော် … ”

“ဟာ … မနင်းတတ်လို့ရမလား … ”





နှစ်ကူး ငိုချင်စိတ်တောင် ပေါက်လာရပြီ … ။

လုပ်ငန်းရှင် … သူဌေးလုပ်လာတဲ့လူတစ်ယောက်ကို ကိုယ်နဲ့ညားမှ … ဆိုက်ကားနင်းရတယ်ဆိုတာ လူကြားလို့မကောင်းတာမှန်ပေမယ့် … လတ်တလောအခြေအနေမှာ မလုပ်လို့လည်းမရ၊ နှစ်ကူး … မျက်နှာလေးကိုမော့ကြည့်ကာ သူခေါင်းခါငြင်းနေတဲ့ပုံစံလေးက … တကယ့်ကို အထိတ်တလန့်ပုံစံလေးပင်။

“နှစ်ကူးရယ် … မင်း … ငါ့ကို မရက်စက်ပါနဲ့ကွာ”

“မရဘူး … ဦးစည်းကာရံ … ရှင် ကျွန်မကို ချစ်တယ်မို့လား၊ ချစ်ရင် ပိုက်ဆံရှာ … ဒါပဲ … တစ်နေ့ကို အနည်းဆုံးငါးထောင်အပ်၊ ဆယ်ရက်ဆို … ငါးသောင်း၊ တစ်လကိုတစ်သိန်းခွဲ … ဆယ်လကို ဆယ့်ငါးသိန်း … ကြည့်စမ်း … ဆိုက်ကားတစ်နှစ်နင်းရင် ဆယ့်ရှစ်သိန်းကြီးများတောင်ရမှာ … ဆယ်နှစ်နင်းရင် သိန်းတစ်ရာ့ရှစ်ဆယ်အမလေး … မိုက်တယ် … ဟယ် … ကြည့်စမ်း … ဆယ်နှစ်နင်းရင် သိန်းတစ်ရာ့ရှစ်ဆယ်ရတာ … အခုမှပဲ တွက်မိတော့တယ် … ”

လက်ကလေးကိုချိုးပြီးတော့ တွက်ကြည့်လိုက် … 

ဝမ်းသာအားရ ဗွေ့ဗွေ့ခုန်ပြီး အော်လိုက်လုပ်နေတဲ့ … နှစ်ကူးကို မျက်မှောင်လေးကျုံ့ပြီးတော့ … သူကြည့်နေတာက အကြာကြီး … ။

“အေး … အဲဒီ သိန်းတစ်ရာ့ရှစ်ဆယ်မရခင် လမ်းပေါ်မှာ ဆိုက်ကားနဲ့ကားတိုက်မိပြီး … လူကပဲ ပွဲခြင်းပြီးသေမလားဆိုတာလည်း … မင်းထည့်တွက်ထားလေ … ”

“ဟင် … ရှင်နော် … ရှင် … ဆိုက်ကားမနင်းချင်တာနဲ့ ဆင်ခြေဆင်လက်တွေ လျှောက်ပေးမနေနဲ့ … လာထ,သွားမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ခုမှတော့ ငါသေလည်းအေးတာပဲ ... မင်းက ဆိုက်ကားနင်းဆိုလည်း ငါနင်းမယ် ... အရေးကြီးတာ၊ မင်းနဲ့ပျော်ပျော်ရွှင်ရွှင်လေးပေါင်းခွင့်ရရင် ... ငါကျေနပ်ပြီ၊ ဒါပဲနော် ... တစ်နေ့ငါးထောင်အပ်ရင် ... မင်းအဆင်ပြေတယ်နော် ... "

"ပြေတယ် ... ပြေတယ် ... "

နှစ်ကူး မျက်နှာလေးဝင်းလက်သွားတာ မင်္ဂလာဦးဆွမ်းကျွေးစရိတ်လေးရအောင်လို့ပါ ... ဒါနဲ့ပဲ ... ဒေါ်ဥမ္မာဆီရောက်သွားတော့ ... နင်းစရာ ဆိုက်ကားတစ်စီးအဆင်သင့်ရလိုက်သည်။ ဈေးထဲသွားတော့လည်း အထည်ဟောင်းရောင်းဖို့ အဆင်ပြေသွား၏။

မနက်ဆိုလျှင် ... နှစ်ကူးက ... ဝှဲကိုခေါ်ပြီး ... အထည်ဟောင်းဆိုင်ကလေးထွက် ... သူက ဈေးရှေ့က ဂိတ်ကလေးမှာ ဆိုက်ကားလေးကိုနင်း ... ။

အမေ့ကိုလည်း နှစ်ကူး မရှက်နိုင်တော့ပါ ...

အစီအစဉ်ကို ပြောပြလိုက်တော့ ... အမေက မျက်နှာကလေး ရှုံ့လျက်ရယ်ပါသည်။

"အဲဒါ ... သူဌေးကိုမက်တဲ့မိန်းမ ... ရတော့ ဆိုက်ကားသမားလင် ... "

"အမေနော် ... "

ဒီလိုနဲ့ ပထမဆုံး ဆိုက်ကားစ,နင်းတဲ့နေ့ ... အလုပ်သိမ်းပြီး သူပြန်လာတော့ ...

"ရော့ ... ဒီမှာ ငါးထောင် ... "

"ဟယ် ... ငါးထောင်ကြီးတောင် တကယ်ရတယ် ... "

နှစ်ကူး ခုန်ပေါက်ပျော်ရွှင်နေတာ ... တကယ့်ကိုပဲ ကလေး





တစ်ယောက်လို ... ။

"နှစ် ... နှစ်ကူးလည်း ... မီနေ့အထည်ဟောင်း စ,ထွက်တာ ရှစ်ထောင်တောင်မြတ်တယ်သိလား ... ဦးစည်းကာရံရဲ့ ... ဟားဟား ... ဘယ်ရမလဲ ... ထောင့်ငါးရာနဲ့ကောက်ထားတဲ့ အကောင်းစားရှပ်အင်္ကျီကို သုံးထောင်ဆိုပြီး အမြတ်နှစ်ဆတင်ရောင်းပစ်လိုက်တာ ... "

"ဟင် ... "

စည်းကာရံ မျက်လုံးမပြူးဘဲ နေနိုင်ပါတော့မလား။

နှစ်ကူးဟာ ... တကယ်ပိုက်ဆံမက်တဲ့ ကောင်မလေးတစ်ယောက်ဆိုတာ သေချာနေခဲ့ပြီလား ... ။



www.burmeseclassic.com

www.burmeseclassic.com



**အခန်း နှစ်ဆယ့်သုံး**

"နှစ်ကူးရေ ... နှစ်ကူး ... "

"ဟင် ... ဘာလဲ မမအေးသီတာ ... ဈေးထဲဝင်လာတာ ရေးကြီးသုတ်ပြာနဲ့ ... "

နှစ်ကူးရဲ့ အထည်ဟောင်းဆိုင်ကလေးရှေ့ကို မျက်လုံးပြူး မျက်ဆံပြူးလေးနဲ့ အသည်းအသန်ပြေးဝင်လာတာ၊ ရခိုင်မုန့်တီရောင်းတဲ့ မမအေးသီတာပါ ... "

"ဟိုမှာ ... ဈေးရှေ့ကလမ်းမှာ နင့်ယောက်ျားဆိုက်ကား မှောက်လို့တဲ့ ... "

"ဟယ် ... "

"အဲဒါ ... ဆိုက်ကားမှောက်ပြီး ငှားစီးလာတဲ့ကောင်မလေးက ခြေထောက်လေးမှာ နည်းနည်းလေးသွေးထွက်သွားတာကို လျော်ကြေးမတရားတောင်းနေလို့ ... နင့်ယောက်ျားက တောင်းပန်





နေတာ ... တောင်းပန်လို့ကိုမရဘူး ... အဲဒါ ... နင်လိုက်သွား"

"အဟင့် ... ဒုက္ခပါပဲ ... ပိုက်ဆံမရှိလို့ ဆိုက်ကားနင်းခိုင်းပါတယ်ဆိုမှ ... "

ငိုမဲ့မဲ့မျက်နှာလေးနဲ့ ဈေးရှေ့ကို ထွက်လာခဲ့ရတဲ့နှစ်ကူး။

ဆံပင်ရှည်ကြီးတွေက တယမ်းယမ်းတခါခါနဲ့ပါ ... ။

"မရဘူး ... မရဘူး ... အနည်းဆုံးဆေးဖိုးတစ်သောင်းရမှ ကျေနပ်မယ် ... မပေးလို့ကတော့ ... ဒီကိစ္စကို ရပ်ကွက်ရုံးမှာတက်ပြီးရှင်းမယ် ... "

"ညီမလေးရယ် ... ကိုကြီးလက်ထဲမှာ တစ်သောင်းမရှိလို့ ညီမလေးကို တောင်းပန်နေတာပါကွာ ... အခု ကိုကြီးမှာ ရလိုက်တဲ့ဒဏ်ရာတွေက ... မင်းထက်တောင်များသေးတယ်၊ အံ့နာက လည်း ... ဆိုက်ကားပျက်သွားလို့ လျော်ကြေးတောင်းဦးမယ်၊ ငါးထောင်ပဲ ... ယူပါကွာ ... "

"ကို ... ကိုကြီး ... ရှင်ဘာဖြစ်နေတာလဲ ... "

ကိုယ့်ယောက်ျားကို ပွန်းပဲ့သွားတဲ့ ဒဏ်ရာတွေနဲ့တွေ့လိုက်တော့ နှစ်ကူး ... စိတ်မချမ်းသာ ... ။

"ဟာ ... နှစ်ကူး ... ဒီမှာကွာ မတော်တဆ ဆိုက်ကားမှောက်သွားတဲ့ဥစ္စာကို ကိုယ့်ဆီက လျော်ကြေးမတရားတောင်းနေလို့လေ ... "

နှစ်ကူးက ... ဒဏ်ရာရထားတဲ့ကောင်မလေး ခြေထောက်လေးကိုကြည့်လိုက်တော့ ... ရသွားတဲ့ဒဏ်ရာက အရက်ပျံလေးဆွတ်လိုက်ရင်တောင် ပျောက်သွားမယ့် မဖြစ်စလောက်ဒဏ်ရာလေး ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတောင် နှစ်ကူးက ... မျက်နှာငယ်ငယ်လေးနဲ့ ... ။

"ဟို ... ဟို ... မကြီး တောင်းပန်ပါတယ်နော် ညီမလေး၊ ဒီကိုကြီးက မကြီးရဲ့ယောက်ျားပါ ... ဆိုက်ကားကိုလည်း သူသိပ်မနင်းတတ်သေလို့ ခုလိုဖြစ်သွားတာပါ၊ တစ်ထောင်လောက်တော့ ညီမလေးယူလိုက်နော် ... မကြီးပေးမယ် ... "

"ဟာ ... ဒီကိုကြီးက ငါးထောင်ပေးနေတာတောင် မကျေနပ်လို့ပြောနေတဲ့ဟာကို ... သူရောက်လာမှတစ်ထောင်တဲ့၊ ရှုတ်တယ် ... ရုံးမှာပဲ သွားတိုင်တော့မယ် ... "

"ဟာ ... မလုပ်ပါနဲ့ ... "

"ကြာတယ် နှစ်ကူးရာ ... ဈေးရှေ့မှာ လူတွေဝိုင်းကြည့်နေတာ ကိုကြီးရှက်လာပြီ ... သူတောင်းတဲ့တစ်သောင်းပဲ ပေးလိုက်တော့ ... "

"တစ်သောင်း ... ဟုတ်လား ... အဟင့် ... မများဘူးလား ကိုကြီးရဲ့ ... "

ငိုမဲ့မဲ့လေးနဲ့ တောင်းပန်လို့မရတဲ့အဆုံး နှစ်ကူးကပဲ စိုက်လျော်ပေးလိုက်ရပြီ။

နောက်ဆုံး ဖြေရှင်းရတာ ... ဆိုက်ကားအံ့နှာ ဒေါ်ဥမ္မာ။

"ရှင် ... အန်တီ ဆိုက်ကားမှောက်တာ နှစ်သောင်းတောင် လျော်ပေးရမယ် ... ဟုတ်လား၊ မလုပ်ပါနဲ့အန်တီရယ် ... အဟင့် ဟင့် ... သူ ... နင်းတာလည်း အခုမှ တစ်ရက်နှစ်ရက်ပဲ ရှိပါသေးတယ် ... "

"ဟုတ်ပါတယ်ဗျာ ... ဆိုက်ကားခွေခွင်သွားတာလည်း ခွေပြန်ချိန်လိုက်ရင် ရတာပဲဥစ္စာ ... စမုတ်တိုင်ပြတ်သွားတာလည်း





တစ်ချောင်းနှစ်ချောင်းပဲ ပြတ်သွားတာပါ၊ တစ်သောင်းလောက်ပဲယူဗျာ ... "

"ဟာ ... မင်းဘယ်လိုပြောလိုက်တာလည်း ... စည်းကာရံဟိုတုန်းက နောက်ဆုံးပေါ်ကားကြီးတွေ မင်းဘယ်လောက်ပဲစီးခဲ့စီးခဲ့ ... အခုချိန်မှာ မင်းဟာ ဆိုက်ကားသမားပဲ ... အခု မင်းဖြစ်လာတာ ... ငါ့ဆိုက်ကား ... မင်းလျော်ရမယ်၊ ဒီလိုဖြစ်လာရင် ဒီလိုလျော်ရမယ်ဆိုတာ ငါတို့နှစ်ဖက် သဘောတူပြီးသား ... "

"အန်တီရယ် ... သူပြောသလို တစ်သောင်းပဲယူပါနော်"

"မရဘူး ... မရဘူး နှစ်သောင်းကနေ တစ်ပြားမှ မလျှော့နိုင်ဘူး ... "

"ရှင် ... "

နှစ်ကူး ... ပါးစပ်အဟောင်းသားကလေးနဲ့ ဒေါ်ဥမ္မာကို ငေးကြည့်လိုက်ရပြီ။

"ကဲပါ ... နှစ်ကူးရယ် ... ကိုယ်လည်း အရမ်းစိတ်ရှုတ်လာပြီကွာ၊ အခု ... မင်းအိတ်ထဲမှာ နှစ်သောင်းကျော်ရှိသေးတယ်မို့လား အဲဒါ ... သူတောင်းတာ ပေးလိုက်တော့၊ ကိုယ်လည်း ... ဒီပတ်ဝန်းကျင်မှာရှိတဲ့လူတွေအားလုံးကို စိတ်ပျက်သွားပြီ ... ဘယ်နေရာကြည့်လိုက် ... ကြည့်လိုက် အားလုံးပိုက်ဆံမက်တဲ့သူတွေချည်းပဲ၊ ဒီပိုက်ဆံတွေက သေရင်ကိုယ့်နောက်ပါမှာ ကျနေတာပဲ ... "

"ဟင် ... မင်းဘယ်လိုပြောလိုက်တာလဲ စည်းကာရံ၊ ပိုက်ဆံဆိုတာ မမက်လို့ရမလား ... မမက်လို့ရမလား၊ သေရင်ကိုယ့်နောက်မပါဘူးဆိုတာသိပေမယ့် ... သေကာနီးအထိတော့ ဒီအထုပ်ကို ပိုက်ထားရမှာပဲ ... ရှုတ်တယ် နှစ်သောင်းပေးပြီး မင်းတို့ပြန်[illegible]၊



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာလည်း ငါ့ဆိုက်ကားကို မင်း ... ယူနင်းစရာမလိုတော့ဘူး ... သွား ... သွား ... ငါ့ရှေ့ကနေ မင်းတို့လင်မယားနှစ်ယောက်စလုံး ... အခုထွက်သွား ...”

ကိုယ့်ယောက်ျားကိုထိတော့လည်း ... နှစ်ကူးမခံနိုင်ပါ။

“အန်တီနော် ... အန်တီစကားပြောတာ ကြည့်ပြောနော်”

“ဟဲ့ ... ငါပြောတာ နင့်ယောက်ျားကိုကြည့်ပြောနေတာလေ ...”

“ဒီမှာ ... အန်တီ ... အခြေအနေမပေးသေးလို့ ကျွန်မယောက်ျားက ခဏနိမ့်ကျသွားတာပါ ... ဒါကို အထင်သေး အမြင်သေးနဲ့ အန်တီမစော်ကားပါနဲ့ ... ဒီမှာ နှစ်သောင်း ... နောက်နေ့ကစပြီးတော့လည်း ကျွန်ယောက်ျားကို ဆိုက်ကားမနင်းခိုင်းဘူး၊ လာကိုကြီး ... ပြန်မယ် ...”

“ဟောဗျာ ...”

နှစ်ကူးကိုကြည့်ကာ စည်းကာရံ မျက်လုံးပြူးသွားရပြီ။

ဘယ်ဆိုးလို့လဲ ...

နောက်နေ့ကစပြီး ... ကျွန်မယောက်ျားကို ဆိုက်ကားမနင်းခိုင်းတော့ဘူးဆိုပါလား ... ။

“အဟင့် ... မင်္ဂလာဆွမ်းကျွေးစရိတ်လေးရအောင် ... သူ့ကိုဆိုက်ကားနင်းခိုင်းထားပါတယ်ဆိုမှ ... မနေ့ကအပ်တာကဖြင့် ငါးထောင် ... အခု ပြန်လျှော်လိုက်ရတာ သုံးသောင်း ... ဘယ်လိုလုပ်တွက်ခြေကိုက်တော့မှာလဲ ...”

“နှစ်ကူးရယ် ... မင်းဟာလေ ... ခိုကလေးညည်းသလို၊ တကယ်ညည်းတာပဲ ... ပိုက်ဆံဆိုတာ ဘယ်တော့မှ မင်းမမက်နဲ့





ကံကောင်းပြီဆိုရင်လေ ... ဖုတ်သွင်းရထားကြီးက မင်းရှေ့ကိုပြုတ်ကျလာမှာ ...”

“အဟင့် ...”

နှစ်ကူး ... ရှိက်လိုက်တာလေးက သနားစရာလေး ... ။

စည်းကာရံကတော့ ... နှစ်ကူးကိုကြည့်ကာ ထုံးစံအတိုင်း အပြုံးမဲ့မဲ့လေးနဲ့ပေါ့ ... ဒါနဲ့ပဲ ... နောက်ထပ်အလုပ်တစ်ခုကို ပြောင်းလိုက်တာ ... စည်းကာရံတစ်ယောက် ... လေးဘီးတက္ကစီဆရာလေးဖြစ်သွားသည်။

မနက်ခြောက်နာရီထိုးတာနဲ့ ...

ဈေးရှေ့တက္ကစီဂိတ်လေးမှာ လေးဘီးလေးကိုထိုး ...

နှစ်ကူးနဲ့ဝိုက ထမင်းချိုင့်ကလေးဆွဲပြီး ဈေးထဲကိုဝင် ...

မဆိုးပါလား ... ။

လေးဘီးလေးမောင်းလို့ရတာ တစ်နေ့ကိုအနည်းဆုံးတစ်သောင်း ...

သို့သော် ... ပျော်လို့မှမဆုံးခင် ... ဖြစ်ချင်လာတော့ ... ။

“နှစ်ကူးရေ ... နင့်ယောက်ျားလေ ... နင့်ယောက်ျား လမ်းဘေးက သစ်ပင်ကို လေးဘီးကားနဲ့ဝင်တိုက်လို့တဲ့ ...”

“ဘုရားရေ ...”

ခေါင်းဆင်နင်းသလို ... နှစ်ကူး ခံစားလိုက်ရပြန်ပြီ။

လိုက်သွားတော့ ... လူက ဘာမှမဖြစ်ဘဲ ... လမ်းဘေးကလေးမှာ စိတ်ပျက်လက်ပျက်ကလေးနဲ့ ဆောင့်ကြောင့်လေးထိုင်လို့ ...

“ရှင် ... ရှင် ... ပြဿနာရှာပြန်ပြီ၊ ကြည့်ပါဦး ... ကားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြီးကွဲပြီး … ကားခေါင်းကပါ ပိန်ချိုင့်ကြေမွနေပြီ … ”

“အဲဒါ … မင်းက ငါ့ကိုပဲ … ပိုက်ဆံအတင်းရှာခိုင်းနေတာကို အခုလည်း ဘရိတ်ပေါက်လို့ တိုက်မိသွားတာ … ”

“အဟင့် … ဒုက္ခပါပဲ … သူများကားကို လျော်ပေးရတော့မယ် … ”

“အေး … လျော်မပေးနိုင်ရင်လည်း ငါကထောင်ထဲဝင်ရတော့မှာ … ဟင်း … ဝင်လိုက်တာပဲကောင်းတယ်၊ ငါ့မှာတော့ တစ်နေ့ … တစ်နေ့ ပိုက်ဆံတစ်သောင်းရအောင် ရှာလိုက်ရတာ၊ အိပ်ရေးမဝသေးလို့ ကားထွက်မမောင်းပါရစေနဲ့ဆိုလည်း မရဘူး၊ အခု … အိပ်ယာကအတင်းနိုးပြီး အတင်းမောင်းခိုင်းတော့ တိုက်ပြီပေါ့ … ”

နောက်ဆုံးမှာတော့ အမေ့ဆီကိုပဲ နှစ်ကူးပြန်ကာ မျက်ရည်စက်လက်လေးနဲ့ … အမေ့ရှေ့မှာ နှစ်ကူး … ဒူးထောက်ခဲ့ရပါပြီ။

“အဟင့် … သမီးကို ကယ်ပါဦးအမေ … သူ … သူလေလေးဘီးမောင်းတာ သစ်ပင်ကိုတိုက်မိသွားလို့ … ကားအုံနာကို လျော်ကြေးနှစ်သိန်းပေးရတော့မယ်အမေရဲ့ … အဲဒါ … အမေကယ်ပါဦး … အဟင့် … ဟင့် … ဟင့် … ”

“ညည်း … ညည်း … ငါ့ကို ဒုက္ခပေးတာများနေပြီ နှစ်ကူးမညည်းပြောတော့ … ဒီယောကျ်ားကိုယူပြီးတာနဲ့ အမေက ဗုဒ္ဓဂါယာကိုသွား … သမီးက ဖူးစက်ကမ်းခြေမှာ စောင့်နေမယ်ဆို၊ အခုကြည့်စမ်း … ဗုဒ္ဓဂါယာဝေးလို့ … ကျိုက္ကလို့ ကျိုက္ကလှဲဘုရားတောင် ငါမဖူးနိုင်တော့ဘူး … အဲဒါ … ညည်း မလည်ရှုတ်လုပ်လို့ … အရမ်းချော အရမ်းချမ်းသာတယ်ဆိုပြီး … ညည်းအတင်းယူလိုက်လို့”





“အဟင့် … အဲဒါ … သမီးအပြစ်ပါအမေ၊ အဲဒီအပြစ်တွေကို သမီးသိလို့ … လက်ဖက်ဆိုင်လေးဖွင့်ပြီး ပိုက်ဆံရှာမယ်ဆိုတော့လည်း … ဟိုအကောင်စုတ်တွေက သမီးယောကျ်ားရသွားပြီဆိုပြီး သမီးဆိုင်ကို … ဘယ်သူမှလာမစားကြတော့ဘူးအမေရဲ့ … အထည်ဟောင်းဖွင့်တော့လည်း … ခိုးရာပါပစ္စည်းလက်ခံတယ်ဆိုပြီး ကံကောင်းလို့ ရဲစခန်းမရောက်တာ … အခု … သမီးနောင်တရပါပြီအမေရယ် … ဒီတစ်ခါပဲ အမေ … သမီးကိုကယ်ပါ … ”

သူကလည်း … အမေ့ရှေ့မှာ ခေါင်းကလေးငိုက်စိုက်ကျလို့။

အမှန်အတိုင်း ဝန်ခံရမယ်ဆိုရင် … ကိုယ့်ယောကျ်ားအမေ့ရှေ့မှာ မျက်နှာငယ်နေရတာကိုလည်း နှစ်ကူး မကြည့်ရက်ပါ။ ကိုကြီးဟာ … နှစ်ကူးကို တကယ်ချစ်လို့ ယူခဲ့တာ၊ ချမ်းသာတဲ့ဘဝကိုစွန့်လွှတ်ပြီး … နှစ်ကူးဆီကို ပြေးလာခဲ့တာ၊ ဒါ … ကိုကြီး နှစ်ကူးကို တကယ်ချစ်လို့ပေါ့ … ။

အမေကလည်း နှစ်ကူးတောင်းတဲ့ပိုက်ဆံကို မပေးနိုင်တော့ မျက်ရည်လေး စမ်းစမ်း … စမ်းစမ်းနဲ့ …

ထိုအချိန်မှာပဲ … နောက်ဆုံးပေါ် ကားသစ်ကြီးတစ်စီးက နှစ်ကူးတို့အိမ်ရှေ့မှာ ထိုးရပ်လာခဲ့ပြီ။

“ကိုကိုစည်းကာရံ … ရှိပါသလားရှင် … ”

“ဟုတ် … ဟုတ်ကဲ့ … ကြွပါရှင် … ကြွပါ … ”

အမေက ဘီးစပတ်ကြီးတန်းလန်းနဲ့ အိမ်အဝင်ဝ,ထိ ဧည့်သည်တွေကိုထွက်ကြိုသည်။ ကိုကိုစည်းကာရံတဲ့ … ကြည့်စမ်း စိန်တွေ ဖျတ်ဖျတ်လက်နေအောင် ဝတ်ထားတဲ့ … တည်တည်ငြိမ်ငြိမ် မမကြီးတစ်ယောက် … သူ့နောက်မှာလည်း လူကြီးတွေ သုံးလေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက်ပါလာသည်။

"ဟိုလေ ... အန်တီ၊ သမီးက ... ခရေဇီပါ ... ဒီအနောက်က လူကြီးတွေက သမီးတို့ကုမ္ပဏီရဲ့ အမှုဆောင်အရာရှိလူကြီးတွေပါ"

"ခရေဇီ ... "

နာမည်ကိုကြားလိုက်တော့ နှစ်ကူးမျက်တောင်လေးတွေ ပင့်တက်ကာ ... ရင်ထဲမှာပါ ထိတ်ခနဲဖြစ်သွားသည်။ ကိုကြီးကို ကြည့်လိုက်တော့ ... ကိုကြီးက ခေါင်းကလေးကို ငုံ့ထားဆဲ။

တက်လာတဲ့လူတွေ ... ဘယ်သူ့ကိုမှ ကိုကြီးမော့မကြည့်ပါ။

"ထိုင်ပါနော်သမီး ... မောင်စည်းကာရံလည်း ရှိပါတယ်"

"မင်း ... မင်း ... ငါ့နောက်ကို ဘာဖြစ်လို့ လိုက်လာတာ လည်း ခရေဇီ ... ငါ ... မင်းနဲ့ရော ... မင်းတို့ကုမ္ပဏီနဲ့ မပတ်သက်ချင်တော့လို့ ... ရှောင်ထွက်လာတာ ... ငါ ... ဘယ်သူနဲ့မှ မတွေ့ချင်တော့ဘူး ... "

ကိုကြီးအပြတ်ပြောနေတာ ... တကယ့်ကို လေသံက မာမာထန်ထန်လေး ...

"မဟုတ်ဘူး ... မောင်စည်းကာရံ ... ငါတို့ကုမ္ပဏီ လူကြီးတွေအားလုံးက အိမ်ထောင်ကျပြီး သုံးလေးရက်အတွင်းမှာပဲ ... မင်းဒုက္ခရောက်နေတယ်ကြားလို့ ... လိုက်လာတာ ... ပြီးတော့ မင်းအခုယူလိုက်တဲ့ ... နှစ်သစ်ကူးဆိုတဲ့ကောင်မလေးက မင်းကို တကယ်ချစ်လို့ယူခဲ့တာမှ မဟုတ်တာကွာ ... မင်းက အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ... ကုမ္ပဏီကနေ အပြီးအပိုင်ထွက်သွားတာဆိုတော့ ... မင်းကို လက်ခံထားလိုက်ရတဲ့ နှစ်ကူးမိဘတွေလဲဒုက္ခရောက် ... ကောင်မလေးလည်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲတွေဖြစ်





ဆိုတော့ ... ကြာလာရင် မင်းတို့အိမ်ထောင်ရေးပါ ထိခိုက်တော့ မယ်လေ ... အခုချိန်မှာ တစ်ဖက်နဲ့တစ်ဖက် ညှိနှိုင်းပြီး ပြန်ကွာ လိုက်မယ်ဆိုရင် ... မကောင်းဘူးလား ... "

"ကိုကို ... စဉ်းစားနော်၊ ခရေဇီတို့ အခုကြားထားတာ ကိုကို ဆိုက်ကားလည်းနင်းရတယ် ... လေးဘီးကားလည်းမောင်းရတယ် ဆိုလို့လိုက်လာတာ ... ပြောရရင် အန်တီကိုတော့ အားနာပါတယ်၊ ဟိုလေ ... အန်တီ ... ဒီလိုပါ ... "

ခရေဇီက တောင်းတောင်းပန်ပန်လေသံလေးနဲ့ ... ဒေါ်မြို့ မေတ္တာဘက်ကိုလှည့်သွားသည်။ နှစ်ကူးက ... ကိုကြီးနောက်မှာ လေ ... ဝှိကလည်း မျက်လုံးကလေးပြူးလို့ ...

"ကိုကိုနဲ့နှစ်သစ်ကူး ... ပတ်သက်သွားပြီဆိုတဲ့အချိန်ကစပြီး ခရေဇီတို့ကုမ္ပဏီက လူတွေအားလုံး နှစ်သစ်ကူးဆိုတဲ့ကောင်မလေး အကြောင်းကို စုံစမ်းခဲ့ကြတာပါ၊ ဟိုလေ ... အန်တီ ... ခရေဇီတို့ ပြောရင် ... အန်တီ စိတ်မဆိုးပါနဲ့နော် ... အန်တီသမီး နှစ်ကူးဆိုတဲ့ ကောင်မလေးက ရပ်ကွက်ထဲမှာ လက်ဖက်သုပ်၊ ဂျင်းသုပ်ဆိုင်လေး ဖွင့်ပြီး ... ယောကျ်ားလေးတွေနဲ့ တရုန်းရုန်းလုပ်ခဲ့တာတွေ ... "

"အမလေး ... ဟုတ်ပါတယ် ... ဟုတ်ပါတယ် ... အန်တီ ဘယ်ဘက်မှ မလိုက်ဘူးနော်၊ ဒီက ... သမီးခရေဇီပြောတာ အန်တီ ထောက်ခံတယ် ... ဟင်း ... ဟင်း ... ဒင်းကို ပြောမရ ဆိုမရဖြစ် လွန်းလို့သာ ... အန်တီကလည်း လွှတ်ထားခဲ့ရတာ မှန်တာပြောလို့ ကတော့ အန်တီကို ကြိုက်သလောက်ပြော ... အန်တီ ... စိတ်မဆိုး ဘူး"

"ကျေး ... ကျေးဇူးတင်ပါတယ်အန်တီ ... သမီး အခုပြော



www.burmeseclassic.com

www.burmeseclassic.com



နေတာလည်း တစ်ဖက်သားကို နစ်နာပါစေတော့ဆိုတဲ့စိတ်နဲ့ ပြောနေတာ မဟုတ်ပါဘူးနော်အန်တီ ... အဲဒါလေ ... နှစ်သစ်ကူးနဲ့ပတ်သက်ပြီးတော့ ... ထပ်စုံစမ်းလိုက်တော့လည်း ... သဘော်သားကောင်လေးတစ်ယောက်ဆီက လက်ဆောင်တွေလိုချင်လို့ ချစ်တယ်ဆိုပြီး ... အန်တီ့သမီး နှစ်ကူးက ပြန်စာပေးခဲ့တာတွေ ... "

"ဟုတ်တယ် ... ဟုတ်တယ် ... "

"ရပ်ကွက်ထဲက လက်ဆောင်ပေးနိုင်တဲ့ ကောင်လေးတွေကို ရွေးပြီးတော့မှ ... အန်တီ့သမီးက ... အရောတဝင်ဆက်ဆံခဲ့တာတွေ ... "

"ပြော ... ပြော ... ဒီက ... သမီးလေးပြောတာ အန်တီ မငြင်းဘူး ... "

"အပယ်ှ ... အမေနော် ... အမေလုပ်တာ သမီးသိက္ခာကျနေပြီနော် ... "

နှစ်ကူး ... မခံစားနိုင်တော့ပါ။

တစ်ဖက်က ပြောနေတာတွေက အမှန်တွေချည်းပဲမို့ ငြင်းရမှာလည်း နှစ်ကူးခက်နေသည်။ ဒီကြားထဲ ငွိကပါ ... ခေါင်းတငြိမ့်ငြိမ့်လေးနဲ့ ဟုတ်သလိုလို ဘာလိုလို နားထောင်နေတော့ ... နှစ်ကူးရှက်ပြီး ... မျက်ရည်မဝဲဘဲ နေနိုင်ပါတော့မလား။ ပိုဆိုးတာက ... ရှိုက်သံလေးကပါ ဟင့်ခနဲနေအောင် ထွက်လာခဲ့ရပြီ။

"ဟိုလေ ... ဒီက ညီမလေးနှစ်ကူးကိုလည်း ... မိန်းကလေးချင်းကိုယ်ချင်းစာပြီး ... မမခရေဇီ တောင်းပန်ပါတယ်ညီမလေးရယ်၊ မမပြောတာလေးကို ဆုံးအောင်နားထောင်ပြီးတော့မှ ... ညီမလေးတို့ ကြိုက်သလို ဆုံးဖြတ်ကြပါနော်၊ ဟိုလေ ... မမအခုပြောတာက





ယောကျ်ားလေးတွေနဲ့ပတ်သက်လာရင် ... ဒီက ညီမလေးက ပေါ့ပေါ့လေးတွေးပြီး ပေါ့ပေါ့လေးဆုံးဖြတ်ခဲ့တာတွေများနေလို့ မမက စေတနာလေးနဲ့ပြောပြနေတာ ... ယွန်းလကျ်ာဆိုတဲ့ကောင်လေးဆိုလည်း ... မမတို့ကုမ္ပဏီအထိတောင်လိုက်လာပြီးတော့ ... ညီမလေးကို ပိုက်ဆံတအားမက်တဲ့အကြောင်း ... အချစ်ဆိုတာ သူ့ရင်ထဲမှာမရှိတဲ့အကြောင်း ... အို ... ညီမလေး မကောင်းကြောင်းတွေ စိတ်နာနာနဲ့ပြောသွားတာ စုံနေတာပဲ ... "

"တွေ့လား ... တွေ့လား ... ညည်းကို ငါအစကတည်းက မပြောခဲ့ဘူးလား နှစ်ကူးမ ... ညည်း ... တစ်နေ့ နာမည်ပျက်မယ်၊ ညည်းတစ်နေ့ ဒုက္ခရောက်မယ်ဆိုတာလေ ... အခုကြည့်စမ်း၊ သူများဆီက လက်ဆောင်တွေမက်ခဲ့လို့ ... ညည်း အပြောခံရပြီ ... "

"အပယ်ှ ... ဟင့် ... ဟင့် ... "

"အပယ်ှ ... ဟင့် ... ဟင့် ... "

နှစ်ကူး ... တကယ်ဝမ်းနည်း နောင်တ,ရပြီး ... တဟင့်ဟင့်လေးနဲ့ရှိုက်ငိုခဲ့ရပြီ။ ကိုကြီးကတော့ ... ဒါကိုကြည့်ပြီး နှုတ်ခမ်းလေးမဲ့ကာပြုံးလို့ ... လူကြီးတွေအားလုံးကိုလည်း မျက်လုံးလေးဝေ့ကာ ကိုကြီးက ... လိုက်ကြည့်သည်။

"သမီး ... သမီးကို မပြောပါနဲ့အမေရယ် ... သမီးယူခဲ့မိတဲ့ လက်ဆောင်တွေက အပျော်သဘောမျိုးနဲ့ယူခဲ့မိတဲ့ လက်ဆောင်လေးတွေပါ ... သိန်းချီပြီးတန်ဖိုးရှိနေတဲ့ ရွှေငွေရတနာ လက်ဝတ်လက်စားတွေကို သမီးယူခဲ့ တောင်းခဲ့တာလည်း မဟုတ်ပါဘူး၊ ဘာမဟုတ်တဲ့လက်ဆောင်လေးတွေရလို့ ... သမီးကိုယ်သမီး ရောင်းမစားပါဘူးအမေ ... နှစ်ကူးကို ရှင်းရှင်းပဲပြောကြပါ ... အခု နှစ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ဘာလုပ်ပေးရမလဲ ... အဟင့် ... နှစ်ကူးမှာ အဲဒီအပြစ်တွေရှိခဲ့လို့ ကိုကြီးကို ... နှစ်ကူး ကွာပေးရမလား ... ”

မျက်ရည်ဝဲဝဲလေးနဲ့ပဲ ... နှစ်ကူးမေးလိုက်မိပါပြီ။

ရင်ထဲနင့်နေအောင်လည်း ... နှစ်ကူး တကယ်ဝမ်းနည်းလာရပြီလေ ... ။ မတူညီတဲ့အဆင့်အတန်း အသိုင်းအဝိုင်းထဲက ကိုကြီး တစ်ယောက်ကိုမှ ... စွဲလမ်းရင်ခုန်ခဲ့တဲ့နှစ်ကူး ... ခုတော့ ... အဲဒီ ကောင်မလေးရဲ့ ... ကြေကွဲဝမ်းနည်းစွာ စီးလိမ့်ကျလာရတဲ့မျက်ရည်စက်ကလေးတွေကိုတောင် ... တယုတယ ဖယ်ရှားပေးမယ့်သူ တစ်ယောက်မှ မရှိတော့ဘူးတဲ့လား ... ”

“ဟုတ်တယ် ... ညီမလေး ... မမတို့ အခုလာတာလည်း အဲဒီကိစ္စအတွက်ပဲလာတာပါ ... ဆင်းရဲတဲ့ညီမလေးက ချမ်းသာချင်လို့ယောက်ျားယူခဲ့တာ ... မမတို့ အပြစ်မတင်ပါဘူး၊ အခုတော့ ကိုကိုလည်း ... ဒုက္ခရောက် ... ညီမလေး နှစ်ကူးလည်း ဒုက္ခရောက် ဆိုတော့ ... ညီမလေး ကိုကို့ကို ဒီစာချုပ်လေးမှာ လက်မှတ်ထိုးပြီးတော့ ကွာပေးလိုက်ပါ ... ညီမလေးအတွက် နစ်နာကြေး သိန်းငါးရာ မမပေးမယ် ... ဟုတ်ပြီလား ... ”

“ဘုရားရေ ... သိန်းငါးရာ ... ”

“ညီမလေးက ချမ်းသာချင်တာပဲကွယ် ... ဒီသိန်းငါးရာနဲ့ ဒီအိမ်ကလေးကိုလည်း နှစ်ထပ်တိုက်လေးဆောက်၊ ကိုယ်ပိုင်ကားလေးလည်းဝယ်စီး ... ဟော ... ပိုတဲ့ပိုက်ဆံကလေးကိုလည်း အရင်းအနှီးကလေးလုပ်၊ စီးပွားလေးရှာ ... အဲဒါမကောင်းဘူးလား”

“ဟွန်း ... ဘယ်လိုလဲ နှစ်ကူးမ ... ဒီသိန်းငါးရာကိုယူပြီးတော့ ... ညည်းယောက်ျား စည်းကာရံကို ညည်း ... ကွာနိုင်သေး





လား ... ”

အမေက မေးပြီ။

သူ့ကို လှမ်းကြည့်လိုက်တော့လည်း ... သူက ကျောက်ရုပ်လေးတစ်ရုပ်လို။

နှစ်ကူး ... ဘယ်လိုဖြေရမလဲ။

“ကျွန်မ ... ကွာမပေးနိုင်ဘူး ... ”

“ဘယ် ... ဘယ်လို ... ”

နှစ်ကူး တစ်ခွန်းတည်းဖြေချလိုက်ရင်း ... ဟင့်ခနဲ ရှိုက်ငိုလိုက်တာလေးက တကယ့်ကို ကြေကွဲစရာလေးပါပဲ ... ။

“အဟင့် ... ကိုကြီးနဲ့ပေါင်းလို့ ... ဆင်းရဲချင်ဆင်းရဲပါစေ၊ နှစ်ကူးပေါင်းမယ် ... ”

“ဟုတ် ... ဟုတ်ရဲ့လား တူမကြီးရယ် ... ”

“ဟုတ်ပါတယ်အန်ကယ်ရဲ့ ... အဲဒါ ... ကိုကြီးကို နှစ်ကူး တကယ်ချစ်လို့ပါ ... နှစ်ကူး ပိုက်ဆံတွေကိုလည်း မမက်တော့ပါဘူး၊ စည်းစိမ်ချမ်းသာတွေလည်း နှစ်ကူး ... မလိုချင်တော့ပါဘူး”

“ကဲ ... ကျွန်မ သမီးပြောတာ ဒီကလူကြီးတွေအားလုံး ကြားပါတယ်နော် ... ”

“ဘယ်လိုလဲ ... မောင်စည်းကာရံ ... ”

အန်ကယ်ကြီးတစ်ယောက်က ကိုကြီးကိုလှမ်းမေးသည်။

“ခင်ဗျားတို့အားလုံး ကြားတဲ့အတိုင်းပဲလေ ... ”

“ဟား ... ဟား ... အန်ကယ်တို့သိပါပြီ ... မောင်စည်းကာရံရယ် ... ဒီလိုအခြေအနေမျိုးဆိုရင် အန်ကယ်တို့အားလုံး သဘောပေါက်ပါပြီ ... မင်းဒီအိမ်ကိုရောက်သွားတဲ့နေ့ကစပြီး ... သတင်း



www.burmeseclassic.com

www.burmeseclassic.com



တွေအားလုံးကို အန်ကယ်တို့ဘက်က အမြဲစုံစမ်းနေတာပါ၊ ဈေးထဲမှာ ... အထည်ဟောင်းဆိုင်ကလေးဖွင့်ပြီး မင်္ဂလာဆွမ်းလေးကျွေးနိုင်ဖို့ ... ပိုက်ဆံရှာနေရတဲ့ ဒီကောင်မလေးရဲ့အဖြစ်ကို အန်ကယ်တို့နားလည်ပေးလို့ရပါပြီ ... ဒါ ... မင်းတို့ တကယ်ချစ်ခဲ့လို့ပေါ့ ... မောင်စည်းကာရံ ... ပိုက်ဆံသာမက်လို့ရှိရင် ... အဲဒီနေ့ညကတည်းက သူမင်းကို ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ လက်ခံမှာမဟုတ်ဘူး ... အခုလည်း ... တို့ဘက်ကပေးတဲ့ သိန်းငါးရာကိုတောင်မယူဘူးပြောပြီး ... အပြတ်ခေါင်းခါငြင်းနေတာ ... ဟား ... ဟားကဲ ... အခုတော့ ကုမ္ပဏီကိုပြန်ပြီး စီစဉ်စရာရှိတာတွေ စီစဉ်လိုက်တော့မယ် ... ”

“ကောင်းပါပြီ ... ”

နှစ်ကူး ... နားမလည်နိုင်တော့ပါ ... ။

ညှို့သည်တွေ ပြန်သွားတဲ့အချိန်မှာ သူက ခြင်ထောင်ထဲတန်းဝင်သွားသည်။ နှစ်ကူး ... ခြင်ထောင်ထဲ ဝင်လိုက်ခဲ့ရတာအသည်းအသန် ... ။

ခရေဇီဆိုတဲ့မမက ... ဒီလို သိန်းငါးရာနဲ့ကွာရှင်းခွင့်လာတောင်းစရာလား ... ။

သိမယ် ... သိမယ် ... ။

ရှင် ... ဒီည ... နှစ်ကူးအကြောင်း ကောင်းကောင်းသိစေရမယ် ... ဦးစည်းကာရံ ... ။





**အခန်း နှစ်ဆယ့်လေး**

“ဒီမှာနော် ... ဦးစည်းကာရံ ... ရှင်မအိပ်နဲ့ ... အခုထ”

“ဟာ ... နှစ်ကူးရာ ... ဒီမှာ ကိုယ်အရမ်းအိပ်ချင်နေပြီကွ”

“မရဘူး ... စောစောကလိုက်လာတဲ့ ကုမ္ပဏီက ရှင့်ဟာမကိစ္စကို ... အခုရှင်းမယ် ... ဟွန်း ... လူကြီးတွေရှေ့မှာ ပြန်မပြောချင်လို့ ... သည်းခံလိုက်တဲ့ဟာကို ... ဒီလို ... သိန်းငါးရာပေးတိုင်းအလွယ်တကူ ကွာရှင်းပေးမယ် ထင်နေလို့လား ... ”

“ဟော့ ... ဟော့ ... အခန်းထဲက ဟိုနှစ်ယောက်နော် ... ဆူညံ ... ဆူညံနဲ့ စကားများမနေကြနဲ့ ... ”

“ဟော ... တွေ့လား ... ဟိုမှာ အမေအော်နေပြီ ... ”

“ဟာ ... အော်ပါစေလေ ... ရှင်ဘာလို့ နှစ်ကူးကိုပြုံးပြီးကြည့်နေလဲ ... နှစ်ကူးကို မပေါင်းချင်တော့လို့ ... ဥာဏ်နီဥာဏ်နက်တွေသုံးပြီး ... သိန်းငါးရာနဲ့ ရှင်လာကွာခိုင်းတာ မဟုတ်လား၊ ဒီမှာ သိန်းငါးရာလည်း ပေးစရာမလိုဘူး ... ရှင်မပေါင်းချင်ရင် ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဟာမနောက်ကို ... ရှင်အခုလိုက်သွား ... အဟင့် ... ဟင့် ... ဟင့် ... ဒီကတော့ သူထောင်ကျမှာစိုးလို့ ... လျော်ကြေးပေးရမယ့် ပိုက်ဆံနှစ်သိန်းကို ရှာလိုက်ရတာ ... သူက ဘာမှမဖြစ်သလို၊ ဘာမှ မခံစားရသလို ပြုံးနေသေးတယ် ... အဟင့် ... အဲဒီအပြုံးပေါ့၊ ရှင့်ကို စ,တွေ့တဲ့နေ့က ... အဲဒီအပြုံးလေးကို စ,တွေ့ပြီး ... နှစ်ကူးက တော့ ချစ်လိုက်ရတာ ... ပိုက်ဆံမက်လို့ ချစ်တာပါ မဟုတ်ဘူးပြော လည်း ဘယ်သူမှ မယုံကြဘူး ... ”

“ဟာ ... အဲဒါ ... နှစ်ကူး တကယ်ပြောတာ ... ”

“တကယ်ပြောတာလေ ... ဦးစည်းကာရံရဲ့ ... အဲဒါ ရှင် မသိဘူးလား ... ”

“ဟား ... ဟား ... ”

သူ တဟားဟားအော်ရယ်ရင်း ... နှစ်ကူးကိုယ်လုံးလေးကို သိမ်းကျုံးလို့ ပွေ့ဖက်လိုက်ပါပြီ ... ။

“ဟာ ... လူကို ညာတာပါတေးနဲ့ ... ရှင်လာမဖက်နဲ့နော် ဦးစည်းကာရံ ... ဖယ် ... ဖယ် ... ကျွန်မကို ရှင်ဖက်စရာ ဘာ အကြောင်းမှ မရှိဘူး ... ”

သူ့ရင်ဘတ်ကိုလည်းထုရိုက်၊ သူ့လက်တွေကိုလည်း ဖယ်ချ ရင်း ... မျက်နှာလေးပေါ်အုပ်ကျလာတဲ့ ဆံပင်တွေကိုလည်း နှစ်ကူး သပ်တင်သည်။

“နှစ်ကူးရာ ... ကိုယ်ချစ်ရတဲ့ နှစ်ကူးဆိုတဲ့ကောင်မလေးက ငွေမက်လို့ချစ်ခဲ့တာ မဟုတ်ဘူးဆိုတဲ့အချက်ကို သက်သေပြချင်လို့ ကုမ္ပဏီလူကြီးတွေနဲ့တိုင်ပင်ပြီး ... ကိုယ်နှစ်ကူးအချစ်ကို စမ်းသပ်





ခဲ့တာပါ ... စောစောကလာတဲ့ကောင်မလေးက ခရေဇီ မဟုတ်ဘူး၊ ကိုယ့်ဘဝထဲမှာ ခရေဇီဆိုတာမရှိဘူး ... အဲဒါ ... ကိုယ့်ကုမ္ပဏီက လက်ထောက်မန်နေဂျာမလေး မျိုးမျိုးပါ ... ကုမ္ပဏီမှာရှိသမျှလူ တွေအားလုံး ... နှစ်ကူးကိုအထင်သေးမှာကြောက်လို့ နှစ်ကူး ငွေ မမက်ဘူးဆိုတာ ကိုယ်သက်သေပြလိုက်တာ ... ကိုယ့်မှာ ဘယ် မွေးစားမိဘမှလည်းမရှိဘူး ... ကုမ္ပဏီကြီးကို ဒီနေ့အထိ ကိုယ်ပိုင် တယ် ... ”

“ဟယ် ... ကြည့်စမ်း ... ”

“မနက်ဖြန်မနက် မိုးလင်းတာနဲ့ ... အကြီးကျယ်ဆုံး အခမ်း နားဆုံးကျင်းပမယ့် မင်္ဂလာပွဲအတွက် ဖိတ်စာတွေ ရောက်လာ တော့မယ် ... ”

“တကယ် ... အဲဒါ ... ရှင်တကယ်ပြောတာ ... ”

“စောစောက ကိုယ့်ကုမ္ပဏီရဲ့လူကြီးတွေ ပြောသွားတာ မင်း ... မကြားဘူးလား ... စီစဉ်စရာရှိတာတွေ စီစဉ်လိုက်တော့ မယ်ဆိုတာလေ ... ”

“ဒါ ... ဒါဆို ... ရှင် ... အခု ... ဒုက္ခရောက်နေတာ တကယ် ဒုက္ခရောက်နေတာ မဟုတ်ဘူးပေါ့ ... ရှင်က သူဌေးကြီးပေါ့”

“ဒါပေါ့ ... ဒါပေါ့ ... ”

“ဟား ... ဝမ်းသာလိုက်တာ ... ဘယ်လိုနေရမှန်းတောင် မသိတော့ဘူး ... စိတ်လည်း ထိန်းထားလို့မရတော့ဘူး၊ ချစ်တယ် ကိုကြီးရာ ... ဟား ... ဟား ... ”

“ဟောဗျာ ... ”



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဖက်ချင်ဖက် ... မဖက်ချင်နေ ...

နှစ်ကူးကတော့ ... ကိုကြီးကို တအားပွေ့ဖက်ပစ်လိုက်ပြီ။

"ဒီမှာ ... ဒီမှာနော် နှစ်ကူး ... ကိုယ့်ကို သူဌေးကြီးပြန်ဖြစ်သွားတာနဲ့ ... တအားချစ်မနေနဲ့ ... မနက်မိုးလင်းလို့ အိပ်ယာထ,ရင်သုံးဖို့ပိုက်ဆံတောင် လောလောဆယ်မရှိသေးဘူး ... ကဲ ... ပြောအဲဒါ ... ဘယ်လိုလုပ်မလဲ ... "

"ဟာ ... အဲဒါ ... နှစ်ကူးမှာ မဖောက်ရသေးတဲ့ စုဗူးကြီးရှိသေးတယ်လေ ... "

"ဟဲ့ ... အခန်းထဲကဟာတွေ ... အချိန်မရှိ အချိန်ရှိမှ စုဗူးကြီးဖောက်ကြဦးမလို့လား ... "

"ဟာ ... ကြီးကြီးမြို့ကလည်း ... သူတို့မှာ သုံးစရာမရှိတော့လို့၊ စုဗူးကြီးဖောက်တဲ့ဟာကို ... ဖောက်ပါစေ ... ဖောက်ပါစေ၊ အဲဒီ ... စုဗူးကြီး မြန်မြန်ကွဲသွားတော့မှ ... ကြီးကြီးမြို့လည်းအေး၊ ဝွိလည်း ... စိတ်ချမ်းသာ ... "

"ခစ် ... ခစ် ... "

နှစ်ကူး ... ကိုကြီးရဲ့ အရမ်းချောတဲ့မျက်နှာလေးကိုကြည့်ကာ တခစ်ခစ်နဲ့ ရယ်လို့မဆုံး။

"ရှေ့ ... နှစ်ကူး ... "

"ဟယ် ... နှင်းဆီဖြူလေး ... "

"ညနေကတည်းက ... ဒီနှင်းဆီဖြူဖြူလေးကို ကိုယ်ဝွိကိုရာဝယ်နိုင်းထားတာပါ ... ဘာပဲပြောပြော ... သူများတွေလို အစ္စကြီးကြီးနဲ့ လောဘဇောတွေတိုက်ပြီး ... ငွေမက်တာမျိုးမဟုတ်ဘဲချစ်စရာကောင်းအောင် စုဗူးလေးထဲမှာပဲ ... ကိုရတဲ့ပိုက်ဆံလေး



BURMESE CLASSIC .com



တွေစုနိုင်အောင် ... နှစ်ကူး ပိုက်ဆံမက်ခဲ့တာလေးက ... အပြစ်ကင်းစင်ခဲ့တာမို့ ... ဒီနှင်းဆီဖြူလေးကို ဂုဏ်ပြုတဲ့အနေနဲ့ ကိုယ်မင်းကို ပေးချင်တာပေါ့ ... ယူလေ ... နှစ်ကူး ... နှင်းဆီဖြူဖြူ ... မင်းပဲယူ ... "

"ရှင် ... ကိုကြီး ... "

ကိုကြီးကို ... တအားသိမ်းကြုံးလို့ နှစ်ကူး ပွေ့ဖက်လိုက်မိပါပြီ။

ထိုအချိန်မှာပဲ ... တိုက်ဆိုင်စွာ ဖျတ်ခနဲနေအောင် တစ်ရပ်ကွက်လုံးအမှောင်ကျကာ မီးတွေပြတ်သွားခဲ့လေပြီ။

*အချစ်ပရိသတ်များကို*
*အစဉ်ထာဝရ မြတ်နိုးလေးစားလျက် ...*
*လွန်းတမို*
*တဆင့်/လင်းလက်အိမ်စာပေ*



www.burmeseclassic.com